နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ပြဋ္ဌာန်းသော

ပထမငယ်တန်း

ဘာသာပြန်

ဇာတ်အဋ္ဌကထာအပြေစုံ

ကေကနိပါတ် အာသီသဝဂ်မှ ဝရုဏာဝဂ်အဆုံးအထိ
(ဇာတ်ပေါင်း-၃၀)

ဇာတ်တော်အကျဉ်းချုပ်၊ သင်ခန်းစာပါဝင်သည်။

အရှင်ပညာနန္ဒ M.A (Buddhism)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်

၁၃၆၀ (၁၉၉၉) ခုနှစ်

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ပြဌာန်းသော

ပထမငယ်တန်း

ဘာသာပြန်

ဇာတ်အဋ္ဌကထာအခြေပြု

ဧကကနိပါတ် အာသီသဝဂ်မှ ဝရုဏဝဂ်အဆုံးအထိ
(ဇာတ်ပေါင်း-၃၀)

ဇာတ်တော်အကျဉ်းချုပ် သင်ခန်းစာပါဝင်သည်။

အရှင်ပညာနန္ဒ M.A (Buddhism)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်

၁၃၆၀ (၁၉၉၉) ခုနှစ်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၁၂၇/၉၈/၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၁၅/၉၉/၂

ကွန်ပျူတာ — နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် ကမ္ဘာအေး

ပုံနှိပ် — မြဲအောင်ဖိဆက် အင်းစိန်

ထုတ်ဝေသူ — ဦးအောင်ကြီး (ပဖူစ်)
ရွှေပုရပိုက်စာပေ၊ အမှတ် (၅)၊
ဟင့်ဆန်းလမ်း၊ ဂွတ္တလမ်း၊ ရန်ကုန်

အကြိမ် — ပထမကြိမ်

အုပ်ရေ — ၁၀၀၀

တန်ဖိုး — ဓမ္မဒါန

နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပလျက်ရှိသော ပါဠိပထမပြန်စာမေးပွဲတွင် မြန်မာစာဘာသာရပ်ကို ဇာတကအဋ္ဌကထာ ဘာသာရပ်နှင့်အစားထိုး၍ ပြုပြင်ပြောင်းလဲဖြေဆိုကြရန် သက်ဆိုင်ရာက သတ်မှတ်ခဲ့သည်။

သို့ဖြစ်သည်နှင့်အညီ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းဝင်အရှင်မြတ်များအတွက် ဇာတကအဋ္ဌကထာနှင့်ပတ်သက်၍ နည်းစနစ်၊ ဖြေဆိုပုံ၊ မေးခွန်းပုံစံများကို ကြိုတင်လေ့လာထားရန် လိုအပ်လာသည်။ ယင်းလိုအပ်ချက်ကို ယခုကျမ်းစာအုပ်ကပြည့်ဆည်းပေး၍ စာသင်သားများ၏လက်ထဲသို့ အရောက်ပေးပို့လိုက်သည်။ ကျမ်းစာအုပ်သည် ပထမငယ်တန်းဝင်အရှင်မြတ်များအတွက်သာ အကျုံးဝင်ပါသည်။

ပထမငယ်တန်းဝင်အရှင်မြတ်များသည် ကျမ်းစာအုပ်ကို အစအဆုံး လေ့လာဆည်းပူးနည်းယူနိုင်ပြီဆိုပါက ''ဇာတကအဋ္ဌကထာဘာသာရပ်အတွက် အခက်အခဲမရှိ''ဟု စာရေးသူ ရဲရဲပြောနိုင်ပါသည်။ ရဲရဲပြောနိုင်လောက်အောင်လည်း ပထမငယ်ဆိုင်ရာ ဇာတကအဋ္ဌကထာ၊ ဧကကနိပါတ်မှ ဇာတ်ပေါင်း(၃၀)ကို အချိုးကျကျ အကွက်ညီညီ ဝိဝိပြင်ပြင် မှန်းမံအလှဆင်၍ ရေးသားထားပါသည်။

ပထမငယ်တန်းတွင်–

ဧကကနိပါတ်၊ ဇာတ်အဋ္ဌကထာ၊ အာသီသဝဂ်မှ ဝရုဏဝဂ် အထိ ဇာတ်ပေါင်း (၃၀)ဖြစ်ပါသည်။

စာမေးပွဲမေးမည့်မေးခွန်းပုံစံမှာ–

(၁) ပါဠိကို မြန်မာပြန်စေခြင်း (၂) ပုဒ်၊

(၂) မြန်မာကို ပါဠိပြန်စေခြင်း (၂) ပုဒ်၊

(၃) ဇာတ်ဝတ္ထုကိုအကျဉ်းချုပ်ရေးသားခြင်း (၁) ပုဒ်၊

(၄) ဇာတ်ဝတ္ထုမှရရှိသောသင်ခန်းစာ (၁) ပုဒ်၊

ပေါင်း (၆)ပုဒ် ဖြစ်ပါသည်။

ပထမငယ်တန်းဝင်အရှင်မြတ်များအနေဖြင့် ပါဠိကိုအနက်ထင်မှသာ အဓိပ္ပါယ်အကျဉ်းချုပ်ကို အလွယ်တကူသိရှိနိုင်ပါသည်။ အဓိပ္ပါယ်အကျဉ်းချုပ်ကိုသိရှိမှသာ ဇာတ်ဝတ္ထု၏သင်ခန်းစာကိုလည်း ပြောဆိုနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် စာမေးပွဲလည်း ဖြေဆိုနိုင်စေ၊ အနက်ဉာဏ်လည်း ရင့်သန်စေရန် ရည်သန်ပြီး ဤကဲ့သို့စီစဉ်ရေးသားလိုက်ခြင်းဖြစ်ပါသည်။

ဤစာအုပ်သည် အာကာဝေဟင် အထက်ကောင်းကင်က ကြယ်တာရာလှလှလေးတွေဝတားကာဝန်းရံပြီး ဆင်းလျှံဝင်းပနေသည့် ရွှေလမင်းကြီးလို အစွမ်းကုန်အလင်းအားကို ပေးစွမ်းနိုင်ခြင်းမရှိစေကာမူ ကြယ်တာရာကလည်းမလင်း၊ လမင်းကလည်းမသာ ညသန်း

ခေါင်အခါမျိုး၌ မြေပြင်မနိမ့်မမြင့်မှာ သူ့အလု သူ့ဘဝ သူ့အလင်းနှင့် မှိတ်တုတ်မှိတ်တုတ် အလင်းမြူးနေသည့် ပိုးစုန်းကြူး၏အလင်းရောင် လောက်မျှ ပေးစွမ်းနိုင်သည်ဆိုပါလျှင် စမ်းရေပမာ အေးမြမိပါပေပြီ။

တစ်ဖန် ဤစာအုပ်သည် မြို့တော်ကြီးများ၏လျှပ်စစ်မီးအရှိန် အလင်းရောင်ကြီးများလောက် အလင်းအားပေးနိုင်စွမ်းမရှိစေကာမူ မှေးမှေးမှိန်မှိန် အရှိန်အလင်းတကယ်မပြင်းလှသည့် ကျေးတောရွာက ဆီမီးခွက်လေး၏အလင်းရောင်လောက်မျှ ပေးစွမ်းနိုင်သည်ဟုဆိုပါ လျှင်လည်း ဤစာအုပ်ကြိုးပမ်းရေးသားရကျိုးနပ်ပါပြီ။

စာကြည့်ရှုလိုသူတို့၏စိတ်ထဲမှာ တစ်လုံးတစ်ပါဒမျှ နှစ်သက် သဘောကျသည်ဆိုပါလျှင် နေ့စဉ်ညစဉ်အတွေးဝင်သည့် (၂)လနီးပါး ရေးသားရသည့် ပင်ပန်းမှု၊ နွမ်းနယ်မှုအစုစုတွေကို စာပြုသူ၏ရှောင် အသည်း စိတ်နှလုံးထဲမှာ ပြေလည်းပြေမိကာ ပြေလည်းပြေပါပြီ။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ကွန်ပျူတာစက်ဖြင့်တာဝန် ယူရိုက်နှိပ်ပေးသော နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အရှင်ဉာဏာဘာသ(အင်္ဂလိပ်စာဌာန၊ နည်းပြ)အားလည်းကောင်း၊ ဦးထွန်းကြည် (အေးသန္တာ၊ ကမ္ဘာအေး)အားလည်းကောင်း အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စာရေးသူ

ဘာသာစကားပြန်ဘာသာကို အောင်မှတ်ရအောင် အားထုတ်နည်း

ပထမငယ်တန်းအတွက် ဓာတ်အဋ္ဌကထာကျမ်းစာဘာသာကို နံပါတ် (၁) (၂)တို့၌ ပါဠိဝါကျများကို မြန်မာဘာသာဖြင့် ရေးသားဖြေဆိုစေခြင်း (၂)ပုစ္ဆာ မေးမည်။

နံပါတ်(၃)(၄)တို့၌ မြန်မာဝါကျများကို ပါဠိဘာသာအားဖြင့် ရေးသားဖြေဆိုစေခြင်း (၂) ပုစ္ဆာမေးမည်။

နံပါတ် (၅) ပုစ္ဆာ၌ ဓာတ်ဝတ္ထုအကျဉ်းချုပ်ကို မေးမည်။

နံပါတ် (၆)ပုစ္ဆာ၌ ဓာတ်ဝတ္ထုမှ ရရှိသော သင်ခန်းစာများကို မေးမည်။

နံပါတ်(၁) နံပါတ်(၂)ပုစ္ဆာတို့၌ ပါဠိဝါကျများကို မြန်မာဘာသာအားဖြင့် ပြန်ဆို၍ ဖြေဆိုနိုင်ရန်အတွက် ပါဠိအနက်ကို နိဿျနည်းကျကျပေးနိုင်မှသာ ဘာသာပြန်ဆိုရာ၌ လွယ်ကူမည် ဖြစ်သည်။ ထို့ကြောင့် ပါဠိဝါကျတို့ကို အနက်ထင်အောင် နိဿျနည်းကျကျ အနက်တိုက်၍ ကျက်ထားရမည်။

ပါဠိဝါကျများကို မြန်မာဘာသာဖြင့် ပြန်ဆိုသည် ဆိုသည်မှာ ပါဠိဝါကျများကို အနက်ပေး၍ ပါဠိဝါကျကို မထည့်တော့ဘဲ မြန်မာဘာသာစကား အနက်သက်သက်ကိုသာ ရေးသားဖြေဆိုခြင်း ဖြစ်ပါသည်။

နံပါတ်(၃) နံပါတ် (၄) ပုစ္ဆာတို့၌ ပေးထားသော မြန်မာဝါကျများကို ပါဠိဝါကျအားဖြင့် ပြန်ဆို၍ ရေးသားဖြေဆိုနိုင်ရန်အတွက် ပါဠိဝါကျများ၏ အနက်ကို အနက်ထင်အောင် ကျက်ထားရပါမည်၊ ပါဠိဝါကျစကားလုံးအချို့တို့ကိုလည်း အနက်ထင်မှသာလျှင် မြန်မာဝါကျများကို ပါဠိဘာသာအားဖြင့် ပြန်ဆိုဖြေဆိုရာ၌ လွယ်ကူမည် ဖြစ်ပါသည်။

မြန်မာဝါကျများကို ပါဠိဘာသာဖြင့် ပြန်ဆိုသည်ဆိုသည်မှာ ဖော်ပြပေးထားသော မြန်မာဝါကျစကားစုများကို ပါဠိစကားလုံးများကို ထည့်သွင်း၍ ပါဠိဝါကျ၊ ပါဠိစကားလုံးများကိုသာ ရေးသားခြင်း ဖြစ်ပါသည်။

ဥပမာ။ "လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ထိုမင်းမှာ ကြမ်းကြုတ်ရက်စက်သော ရိုက်ပုတ်အပ်သော မြွေဆိုးနှင့်တူသော ဒုဋ္ဌကုမာရမည်သော သားသည် ရှိခဲ့ပြီ၊ မဆဲရေးဘဲ မရိုက်နှက်ဘဲ မည်သူနှင့်မျှ စကား မပြောချေ။" အစရှိသော မြန်မာဝါကျများကို ပါဠိဘာသာအားဖြင့် ပြန်ဆိုရေးသားဖြေဆိုမည်ဆိုလျှင်-

"အတီတေ ဗာရာဏသိယံ ဗြဟ္မဒတ္တေ ရဇ္ဇံ ကာရေန္တေ တဿ ဒုဋ္ဌကုမာရော နာမ ပုတ္တော အဟောသိ ကက္ခဠော ဖရုသော၊ ပဟဋ္ဌာသီဝိသူပမော၊ အနက္ကောသိတွာ ဝါ အပဟရိတွာ ဝါ ကေနစိ သဒ္ဓိံ နကထေသိ။" ဖြစ်ပါသည်။

မြန်မာဝါကျများကို ပါဠိဘာသာဖြင့် ပြန်ဆို ဖြေဆိုရာ၌ စာဖြေသံဃာတော်တို့အတွက် အနည်းငယ် အခက်အခဲနှင့် တွေ့ကြုံရလိမ့်မည် သေချာသည်။ နံပါတ် (၃) နံပါတ် (၄) ပုစ္ဆာတို့ကို လွယ်ကူစွာ ဖြေဆိုနိုင်ရန်အတွက် အထူးအကြံပြုလိုသည်မှာ ပါဠိအနက်တို့ကိုလည်း ကျေညက်အောင် တိုက်ထားရမည်။ ပါဠိဝါကျများကိုလည်း နှုတ်တက်အာဂုံဆောင် အသင့်အတင့် ကျက်ထားရပါမည်။

နံပါတ်(၅) ပုစ္ဆာ၌ ဓာတ်ဝတ္ထုအကျဉ်းကို ဖြေဆိုရမည်ဖြစ်သောကြောင့် ဓာတ်ဝတ္ထုအကျဉ်းကို လွယ်လွယ်ကူကူ ဖြေဆိုနိုင် ဖို့ ဓာတ်ဝတ္ထုအကျဉ်းချုပ်ဘာသာပြန်များကိုသာ ဖတ်ရှုလေ့လာ၍ မရချေ။ အထူးသဖြင့် ဓာတ်ဝတ္ထုများတို့၏ ပါဠိအနက်တို့ကိုလည်း နာနာအနက်တိုက်ရမည်။ အနက်ကျက်ရမည် ဖြစ်ပါသည်။ အနက်ထင်မှသာ ဓာတ်လမ်းဓာတ်ကွက်လည်း မျက်စိအာရုံမှာ ထင်လာမည် ဖြစ်ပါသည်။ သို့မှသာ ဓာတ်လမ်းအကျဉ်းချုပ်ကို ရေးသားဖြေဆိုနိုင်မည် ဖြစ်ပါသည်။

နံပါတ်(၆)ပုစ္ဆာတို့၌ ဓာတ်ဝတ္ထုမှ ရရှိသော သင်ခန်းစာများကို မေးမည်ဖြစ်သောကြောင့် ဓာတ်ဝတ္ထုမှ ရရှိသော သင်ခန်းစာများကို လွယ်ကူစွာ ရေးသားဖြေဆိုနိုင်ရန်အတွက် ပြဋ္ဌာန်းထားသော ဓာတ်ဝတ္ထု (၃၀)၏ ဓာတ်လမ်းအကျဉ်းချုပ်ကို သိရှိနားလည်ထားမှသာလျှင် ဓာတ်ဝတ္ထုသင်ခန်းစာများကို ရေးသားဖြေဆိုနိုင်မည် ဖြစ်ပါသည်။

နံပါတ် (၆) ပုစ္ဆာကို ဖြေဆိုနိုင်ရန်အတွက် ဇာတ်အဖြေစုံ စာအုပ်၌ ရေးသားထားသော သင်ခန်းစာများကို ဖတ်ရှုလေ့လာကျက် ထားရုံမျှဖြင့် လွယ်ကူစွာ မဖြေဆိုနိုင်သေးပါ။ စာဖြေသံဃာ အရှင်မြတ်တို့၏ ကိုယ်ပိုင်ဉာဏ်၌လည်း ပြဋ္ဌာန်းထားသော ဇာတ်ဝတ္ထုများ၏ ဆိုလိုရင်း အဓိပ္ပါယ်သဘော သဘာဝများကိုလည်း သိကျွမ်းနားလည်သဘောပေါက်ထားမှသာလျှင် ဇာတ်ဝတ္ထုမှ သင်ခန်းစာများကို ထုတ်နှုတ်၍ ရေးသားဖြေဆိုနိုင်မည် ဖြစ်ပါသည်။

ဥပမာ။ ။ ဝရုဏဇာတ်မှ သင်ခန်းစာများကို ထုတ်နှုတ်၍ ရေးသားမည်ဆိုပါလျှင် ဝရုဏဇာတ်ဝတ္ထု၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ကိုယ်က နားလည်ထားရမည်။ ဝရုဏဇာတ်၏ဆိုလိုရင်း အဓိပ္ပါယ်က "ကုဋုမ္ဗိကပုတ္တတိဿထေရ်သည် ပျင်းရိ၍ အချိန်ရှိခိုက် တရားအား ထုတ်မှုကို မပြုလုပ်ဘဲ အချိန်နောက်ကျမှ ဝီရိယကို အပြင်းအထန် စိုက်ထုတ်၍ တရားကို အားထုတ်သဖြင့် အိပ်ငိုက်၍ လဲကျပေါင်ကျိုး လေ၏။ မိမိလည်းဒုက္ခသို့ ရောက်ရ၏။ အခြားရဟန်းတို့အားလည်း ခရီးသွားရန် အနှောင့်အယှက်ဖြစ်ရ၏။" စသဖြင့် ဇာတ်လမ်း၏ ဆိုလိုရင်း အဓိပ္ပါယ်အကျဉ်းကို မိမိတို့၏ ကိုယ်ပိုင်ဉာဏ်တွင် သိနားလည် သဘောပေါက်ထားလျှင် ဝရုဏဇာတ်မှ သင်ခန်းစာ ထုတ်ယူသော်-

၁။ ဘယ်အလုပ်မဆို အချိန်ရှိစဉ်က လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းကိစ္စတို့ကို ပျင်းရိမနေဘဲ လုပ်သင့်ပါကြောင်း၊

၂။ အချိန်အခါနှောင်းမှ ပြာလောင်ခတ်၍ မလုပ်သင့်ကြောင်း၊ အချိန်လွန်မှ လုပ်လျှင် ကုဋ္ဌမ္ဗိကပုတ္တတိဿထေရ်နှင့် ပျင်းရိသော လုလင်တို့သည် ကဲ့သို့ ကိုယ်ကျိုးနည်း၍ သူတစ်ပါးတို့အားလည်း အကျိုးပျက်စီးစေတတ်ကြောင်း စသဖြင့် သင်ခန်းစာများကို လွယ်ကူစွာ ထုတ်နုတ်ရေးသားဖြေဆိုနိုင်မည် ဖြစ်ပါသည်။

သို့ပါ၍ စာဖြေသံယာတို့အနေဖြင့် ဇာတ်ဝတ္ထုများ၏ တစ်ဇာတ်စီ တစ်ဇာတ်စီ ဆိုလိုရင်းအဓိပ္ပါယ်ကို ဦးနှောက်ထဲမှာ စွဲနေအောင် မှတ်ထားနိုင်ရန် အလေ့အကျင့်ပြုလုပ်၍ ကြိုးစားရမည် မှတ်သားရပါမည်။

ဇာတ်အဋ္ဌကထာ ဘာသာပြန်ကျမ်းစာကို အမှတ်ပြည့်ရအောင် ဖြေဆိုရေးသားနိုင်ရန် အဓိကအကျဆုံးက ပြဋ္ဌာန်းထားသော ဇာတ်အဋ္ဌကထာ၏ ပါဠိ+အနက်တို့ကို မပျင်းရိတော်မူဘဲ အနက်တိုက်၊ ကျက်မှတ်၍ ရေးသားနိုင်လောက်အောင် ပါဠိဝါကျများကို နှုတ်တက် အာဂုံဆောင်ထားရမည် ဖြစ်ပါသည်။

စာဖြေသံယာတို့ အောင်ပန်းကို ဆွတ်ခူးနိုင်ကြပါစေ။

စာရေးသူ

တောင်းပန်လွှာ

ဤဇာတ်အဋ္ဌကထာအဖြေစုံ ကျမ်းစာ၌ အမှားမရှိအောင် ကျမ်းစာပြုသူ အရှင်မြတ်က အထူးစီစဉ်ပြုစုထားပါသော်လည်း ကွန်ပျူတာစာစီရာ၌ အချို့နေရာတွင် အမှားအနည်းငယ် ပါရှိနေပါသည်။

စာရှုသူ သံဃာတော် အရှင်သူမြတ်တို့သည် ထိုအမှားကို အပြစ်ယူတော်မမူကြဘဲ အမှန်ဖြစ်အောင် ပြင်ဆင်၍ ဖတ်ရှုလေ့လာစေလိုပါကြောင်း အနူးအညွတ် တောင်းပန်အပ်ပါသည်။

ကွန်ပျူတာစာစီသူ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	နိဒါန်း	က၊ ခ၊ ဂ၊ ဃ
၁။	မဟာသီလဝဇာတ်	၁
၂။	စူဠဇနကဇာတ်	၂၉
၃။	ပုဏ္ဏပါတိဇာတ်	၃၁
၄။	ကိံဖလဇာတ်	၄၀
၅။	ပဉ္စဝုဓဇာတ်	၄၉
၆။	ကဉ္စနက္ခန္ဓဇာတ်	၆၄
၇။	ဝါနရိန္ဒဇာတ်	၇၅
၈။	တယောဓမ္မဇာတ်	၈၅
၉။	ဘေရိဝါဒကဇာတ်	၉၅
၁၀။	သင်္ခဓမဇာတ်	၁၀၀
၁၁။	အသာတမန္တဇာတ်	၁၀၃
၁၂။	အဏ္ဍဘူတဇာတ်	၁၂၄
၁၃။	တက္ကပဏ္ဍိတဇာတ်	၁၅၁
၁၄။	ဒုရာဇာနဇာတ်	၁၆၇
၁၅။	အနဘိရတိဇာတ်	၁၇၅
၁၆။	မုဒုလက္ခဏဇာတ်	၁၈၁

၁၇။ ဥစ္ဆင်္ဂဇာတ် ၁၉၈

၁၈။ သာကေတဇာတ် ၂၀၇

၁၉။ ဝိသဝန္တဇာတ် ၂၁၂

၂၀။ ကုဒ္ဒါလဇာတ် ၂၁၉

၂၁။ ဝရုဏဇာတ် ၂၃၉

၂၂။ သီလဝနာဂရာဇဇာတ် ၂၄၉

၂၃။ သစ္စံကိရဇာတ် ၂၆၂

၂၄။ ရုက္ခဓမ္မဇာတ် ၂၈၁

၂၅။ မစ္ဆဇာတ် ၂၈၉

၂၆။ အသင်္ကိယဇာတ် ၃၀၁

၂၇။ မဟာသုပိနဇာတ် ၃၀၈

၂၈။ ဣလ္လိသဇာတ် ၃၅၃

၂၉။ ခရဿရဇာတ် ၃၈၇

၃၀။ ဘီမသေနဇာတ် ၃၉၂

၃၁။ မဟာသီလဝဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် ၄၀၇

၃၂။ မဟာသီလဝဇာတ်မှရရှိသောသင်ခန်းစာများ. ၄၀၈

၃၃။ စူဠဇနကဇာတ်မှ ရရှိသောသင်ခန်းစာများ..... ၄၀၈

၃၄။ ပုဏ္ဏပါတိဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် ၄၀၉

၃၅။ ပုဏ္ဏပါတိဇာတ်မှ ရရှိသောသင်ခန်းစာများ... ၄၁၀

၃၆။ ကိံဖလဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် ၄၁၁

၃၇။ ကိံဖလဇာတ်မှ ရရှိသောသင်ခန်းစာများ........ ၄၁၂

၃၈။	ပဉ္စာဝုဓဇာတ်အဓိပ္ပါယ်အကျဉ်းချုပ်	၄၁၂
၃၉။	ပဉ္စာဝုဓဇာတ်မှ ရရှိသောသင်ခန်းစာများ	၄၁၄
၄၀။	ကဉ္စနက္ခန္ဓဇာတ်အဓိပ္ပါယ်အကျဉ်းချုပ်	၄၁၄
၄၁။	ကဉ္စနက္ခန္ဓဇာတ်မှရရှိသောသင်ခန်းစာများ.....	၄၁၅
၄၂။	ဝါနရိန္ဒဇာတ်အဓိပ္ပါယ်အကျဉ်းချုပ်	၄၁၆
၄၃။	ဝါနရိန္ဒဇာတ်မှ ရရှိသောသင်ခန်းစာများ.........	၄၁၇
၄၄။	တယောဓမ္မဇာတ်အဓိပ္ပါယ်အကျဉ်းချုပ်	၄၁၇
၄၅။	တယောဓမ္မဇာတ်မှ ရရှိသောသင်ခန်းစာများ	၄၁၇
၄၆။	ဘေရိဝါဒကဇာတ်အဓိပ္ပါယ်အကျဉ်းချုပ်	၄၁၉
၄၇။	ဘေရိဝါဒကဇာတ်မှ ရရှိသောသင်ခန်းစာများ	၄၂၀
၄၈။	သင်္ခဓမဇာတ်အဓိပ္ပါယ်အကျဉ်းချုပ်	၄၂၁
၄၉။	သင်္ခဓမဇာတ်မှ ရရှိသောသင်ခန်းစာများ........	၄၂၁
၅၀။	အသာတမန္တဇာတ်အဓိပ္ပါယ်အကျဉ်းချုပ်	၄၂၂
၅၁။	အသာတမန္တဇာတ်မှ ရရှိသောသင်ခန်းစာများ	၄၂၄
၅၂။	အဏ္ဍဘူတဇာတ်အဓိပ္ပါယ်အကျဉ်းချုပ်	၄၂၄
၅၃။	အဏ္ဍဘူတဇာတ်မှ ရရှိသောသင်ခန်းစာများ..	၄၂၆
၅၄။	တက္ကပဏ္ဍိတဇာတ်အဓိပ္ပါယ်အကျဉ်းချုပ်	၄၂၇
၅၅။	တက္ကပဏ္ဍိတဇာတ်မှ ရရှိသောသင်ခန်းစာများ	၄၂၈
၅၆။	ဒုရာဇာနဇာတ်အဓိပ္ပါယ်အကျဉ်းချုပ်	၄၂၉
၅၇။	ဒုရာဇာနဇာတ်မှ ရရှိသောသင်ခန်းစာများ......	၄၂၉
၅၈။	အနဘိရတိဇာတ်အဓိပ္ပါယ်အကျဉ်းချုပ်	၄၃၀

၅၉။ အနဘိရတိဇာတ်မှ ရရှိသောသင်ခန်းစာများ.. ၄၃၀
၆၀။ မုဒုလက္ခဏဇာတ်အဓိပ္ပါယ်အကျဉ်းချုပ်.......... ၄၃၁
၆၁။ မုဒုလက္ခဏဇာတ်မှ ရရှိသောသင်ခန်းစာများ ၄၃၂
၆၂။ ဥဋ္ဌဂ်ဇာတ်အဓိပ္ပါယ်အကျဉ်းချုပ်..................... ၄၃၃
၆၃။ ဥဋ္ဌဇာတ်မှ ရရှိသောသင်ခန်းစာများ ၄၃၄
၆၄။ သာကေတဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် ၄၃၅
၆၅။ သာကေတဇာတ်မှ ရရှိသောသင်ခန်းစာများ.. ၄၃၆
၆၆။ ဝိသဝန္တဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် ၄၃၆
၆၇။ ဝိသဝန္တဇာတ်မှ ရရှိသောသင်ခန်းစာများ ၄၃၇
၆၈။ ကုဒ္ဒါလဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် ၄၃၈
၆၉။ ကုဒ္ဒါလဇာတ်မှ ရရှိသောသင်ခန်းစာများ........ ၄၃၉
၇၀။ ဝရုဏဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် ၄၄၀
၇၁။ ဝရုဏဇာတ်မှ ရရှိသောသင်ခန်းစာများ ၄၄၁
၇၂။ သီလဝနာဂရာဇဇာတ်၏အဓိပ္ပါယ်အကျဉ်းချုပ် .. ၄၄၁
၇၃။ သီလဝနာဂရာဇဇာတ်မှ ရရှိသောသင်ခန်းစာများ ၄၄၃
၇၄။ သစ္စံကိရဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် ၄၄၃
၇၅။ သစ္စံကိရဇာတ်မှ ရရှိသောသင်ခန်းစာများ ၄၄၅
၇၆။ ရုက္ခဓမ္မဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် ၄၄၅
၇၇။ ရုက္ခဓမ္မဇာတ်မှ ရရှိသောသင်ခန်းစာများ ၄၄၆
၇၈။ မစ္ဆဇာတ်အဓိပ္ပါယ်အကျဉ်းချုပ် ၄၄၇
၇၉။ မစ္ဆဇာတ်မှ ရရှိသောသင်ခန်းစာများ ၄၄၈

၈၀။	အသင်္ကိယဇာတ်အဓိပ္ပါယ်အကျဉ်းချုပ်...........	၄၄၈
၈၁။	အသင်္ကိယဇာတ်မှ ရရှိသောသင်ခန်းစာများ..	၄၅၀
၈၂။	မဟာသုပိနဇာတ်အဓိပ္ပါယ်အကျဉ်းချုပ်..........	၄၅၀
၈၃။	မဟာသုပိနဇာတ်မှ ရရှိသောသင်ခန်းစာများ.	၄၅၃
၈၄။	ဣလ္လိသဇာတ်အဓိပ္ပါယ်အကျဉ်းချုပ်...............	၄၅၃
၈၅။	ဣလ္လိသဇာတ်မှ ရရှိသောသင်ခန်းစာများ......	၄၅၆
၈၆။	ခရဿရဇာတ်အဓိပ္ပါယ်အကျဉ်းချုပ်..............	၄၅၇
၈၇။	ခရဿရဇာတ်မှ ရရှိသောသင်ခန်းစာများ.....	၄၅၇
၈၈။	ဘီမသေနဇာတ် အဓိပ္ပါယ်အကျဉ်းချုပ်..........	၄၅၈
၈၉။	ဘီမသေနဇာတ်မှ ရရှိသောသင်ခန်းစာများ...	၄၅၉

မာတိကာပြီး၏။

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

ဧကကနိပါတ + ဇာတကဋ္ဌကထာ

၆ - အာသီသဝဂ္ဂ

၁ - မဟာသီလဝဇာတကဝဏ္ဏနာ (၅၁)

အာသီသေထေဝ ပုရိသောတိ ဣဒံ။ (ပ)။ ပုစ္ဆိ။

အာသီသေထေဝ ပုရိသောတိ ဣဒံ = အာသီသေထေဝ ပုရိသော အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမဟာသီလဝဇာတ်ကို။ သတ္ထာ = မြတ်စွာဘုရားသည်၊ ဇေတဝနေ = ဇေတဝန်ကျောင်းတော် ၌၊ ဝိဟရန္တော = သီတင်းသုံးနေတော်မူစဉ်၊ ဩဿဋ္ဌ ဝီရိယံ = လျော့သော ဝီရိယရှိသော၊ ဘိက္ခုံ = ရဟန်းကို၊ အာရဗ္ဘ = အကြောင်းပြု၍၊ ကထေသိ = ဟောကြားတော်မူ၏။

ဟိ = ထိုစကားကို ချဲ့၍ဆိုဦးအံ့၊ သတ္ထာ = မြတ်စွာဘုရားသည်၊ တံ ဘိက္ခုံ = ထိုလျော့သော ဝီရိယရှိသော ရဟန်းကို၊ "ဘိက္ခု = ရဟန်း၊ တွံ = သင်သည်၊ ဩဿဋ္ဌဝီရိယော = လျော့သော ဝီရိယရှိသည်၊ အသိ = ဖြစ်သည်။ သစ္စံကိရ = မှန်၏လော။" ဣတိ = ဤသို့၊ ပုစ္ဆိ = မေးမြန်းတော်မူ၏။

"အာမ ဘန္တေ" တိ စ ဝုတ္တေ။ (ပ)။ အတီတံ အာဟရိ။

"ဘန္တေ = မြတ်စွာဘုရား၊ အာမ = မှန်ပါ၏ဘုရား။" ဣတိ = ဤသို့၊ ဝုတ္တေ = နားတော်လျှောက်ကြားသည်ရှိသော်။

"ဘိက္ခု = ရဟန်း၊ တွံ = သင်သည်၊ ကသ္မာ = အဘယ့်

ကြောင့်၊ ဧဝ ရူပေ = ဤသို့သဘောရှိသော၊ နိယျာနိက သာသနေ = ဝဋ်ဆင်းရဲမှ ထွက် မြောက်စေတတ်သော သာသနာတော်၌၊ ပဗ္ဗဇိတွာ = ရဟန်းပြု၍၊ ဝီရိယံ = ဝီရိယကို၊ သြဿဇ် = လျော့ချသနည်း၊ ပုဗ္ဗေ = ရှေးအခါ၌၊ ပဏ္ဍိတာ = ပညာရှိတို့သည်၊ ရဋ္ဌာ = မင်းအဖြစ်မှ၊ ပရိဟာယိတွာပိ = ယုတ်လျော့ကုန်၍လည်း၊ အတ္တနော = မိမိ၏၊ ဝီရိယေ = ဝီရိယ၌၊ ဌတွာဝ = တည်၍သာ၊ နဋ္ဌံ = ပျက်စီးပြီးသော၊ ယသံ - အပိ = စည်းစိမ်အခြံအရံကိုလည်း၊ ပုန = တစ်ဖန်၊ ဥပ္ပါဒယိံသု = ဖြစ်စေအပ်ကုန်ပြီ။” ဣတိ = ဤသို့၊ ဝတွာ = မိန့်တော်မူပြီး၍၊ အတီတံ = အတိတ်ကို၊ အာဟရိ = ဆောင်တော်မူပြီ။

အတီတေ ဗာရာဏသိယံ။ (ပ)။ နာမံ အကံသု။

အတီတေ = လွန်လေပြီးသောအခါ၌၊ ဗာရာဏသိယံ = ဗာရာဏသီ ပြည်၌၊ ဗြဟ္မဒတ္တေ = ဗြဟ္မဒတ်အမည်ရှိသောမင်းသည်၊ ဝါ = ဗြဟ္မဒတ်မင်း သည်၊ ရဇ္ဇံ = မင်းအဖြစ်ကို၊ ဝါ = တိုင်းပြည်ကို၊ ကာရေန္တေ = အုပ်စိုးစဉ်၊ ဗောဓိသတ္တော = ဘုရားလောင်းသည်၊ ရညော = ဗြဟ္မဒတ်မင်း၏၊ အဂ္ဂ မဟေသိယာ = မိဖုရားကြီး၏၊ ကုစ္ဆိမှိ = ဝမ်း၌၊ နိဗ္ဗတ္တော = ဖြစ်ပြီ။

တဿ = ထိုဘုရားလောင်းအား၊ နာမဂ္ဂဟဏဒိဝသေ = အမည် မှည့်သောနေ့၌၊ “သီလဝကုမာရော” တိ = သီလဝကုမာရ = ဟူ၍၊ နာမံ = အမည်ကို၊ အကံသု = မှည့်ကုန်ပြီ။

သော သောဠသဝဿုဒ္ဒေသိကော၀။ (ပ)။ ဓမ္မရာဇာ။

သော = ထိုဘုရားလောင်းသည်၊ သောဠသဝဿုဒ္ဒေသိကောဝ = တစ်ဆယ့်ခြောက်နှစ်အရွယ်ရှိသည်သာဖြစ်၍၊ သဗ္ဗသိပ္ပေ

= အလုံးစုံသော အတတ်ပညာတို့၌၊ နိပ္ဖတ္တိံ = ပြီးဆုံးခြင်းသို့၊ ပတ္တော = ရောက်၍၊ အပရဘာဂေ = နောက်အဖို့၌၊ ပိတု = အဖခမည်းတော်၏၊ အစ္စယေန = နတ်ရွာစံ ကွယ်လွန်သဖြင့်၊ ရဇ္ဇေ = မင်းအဖြစ်၌၊ ပတိဋ္ဌိတော = တည်သည်ဖြစ်၍၊ မဟာသီလဝရာဇာနာမ = မဟာသီလဝအမည်ရှိသောမင်းသည်၊ အဟောသိ = ဖြစ်ပြီ၊ ဓမ္မိကော = တရားကိုစောင့်၏၊ ဓမ္မရာဇာ = တရားသဖြင့် မင်းပြု၏။

သော နဂရဿ။ (ပ)။ ဓမ္မေန ရဇ္ဇံ ကာရေတိ။

သော = ထိုမဟာသီလဝမင်းသည်၊ နဂရဿ = ဗာရာဏသီမြို့၏၊ စတူသု ဒွါရေသု = လေးပေါက်ကုန်သော တံခါးတို့၌၊ စတဿော = လေး ဆောင်၊ မဇ္ဈေ = မြို့၏အလယ်၌၊ ဧကံ = တစ်ဆောင်၊ နိဝေသနဒွါရေ = နန်းတော်ဝင်တံခါး၌၊ ဧကံ = တစ်ဆောင်၊ ဣတိ = ဤသို့၊ ဆ ဒါနသာလာ ယော = ခြောက်ဆောင်ကုန်သော အလှူဇရပ်တို့ကို၊ ကာရာပေတွာ = ဆောက်လုပ်စေ၍၊ နိစ္စံ = အမြဲမပြတ်၊ ကပဏဒ္ဓိကာနံ = အထီးကျန်သူ, ခရီးသွားသူတို့အား၊ ဒါနံ = အလှူကို၊ ဒေတိ = ပေးလှူ၏၊ သီလံ = ငါးပါးသီလကို၊ ရက္ခတိ = စောင့်ရှောက်၏၊ ဥပေါသထကမ္မံ = ဥပုဒ်သီလစောင့်တည်ခြင်းအမှုကို၊ ကရောတိ = ပြု၏၊ ခန္တိမေတ္တာနုဒ္ဒယသမ္ပန္နော = ခန္တီ, မေတ္တာ, ဂရုဏာနှင့်ပြည့်စုံသည်ဖြစ်၍၊ အင်္ကေ = ရင်ခွင်၌၊ နိသိန္နံ = ထိုင်နေသော၊ ပုတ္တံ = သားကို၊ ပရိတောသယမာနော ဝိယ = နှစ်သိမ့်စေ ည်သကဲ့သို့၊ သဗ္ဗသတ္တေ = ခပ်သိမ်းကုန်သောသတ္တဝါတို့ကို၊ ပရိတောသယမာနော = နှစ်သိမ့်စေလျက်၊ ဓမ္မေန = တရားသဖြင့်၊ ရဇ္ဇံ = မင်း၏အဖြစ်ကို၊ ကာရေတိ = ပြု၏။

တဿေဝ ကော အမစ္စော။ (ပ) ။ ရဇ္ဇာ ပဒုဋ္ဌော ဒေသိ။

တဿ = ထိုမဟာသီလဝမင်း၏၊ ဧကော အမစ္စော =

အမတ်တစ်ယောက်သည်၊ အန္တေပုရေ = နန်းတွင်း၌၊ ပဒ္ဒုဋ္ဌိတွာ = ပြစ်မှား၍၊ အပရဘာဂေ = နောက်အဖို့၌၊ ပါကဋော = အပြစ်ထင်ရှားသည်၊ ဇာတော = ဖြစ်ပြီ၊ အမစ္စာ = အမတ်တို့သည်၊ ရညော = မင်းအား၊ အာရောစေသုံ = လျှောက်ကြားကုန်ပြီ၊ ရာဇာ = မင်းသည်၊ ပရိဂ္ဂဏှန္တော = စုံစမ်းသည်ရှိသော်၊ အတ္တနာ = မိမိကိုယ်တော်တိုင်၊ ပစ္စက္ခတော = မျက်ဝါးထင်ထင်၊ ဉတွာ = သိ၍၊ တံ အမစ္စံ = ထိုအမတ်ကို၊ ပက္ကောသာပေတွာ = ခေါ်စေ၍၊ "အန္ဓဗာလ = ငမိုက်သား၊ တေ = သင်သည်၊ အယုတ္တံ = မသင့်တော်သောအမှုကို၊ ကတံ = ပြုအပ်လေပြီ၊ တွံ = သင်သည်၊ မမ = ငါ၏၊ ဝိဇိတေ = တိုင်းပြည်၌၊ ဝသိတုံ = နေခြင်းငှာ၊ န အရဟသိ = မသင့်တော်ချေ၊ အတ္တနော = မိမိ၏၊ ဓနဉ္စ = ဥစ္စာကိုလည်းကောင်း၊ ပုတ္တဒါရေစ = သားမယား တို့ကိုလည်းကောင်း၊ ဂဟေတွာ = ယူ၍၊ အညတ္ထ = အခြားအရပ်သို့၊ ယာဟိ = သွားချေ။" ဣတိ = ဤသို့၊ ရဋ္ဌာ = တိုင်းပြည်မှ၊ ပဗ္ဗာဇေသိ = နှင်ထုတ်အပ်လေပြီ။

သော နိက္ခမိတွာ။ (ပ) ။ ဇာတော။

သော = ထိုအမတ်သည်၊ နိက္ခမိတွာ = ဗာရာဏသီတိုင်းပြည်မှထွက်၍၊ ကာသိရဋ္ဌံ = ကာသိတိုင်းကို၊ အတိက္ကမ္မ = လွန်မြောက်၍၊ ကောသလဇနပဒံ = ကောသလဇနပုဒ်သို့၊ ဂန္တွာ = သွား၍၊ ကောသလရာဇာနံ = ကောသလမင်းကို၊ ဥပဋ္ဌဟန္တော = ခစားသည်ရှိသော်၊ ဝါ = လုပ်ကျွေးသည် ရှိသော်၊ အနုက္ကမေန = အစဉ်အားဖြင့်၊ ရညော = ကောသလမင်း၏၊ အဗ္ဘန္တရိကော = အတွင်းလူဖြစ်သော၊ ဝိဿာသိကော = အကျွမ်းဝင်သည်၊ ဇာတော = ဖြစ်ပြီ။

သော ဧကဒိဝသံ။ (ပ) ။ ရဇ္ဇံ ဂဏှိတုန္တိ။

သော = ထိုအမတ်သည်၊ ဧကဒိဝသံ = တစ်နေ့သ၌၊ ကောသလရာဇာနံ = ကောသလမင်းကို၊ "ဒေဝ = မင်းကြီး၊ ဗာရာဏသိရဇ္ဇံ နာမ = ဗာရာဏသီပြည်မည်သည်ကား၊ နိမ္မက္ခိက. မဓုပဋလ သဒိသံ = ပျားကောင် မရှိသော ပျားလဘို့နှင့်တူ၏၊ ရာဇာ = ဗာရာဏသီမင်းသည်၊ အတိမုဒု ကော = အလွန်နူးညံ့၏၊ အပ္ပေနေဝ = အနည်းငယ်သာလျှင်ဖြစ်သော၊ ဗလဝါဟနေန = ဗိုလ်ပါဆင်မြင်းဖြင့်၊ ဗာရဏသိ ရဇ္ဇံ = ဗာရာဏသီတိုင်း ပြည်ကို၊ ဂဏှိတုံ = သိမ်းပိုက်ယူခြင်းငှာ၊ သက္ကာ = တတ်နိုင်၏။" ဣတိ = ဤသို့၊ အာဟ = လျှောက်လေ၏။

ရာဇာ တဿ ဝစနံ သုတွာ။ (ပ) ။ အာဟ။

ရာဇာ = ကောသလမင်းသည်၊ တဿ = ထိုအမတ်၏၊ ဝစနံ = စကားကို၊ သုတွာ = ကြားရ၍၊ "ဗာရာဏသိရဇ္ဇံ နာမ = ဗာရာဏသီပြည် မည်သည်၊ မဟာ = အလွန်ကြီးကျယ်၏၊ အယဉ္စ = ဤအမတ်သည်လည်း၊ "အပ္ပေနေဝ = အနည်းငယ်သာလျှင် ဖြစ်သော၊ ဗလဝါဟနေန = ဗိုလ်ပါဆင် မြင်းဖြင့်၊ ဗာရာဏသိရဇ္ဇံ = ဗာရာဏသီတိုင်းပြည်ကို၊ ဂဏှိတုံ = သိမ်းပိုက် ယူခြင်းငှာ၊ သက္ကာ = တတ်ကောင်း၏၊ ဝါ = တတ်နိုင်၏၊" ဣတိ = ဤသို့၊ အာဟ = ဆို၏၊ ပယုတ္တကစောရော = သူလျှိုခိုးသူသည်၊ သိယာ ကိံနု = ဖြစ်လေသလား၊" ဣတိ = ဤသို့၊ စိန္တေတွာ = ကြံစည်၍၊ "တွံ = သင်သည်၊ (ထည့်) ပယုတ္တကောသိမညေ = သူလျှိုသည်ဖြစ်ယောင် တကား၊ ဝါ = သူလျှိုသည် ဖြစ်သည်ထင်၏၊" ဣတိ = ဤသို့၊ အာဟ = ဆို၏။

"နာဟံ ဒေဝ ပယုတ္တကော။ (ပ) ။ ဝိဿဇ္ဇေသိတိ။

ဒေဝ = မင်းကြီး၊ အဟံ = ငါသည်၊ သစ္စမေဝ = မှန်သော

စကားကိုသာ၊ ဝဒါမိ = ဆို၏။ မေ = ကျွန်ုပ်၏၊ ဝစနံ = စကားကို၊ သစေ န သဒ္ဒဟထ = အကယ်ယုံကြည်တော်မမူကုန်အံ့။ မနုဿေ = လူတို့ကို၊ ပေသေတွာ = စေလွှတ်၍၊ ပစ္စန္တဂါမံ = ရွာစွန်းရွာဖျားကို၊ ဟနာပေထ = ဖျက်ဆီးစေကုန်လော့။ တေမနုဿေ = ထိုလူတို့ကို၊ ဂဟေတွာ = ဖမ်းယူ၍၊ အတ္တနော = မိမိ၏၊ သန္တိကံ = အထံသို့၊ နီတေ = ဆောင်အပ်သည်ရှိသော်၊ ဓနံ = ဥစ္စာကို၊ ဒတွာ = ပေး၍၊ ဝိဿဇ္ဇေဿတိ = လွှတ်လတ္တံ့။ ဣတိ = ဤသို့၊ အာဟ = ဆို၏။

ရာဇာ ။ (ပ) ။ ဗာရာဏသိရညော ဒဿေသုံ။

ရာဇာ = ကောသလမင်းသည်၊ "အယံ = ဤအမတ်သည်၊ အတိဝိယ = အတိုင်းထက်အလွန်၊ သူရော = ရဲရင့်သည်၊ ဟုတွာ = ဖြစ်၍၊ ဝဒတိ = ဆို၏။ အဟံ = ငါသည်၊ တာဝ = ရှေ့ဦးစွာ၊ ဝိမံသိဿာမိ = စုံစမ်းဦးအံ့။" ဣတိ = ဤသို့ကြံ၍၊ အတ္တနော = မိမိ၏၊ ပုရိသေ = မင်းချင်းယောကျ်ားတို့ကို၊ ပေသေတွာ = စေလွှတ်၍၊ ပစ္စန္တဂါမံ = ရွာစွန်းရွာဖျားကို၊ ဟနာပေသိ = ဖျက်ဆီးစေ၏။ မနုဿာ = ပစ္စန္တရစ်ရွာသားတို့သည်၊ တေစောရေ = ထိုခိုး သူတို့ကို၊ ဂဟေတွာ = ဖမ်းဆီး၍၊ ဗာရာဏသိရညော = ဗာရာဏသီမင်းအား၊ ဒဿေသုံ = ပြကြကုန်ပြီ။

ရာဇာ တေ ဒိသွာ ။ (ပ) ။ ပဝတ္တိံ အာရောစေသုံ။

ရာဇာ = ဗာရာဏသီမင်းသည်၊ ဝါ = မဟာသီလဝမင်းသည်၊ တေ = ထိုခိုးသူတို့ကို၊ ဒိသွာ = မြင်၍၊ "တာတာ = အမောင်တို့၊ ကသ္မာ = အဘယ့်ကြောင့်၊ ဂါမံ = ရွာကို၊ ဟနထ = ဖျက်ဆီးကြကုန်သနည်း။" ဣတိ = ဤသို့၊ ပုစ္ဆိ = မေးမြန်းလေ၏။

"ဒေဝ = မင်းကြီး၊ ဇီဝိတုံ = အသက်မွေးခြင်းငှါ၊ အသက္ကောန္တာ = မတတ်နိုင်ကုန်သည်ဖြစ်၍၊ ဂါမံ = ရွာကို၊ ဟနာမ =

ဖျက်ဆီးလုယက်ကြကုန်၏။ " ဣတိ = ဤသို့၊ ဝုတ္တေ = ဆိုအပ်သော်၊ ရာဇာ = ဗာရာဏသီမင်းသည်၊ "အထ = ထိုသို့အသက်မမွေးနိုင်သော်လည်း၊ ကသ္မာ = အဘယ့်ကြောင့်၊ မမ = ငါ့အားမကြွန်ုပ်၏၊ သန္တိကံ = ထံတော်သို့၊ နာဂမိတ္ထ = မလာကြကုန် သနည်း။ ဣတော ဒါနိ = ဤယခုအခါမှ၊ ပဋ္ဌာယ = စ၍၊ ဧဝရူပံကမ္မံ = ဤကဲ့သို့သောအမှုကို၊ မာကရိတ္ထ = မပြုကြလင့်။" ဣတိ = ဤသို့၊ ဝတွာ = ဆို၍၊ တေသံ = ထိုသူခိုးတို့အား၊ ဓနံ = ဥစ္စာကို၊ ဒတွာ = ပေး၍၊ ဝိဿဇ္ဇေသိ = လွှတ်၏။ တေ = ထိုမင်းချင်းယောကျ်ားတို့သည်၊ ဂန္တွာ = သွား၍၊ ကောသလရညော = ကောသလမင်းအား၊ တံပဝတ္တိံ = ထိုအကြောင်းကို၊ အာရောစေသုံ = လျှောက်ကြားကုန်၏။

သော ဧတ္တကေနာပိ ဂန္တုံ။ (ပ) ။ ဝိဿဇ္ဇေသိယေဝ။

သော = ထိုကောသလမင်းသည်၊ ဧတ္တကေနာပိ = ဤမျှဖြင့်လည်း၊ ဂန္တုံ = သွားခြင်းငှာ၊ အဝိသဟန္တော = မဝံ့မရဲသည်ဖြစ်၍၊ ပုန = တစ်ဖန်၊ မဇ္ဈေ ဇနပဒံ = မြို့အလယ် ဇနပုဒ်ကို၊ ဟနာပေသိ = ဖျက်ဆီးစေ၏။ တေပိ စောရေ = ထိုခိုးသူ တို့ကိုလည်း၊ ရာဇာ = ဗာရာဏသီမင်းသည်၊ တထေဝ = ထိုရှေးနည်းတူပင်၊ ဓနံ = ဥစ္စာကို၊ ဒတွာ = ပေး၍၊ ဝိဿဇ္ဇေသိ = လွှတ်လေ၏။ သော = ထိုကောသလမင်းသည်၊ ဧတ္တကေနာပိ = ဤမျှဖြင့်လည်း၊ အဂန္တွာ = မသွားမူ၍၊ ပုန = တစ်ဖန်၊ ပေသေတွာ = စေလွှတ်၍၊ အန္တရဝီထိယံ = မြို့လယ်လမ်းခရီးကို၊ ဝိလုမ္ပါပေသိ = လုယက်ဖျက်ဆီးစေ၏။ ရာဇာ = ဗာရာဏသီမင်းသည်၊ တေသမ္ပိ စောရာနံ = ထိုခိုးသူတို့အားလည်း၊ ဓနံ = ဥစ္စာကို၊ ဒတွာ = ပေး၍၊ ဝိဿဇ္ဇေသိယေဝ = လွှတ်လိုက်သည်သာတည်း။

တဒါ ကောသလရာဇာ။ (ပ) ။ နိယျာသိ။

တဒါ = ထိုအခါ၌၊ ကောသလရာဇာ = ကောသလမင်းသည်၊ "ရာဇာ = ဗာရာဏသီမင်းသည်၊ ဝါ = မဟာသီလဝမင်းသည်၊ အတိဝိယ = အတိုင်း ထက်အလွန်၊ ဓမ္မိကော = တရားနှင့်ယှဉ်၏၊ ဝါ = တရားစောင့်ရှောက်၏၊" ဣတိ = ဤသို့၊ ဥတွာ = သိတော်မူ၍၊ "ဗာရာဏသိရဇ္ဇံ = ဗာရာဏသီပြည် ကို၊ ဂဟေဿာမိ = သိမ်းပိုက်ယူအံ့၊" ဣတိ = ဤသို့ကြံ၍၊ ဗလဝါဟနံ = ဗိုလ်ပါ ဆင်မြင်းကို၊ အာဒါယ = ယူဆောင်၍၊ နိယျာသိ = စစ်ထွက်လေ၏။

တဒါ ပန ဗာရာဏသိရညော။ (ပ) ။ မဟာယောဓာ ဟောန္တိ။

တဒါ = ထိုအခါ၌၊ ဗာရာဏသိရညော = ဗာရာဏသီ မင်းအား၊ မတ္တဝါရဏော = မုန်ရစ်သောဆင်သည်၊ အဘိမုခံ = ရှေးရှု၊ အာဂစ္ဆန္တေပိ = လာကုန်သည်ဖြစ်သော်လည်း၊ အနိဝတ္တန ဓမ္မာ = မဆုတ်နစ်သောသဘော ရှိကုန်သော။ (မဟာယောဓာ ၌စပ်) အသနိယာ = မိုးကြိုးသည်၊ သီသေ = ဦးခေါင်း၌၊ ပတန္တိယာပိ = ကျသော်လည်း၊ အသန္တသနသဘာဝါ = မ ထိတ်လန့်သောသဘော ရှိကုန်သော၊ (မဟာယောဓာ၌စပ်)၊ သီလဝမဟာရာဇဿ = မဟာ သီလဝမင်းသည်၊ ရုစိယာ သတိ = အလိုရှိသည်ရှိသော်၊ သကလ ဇမ္ဗုဒီပေ = အလုံးစုံသော ဇမ္ဗူဒိပ်၌၊ ရဇ္ဇံ = မင်းအဖြစ်ကို၊ ဂဟေတုံ = သိမ်းပိုက်ယူခြင်းငှါ၊ သမတ္ထာ = စွမ်းဆောင်နိုင်ကုန်သော၊ သဟဿမတ္တာ = တစ်ထောင်အရေအတွက်ရှိကုန်သော၊ အဘေဇ္ဇဝရသူရာ = မပျက်သောလုံ့လရဲရင့်ခြင်းရှိကုန်သော၊ မဟာ ယောဓာ = စစ်သူရဲတို့သည်၊ ဟောန္တိ = ရှိကုန်၏။

တေ "ကောသလရာဇာ အာဂစ္ဆတိ" တိ သုတွာ။ (ပ)

။ ဝဒိံသု။

တေ = ထိုစစ်သူရဲကြီးတို့သည် "ကောသလရာဇာ = မင်းသည်၊ အာဂစ္ဆတီတိ = စစ်တိုက်လာသည်ဟု၊ သုတွာ = ကြား၍၊ ရာဇာနံ = ဗာရာဏသီမင်း၏အထံသို့၊ ဥပသင်္ကမိတွာ = ချဉ်းကပ်ကြကုန်၍၊ "ဒေဝ = မင်းကြီး၊ ကောသလရာဇာ = သည်၊ 'ဗာရာဏသီရဇ္ဇံ = ဗာရာဏသီပြည်ကို၊ ဂဏှိဿာမီတိ = သိမ်းပိုက် ယူအံ့' ဟု၊ အာဂစ္ဆတိကိရ = လာနေပါသည် တဲ့။ မယံ = ငါတို့သည်၊ ဂစ္ဆာမ = သွားတိုက်ကြအံ့။ နံ = ထိုကောသလမင်း ကို၊ အမှာကံ = ကျွန်ုပ်တို့၏၊ ရဇ္ဇသီမံ = တိုင်းပြည်အပိုင်းအခြားကို၊ အနောက္ကန္တမေဝ = မဝင်ရောက်မီမှာပင်၊ ပေါထေတွာ = ရိုက်နှက်သတ်ဖြတ်၍၊ ဂဏှာမ = ဖမ်းယူကြကုန်အံ့။" က္ကတိ = ဤသို့၊ ဝဒိံသု = ပြောဆိုလျှောက်ကြကုန်၏။

ရာဇာ။ (ပ) ။ ပုရိမနယေနေဝ နိဝါရေသိ။

ရာဇာ = ဗာရာဏသီမင်းသည်၊ "တာတာ = အမောင်တို့၊ မံ = ငါ့ကို၊ နိဿာယ = မှီ၍၊ အညေသံ = အခြားသူတို့အား၊ ကိလမနကိစ္စံ = ပင်ပန်းခြင်းကိစ္စသည်၊ နတ္ထိ = မရှိ။ ရဇ္ဇတ္ထိကော = တိုင်းပြည်ကိုအလိုရှိသောသူသည်၊ ရဇ္ဇံ = တိုင်းပြည်ကို၊ ဂဏှာတု = ယူစေ။ မာဂမိတ္ထာတိ = မသွား ကြကုန်လင့် " ဟု၊ နိဝါရေသိ = တားမြစ်လေ၏။ ကောသလရာဇာ = မင်းသည်၊ ရဇ္ဇသီမံ = တိုင်းပြည်အပိုင်းအခြားကို၊ အတိက္ကမိတွာ = ကျော် လွန်၍၊ ဇနပဒမဇ္ဈံ = မြို့လယ်ဇနပုဒ်သို့၊ ပါဝိသိ = ဝင်လေ၏။ အမစ္စာ = အမတ်တို့သည်၊ ပုနပိ = တစ်ဖန်လည်း၊ ရာဇာနံ = ဗာရာဏသီမင်း၏ အထံသို့၊ ဥပသင်္ကမိတွာ = ချဉ်းကပ်ကြ၍၊ တထေဝ =

ထိုရှေးနည်းအတိုင်းပင်၊ ဝဒိံသု = လျှောက်ကြလေ၏။ ရာဇာ = ဗာရာဏသီမင်းသည်၊ ပုရိမန ယေနေဝ = ရှေ့နည်းဖြင့်ပင်၊ နိဝါရေသိ = တားမြစ်လေ၏။

ကောသလရာဇာ။ (ပ) ။ ပဋိသာသနံ ပေသေသိ။

ကောသလရာဇာ = သည်၊ ဗဟိနဂရေ = မြို့၏အပြင်ဘက်၌၊ ဌတွာ = တည်၍၊ "ရဇ္ဇံ ဝါ ဒေတု ယုဒ္ဓံဝါ" တိ = တိုင်းပြည်ကိုပေးမည်လော၊ စစ် တိုက်မည်လော"ဟု၊ သီလဝမဟာရာဇဿ = မဟာသီလဝမင်းကြီးအား၊ သာသနံ = သိတင်းကို၊ ပေသေသိ = စေလွှတ်တော်မူ၏။ ရာဇာ = မဟာသီ လဝမင်းသည်၊ တံ = ထိုသတင်းကို၊ သုတွာ = ကြား၍၊ "မယာ = ကျွန်ုပ်နှင့်၊ သဒ္ဓိံ = အတူတကွ၊ ယုဒ္ဓံ = စစ်တိုက်ခြင်းသည်၊ နတ္ထိ = မရှိ။ ရဇ္ဇံ = တိုင်းပြည်ကို၊ ဂဏှာတုတိ = ယူစေလော့"ဟု၊ ပဋိသာသနံ = တုန့်ပြန်သတင်းစကားကို၊ ပေသေသိ = စေလွှတ်တော်မူ၏။

ပုနပိ အမစ္စာ ရာဇာနံ။ (ပ) ။ နိသီဒိ။

ပုနပိ = နောက်တစ်ဖန်လည်း၊ အမစ္စာ = အမတ်တို့သည်။ ရာဇာနံ = ဗာရာဏသီမင်း၏အထံသို့၊ ဥပသင်္ကမိတွာ = ချဉ်းကပ်ကြ၍၊ "ဒေဝ = မင်းကြီး၊ မယံ = ကျွန်ုပ်တို့သည်၊ ကောသလရညော = ကောသလမင်းအား၊ နဂရံ = မြို့သို့၊ ပဝိသိတုံ = ဝင်ခြင်းငှာ။ နဒေမ = မပေးကြကုန်အံ့။ ဗဟိ နဂရေဝ = မြို့အပြင်အပ၌ပင်လျှင်၊ နံ = ထိုကောသလမင်းကို၊ ပေါထေတွာ = သတ်ပုတ်၍၊ ဂဏှာမာ" တိ = ဖမ်းယူကြကုန်အံ့" ဟူ၍၊ အာဟံသု = လျှောက်ကြကုန်၏။

ရာဇာ = မဟာသီလဝမင်းသည်၊ ပုရိမနယေနေဝ = ရှေ့နည်းဖြင့် ပင်၊ နိဝါရေတွာ = တားမြစ်၍၊ နဂရဒွါရာနိ =

မြို့တံခါးတို့ကို၊ ဝိဝရာပေတွာ = ဖွင့်စေ၍၊ အမစ္စသဟဿေန = အမတ်တစ်ထောင်နှင့်၊ သဒ္ဓိံ = အတူတကွ၊ မဟာတလေ = မြတ်သောယင်ပြင်၌၊ ပလ္လင်္ကမဇ္ဈေ = ပလ္လင်၏အလယ်၊ နိသီဒိ = ထိုင်နေတော်မူ၏။

ကောသလရာဇာ မဟန္တေန။ (ပ) ။ အာဟ။

ကောသလရာဇာ = သည်၊ မဟန္တေန = များစွာသော၊ ဗလဝါဟနေန = ဗိုလ်ပါဆင်မြင်းဖြင့်၊ ဗာရာဏသိံ = ဗာရာဏသီမြို့ကို၊ ပါဝိသိ = ဝင်တော် မူပြီ၊ သော = ထိုကောသလမင်းသည်၊ ဧကံ = တစ်ယောက်သော၊ ပဋိသတ္တုံ အပိ = ရန်သူကိုလည်း၊ အပဿန္တော = မမြင်သည်ဖြစ်၍၊ ရညော = ဗာရာဏသီမင်း၏၊ နိဝေသနဒွါရံ = နန်းတော်တံခါးသို့၊ ဂန္တွာ = သွား၍၊ အမစ္စဂဏ ပရိဝုတော = အမတ်အပေါင်းခြံရံလျှက်၊ အပါရုတဒွါရေ = မပိတ်သောတံခါးရှိသော၊ နိဝေသနေ = နန်းတော်၌၊ အလင်္ကတပဋိယတ္တံ = တန်ဆာဆင်ခြင်းနှင့်စပ်သော၊ မဟာတလံ = မြတ်သောရင်ပြင်ထက်သို့၊ အာရုယှ = တက်၍၊ နိသိန္နံ = ထိုင်နေတော်မူသော၊ နိရာပရာဓံ = အပြစ်မရှိသော၊ သီလဝမဟာရာဇာနံ = သီလဝမင်းကြီးကို၊ အမစ္စသဟဿေန = အမတ်တစ်ထောင်နှင့်၊ သဒ္ဓိံ = အတူတကွ၊ ဂဏှာပေတွာ = ဖမ်းယူစေ၍၊ "ဂစ္ဆထ = သွားကြ၊ ဣမံရာဇာနံ = ဤမဟာသီလဝမင်းကို၊ အမစ္စေဟိ = အမတ်တို့နှင့်၊ သဒ္ဓိံ = အတူတကွ၊ ပစ္ဆာဗာဟံ = လက်ပြန်ကို၊ ဂါဠ္ဗန္ဓနံ = မြဲစွာချည်တုတ်ခြင်းကို၊ ဗန္ဓိတွာ = ချည်တုတ်၍၊ အာမကသုသာနံ = သူသေအစိမ်းပစ်ရာသင်္ချိုင်းသို့၊ နေတွာ = ဆောင်ယူ၍၊ ဂလပ္ပမာဏေ = လည်မျိုပမာဏရှိကုန်သော၊ အာဝါဋေ = တွင်းတို့ကို၊ ခနိတွာ = တူး၍။ ယထာ = အကြင်အခြင်းအရာဖြင့်၊ ဧကောပိ =

တစ်စုံတစ်ယောက်သည်လည်း၊ ဟတ္ထံ = လက်ကို၊ ဥက္ခိပိတုံ = မြှောက်ခြင်းငှာ၊ နသက္ကောတိ = မတတ်နိုင်၊ ဧဝံတထာ = ဤသို့သော အခြင်းအရာဖြင့်၊ ပံသုံ = မြေကို၊ ပက္ခိပိတွာ = ထည့်ဖို့၍၊ နိခနထ = မြှုပ်ကြကုန်လော့၊ ရတ္တိံ = ညဉ့်အခါ၌၊ သိင်္ဂါလာ = မြေခွေးတို့သည်၊ အာဂန္တွာ = လာကြ၍၊ ဧတေသံ = ထိုသူတို့ အား၊ ကာတဗ္ဗယုတ္တကံ = ပြုသင့်ပြုထိုက်သောအမှုကို၊ ကရိဿန္တိ = ပြုကြကုန်လတ္တံ့၊ ” ဣတိ = ဤသို့၊ အာဟ = မိန့်ဆိုတော်မူ၏။

မနုဿာ စောရရညော။ (ပ) ။ ကိရဿ ပရိသာ။

မနုဿာ = လူတို့သည်၊ စောရရညော = ခိုးသူမင်း၏၊ အာဏံ = အာဏာကို၊ သုတွာ = ကြား၍၊ ရာဇာနံ = မဟာသီလဝ မင်းကို၊ အမစ္စေဟိ = အမတ်တို့နှင့်၊ သဒ္ဓိံ = အတူတကွ၊ ပစ္ဆာဗာဟံ = လက်ပြန်ကို၊ ဂါဠ္ဟပန္ဓနံ = မြဲစွာချည်တုတ်ခြင်းကို၊ ဗန္ဓိတွာ = ချည်တုတ်၍၊ နိက္ခမိံသု = ထွက်သွား ကြကုန်ပြီ။ တသ္မိံ ကာလေ = ထိုကာလ၌လည်း၊ သီလဝမဟာရာဇာ = မဟာသီလဝမင်းသည်၊ စောရရညော = ခိုးသူမင်းအား၊ အာဃာတမတ္တမ္ပိ = ရန်ငြိုးဖွဲ့ခြင်း မျှကိုလည်း၊ နာကာသိ = မပြု၊ ဧဝံ = ဤသို့၊ ဗန္ဓိတွာ = ချည်တုတ်၍၊ နီယမာနေသု = ယူဆောင်အပ်ကုန်သော၊ တေသုပိအမစ္စေသု = ထိုအမတ်တို့တွင်လည်း၊ ဧကောပိ = တစ်ယောက်သောအမတ်သည် လည်း၊ ရညော = မဟာသီလဝမင်း၏၊ ဝစနံ = စကားကို၊ ဘိန္ဒိတုံ = ဖျက်ဆီးခြင်းငှာ။ သမတ္ထောနာမ = စွမ်းနိုင်သည်မည်သည်၊ နာ ဟောသိ = မဖြစ်၊ ဧဝံ = ဤသို့၊ အဿ = ထိုမဟာသီလဝမင်း၏၊ ပရိသာ = ပရိသတ်တို့ သည်၊ သုဝိနီတာကိရ = ကောင်းစွာသွန်သင် ဆုံးမအပ်ပြီကုန်သည်ဖြစ်သတတ်။

အထတေရာဇပုရိသာ။ (ပ) ။ ဩဝဒိ။

အထ = ထိုအခါ၌၊ တေရာဇပုရိသာ = ထိုမင်းချင်းယောက်ျားတို့သည်၊ သာမေစ္စ = အမတ်တို့နှင့်တကွ၊ သီလဝမဟာရာဇာနံ = မဟာသီလဝမင်းကို၊ အာမကသုသာနံ = သူသေအစိမ်းပြစ်ရာသင်္ချိုင်းကို၊ နေတွာ = ဆောင်၍၊ ဂလပ္ပမာနေ = လည်မျိုပမာဏရှိသော၊ အာဝါဋေ = တွင်းတို့ကို၊ ခနိတွာ = တူးကြ၍၊ မၛ္ဈေ = အလယ်၌၊ သီလဝမဟာရာဇာနံ = မဟာသီလဝမင်းကို၊ ဥဘောသုပဿေသု = ဘေးနံပါးနှစ်ဖက်တို့၌၊ သေသအမစ္စေ = ကြွင်းသောအမတ်တို့ကို၊ ဣတိဇဝံ = ဤသို့သောနည်းဖြင့်၊ သဗ္ဗေပိ = အလုံးစုံကုန်သောသူတို့ကိုလည်း၊ အာဝါဋေသု = တွင်းတို့၌၊ ဩတာရေတွာ = ချကြကုန်၍၊ ပံသုံ = မြေကြီးကို၊ အာကိရိတွာ = လောင်းထည့်၍၊ ဃနံ = ခိုင်ခန့်ကျစ်လစ်စွာ၊ အာကောဋေတွာ = ရိုက်သိပ်၍၊ အဂမံသု = သွားကြကုန်ပြီ။

တဒါ = ထိုအခါ၌၊ သီလဝမဟာရာဇာ = မဟာသီလဝမင်းသည်၊ အမစ္စေ = အမတ်တို့ကို၊ အာမန္တေတွာ = ခေါ်၍ "တာတာ = မောင်တို့၊ စောရရညော = ခိုးသူမင်း၏၊ ဥပရိ = အပေါ်၌၊ ကောပံ = အမျက်ဒေါသကို၊ အကတွာ = မပြုမူ၍၊ မေတ္တံဧဝ = မေတ္တာကိုသာ၊ ဘာဝေထာ" တိ ပွားကြကုန်လောဟု၊ ဩဝါဒိ = ဆုံးမတော်မူ၏။

အထ အဍ္ဎရတ္တသမယေ။ (ပ) ။ တထေဝ သဒ္ဒမကံသု။

အထ အဍ္ဎရတ္တသမယေ = ထိုညဥ့်သန်ခေါင်းအချိန်အခါ၌၊ "မနုဿမံသံ = လူသားကို၊ ခါဒိဿာမာ" တိ = စားကြကုန်အံ့" ဟု၊ သိင်္ဂါလာ = မြေခွေးတို့သည်၊ အာဂမိံသု = လာကြကုန်ပြီ။

တေ = ထိုမြေခွေးတို့ကို၊ ဒိသွာ = မြင်၍၊ ရာဇာ စ = မဟာသီလဝမင်းသည်လည်းကောင်း၊ အမစ္စာ စ = အမတ်တို့သည်လည်းကောင်း၊ ဧကပ္ပဟာရေနေဝ = တစ်ပြိုင်နက်တည်းဖြင့်သာလျှင်၊ သဒ္ဒံ = အသံကို၊ အကံသု = ပြုကြကုန်ပြီ၊ သိင်္ဂါလာ = မြေခွေးတို့သည်၊ ဘီတာ = ကြောက်ကြကုန်သည်ရှိသော်၊ ပလာယိံသု = ပြေးကြကုန်ပြီ၊ တေ = ထိုမြေခွေးတို့သည်၊ နိဝတ္တိတွာ = ပြန်လည့်၍, ဩလောကေန္တာ = ကြည့်ကုန်လျက်၊ ပစ္ဆတော = နောက်မှ၊ ကဿစိ = တစ်စုံတစ်ယောက်သောသူ၏၊ အနာဂမနဘာဝံ = မလာသည်အဖြစ်ကို၊ ဉတွာ = သိ၍၊ ပုန = နောက်တစ် ဖန်၊ ပစ္စာဂမိံသု = ပြန်လာကြကုန်၏၊ ဣတရေပိ = အခြားကုန်သောမင်း, အမတ်တို့သည်လည်း၊ တထေဝ = ထိုရှေ့နည်းအတိုင်းသာလျှင်၊ သဒ္ဒံ = အသံကို၊ အကံသု = ပြုကြကုန်ပြီ။

ဧဝံ ယာဝတတိယံ။ (ပ) ။ အမစ္စာနံ သဒ္ဒကံ အဂမံသု၊

ဧဝံ = ဤသို့သောနည်းဖြင့်၊ ယာဝတတိယံ = သုံးကြိမ်တိုင်အောင်၊ ပလာယိတွာ = ပြေးကြ၍၊ ပုန = နောက်တစ်ဖန်၊ ဩလောကေန္တာ = ကြည့်ကြကုန်သည်ရှိသော်၊ တေသု = ထိုသူတို့တွင်၊ ဧကဿပိ = တစ်စုံ တစ်ယောက်သောသူ၏လည်း၊ အနာဂမနဘာဝံ = မလာသည်၏အဖြစ်ကို၊ ဉတွာ = သိ၍၊ "ဧတေ = ထိုသူတို့သည်၊ ဝဇ္ဈပ္ပတ္တာ = သတ်အပ်သည် အဖြစ်သို့ ရောက်ကုန်သောသူတို့သည်၊ ဘဝိဿန္တိ = ဖြစ်ကုန်လတ္တံ့၊" ဣတိ = ဤသို့သိ၍၊ သူရာ = ရဲရင့်ကုန်သည်၊ ဟုတွာ = ဖြစ်၍၊ နိဝတ္တိတွာ = ပြန်လှည့်၍၊ ပုန = နောက်တစ်ဖန်၊ တေသု = ထိုမင်း, အမင်္ဂတို့သည်၊ သဒ္ဒံ = အသံကို၊ ကရောန္တေသုပိ = ပြုကြကုန်သော်လည်း၊ နပလာယိံသု = မပြေးကြကုန်၊ ဇေဋ္ဌကသိင်္ဂါလော = အကြီးဆုံးမြေခွေးသည်၊ ရာဇာနံ =

မဟာသီလဝမင်းသို့၊ ဥပဂဉ္ဆိ = ချဉ်းကပ်ပြီ၊ သေသာ = ကြွင်းကုန်သော၊ သိင်္ဂါလာ = မြေခွေးတို့သည်၊ သေသာနံ = ကြွင်းကုန်သော၊ အမစ္စာနံ = အမတ်တို့၏၊ သန္တိကံ = အထံသို့၊ အဂမံသု = သွားကြကုန်ပြီ။

ဥပါယကုသလော ရာဇာ။ (ပ) ။ မဟာဝီရဝံ ဝိရဝိ။

ဥပါယကုသလော = ဥပါယ်၌လိမ္မာသော၊ ရာဇာ = မဟာသီလဝမင်းသည်၊ တဿ = ထိုမြေခွေးကြီး၏၊ အတ္တနော = မိမိ၏၊ သန္တိကံ = အထံသို့၊ ဝါ = အနီးသို့၊ အာဂတဘာဝံ = လာအပ်သည်၏ အဖြစ်ကို၊ ဥတွာ = သိ၍၊ ဍံသိတုံ = ကိုက်ခဲခြင်းငှာ၊ ဩကာသံ = အခွင့်အလမ်းကို၊ ဒေန္တော ဝိယ = ပေးသည်သကဲ့သို့၊ ဂီဝံ = လည်ကို၊ ဥက္ခိပိတွာ = အထက်သို့မြှော၍၊ ဂီဝါယ = လည်၌၊ ဍံသမာနံ = ကိုက်ခဲသော၊ တံ = ထိုမြေခွေးကို၊ ဟနုကဋ္ဋိကေန = မေးရိုးဖြင့်၊ အာကဍ္ဎိတွာ = ဆွဲယူ၍၊ ယန္တေ = ယန္တယားး၌၊ ပက္ခိပိတွာ = သည့်၍၊ ဂဏှန္တော ဝိယ = ကိုင်ယူသကဲ့သို့၊ (ထည့်)၊ ဂါဠံ = ခိုင်မြဲစွာ၊ ဂဏှိ = ဖမ်းကိုင်ချုပ်လေပြီ၊ နာဂဗလေန = ဆင်ပြောင်အားနှင့်တူသော အားရှိသော၊ ရညာ = မဟာသီလဝမင်းသည်၊ ဟနုကဋ္ဋိကေန =မေးရိုးဖြင့်၊ အာကဍ္ဎိတွာ = ဆွဲယူ၍၊ ဂီဝါယ = လည်၌၊ ဂါဠံ = ခိုင်မြဲစွာ၊ ဂဟိတသိင်္ဂါလော = ဖမ်းယူအပ်သောမြေခွေးသည်၊ အတ္တာနံ = မိမိကိုယ်ကို မောစေတုံ = လွတ်မြောက်စေခြင်းငှာ၊ အသက္ကောန္တော = မတတ်နိုင်သည်၊ မရဏဘယတဇ္ဇိတော = သေဘေးမှ ကြောက်သည်ဖြစ်၍၊ မဟာဝိရဝံ = ကျယ်စွာသောအသံကို၊ ဝိရဝိ = အော်ပြီ။

အဝသေသာ သိဂ်ါလာ။(ပ)။ ပံသုသိထိလာ အဟောသိ။

အဝသေသာ =ကြွင်းကျန်ကုန်သော၊ သိဂ်ါလာ = မြေခွေးတို့သည်၊ တဿ = ထိုမြေခွေးကြီး၏၊ တံ အဗ္ဘုဿရံ = ထိုနာကျင်အော်မြည်သံကို၊ သုတွာ = ကြားကြ၍၊ "ဧကေန = တစ်ယောက်သော၊ ပုရိသေန= ယောကျ်ားသည်၊ သုဂ္ဂဟိတော= ကောင်းစွာဖမ်းယူအပ်သည်၊ ဘဝိဿတိ= ဖြစ်လတ္တံ့." ဣတိ = ဤသို့ကြံ၍၊ အမစ္စေ = အမတ်တို့ကို၊ ဥပသင်္ကမိတုံ= ချဉ်းကပ်ခြင်းငှာ၊ အသက္ကောန္တာ= မတတ်နိုင်ကုန်သည်ဖြစ်၍၊ မရဏဘယတဇ္ဇိတာ = သေဘေးမှကြောက်ကုန်သည်ဖြစ်၍၊ သဗ္ဗေ= အလုံးစုံကုန်သောမြေခွေးတို့သည်၊ ပလာယိံသု = ပြေးကြလေကုန်ပြီ။ ရညော = မဟာသီလဝမင်း၏၊ ဟနုကဋ္ဌကေန= မေးရိုးဖြင့်၊ ဒဠှံ = ခိုင်မြဲစွာ၊ ကတွာ= ပြု၍၊ ဟဂိတသိဂ်ါလေ = ဖမ်းအပ်သောမြေခွေးတို့သည်၊ အပရာပရံ = ထိုမှဤမှ၊ သဉ္စရန္တေ= ရှန်းလတ်သည်ရှိသော်၊ ပံသု= မြေသည်၊ သိထိလာ = လျော့သည်၊ အဟောသိ = ဖြစ်ပြီ။

သောပိ သိဂ်ါလော ။ (ပ)။ အာမကသုသာနေ အဋ္ဌာသိ။

သောပိ သိဂ်ါလော= ထိုမြေခွေးသည်လည်း၊ မရဏဘယဘီတော = သေဘေးမှကြောက်သောကြောင့်၊ စတူဟိပါဒေဟိ = ခြေလေးဘက်တို့ဖြင့်၊ ရညော= မဟာသီလဝမင်း၏၊ ဥပရိဘာဂေ= အထက်အဖို့၌၊ ပံသုံ= မြေကြီးကို၊ အပဗျူဟိ= ယက်ထုတ်၏။ ရာဇာ = မဟာသီလဝမင်းသည်၊ ပံသုနော = မြေကြီး၏၊ သိထိလဘာဝံ = လျော့ရဲသည်၏အဖြစ်ကို၊ ဉတွာ= သိ၍၊ သိဂ်ါလံ= မြေခွေးကို၊ ဝိဿဇ္ဇေတွာ. = လွှတ်၍၊ နာဂဗလော = ဆင်ပြောင်အားနှင့်တူသောအားရှိသော၊ ထာမသမ္ပန္နော = အစွမ်းနှင့်ပြည့်စုံသော မဟာသီလဝမင်းသည်၊ အပရာပရံ = ထိုမှဤမှ၊ သဉ္စရန္တော

= လွန်လူးရွှေ့လျားလျက်၊ ဥဘော = နှစ်ဖက်ကုန်သော၊ ဟတ္ထေ = လက်တို့ကို၊ ဥက္ခိပိတွာ = အထက်သို့မြှောက်၍၊ အာဝါဋမုခဝဋ္ဋိယံ = တွင်းဝအနားရေး၌၊ ဩလုဗ္ဘ = ထောက်၍၊ ဝါတစ္ဆိန္နဝလာဟကော ဝိယ = လေကြောင့်ပြတ်သောတိမ်လွှာကဲ့သို့၊ နိက္ခမိတွာ = ထွက်၍၊ ဌိတော= ရပ်တည်လျက်၊ အမစ္စေ = အမတ်တို့ကို၊ အဿာသေတွာ = နှစ်သိမ့်စေ၍၊ ဝါ = သက်သာစေ၍၊ ပံသုံ = မြေကို၊ ဝိယူဟိတွာ = ယက်ထုတ်၍၊ သဗ္ဗေ = အလုံးစုံသောသူတို့ကို၊ ဥဒ္ဓရိတွာ = ထုတ်ဆောင်ပြီး၍၊ အမစ္စပရိဝုတော = အမတ်အပေါင်းခြံရံလျက်၊ အာမကသုသာနေ = သူသေအစိမ်းပြစ်ရာသင်္ချိုင်း၌၊ အဋ္ဌာသိ = တည်တော်မူပြီ။

တသ္မိံ သမယေ မနုဿာ ။(ပ)။ အာဟံသု။

တသ္မိံ သမယေ = ထိုအခါ၌၊ မနုဿာ = လူတို့သည်၊ မတမနုဿံ = လူသေကောင်ကို၊ အာမကသုသာနေ = အစိမ်းသင်္ချိုင်း၌၊ ဆဍ္ဍေတွာ = စွန့်ပစ်ကုန်သည်ရှိသော်၊ ဒွိန္နံ ယက္ခာနံ = နှစ်ယောက်ကုန်သောဘီလူးတို့၏၊ သီမန္တရိကာယ = နယ်စပ်ကြား၌၊ ဆဍ္ဍေသုံ = စွန့်ပြစ်ကြကုန်ပြီ၊ တေ ယက္ခာ = ထိုဘီလူးနှစ်ယောက်တို့သည်၊ တံ မတမနုဿံ = ထိုလူသေကောင်ကို၊ ဘာဇေတုံ = ခွဲဝေခြင်းငှာ၊ အသက္ကောန္တာ = မတတ်နိုင်ကုန်သည်ဖြစ်၍၊ "မယံ = ငါတို့သည်၊ ဣမံ = ဤလူသေကောင်ကို၊ ဘာဇေတုံ = ခွဲဝေခြင်းငှာ၊ နသက္ကောမ = မတတ်နိုင်ကုန်၊ အယံ သီလဝရာဇာ = ဤသီလဝမင်းသည်၊ ဓမ္မိကော = တရားကိုစောင့်၏၊ ဧသ + ဧသော = ဤသီလဝမင်းသည်၊ နော = ငါတို့အား၊ ဘာဇေတွာ = ခွဲဝေ၍၊ ဒဿတိ = ပေးလတ္တံ့၊ ဧတဿ = ဤမဟာသီလဝမင်း၏၊ သန္တိကံ = အထံသို့၊ ဂစ္ဆာမ = သွားကြစို့" ဣတိ = ဤသို့တိုင်ပင်၍၊ တံ မတမနုဿံ = ထိုလူသေ

ကောင်ကို၊ ပါဒေ = ခြေတို့ ကို၊ ဂဟေတွာ = ကိုင်၍၊ အာကာသန္တာ = ဆွဲငင်ကုန်လျက်၊ ရညော = မဟာသီလဝမင်း၏၊ သန္တိကံ = ထံတော်သို့၊ ဂန္တွာ = သွားကြ၍၊ "ဒေဝ = မင်းကြီး၊ အမှာကံ = ကျွန်ုပ်တို့အား၊ ဣမံမတကံ = ဤလူသေကောင်ကို၊ ဘာဇေတွာ = ခွဲဝေ၍၊ ဒေဟိ = ပေးတော်မူပါ။" ဣတိ = ဤသို့၊ အာဟံသု = ပြောဆိုကြကုန်ပြီ။

ဘော ယက္ခာ။ (ပ) ။ ရညော နှာနတ္ထာယ အဒံသု၊

ဘောယက္ခာ = ဘီးလူးတို့၊ အဟံ = ငါသည်၊ ဣမံ မတကံ = ဤလူသေကောင်ကို၊ တုမှာကံ = သင်တို့အား၊ ဘာဇေတွာ = ခွဲဝေ၍၊ ဒဒေယျံ = ပေးလိုပါ၏။ ပန = ထိုသို့ခွဲဝေပေးလိုသော်လည်း၊ အဟံ = ငါသည်၊ အပရိသုဒ္ဓေါ = မစင်ကြယ်သောကိုယ်ရှိသည်။ အမှိ = ဖြစ်ပါ၏။ နှာယိဿာမိတာဝ = ငါရေချိုးလိုက်ဦးမည်၊ ဣတိ = ဤသို့၊ အာဟ = ဆို၏၊ ယက္ခာ = ဘီလူးတို့သည်၊ စောရ ရညော = သူခိုးဓားပြမင်း၏။ ဥပိတံ = ထားအပ်သော၊ ဝါသိတ ဥဒကံ = အမွှေးအကြိုင်တို့ဖြင့်ထုံအပ်သောရေကို၊ အတ္တနော = မိမိ၏၊ အာနုဘာဝေန = တန်ခိုးတော်ဖြင့်၊ အာဟရိတွာ = ဆောင်ယူ၍၊ ရညော = မဟာသီလဝမင်း၏၊ နှာနတ္ထာယ = ရေချိုးခြင်းငှာ၊ အဒံသု = ပေးကြကုန်၏။

နှတွာ ဌိတဿ သံဟရိတွာ။ (ပ) ။ ပုဋ္ဌိံသု။

နှတွာ = ရေချိုးပြီး၍၊ ဌိတဿ = တည်နေသောမဟာသီလဝမင်းအား၊ သံဟရိတွာ = ခေါက်၍၊ ဥပိတေ = ထားအပ်သော၊ စောရရညော = ခိုးသူမင်း၏၊ သာဋကေ = ပုဆိုးတို့ကို၊ အာဟရိတွာ = ဆောင်ယူ၍၊ အဒံသု = ပေးကြကုန်ပြီ။ တေ = ထိုပုဆိုးတို့ကို၊ နိဝါသေတွာ = ဝတ်၍၊ ဌိတဿ = တည်နေသောမဟာသီလဝမင်း

အား၊ စတုဇ္ဇာတိယဂန္ဓသမုဂ္ဂံ = နံ့သာမျိုးလေးပါးထည့်ထားသော ကြုက်ကို၊ အာဟရိတွာ = ဆောင်ယူ၍၊ အဒံသု = ပေးကြကုန်ပြီ။ ဂန္ဓေ = နံ့သာတို့ကို၊ ဝိလိမ္ပိတွာ = လိမ်းကျံပြီး၍၊ ဌိတဿ = တည်နေသောမဟာသီဝမင်းအား၊ သုဝဏ္ဏသမုဂ္ဂေ = ရွှေကြုတ်၌လည်းကောင်း၊ မဏိတာလဝဏ္ဋေသု = ပတ္တမြားယပ်ဝန်းတို့၌လည်းကောင်း၊ ဌပိတာနိ = ထားအပ်ကုန်သော၊ နာနာပုပ္ဖါနိ = ပန်းအမျိုးမျိုးတို့ကို၊ အာဟရိတွာ = ဆောင်ယူ၍၊ အဒံသု = ပေးကြကုန်ပြီ။ ပုပ္ဖါနိ = ပန်းတို့ကို၊ ပိဠန္ဓိတွာ = ပန်ဆင်ပြီး၍၊ ဌိတကာလေ = တည်နေသောအခါ၌၊ "အညံ = အခြားသော၊ ကိံ = အဘယ်အမှုကို၊ ကရောမ = ကျွန်ုပ်တို့ပြုကြရမည်နည်း" - ဣတိ = ဤသို့၊ ပုစ္ဆိံသု = မေးကြကုန်ပြီ။

ရာဇာ အတ္တနော ။(ပ)။ သဒ္ဓိံ အာဟရိံသု။

ရာဇာ = မဟာသီလဝမင်းသည်၊ အတ္တနော = မိမိ၏၊ ဆာတကာကာရံ = ဆာလောင်ခြင်းအခြင်းအရာကို၊ ဒဿေသိ = ပြတော်မူ၏၊ တေ = ထိုဘီလူးတို့သည်၊ ဂန္တွာ = သွား၍၊ စောရဃာတကဿ = ခိုးသူမင်း၏၊ ဝါ = ခိုးသူမင်းအား၊ သမ္ပာဒိတံ = ကောင်းစွာစီမံအပ်သော၊ နာနာဂ္ဂရသဘောဇနံ = အမျိုးမျိုးသောအထူးအရသာရှိသောဘောဇဉ်ကို၊ အာဟရိတွာ = ဆောင်ယူခဲ့၍၊ အဒံသု = ပေးကြကုန်ပြီ၊ နှာတာနု- လိတ္တော = ရေချိုး၍နံ့သာလိမ်းကျံပြီးသော၊ သုမဏ္ဍိတပသာဓိတော = ကောင်းစွာတန်ဆာဆင်ယင်အပ်ပြီးသော၊ ရာဇာ = မဟာသီလဝမင်းသည်၊ နာနဂ္ဂရသဘောဇနံ = ကောင်းမွန်သောအရသာရှိသောဘောဇဉ်အမျိုးမျိုးကို၊ ဘုဉ္ဇိ = စားတော်မူ၏၊ ဝါ = သုံးဆောင်တော်မူပြီ၊ ယက္ခာ = ဘီလူးတို့သည်၊ စောရဃာတကဿ = ခိုးသူမင်း၏၊ ဝါ = အား၊ ဌပိတံ = ထားအပ်

သော၊ ဝါသိတပါနီယံ = အမွှေးအကြိုင်ဖြင့်ထုံအပ်သော သောက်တော်ရေကို၊ သုဝဏ္ဏဘိင်္ကာရေနေဝ = ရွှေကရားနှင့်သာလျှင်၊ သုဝဏ္ဏသရကေနပိ = ရွှေ ခွက်ငယ်နှင့်လည်း၊ သဒ္ဓိံ = အတူတကွ၊ အာဟရိံသု = ဆောင်ယူကြကုန်ပြီ။

အထဿ ပါနီယံ ပိဝိတွာ ။ (ပ) ။ အာဟရိံသု။

အထ = ထိုအခါ၌၊ အဿ = ထိုမဟာသီလဝမင်းအား၊ ပါနီယံ = သောက်တော်ရေကို၊ ပိဝိတွာ= သောက်ပြီး၍၊ မုခံ = ခံတွင်းကို၊ ဝိက္ခာ လေတွာ = ဆေးကြော၍၊ ဟတ္ထေ = လက်တို့ကို၊ ဓောဝိတွာ = ဆေး၍၊ ဌိတကာလေ = တည်နေသောအခါ၌၊ စောရရညော = ခိုးသူမင်း၏၊ ဝါ = အား ၊ သမ္ပာဒိတံ = ကောင်းစွာစီမံအပ်သော၊ ပဉ္စသုဂန္ဓိကသုပရိဘာဝိတံ = ငါးပါးသောနံ့သာမျိုးတို့ဖြင့် ကောင်းစွာထုံအပ်သော၊ တမ္ဗူလံ = ကွမ်းကို၊ အာဟရိတွာ = ဆောင်ယူ၍၊ အဒံသု = ပေးကြကုန်ပြီ။ တံ = ထိုကွမ်းကို၊ ခါဒိတွာ = စားပြီး၍၊ ဌိတကာလေ = တည်နေသောအခါ၌၊ "အညံ = အ ခြားသော၊ ကိံ = အဘယ်အမှုကို၊ ကရောမ = ပြုကြရမည်နည်း။ " ဣတိ = ဤသို့ ပုစ္ဆိံသု = မေးကြကုန်ပြီ။ ဂန္တွာ = သွား၍၊ စောရရညော = ခိုးသူမင်း၏၊ ဥဿီသကေ = ဦးခေါင်းရင်း၌၊ နိက္ခိတ္တံ = ထားအပ်သော၊ မင်္ဂလခဂ္ဂံ = မင်္ဂလာသံလျက်ကို၊ အာဟရထ = ဆောင်ယူကြကုန်။" ဣတိ = ဤသို့ ဆို၏။ တမ္ပိ = ထိုမင်္ဂလာသံလျက်ကိုလည်း၊ ဂန္တွာ = သွား၍၊ အာဟရိံသု = ဆောင်ယူကြကုန်ပြီ။

ရာဇာ တံ ခဂ္ဂံ ဂဟေတွာ ။ (ပ) ။ ပုစ္ဆိံသု။

ရာဇာ = မဟာသီလဝမင်းသည်၊ တံ ခဂ္ဂံ = ထိုမင်္ဂလာသံလျက်ကို၊ ဂဟေတွာ = ယူ၍၊ တံမတမနုဿံ = ထိုလူသေကောင်

ကို၊ ဥဇုကံ = ဖြောင့်ညီစွာ၊ ဌပါပေတွာ = ထားစေပြီး၍၊ မတ္ထကမဇ္ဈေ = ဦးခေါင်း၏အလယ်၌၊ အသိနာ = သံလျက်ဖြင့်၊ ပဟရိတွာ = ခွဲလိုးဖြတ်၍၊ ဒွေကောဋ္ဌာသေ = အစုနှစ်စုတို့ကို၊ ကတွာ = ပြု၍၊ ဒွိန္နံ = နှစ်ယောက်ကုန်သော၊ ယက္ခာနံ = ဘီလူးတို့အား၊ သမဝိဘတ္တမေဝ = အညီအမျှခွဲဝေအပ်သည်ကိုသာ၊ ဝိဘဇိတွာ = ခွဲဝေပြီး၍၊ အဒါသိ = ပေးတော်မူပြီ။ ဒတွာ = ပေးတော်မူပြီး ၍၊ ခဂ္ဂံ = သံလျက်ကို၊ ဓောဝိတွာ = ဆေးကြော၍၊ သန္နယှိတွာ = ဖွဲ့၍၊ အဋ္ဌာသိ = တည်နေလေပြီ။

အထ = ထိုအခါ၌၊ တေယက္ခာ = ထိုဘီလူးတို့သည်၊ မနုဿမံသံ = လူသားကို၊ ခါဒိတွာ = စားပြီး၍၊ သုဟိတာ = ဝကုန်သည်၊ ဟုတွာ = ဖြစ်၍၊ တုဋ္ဌစိတ္တာ = နှစ်သက်ရွှင်လန်းသောစိတ်ရှိကုန်သည်ဖြစ်၍၊ "မဟာရာဇ = မင်းကြီး၊ တေ = သင့်အား၊ အညံ = အခြားသော၊ ကိံ = အဘယ်အမှုကို၊ ကရောမာတိ = ပြုကြရကုန်မည်နည်း" - ဟု ၊ ပုစ္ဆိံသု = မေးကြကုန်ပြီ။

တေန ဟိ တုမှေ ။ (ပ)။ တထာ အကံသု။

တေန ဟိ = ထိုသို့ဖြစ်မူကား၊ တုမှေ = သင်တို့သည်၊ အတ္တနော = မိမိ၏၊ အာနုဘာဝေန = တန်ခိုးတော်ဖြင့်၊ မံ = ကျွန်ုပ်ကို၊ ဓောရရညော = ခိုးသူမင်း၏၊ သိရိဂဗ္ဘေ = ကျက်သရေတိုက်ခန်း၌၊ ဩတာရေထ = ချထားကြကုန်လော့။ ဣမေစအမစ္စေ = ဤအမတ်တို့ကိုလည်း၊ အတ္တနော = မိမိ၏၊ အတ္တနော = ၏၊ ဂေဟေသု = အိမ်တို့၌၊ ပတိဋ္ဌာပေထ = တည်စေကြကုန်လော့။ ဣတိ = ဤသို့ဆို၏။ တေ = ထိုဘီလူးတို့သည်၊ "ဒေဝ = မင်းကြီး၊ သာဓု = ကောင်းပါပြီ၊" ဣတိ = ဤသို့၊ သမ္ပဋိစ္ဆိတွာ = ဝန်ခံပြီး၍၊ တထာ = ထိုမဟာသီလဝမင်းဆိုသည့်အတိုင်း၊ အကံသု = ပြုကြကုန်ပြီ။

၂၄၆၃၇

တသ္မိံ သမယေ ။ (ပ) ။ သယနပိဋ္ဌံ အာဂတောသိ-တိ။

တသ္မိံ သမယေ = ထိုအခါ၌၊ စောရရာဇာ = ခိုးသူမင်းသည်၊ အလောက်တသိရိဂဗ္ဘေ = တန်ဆာဆင်အပ်သောကျက်သရေတိုက်ခန်း၌၊ သိရိသယနပိဋ္ဌေ = ကျက်သရေရှိသောအိပ်ရာညောင်စောင်းငယ်၌၊ နိပန္နော = နိဒ္ဒါယတိ = အိပ်ပျော်နေ၏၊ ရာဇာ = မဟာသီလဝမင်းသည်၊ ပမတ္တဿ = မေ့လျော့နေသော၊ နိဒ္ဒါယန္တဿ = အိပ်ပျော်နေသော၊ တဿ = ထိုခိုး သူမင်း၏၊ ဥဒရံ = ဝမ်းဗိုက်ကို၊ ခဂ္ဂတလေန = သံလျက်ပြားဖြင့်၊ ပဟာရိ = ရိုက်ခတ်လေ၏။

သော = ထိုခိုးသူမင်းသည်၊ ဘီတော = ကြောက်သည်ဖြစ်၍၊ ပဗုဇ္ဈိတွာ = အိပ်ရာမှနိုး၍၊ ဒိပါလောကေန = ဆီမီးရောင်ဖြင့်၊ သီလဝမဟာရာဇာနံ = ကို၊ သဉ္ဇာနိတွာ = သိ၍၊ သယနာ = အိပ်ရာမှ၊ ဥဋ္ဌာယ = ထ ၍၊ သတိံ = သတိကို၊ ဥပဋ္ဌပေတွာ = ဖြစ်စေ၍၊ ဌိတော = ရပ်လျက်၊ ရာဇာနံ = မဟာသီလဝမင်းကို၊ “ မဟာရာဇ = မင်းကြီး၊ ဧဝရူပါယ = ဤ သို့သဘောရှိသော၊ ရတ္တိယာ = ညဉ့်အခါ၌၊ ဂဟိတာရက္ခေ = ယူအပ်သော အစောင့်ရှိသော၊ ပိဟိတဒွါရေ = ပိတ်အပ်သောတံခါးရှိသော၊ ဘဝနေ = နန်းတော်၌၊ အာရက္ခမနုဿေဟိ = အစောင့်အရှောက်လူတို့ဖြင့်၊ နိရောကာသေ ဌာနေ = အိပ်ရာအရပ်၌၊ ခဂ္ဂံ = သံလျက်ကို၊ သန္နယှိတွာ = လွယ်၍၊ အလင်္ကတပဋိယတ္တော = တန်ဆာဆင်ခြင်းနှင့်စပ်သည်ဖြစ်၍၊ တွံ = သင်သည်၊ ကထံဟိနာမ = အဘယ်သို့လျှင်၊ ဣမံသယနပိဋ္ဌံ = ဤအိပ်ရာ အပြင်သို့၊ အာဂတော = လာရောက်သည်၊ အသိ = ဖြစ်သနည်း” ဣတိ= ဤသို့၊ အာဟ = ဆို၏။

ရာဇာ အတ္တနော ။ (ပ) ။ ရာဇာနံ ခမာပေတွာ။

ရာဇာ = မဟာသီလဝမင်းသည်၊ အတ္တနော = မိမိ၏၊ သဗ္ဗံ = အလုံးစုံသော၊ အာဂမနာကာရံ = လာခြင်း၏အခြင်းအရာ အကြောင်းကို၊ ဝိတ္ထာရတော = အကျယ်အားဖြင့်၊ ကထေသိ = ပြောပြ၏၊ တံ = ထိုစကားကို၊ သုတွာ = ကြား၍၊ စောရရာဇာ = ခိုးသူမင်းသည်၊ သံဝိဂ္ဂမာနသော = ထိတ်လန့်သောစိတ်ရှိသည် ဖြစ်၍၊ "မဟာရာဇ = မင်းကြီး၊ အဟံ = ကျွန်ုပ်သည်၊ မနုဿဘူတော = လူစင်စစ်ဖြစ်သည်။ သမာနောပိ = ဖြစ်သော်လည်း၊ တုမှာကံ = သင်မင်းကြီး၏၊ ဂုဏေ = ဂုဏ်တို့ကို၊ ဝါ = ကျေးဇူးတို့ ကို၊ နဇာနာမိ = မသိ၊ ပရေသံ = သူတပါးတို့၏၊ လောဟိတမံသခါဒကေဟိ = အသွေးအသားကိုစားကုန်သော၊ ကက္ခဠေဟိ = ကြမ်းကြုတ်ကုန်သော၊ ဖရုသေဟိ = ရုန့်ရင်းကုန်သော၊ ယက္ခေဟိပန = ဘီလူးတို့ သည်ကား၊ တဝ = သင်မင်းကြီး၏၊ ဂုဏာ = ကျေးဇူးဂုဏ်တို့ကို၊ ဉာတာ = သိကြကုန်ပြီ၊ နရိန္ဒ = မင်းကြီး၊ ဒါနိ = ယခုအခါ၌၊ အဟံ = ငါသည်၊ ဧဝရူပေ = ဤသို့ သဘောရှိသော။

သီလသမ္ပန္နေ = သီလနှင့်ပြည့်စုံသော၊ တယိ = သင် မင်းကြီး၌၊ နဒုဗ္ဘိဿာမိ" တိ = မပြစ်မှားတော့အံ့" ဟု၊ ခဂ္ဂံ = သံလျက်ကို၊ အာဒါယ = ယူ ပြီး၍၊ သပထံ = ကျိန်းဆိုခြင်းကို၊ ကတွာ = ပြု၍၊ ရာဇာနံ = မဟာသီလဝ မင်းကို၊ ခမာပေတွာ = သည်းခံစေ၍၊ ဝါ = ကန်တော့တောင်းပန်၍။

မဟာသယနေ နိပဇ္ဇာပေတွာ ။ (ပ) ။ သကာရဋ္ဌေ မေဝ ဂတော။

မဟာသယနေ = မြတ်သောအိပ်ရာ၌၊ နိပဇ္ဇာပေတွာ = အိပ်စေ၍၊ အတ္တနာ = မိမိသည်၊ ခုဒ္ဒကမဉ္စေ = ညောင်စောင်းငယ်၌၊

နိပဇ္ဇိတွာ = အိပ်၍။ ရတ္တိယာ = ညဉ့်သည်၊ ပဘာတာယ = လင်း၍၊ သူရိယေ = နေ မင်းသည်၊ ဥဂ္ဂတေ = တက်သော်၊ ဘေရိံ = စည်ကို၊ စရာပေတွာ = လှည့်လည်စေ၍၊ သဗ္ဗသေနိယောစ = အလုံးစုံသော စစ်သည်တို့ကိုလည်း ကောင်း၊ အမစ္စဗြာဟ္မဏဂဟပတိကေစ = အမတ်ပုဏ္ဏားသူကြွယ်တို့ကိုလည်းကောင်း၊ သန္နိပါတာပေတွာ = စည်းဝေးစေ၍၊ တေသံ = ထိုသူတို့၏၊ ပုရတော = ရှေ့မှ၊ အာကာသေ = ကောင်းကင်၌၊ ပုဏ္ဏစန္ဒံ = လပြည့်ဝန်းကို၊ ဥက္ခိပန္တော ဝိယ = ချီးမြှောက်သည်သကဲ့သို့၊ ဝါ = မြှောက်ပင့်သည်သကဲ့သို့၊ သီလဝရညော = မဟာသီလဝမင်း၏၊ ဂုဏေ = ဂုဏ်ကျေးဇူးတို့ကို၊ ကထေတွာ = ပြောဆို၍၊ ပရိသမဇ္ဈေယေဝ = ပရိသတ်၏အလယ်၌ ပင်လျှင်၊ ပုန = နောက်တစ်ဖန်၊ ရာဇာနံ = မဟာသီလဝမင်းကို၊ ခမာပေတွာ = သည်းခံစေ၍၊ ဝါ = ကန်တော့တောင်းပန်၍၊ ရဇ္ဇံ = မင်း၏အပြစ်ကို၊ ဝါ = တိုင်းပြည်ကို၊ ပဋိစ္ဆာပေတွာ = လက်ခံစေ၍၊ "မဟာရာဇ = မင်းကြီး၊ ဣတော = ယနေ့မှ၊ ပဋ္ဌာယ = အစပြု၍၊ တုမှာကံ = သင်မင်းကြီးတို့အား၊ ဥပ္ပန္နော = ဖြစ်ပေါ်လာသော၊ စောရုပဒ္ဒဝေါ = ခိုးသူဘေးရန်သည်၊ မယ့် = ကျွန်ုပ်၏၊ ဘာရော = တာဝန်တည်း၊ မယာ = ကျွန်ုပ်သည်၊ ဂဟိတာရက္ခာ = ယူအပ် သောအစောင့်အရှောက်ရှိသည်ဖြစ်၍၊ တုမှေ = သင်မင်းကြီး တို့သည်၊ ရဇ္ဇံ = မင်း၏အဖြစ်ကို၊ ကရောထ = ပြုကြကုန်လော့၊" ဣတိ = ဤသို့၊ ဝတွာ = ပြောဆိုပြီး၍၊ ပေသုညကာရကဿ = ကုန်းတိုက်ခြင်းကို ပြုသောအမတ်အား၊ အာဏံ = အမိန့်အာဏာကို၊ ကာရေတွာ = ပြုစီရင် ၍၊ အတ္တနော = မိမိ၏၊ ဗလဝါဟနံ = ဗိုလ် ပါဆင်မြင်းကို၊ အာဒါယ = ယူ၍၊ သကရဋ္ဌမေဝ = မိမိတိုင်းပြည် သို့သာလျှင်၊ ဂတော = သွားတော်မူပြီ။

သီလဝရာဇာပိ ခေါ။ (ပ)။ ဥဒါနဝသေန ဣမံဂါထ
မာဟ -

သီလဝရာဇာပိ = မဟာသီလဝမင်းသည်လည်း၊ အလက်တပဋိယတွော = တန်ဆာဆင်ခြင်းနှင့်စပ်သည်ဖြစ်၍၊ သေတစ္ဆတ္တသ = ထီးဖြူ၏၊ ဟေဋ္ဌာ = အောက်၌၊ သရဘာပါဒကေ = သမင်ခြေတောင့်နှင့်တူသောအခြေတပ်ထားသော၊ ကဉ္စနပလ္လင်္ကေ = ရွှေပလ္လင်၌၊ နိသိန္နော = ထိုင်နေလျက်၊ အတ္တနော = မိမိ၏၊ သမ္ပတ္တိံ = စည်းစိမ်ကို၊ ဩလောကေတွာ = ကြည့်ရှု၍၊ "ဧဝရူပါ = ဤသို့သောသဘောရှိသော"၊ အယံ သမ္ပတ္တိ = ဤစည်းစိမ်သည်လည်းကောင်း၊ အမစ္စသဟဿဿ = အမတ်တစ်ထောင်၏၊ ဇီဝိတပဋိလာဘောစ = အသက်ကိုပြန်ရခြင်းသည်လည်းကောင်း၊ မယိ = ကျွန်ုပ်သည်၊ ဝီရိယံ = ကို၊ အကရောန္တေ = မပြုသည်ရှိသော်၊ ကိဉ္စိ = တစ်စုံတစ်ခုသည်၊ န အဘာဝိဿ = မဖြစ်ပြီ၊ အဟံ = ငါသည်၊ ဝီရိယဗလေနပန = လုံ့လစွမ်းအားဖြင့်ကား၊ နဋ္ဌံ = ပျက်စီးပြီးသော၊ ဣမဥ္စယသံ = ဤစည်းစိမ်အခြံအရံကိုလည်းကောင်း၊ ပဋိလဘိံ = ရခဲ့ပြီ၊ အမစ္စသဟဿဿ = အမတ်တစ်ထောင်အား၊ ဇီဝိတဒါနဉ္စ = အသက်အလှူကိုလည်းကောင်း၊ အဒါသိံ = ပေးခဲ့ပြီ၊ ဝတ = စင်စစ်၊ အာသစ္ဆေဒံ = အာသာဆန္ဒ ဖြတ်ခြင်းကို၊ အကတွာ = မပြုမူ၍၊ ဝီရိယမေဝ = ဝီရိယကိုသာ၊ ကတ္တဗ္ဗံ = ပြုအပ်၏။

ဟိ = ထိုစကားသည်မှန်၏၊ ကထဝီရိယဿ = ပြုအပ်သောဝီရိယရှိသောသူအား၊ ဖလံ နာမ = အကျိုးကျေးဇူးမည်သည်၊ ဧဝံ = ဤသို့၊ သမိဇ္ဈတိ" တိ = ပြီးပြည့်စုံ၏" ဟု၊ စိန္တေတွာ = ကြံစည်၍၊ ဥဒါနဝသေန = ဥ ဒါန်းစကား ကျူးရင့်သည်၏အစွမ်းဖြင့်၊ ဣမံဂါထံ

= ဤဆိုလတ္တံ့သောဂါထာကို၊ အာဟ = မိန့်တော်မူပြီ၊ ကိံ = အဘယ်သို့၊ အာဟ = မိန့်တော် မူပါသနည်း။

၅၁။ "အာသီသေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော၊ ပဿာမိ ဝေါဟံ အတ္တာနံ၊ ယထာ ဣစ္ဆိံ တထာ အဟူ" တိ။

ပုရိသော = ယောကျာ်းသည်၊ အာသီသေထေဝ = အာသာကိုပြုရာသည်သာတည်း၊ ပဏ္ဍိတော = ပညာရှိသည်၊ နနိဗ္ဗိန္ဒေယျ = အာသာကိုပြုခြင်း၌မငြီးငွေ့ရာ၊ ယထာ+ယံသာမွတ္တိံ = အကြင်စည်းစိမ်ဥစ္စာကို၊ ဣစ္ဆိံ = အလိုရှိပြီ၊ တထာ+တံသမ္ပတ္တိံ = ထိုစည်းစိမ်သို့၊ ပတ္တံ = ရောက်သော၊ အတ္တာနံ = မိမိကို၊ အဟု = ယနေ့၌၊ အဟံ = ငါသည်၊ ပဿာမိ = မြင်ရ၏၊ တစ်နည်းကား၊ အဟု = ယနေ့၌၊ အဟံ = ငါသည်၊ အတ္တာနံ = ကိုယ်ကို၊ ပဿာမိ = မြင်ရ၏၊ ယထာ = အကြင်သို့သောအခြင်းအရာအားဖြင့်၊ ဣစ္ဆိံ = အလိုရှိပြီ၊ တထာ = ထိုသို့သောအခြင်းအရာအားဖြင့်၊ မေ = ငါ့အား၊ အတ္ထော = အကျိုးသည်။ အဟု = ဖြစ်ပြီ။ မေ = ငါ့အား၊ အတ္ထော = အကျိုးသည်၊ အဟု = ဖြစ်ပြီ။ ဣတိ = ဤသို့၊ အာဟ = မိန့်တော်မူပြီ။

တတ္ထ အာသီသေထေဝါတိ။ (ပ) ။ နကာရေယျာတိ အတ္ထော။

တတ္ထ = ထိုဂါထာ၌၊ အာသီသေထေဝါတိ = အာသီသေထေဝဟူသည်ကား၊ "အဟံ = ငါသည်၊ ဧဝံ = ဤသို့၊ ဝီရိယံ = ကို၊ အာရဘန္တော = အားထုတ်သည်ရှိသော်၊ ဣမမှာဒုက္ခာ = ဤဆင်းရဲဒုက္ခမှ၊ မုစ္စိဿာမိ = လွတ်မြောက်လတ္တံ့၊" ဣတိ = ဤသို့၊ အတ္တနော = မိမိ၏၊ ဝီရိယဗလေန = လုံ့လစွမ်းအားဖြင့်၊ အာသံ = အာသာဆန္ဒကို၊ ကရောထေဝ = ပြုအပ်ရာသည်သာတည်း။

န နိဗ္ဗိန္နေယျ ပဏ္ဍိတောတိ = န နိဗ္ဗိန္နေယျ ပဏ္ဍိတော ဟူသည်ကား၊ ဥပါယကုသလော = ဥပါယ်၌ ကျွမ်းကျင်လိမ္မာသော၊ ပဏ္ဍိတော = ပညာရှိ သည်၊ ယုတ္တဋ္ဌာနေ = သင့်ရာဌာန၌၊ ဝီရိယံ = ကို၊ ကရောန္တော = ပြုသည်ရှိ သော်၊ "အဟံ = ငါသည်၊ ဣမဿ ဝီရိယဿ = ဤဝီရိယ၏၊ ဖလံ = အကျိုးကို၊ န လဘိဿာမိ = မရ အံ့၊" ဣတိ = ဤသို့ကြံစည်၍၊ နဥက္ကဏ္ဌေယျ = မငြီးငွေ့ရာ၊ အာ သန္တွေဒံ = အာသာဖြတ်ခြင်းကို၊ နကရေယျ = မပြုရာ၊ ဣတိအယံ = ဤသည်ကား၊ အတ္ထော = အနက်တည်း။

ပဿာမိ ဝေါဟံ အတ္တာနန္တိ ဧတ္ထ။ (ပ) ။ အတ္ထော ဝေါတောတိ။

ပဿာမိ ဝေါဟံ အတ္တာနန္တိဧတ္ထ = ပဿာမိ ဝေါဟံ အတ္တာနံ ဟူသော ဤပါဌ်၌၊ ဝေါတိ = ဝေါ - ဟူသည်ကား၊ နိပါတ မတ္တံ = နိပါတ် မျှတည်း၊ အဟံ = ငါသည်၊ အဇ္ဇ = ယနေ့၌၊ အတ္တာနံ = မိမိကို၊ ပဿာမိ = မြင်၏။

ယထာ ဣစ္ဆိံ တထာ အဟူတိ = ယထာဣစ္ဆိံ တထာအဟု = ဟူ သည်ကား၊ အဟံ = ငါသည်၊ အာဝါဋ္ဌေ = တွင်း၌၊ နိခါတော = မြှုပ်အပ် သည်ဖြစ်၍၊ တမှာဒုက္ခာ = ထိုဆင်းရဲဒုက္ခမှ၊ မုစ္စိတွာ = လွတ်မြောက်၍၊ ပုန = တစ်ဖန်၊ အတ္တနော = မိမိ၏၊ ရဇ္ဇသမ္ပတ္တိံ = မင်း၏စည်းစိမ်ကို၊ ဣစ္ဆိံ = အလိုရှိပြီ၊ သောအဟံ = ထိုငါသည်၊ ဣမံ သမ္ပတ္တိံ = ဤစည်းစိမ်သို့၊ ပတ္တံ = ရောက်ရှိသော၊ အတ္တာနံ = မိမိကိုယ်ကို၊ ပဿာမိ = မြင်ရ၏၊ ယထာ = အကြင်အခြင်းအရာ အားဖြင့်သာ၊ အဟံ = ငါသည်၊ ပုဗ္ဗေ = ရှေး၌၊ ဣစ္ဆိံ = အလိုရှိအပ်ပြီ၊ တထာဧဝ = ထိုသို့သော အခြင်းအရာအားဖြင့် သာ၊ မေ = ငါ၏၊

အတ္တာ = မိမိကိုယ်သည်၊ ဇာတော = ဖြစ်ပြီ၊ ဝါ၊ အတ္တော = အကျိုးသည်၊ ဇာတော = ဖြစ်ပြီ၊ က္လတိ = ဤသည်ကားအနက်တည်း။

ဧဝံ ပေါဓိသတ္တော ။ (ပ) ။ ယထာကမ္မံ ဂတော။

ဧဝံ = ဤသို့၊ ပေဓိသတ္တော = ဘုရားလောင်းသည်၊ "ဘော = အချင်းတို့၊ အပေါဝတ = စင်စစ်အံ့ဖွယ်ရှိစွ၊ သီလသမ္ပန္နာနံ = သီလနှင့်ပြည့်စုံသောသူတို့အား၊ ဝိရိယဖလံနာမ = ဝိရိယအကျိုးမည်သည်ကား၊ သမိဒ္ဓတိ" တိ = ပြီးပြည့်စုံ၏ဟု၊ က္လမာယဂါထာယ = ဤဂါထာတော်ဖြင့်၊ ဥဒါနံ = ဥဒါန်းကို၊ ဥဒါနေတွာ = ကျူးရင့်၍၊ ယာဝဇီဝံ = အသက်ထက်ဆုံး၊ ပုညာနိ = ကောင်းမှုတို့ကို၊ ကတွာ = ပြု၍၊ ယထာကမ္မံ = ကံအားလျော်စွာ၊ ဂတော = လားပြီ။

သတ္ထာပိ က္လမံ ဓမ္မ ဒေသနံ ။ (ပ) ။ အဟမေဝ အဟောသိ" န္တိ။

သတ္ထာပိ = မြတ်စွာဘုရားသည်လည်း၊ က္လမံ ဓမ္မဒေသနံ ဤတရား ဒေသနာကို၊ အာဟရိတ္ဝာ = ဆောင်၍၊ သစ္စာနိ = သစ္စာတို့ကို၊ ပကာသေသိ = ထင်ရှားပြတော်မူ၏၊ သစ္စပရိယောသာနေ = သစ္စာတို့၏အဆုံး၌၊ ဩသန္နဝိရိယော = လျော့ချသောဝိရိယရှိသော၊ ဘိက္ခု = ရဟန်းသည်၊ အရဟတ္တေ = အရဟတ္တဖိုလ်၌၊ ပတိဋ္ဌာသိ = တည်၏၊ သတ္ထာ = မြတ်စွာ ဘုရားသည်၊ အနုသန္ဓိံ = အနုသန္ဓေကို၊ ဃဋ္ဋေတွာ = စပ်၍၊ "တဒါ = ထို အခါ၌၊ ပဒုဋ္ဌာမစ္စော = ပြစ်မှားသောအမတ်သည်၊ ဒေဝဒတ္တော = ဒေဝဒတ်သည်၊ အဟောသိ = ဖြစ်ပြီ၊ အမစ္စသဟဿံ = အမတ်တစ်ထောင်သည်။ ဗုဒ္ဓပရိသာ = ဘုရား၏ပရိသတ်သည်၊ အဟောသိ = ဖြစ်ပြီ၊ သီလဝမဟာရာဇာပန = မဟာသီလဝမင်းသည်ကား၊ အဟမေဝ = ငါဘုရားသည်သာ၊ အဟောသိ = ဖြစ်ပြီ၊" က္လတိ = ဤသို့၊ အတက်

ဇာတ်တော်ကို။ သမောဓာနေသိ = ပေါင်းတော်မူပြီ။

မဟာသီလဝဇာတက ဝဏ္ဏနာ ပဌမာ။

ပဌမာ = ရှေးဦးစွာသော၊ မဟာသီလဝဇာတကဝဏ္ဏနာ မဟာသီလဝဇာတ်၏ အဖွင့်သည်၊ နိဋ္ဌိတာ = ပြီး၏။

၂ - စူဠဇနကဇာတကဝဏ္ဏနာ (၅၂)

ဝါယမေထေဝ ပုရိသောတိ ဣဒံ ။ (ပ) ။ ဣမံ ဂါထ မာဟ -

ဝါယမေထေဝ ပုရိသောတိ ဣဒံ = ဝါယမေထေဝ ပုရိသောဟူသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤစူဠဇနကဇာတ်ကို၊ သတ္ထာ = မြတ်စွာဘုရားသည်၊ ဇေတဝနေ = ဇေတဝန်ကျောင်းတော်၌၊ ဝိဟရန္တော = သီတင်းသုံးစံပျော်နေတော်မူစဉ်၊ ဩဿဋ္ဌဝီရိယမေဝ = လျော့ချသော ဝီရိယရှိသော ရဟန်းကိုပင်လျှင်၊ အာရဗ္ဘ = အကြောင်းပြု၍၊ ကထေသိ = ဟောတော်မူပြီ။

တတ္ထ = ထိုစူဠဇနကဇာတ်၌၊ ယံ = အကြင်စကားကို၊ ဝတ္တဗ္ဗံ = ဆိုအပ်၏။ တံ သဗ္ဗံ = ထိုစကားအားလုံးကို၊ မဟာဇနကဇာတကေ = မဟာဇနကဇာတ်၌၊ အာဝိ = ထင်ရှားစွာ၊ ဘဝိဿတိ ဖြစ်လတ္တံ့၊ ပန = အထူးသဖြင့်ကား၊ ဇနကရာဇာ = စူဠဇနကမင်းသည်၊ သေတစ္ဆတ္တဿ = ထီးဖြူ၏၊ ဟေဋ္ဌာ = အောက်၌၊ နိသိန္နော = ထိုင်လျက်၊ ဣမံဂါထံ = ဤဂါထာကို၊ အာဟ = ဆိုတော်မူ၏။ (ကိံ = အဘယ်သို့၊ အာဟ = ဆိုတော်မူသနည်း)

၅၂။ "ဝါယမေထေဝ ပုရိသော၊ နနိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါဟံ အတ္တာနံ၊ ဥဒကာ ထလမုဗ္ဘတ"န္တိ။

ပုရိသော = ယောက်ျားသည်၊ ဝါယမေထေဝ = လုံ့လကိုအား ထုတ်ရာသည်သာတည်း၊ ပဏ္ဍိတော = ပညာရှိသည်၊ နနိဗ္ဗိန္ဒေယျ = လုံ့လပြုရာ၌မငြီးငွေ့ရာ၊ ဥဒကာ - ရေမှ၊ ထလံ = ကြည်းကုန်း၌၊ ဥဗ္ဘတံ = တည်သော၊ အတ္တာနံ = မိမိကိုယ်ကို၊ အဟံ = ငါသည်၊ ပဿာမိ = မြင်၏။

တတ္ထ ဝါယမေထေဝါတိ။ (ပ) ။ အဟောသီတိ။

တတ္ထ = ထိုဂါထာ၌၊ ဝါယမေထေဝါတိ = ဝါယမေထေဝ ဟူသည် ကား။ ဝါယာမံ = လုံ့လဝီရိယကို၊ ကရေယျထေဝ = ပြုအပ်ရာသည်သာ တည်း၊ ဥဒကာထလမုဗ္ဘတန္တိ = ဥဒကာထလမုဗ္ဘတံ ဟူသည်ကား၊ ဥဒကတော = ရေမှ၊ ထလမတ္တိက္ကံ = ကြည်းကုန်း၌ တည်သော၊ တလေ = ကြည်းကုန်း၌၊ ပတိဋ္ဌိတံ = တည်သော၊ အတ္တာနံ = မိမိကိုယ်ကို၊ ပဿာမိ = မြင်၏၊ ဣတိ = ဤကား အနက်တည်း။

ဣဓာပိ = ဤစူဠဇနကဇာတ်၌လည်း၊ ဩဿဋ္ဌဝီရိယော = လျော့ချသောဝီရိယရှိသော၊ ဘိက္ခု = ရဟန်းသည်၊ အရဟတ္တံ = အရဟတ္တဖိုလ်သို့၊ ပတ္တော = ရောက်၏၊ ဇနကရာဇာ = စူဠဇနက မင်းသည်၊ သမ္မာသမ္ဗုဒ္ဓေါ ဝ = သဗ္ဗညုမြတ်စွာဘုရားသည်ပင်၊ အဟောသိ = ဖြစ်ပြီ။ ဣတိ = ပြီး၏။

စူဠဇနကဇာတက ဝဏ္ဏနာ ဒုတိယာ။

ဒုတိယာ = နှစ်ခုမြောက်သော၊ စူဠဇနကဇာတက ဝဏ္ဏနာ = စူဠဇနကဇာတ်၏ အဖွင့်သည်၊ နိဋ္ဌိတာ = ပြီး၏။

၃ – ပုဏ္ဏပါတိဇာတကဝဏ္ဏနာ

တထေဝ ပုဏ္ဏာ ပါတိယောတိ ဣဒံ။ (ပ) ။ ဥပါယော နာမာတိ။

တထေဝ ပုဏ္ဏာ ပါတိယောတိ ဣဒံ = တထေဝ ပုဏ္ဏာ ပါတိယောဟူသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပုဏ္ဏပါတိဇာတ်ကို၊ သတ္ထာ = သည်၊ ဇေတဝနေ = ၌၊ ဝိဟရန္တော = စဉ်၊ ဝိသဝါရုဏိံ = အဆိပ်ခတ်ထားသောသေအရက်ကို၊ အာရဗ္ဘ = အကြောင်းပြု၍၊ ကထေသိ = ၏၊ ဧကံသမယံ = အခါတစ်ပါး၌၊ သာဝတ္ထိယံ = သာဝတ္ထိပြည်၌၊ သုရာဓုတ္တာ = သေသောက်ကြူးတို့သည်၊ ဝါ = အရက်သမားတို့သည်။ သန္နိပတိတွာ = စည်းဝေးကြ၍၊ "နော = ကျွန်ုပ်တို့အား၊ သုရာမူလံ = အရက်ဘိုးသည်၊ ခီဏံ = ကုန်ပြီ၊ ကဟံ = အဘယ်မှာ၊ လဘိဿာမနုခေါ = ရကုန်အံ့နည်း၊ " ဣတိ = ဤသို့၊ မန္တယိံသု = တိုင်ပင်ကြကုန်၏၊ အထ = ထိုအခါ၌၊ ဧကော = တစ်ယောက်သော၊ ကက္ခဠဓုတ္တော = ကြမ်းကြုတ်သော သေသောက်ကြူးသည်၊ "မာ စိန္တယိတ္ထ = မကြံကြကုန်လင့်၊ ဧကော ဥပါယော = တစ်ခုသောနည်း ဥပါယ်သည်၊ အတ္ထိ = ရှိ၏၊" ဣတိ = ဤသို့၊ အာဟ = ဆို၏၊ ဥပါယော နာမ = နည်းဥပါယ်မည်သည်၊ ကတရော = အဘယ်နည်း၊ ဣတိ = ဤသို့ဆိုကြကုန်၏။

အနာထပိဏ္ဍိကော ။ (ပ) ။ သုရာမူလံ ကရိဿာမာတိ။

အနာထပိဏ္ဍိကော = အနာထပိဏ်သူဌေးသည်၊ အင်္ဂုလိမုဒ္ဒိကာ = လက်စွပ်တို့ကို၊ ပိဠန္ဓိတွာ = ဝတ်ဆင်၍၊ မဋ္ဌသာဋကနိဝတ္ထော = ပြေပြစ်ချောမွေ့သောပုဆိုးကိုဝတ်သည်ဖြစ်၍၊ ရာဇု

ပဌာနံ = မင်းခစားခြင်းသို့၊ ဂစ္ဆတိ = သွား၏၊ မယံ = ကျွန်ုပ်တို့သည်၊ သုရာပါတိယံ = သေအရက်ခွက်၌၊ ဝိသညီကရဏံ = မိန်းမောခြင်းကို ပြုတတ်သော၊ ဘေသဇ္ဇံ = ဆေးကို၊ ပက္ခိပိတွာ = ထည့်၍၊ အာပါနံ = သေအရက်ကို၊ သဇ္ဇေတွာ = စီရင်၍၊ နိသီဒိတွာ = ထိုင်၍၊ အနာထပိဏ္ဍိကဿ = အနာထပိဏ်သူဌေး၏၊ အာဂမနကာလေ = လာသောအခါ၌၊ "မဟာသေဋ္ဌိ = သူဌေးကြီး၊ ဣတော = ဤအရပ်သို့၊ ဧဟိ = လာတော်မူလော့၊" ဣတိ = ဤသို့၊ ပက္ကောသိတွာ = ခေါ်၍၊ တံသုရံ = ထိုသေအရက်ကို၊ ပါယေတွာ = တိုက်၍၊ ဝိသညီဘူတဿ = မိန်းမောသည်ဖြစ်၍ဖြစ်သော၊ အနာထပိဏ္ဍိကဿ = အနာထ ပိဏ်သူဌေး၏၊ အင်္ဂုလိမုဒ္ဒိကာစ = လက်စွပ်တို့ကိုလည်းကောင်း၊ သာဋကေစ = ပုဆိုးတို့ကိုလည်းကောင်း၊ ဂဟေတွာ = ယူ၍၊ သုရာမူလံ = သေအရက်ဘိုးကို၊ ကရိဿာမ = ပြုကြကုန်အံ့၊ ဣတိ = ဤသို့၊ အာဟ = ဆို၏။

တေ "သာဓူ"တိ သမ္ပဋိစ္ဆိတွာ ။ (ပ) ။ ဝဒိံသု။

တေ = ထိုသေသောက်ကြူးတို့သည်၊ "သာဓူ" တိ = ကောင်းပြီဟူ၍၊ သမ္ပဋိစ္ဆိတွာ = ဝန်ခံကြ၍၊ တထာ = ထိုဆိုအပ်သည့်အတိုင်း၊ ကတွာ = ပြု၍၊ သေဋ္ဌိဿ = အနာထပိဏ်သူဌေး၏၊ အာဂမနကာလေ = လာသော အခါ၌၊ ပဋိမဂ္ဂံ = ခရီးဦးသို့၊ ဂန္တွာ = သွား၍၊ "သာမိ = အရှင်၊ ဣတော = ဤအရပ်သို့၊ တာဝ = ရှေးဦးစွာ၊ အာဂစ္ဆထ = လာကြကုန်၊ အယံ = ဤသေ အရက်သည်၊ အမှာကံ = ကျွန်ုပ်တို့၏၊ သန္တိကေ = အထံမှာ၊ အတိမနာပါ = အလွန်နှစ်သက်ဖွယ်ကောင်းသော၊ သုရာ = သေအရက်တည်း၊ ထောကံ = အနည်းငယ်၊ ပိဝိတွာ = သောက်ပြီး၍၊ ဂစ္ဆထ = လိုရာခရီးသွားကြပါ" ဣတိ = ဤသို့၊ ဝဒိံသု = ဆိုကြကုန်ပြီ။

သောတာပန္နော အရိယသာဝကော။ (ပ)။ စိန္တေတွာ -

အာဟ -

သောတာပန္နော = သောတာပန်ဖြစ်သော၊ အရိယသာဝကော = အရိယာ တပည့်သည်၊ သုရံ = သေအရက်ကို၊ ကိံ ပိဝိဿတိ = အဘယ် သို့သောက်အံ့နည်း၊ အနတ္ထိကော = အလိုမရှိသည်။ သမာနောပိ = ဖြစ်သော်လည်း၊ "မေ ဝုတ္တေ = ဤသေသောက်ကြူး တို့ကို၊ ပရိဂ္ဂဏှိဿာမိ = စုံစမ်းအံ့၊ တိ = ဤသို့၊ စိန္တေတွာ = ကြံ စည်၍၊ တေသံ = ထိုသေသောက်ကြူးတို့၏၊ အာပါနဘူမိံ = သေ သောက်ရာသို့၊ ဂတွာ = သွား၍၊ တေသံ - ထိုသေသောက်ကြူးတို့၏၊ ကိရိယံ = အမူအရာကို၊ ဝါ = အပြုအမူ ကို၊ ဩလောကေတွာ = ကြည့်၍၊ "အယံသုရာ = ဤသေအရက်ကို၊ ဣမေဟိ = ဤသေ သောက်ကြူးတို့သည်၊ ဣမိနာ နာမ ကာရဏေန = ဤမည်သော အကြောင်းကြောင့်၊ ဝါ = ဖြင့်၊ ယောဇိတာ = ဖေါ်စပ်အပ်ပြီ၊" ဣတိ = ဤသို့၊ ဉတွာ = သိ၍။ "ဒါနိ = ယခုအခါ၌၊ ဣတော = ဤနေ့မှ၊ ပဋ္ဌာယ = စ၍၊ ဣမေ = ဤသေသောက်ကြူးတို့ကို၊ ဣတော = ဤအရပ်မှ၊ ပလာပေဿာမိ" တိ = ပြေးစေအံ့ဟု၊ စိန္တေတွာ = ကြံစည်၍၊ အာဟ = ဆိုပြီ၊ (ကိံ = အဘယ်သို့၊ အာဟ = ဆိုသနည်း။)

"ဟရေ ဒုဋ္ဌဓုတ္တာ တုမှေ။ (ပ) ။ ပိဝေယျာ ထာ" တိ။

"ဟရေ ဒုဋ္ဌဓုတ္တာ = အို လူပျက်သေ့သောက်ကြူးတို့၊ တုမှေ = သင်တို့ သည်၊ သုရာပါတိယံ = သေအရက်ခွက်၌၊ ဘေသဇ္ဇံ = ဆေးကို၊ ပက္ခိပိတွာ = ထည့်၍၊ အာဂတာဂတေ = လာတိုင်းလာတိုင်း ကုန်သောသူတို့ကို၊ ပါယေ တွာ = တိုက်၍၊ ဝိသညီ = မိန်းမောသည် ကို၊ ကတွာ = ပြု၍၊ ဝိလုမ္ပိဿာမာ" တိ = လုယက်ကုန်မည်ဟု၊

အာပါန မဏ္ဍလံ = သေတင်းကုပ်ကို၊ သမ္မေတွာ = စီရင်၍၊ နိသိန္နာ = ထိုင်နေကြကုန်သည်ဖြစ်၍၊ ကေဝလံ = အမြဲ ဝါ = သက်သက်၊ ဣမံ သုရံ = ဤသေရက်ကို၊ ဝဏ္ဏေန္တာ = ချီးမွမ်းကြကုန်၏၊ ဧကောပိ = တစ်ယောက်သည်လည်း၊ တံ = ထိုသေအရက်ကို၊ ဥက္ခိပိတွာ = မြှောက်၍၊ ပိဝိတုံ = သောက်ခြင်းငှာ၊ နဥဿဟတိ = အားမထုတ်၊ ဝါ = မဝံ့မရဲ၊ သစေ = အကယ်၍၊ အယံ = ဤသေအရက်သည်၊ ဒါယောဇိတာ = ဆေးမခပ်အပ်သည်၊ အဿ = ဖြစ်အံ့၊ ဣမံ = ဤသေအရက်ကို၊ တုမှေဝ = သင်တို့သည်သာ၊ ပိဝေယျာထ = သောက်ကြကုန်ရာ၏။" ဣတိ = ဤသို့၊ အာဟ = ဆို၏။

တေ ခုတ္တေ တဇ္ဇေတွာ ။ (ပ) ။ အထိတံ အာဟရိ။

တေ ခုတ္တေ = ထိုသေသောက်ကြူးတို့ကို၊ တဇ္ဇေတွာ = ခြိမ်းခြောက် ၍၊ တတော = ထိုအရပ်မှ၊ ပလာပေတွာ = ပြေးစေ၍၊ အတ္တနော = မိမိ၏၊ ဂေဟံ = အိမ်သို့၊ ဂန္တွာ = သွား၍၊ "ခုတ္တေဟိ = သေသောက်ကြူးတို့သည်၊ ကတကာရဏံ = ပြုအပ်သောအကြောင်းကို၊ တထာဂတဿ = မြတ်စွာဘုရားအား၊ အာရောစေဿာမိ" ဣတိ = လျှောက်ကြားအံ့" ဟု၊ စိန္တေတွာ = ကြံစည်လျက်၊ ဇေတဝနံ = ဇေတဝန်ကျောင်းသို့၊ ဂန္တွာ = သွား၍၊ အာရောစေသိ = လျှောက်ကြားလေပြီ၊ သတ္ထာ = မြတ်စွာဘုရား သည်၊ "ဂဟပတိ = သူကြွယ်၊ တာဝ = ရှေးဦးစွာ၊ ဣဒါနိ = ယခုအခါ၌၊ တေခုတ္တာ = ထိုသေသောက်ကြူးတို့သည်၊ တံ = သင့်ကို၊ ဝဉ္စေတုကာမာ = လှည့်ပတ်ခြင်းငှာ အလိုရှိကြကုန်သည်၊ ဇာတာ = ဖြစ်ကုန်ပြီ၊ ပုဗ္ဗေပိ ပန = ရှေး၌လည်း၊ ဝါ = ရှေးအခါ၌လည်း၊ ပဏ္ဍိတေ = ပညာရှိတို့ကို၊ ဝဉ္စေတုကာမာ = လှည့်ပတ်ခြင်းငှာ အလိုရှိကြကုန်သည်၊ အဟေသုံ = ဖြစ်ကုန်ပြီ၊" ဣတိ = ဤသို့၊ ဝတွာ = ဆို၍၊ တေန = ထိုအနာ

ထပိဏ်သူဌေးသည်၊ ယာစိတော = တောင်းပန်အပ်သည်ဖြစ်၍၊ အတီတံ = အတိတ်ကို၊ အာဟရိ = ဆောင်တော်မူပြီ။

အတီတေ ဗာရာဏသိယံ။ (ပ) ။ ကထယိသု။

အတီတေ = လွန်လေပြီးသောအခါ၌၊ ဗာရာဏသိယံ = ဗာရာဏသီပြည်၌၊ ဗြဟ္မဒတ္တေ = ဗြဟ္မဒတ်မင်းသည်၊ ရဇ္ဇံ = တိုင်းပြည်ကို၊ ကာရေန္တေ = အုပ်စိုးစဉ်၊ ဗောဓိသတ္တော = ဘုရားလောင်းသည် ဗာရာဏသိသေဋ္ဌိ = ဗာရာဏသီသေဌေးသည်၊ အဟောသိ = ဖြစ်ခဲ့ပြီ၊ တဒါပိ = ထိုအခါ၌လည်း ဧတေ ဓုတ္တာ = ထိုသေသောက်ကြူးတို့သည်၊ ဧဝမေဝ = ဤကဲ့သို့သာလျှင်၊ သမ္မန္တေတွာ = တိုင်ပင်ကြ၍၊ သုရံ = သေအရက်ကို၊ ယောဇေတွာ = ဖော်စပ်၍၊ ဗာရာဏသိသေဋ္ဌိဿ = ဗာရာဏသီသေဌေး၏၊ အာဂမနကာလေ = လာသောအခါ၌၊ ပဋိမဂ္ဂံ = ခရီးဦးသို့၊ ဂန္တွာ = သွား၍၊ ဧဝမေဝ = ဤကဲ့သို့ပင်လျှင်၊ ကထယိသု = ပြောဆိုကြကုန်ပြီ။

သေဋ္ဌိ အနတ္ထိကောပိ ဟုတွာ ။ (ပ) ။ ပစ္စာဂစ္ဆိ။

သေဋ္ဌိ = ဗာရာဏသီသေဌေးသည်၊ အနတ္ထိကော = အလိုမရှိသည်၊ ဟုတွာပိ = ဖြစ်၍လည်း၊ တေ = ထိုသေသောက်ကြူးတို့ကို၊ ပရိဂ္ဂဏှိတုကာမော = စုံစမ်းလိုသည်ဖြစ်၍၊ ဂန္တွာ = သွား၍၊ တေသံ = ထိုသေသောက်ကြူးတို့၏၊ ကိရိယံ = အပြုအမူကို၊ ဩလောကေတွာ = ကြည့်၍၊ "ဣဒံ နာမ = ဤမည်သည်ကို၊ ဧတေ = ဤသေသောက်ကြူးတို့သည်၊ ကာတုံ ကာမာ = ပြုခြင်းငှာအလိုရှိကြကုန်၏။ နေ = ထိုသေသောက်ကြူးတို့ကို၊ ဣတော = ဤအရပ်မှ၊ ပလာပေဿာမိ = ထွက်ပြေးစေအံ့၊" ဣတိ = ဤသို့၊ စိန္တေတွာ = ကြံစည်၍၊ "ဘောန္တော ဓုတ္တာ = အိုသေသောက်ကြူးတို့၊ သုရံ = သေအရက်ကို၊ ပိဝိတွာ = သောက်ပြီး၍၊ ရာဇကုလံ = မင်းအိမ်သို့၊

ဂန္တုနာမ = သွားခြင်းငှာမည်သည်၊ အယုတ္တံ = မသင့်တော်၊ ရာဇာနံ = မင်းကို။ ဒိသွာ = ဖူးမြင်ပြီး၍၊ ပုန = တစ်ဖန်။ အာဂစ္ဆန္တော = ပြန်လာသည်ရှိသော်၊ ဇာနိဿာမိ = သိရအံ့၊ တုမှေ = သင်တို့သည်။ ဣဓေဝ = ဤနေရာ၌ပင်လျှင်၊ နိသီဒထ = ထိုင်နေကြကုန်လော့၊” ဣတိဓဝံ = ဤသို့။ အာဟ = ဆို၏၊ ဣတိ = ဤသို့၊ ဝတွာ = ဆို၍၊ ရာဇုပဋ္ဌာနံ = မင်းခစားခြင်းသို့၊ ဂန္တွာ = သွား၍။ ပစ္စာဂန္တွ = ပြန်လာပြီ။

ဓုတ္တာ ။ (ပ) ။ ဣမံ ဂါထမာဟ။

ဓုတ္တာ = သေသောက်ကြူးတို့သည်၊ “ သာမိ = အရှင်၊ ဣတော = ဤအရပ်သို့၊ ဧထ = လာကြပါ။ ” ဣတိ = ဤသို့၊ အာဟံသု = ဆိုကြကုန်ပြီ။ သောပိ = ထိုဗာရာဏသီသူဌေးသည်လည်း၊ တတ္ထ = ထိုအရပ်သို့၊ ဂန္တွာ = သွား၍၊ ဘေသဇ္ဇေန = ဆေးဖြင့်၊ သံယောဇိတာ = ဖော်စပ်အပ်ကုန်သော၊ သုရာပါတိယော = သေအရက်ခွက်တို့ကို၊ ဩလောကေတွာ = ကြည့်၍၊ “ ဘောန္တော = အိုသေသောက်ကြူးတို့၊ တုမှာကံ = သင်တို့၏၊ ကိရိယာ = အပြုအမူသည်၊ မယှံ = ငါ့အား၊ နရုစ္စတိ = မနှစ်သက်။ တုမှာကံ = သင်တို့၏၊ သုရာပါတိယော = သေအရက်ခွက်တို့သည်၊ ယထာ ပူရိတာဝ = ပြည့်မြဲအတိုင်းတို့သည်သာလျှင်၊ ဌိတာ = တည်ကုန်၏။ တုမှေ= သင်တို့သည်၊ ကေဝလံ = စင်စစ်၊ ဝါ = သက်သက်၊ သုရံ = သေအရက်ကို၊ ဝဏ္ဏေထ = ချီးမွမ်းကြကုန်၏။ ပန = သို့သော်လည်း၊ န ပိဝထ = မသောက်ကြကုန်။ အယံ = ဤသေရည်အရက်သည်၊ မနာပါ = နှစ်သက်ဖွယ်ရှိသည်၊ သစေ အဿ = အကယ်၍ ဖြစ်အံ့။ တုမှေပိ = သင်တို့သည်လည်း၊ ပိဝေယျာထ = သောက်ကြကုန်ရာ၏၊ ဣမာယ ပန = ဤသေရည်အရက်သည်ကား၊ ဝိသသံ

ယတ္တာယ = အဆိပ်နှင့်စပ်ဖော်အပ်သည်၊ ဘဝိတဗ္ဗံ = ဖြစ်ရမည်၊" ဣတိ = ဤသို့၊ အာဟ = ဆို၏၊ တေသံ = ထိုသေသောက်ကြူးတို့၏၊ မနောရထံ = စိတ်အလိုကို၊ ဘိန္ဒန္တော = ဖျက်ဆီးလိုသည်ဖြစ်၍၊ ဣမံ ဂါထံ = ဤဂါထာကို၊ အာဟ = မိန့်ဆို၏။ (ကိံ = အဘယ်သို့၊ အာဟ = မိန့်ဆိုသနည်း။)

၅၃။ " တထေဝ ပုဏ္ဏာ ပါတိယော၊
အညာ' ယံ ဝတ္တတေ ကထာ။
အာကာရကေန ဇာနာမိ၊
နစာယံ ဘဒ္ဒိကာ သုရာ" တိ။

ဂါထာအနက်။ ။ပါတိယော = သေအရက်ခွက်တို့သည်၊ တထေဝ = ထို အတိုင်းသာလျှင်၊ ပုဏ္ဏာ = ပြည့်ကုန်၏။ အယံ ကထာ = ထို ကောင်း၏-ဟူသောစကားသည်၊ အညာ = မဟုတ်မမှန်သည်၊ ဝတ္တတေ = ဖြစ်၏။ အာကာရကေန = ဤမည်သောအကြောင်းကြောင့်၊ စ = ဧကန္တေန = စင်စစ်အားဖြင့်၊ အယံ သုရာ = ဤသေရည်အရက်သည်၊ န ဘဒ္ဒိကာ = မကောင်း။ (ဣတိ - ဤသို့ ၊ ထည့်) ဇာနာမိ = သိရ၏၊ ဣတိ - ဤသို့ ၊ အာဟ = ဆို၏။

တတ္ထ တထေဝါတိ ။ (ပ) ။ သုရာ န ပီတာ။

တတ္ထ = ထိုဂါထာ၌၊ တထေဝါတိ = တထေဝဟူသည်ကား၊ မယာ = ငါသည်၊ ဂမနကာလေ = သွားရာအခါ၌၊ ဒိဋ္ဌာ ယထာ = မြင်အပ်သည်ကဲ့သို့၊ ဣဒါနိပိ = ယခုအခါ၌လည်း၊ ဣမာ သုရာ ပါတိယော = ဤသေရည်အရက်ခွက်တို့သည်၊ တထေဝ = ထိုရှေး နည်းတူပင်လျှင်၊ ဝါ = ရှေးအတိုင်း သာလျှင်၊ ပုဏ္ဏာ = သေအရက် ပြည့်ကုန်၏။

အညာ'ယံ ဝတ္တတေ ကထာတိ = အညာ'ယံ ဝတ္တတေ ကထာဟူသည်ကား၊ တုမှာကံ = သင်တို့၏၊ ယာအယံသုရာဝဏ္ဏနကထာ = အကြင်သေအရက်ကို ချီးမွမ်းကြောင်းစကားသည်၊ ဝတ္တတိ = ဖြစ်၏။ သာ = ထိုသေအရက်ကို ချီးမွမ်းကြောင်းစကားသည်၊ အညာဝ = တစ်ခြားသည်သာ၊ အဘူတာ = မဟုတ်၊ အတစ္ဆာ = မမှန်။ ဟိ = မှန်၏။ ဧသာသုရာ = ဤသေအရက်သည်၊ မနာပါ = နှစ်သက်ဖွယ်ရှိသည်၊ ယဒိ အယံ = အကယ်၍ဖြစ်အံ့။ တုမှေပိ = သင်တို့သည်လည်း၊ ပိဝေ ယျာထ = သောက်ကုန်ရာ၏။ ဥပမ္မပါတိယော = အိုးခွက်တစ်ဝက်တို့သည်၊ အဝသိဿေယျုံ = ကျန်ရစ်ကုန်ရာ၏။ တုမှာကံ = သင်တို့တွင်၊ ဧကောနာပိ = တစ်ယောက်သောသူသည်လည်း၊ သုရာ = သေအရက်ကို၊ နပီတာ = မသောက်အပ်။

အာကာရဏေန ဇာနာမီတိ။ (ပ)။ ယထာကမ္မံ ဂတော။

အာကာရဏေန ဇာနာမိတိ = ဟူသည်ကား၊ တသ္မာ = ထို့ကြောင့်၊ ဣမိနာကာရဏေန = ဤအကြောင်းကြောင့်၊ ဇာနာမိ = သိ၏။

နစာယံ ဘဒ္ဒိကာ သုရာတိ = ဟူသည်ကား၊ အယံသုရာ = ဤ သေအရက်သည်၊ နေဝဘဒ္ဒိကာ = လုံးဝမကောင်း။ ဧတာယ = ဤသေ အရက်သည်၊ ဝိသသံယောဇိတာယ = အဆိပ်နှင့်ဖော်စပ်အပ်သည်၊ ဘဝိ တဗ္ဗံ = ဖြစ်ရမည်။ ဣတိ = ဤသို့၊ ဓုတ္တေ = သေသောက်ကြူးတို့ကို၊ နိဂ္ဂဏှိတွာ = နှိပ်ကွပ်၍၊ ယထာ = အကြင်အခြင်းအရာအားဖြင့်ပြုအပ်သည်ရှိသော်၊ ပုန = နောက်တစ်ဖန်၊ ဧဝရူပံ = ဤသို့သောသဘောကို၊ နကရောန္တိ = မပြုကြကုန်။ တထာ = ထိုသို့သောအခြင်းအရာဖြင့်၊ တေ = ထိုသေသောက်ကြူးတို့ကို၊ တဇ္ဇေတွာ = ခြိမ်းခြောက်၍၊ ဝိဿဇ္ဇေသိ = လွှတ်၏။

သော ‧ ထိုတာရာဏာသီသူဌေးသည်၊ ယာဝဇီဝံ ‧ အသက်ထက်ဆုံး၊ ဒါနာဒီနိ ‧ ဒါနအစရှိကုန်သော၊ ပုညာနိ ‧ ကောင်းမှုတို့ကို၊ ကတွာ ‧ ပြု၍၊ ယထာကမ္မံ ‧ ကံအားလျော်စွာ၊ ဂတော ‧ လားပြီ။

သတ္ထာ ။ (ပ) ။ အဟောသိ" န္တိ၊

ပုဏ္ဏပါတိဇာတကဝဏ္ဏနာ တတိယာ ။

သတ္ထာ ‧ မြတ်စွာဘုရားသည်၊ ဣမံ ဓမ္မဒေသနံ ‧ ဤတရားဒေသ နာကို၊ အာဟရိတွာ ‧ ဆောင်၍၊ " တဒါ ‧ ထိုအခါ၌၊ ဓုတ္တာ ‧ သေသောက်ကြူးတို့သည်၊ ဧတရဟိ ‧ ယခုအခါ၌၊ ဓုတ္တာ ‧ သေသောက်ကြူးတို့သည်၊ အဟေသုံ ‧ ဖြစ်ကုန်ပြီ။ ဗာရာဏသိ သေဋ္ဌိ ပန ‧ ဗာရာဏာသီသူဌေးသည်ကား၊ အဟမေဝ ‧ ငါဘုရား သည်သာ၊ အဟောသိ ‧ ဖြစ်ပြီ။" ဣတိ ‧ ဤသို့၊ ဇာတကံ ‧ ဇာတ်တော်ကို၊ သမောဓာနေသိ ‧ ပေါင်းတော်မူ၏။

တတိယာ ‧ တတိယမြောက်သော၊ ပုဏ္ဏပါတိဇာတကဝဏ္ဏနာ ‧ ပုဏ္ဏပါတိဇာတ်၏အဖွင့်သည်၊ နိဋ္ဌိတာ ‧ ပြီး၏။

* * * * *

၄။ ကပိဖလဇာတကဝဏ္ဏနာ (၅၄)

နာယံ ရုက္ခော ဒုရာရုဟောတိ ဣဒံ။ (ပ)။ ဒေဟီ" တိ။

နာယံ ရုက္ခော ဒုရာရုဟောတိ ဣဒံ = -ဟူသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကပိဖလဇာတ်ကို၊ သတ္ထာ = မြတ်စွာဘုရားသည်၊ ဇေတဝနေ = ၌၊ ဝိဟရန္တော = စဉ်၊ ဧကံ = တစ်ယောက်သော၊ ဖလကုသလံ =သစ်သီး၌လိမ္မာကျွမ်းကျင်သော၊ ဥပါသကံ = ဥပါသကာကို၊ ဝါ = သီတင်း သည်ဒါယကာကို၊ အာရဗ္ဘ = အကြောင်းပြု၍၊ ကထေသိ = ၏။

ကိရ = ခဲ့၍ဆိုဦးအံ့။ ဧကော = တစ်ယောက်သော၊ သာဝတ္ထိဝါသီ = သာဝတ္ထိပြည်၌နေသော၊ ကုဋုမ္ဗိကော = သူကြွယ်သည်၊ ဗုဒ္ဓပ္ပမုခံ = ဘုရားအမှူးရှိသော၊ ဘိက္ခုသံဃံ = ရဟန်းသံဃာကို၊ နိမန္တေတွာ = ပင့်ဖိတ်၍၊ အတ္တနော = မိမိ၏၊ အာရာမေ = အာရာမ်၌၊ နိသီဒါပေတွာ = ထိုင်စေပြီး ၍၊ ယာဂုခဇ္ဇကံ = ယာဂုခဲဖွယ်ကို၊ ဒတွာ = ပေးလှူ၍၊ ဥယျာနပါလံ = ဥယျာဉ်စောင့်ကို၊ " ဘိက္ခူဟိ = ရဟန်းတို့နှင့်၊ သဒ္ဓိံ = အတူတကွ၊ ဥယျာနေ = ဥယျာဉ်၌၊ ဝိစရိတွာ = လှည့်လည်၍၊ အယျာနံ = အရှင်မြတ်တို့အား၊ အမ္ဗာဒိနိ = သရက်အစရှိကုန်သော၊ နာနာဖလာနိ = အထူးထူးကုန်သော သစ်သီးတို့ကို၊ ဝါ = သစ်သီးအမျိုးမျိုးတို့ကို၊ ဒေဟိ = ပေးလှူပါ။ " ဣတိ = ဤသို့ပြော၍၊ အာဏာပေသိ = စေလွှတ်၏။

သော ။ (ပ) ။ တံ တထေဝ ဟောတိ " တိ။

သော = ထိုဥယျာဉ်စောင့်သည်၊ " သာဓူ" တိ = ကောင်းပြီ-ဟု၊ ပဋိသုဏိတွာ = ဝန်ခံ၍၊ ဘိက္ခုသံဃံ = ရဟန်းသံဃာကို၊

အာဒါယ = ယူ၍၊ ဥယျာနေ = ဥယျာဉ်၌၊ ဝိစရန္တော = လှည့်လည်သည်စဉ်၊ ရုက္ခံ = သစ်ပင်ကို၊ ဥလောကေတွာ၀ = မော့ကြည့်၍သာလျှင်၊ " ဧတံဖလံ = ဤ သစ်သီးသည်၊ အာမံ = စိမ်း၏။ ဧတံ ဖလံ = ဤသစ်သီးသည်၊ န သုပက္ကံ = ကောင်းစွာမမှည့်သေး။ ဧတံ = ဤသစ်သီးသည်၊ သုပက္ကံ = ကောင်းစွာ မှည့်၏။" ဣတိ = ဤသို့၊ ဇာနာတိ = သိ၏။ သော = ထိုဥယျာဉ်စောင့်သည်၊ ယံ = အကြင်သစ်သီးကို၊ ဝဒတိ = ဆို၏။ တံ = ထိုသစ်သီးသည်၊ တထေ၀= ထိုအတိုင်းသာလျှင်၊ ဟောတိ = ဖြစ်၏။

ဘိက္ခူ = ရဟန်းတို့သည်၊ ဂန္တွာ = သွား၍၊ တထာဂတဿ = မြတ်စွာဘုရားအား၊ " ဘန္တေ = အရှင်ဘုရား၊ အယံ ဥယျာနပါလော = ဤဥယျာဉ်စောင့်သည်၊ ဖလကုသလော = သစ်သီး၌ ကျွမ်းကျင်လိမ္မာသည်ဖြစ်၍၊ ဘူမိယံ = မြေ၌၊ ဌိတော၀ = တည်လျက်ပင်၊ ရုက္ခံ = သစ်ပင်ကို၊ ဥလောကေတွာ = မော်ကြည့်၍၊ "ဧတံဖလံ = ဤသစ်သီးသည်၊ သုပက္ကံ = ကောင်းစွာမှည့်၏။" ဣတိ = ဤသို့၊ ဇာနာတိ = သိ၏။

သော = ထိုဥယျာဉ်စောင့်သည်၊ ယံ = အကြင်အကြောင်းကို၊ ဝါ= အကြင်သစ်သီးကို၊ ဝဒတိ = ဆို၏။ တံ = ထိုသစ်သီးသည်၊ တထေ၀ = ထိုဆိုသည့်အတိုင်းသာလျှင်၊ ဟောတိ = ဖြစ်၏။" ဣတိ = ဤသို့၊ အာ ရောစေသုံ = လျှောက်ကြကုန်ပြီ။

သတ္ထာ ။ (ပ) ။ အတီတံ အာဟရိ။

သတ္ထာ = သည်၊ " ဘိက္ခဝေ = ရဟန်းတို့၊ အယမေ၀ ဥယျာနပါလော = ဤဥယျာဉ်စောင့်သည်သာ၊ နဖလကုသလော = သစ်သီး၌ကျွမ်းကျင်လိမ္မာသည်မဟုတ်။ ပုဗ္ဗေ = ရှေးအခါ၌၊ ပဏ္ဍိတာပိ = ပညာရှိတို့သည်လည်း၊ ဖလကုသလာယေ၀ = သစ်သီး

၌ကျွမ်းကျင်လိမ္မာကုန်သည်သာလျှင်ကုန်သည်သာ၊ အဟေသုံ = ဖြစ်ကုန်ပြီ။ " ဣတိ = ဤသို့၊ ဝတွာ = ဆို၍၊ အတီတံ = အတိတ်ကို၊ အာဟရိ = ဆောင်တော်မူလေပြီ။

အတီတေ ဗာရာဏသိယံ ။ (ပ) ။ အာဟ။

အတီတေ = လွန်လေပြီးသောအခါ၌၊ ဗာရာဏသိယံ = ၌၊ ဗြဟ္မဒတ္တေ = ဗြဟ္မဒတ်မင်းသည်၊ ရဇ္ဇံ = တိုင်းပြည်ကို၊ ကာရေန္တေ = အုပ်စိုးစဉ်၊ ဗောဓိသတ္တော = ဘုရားလောင်းသည်၊ သတ္တဝါဟကုလေ = လှည်းကုန်သည်အမျိုး၌၊ နိဗ္ဗတ္တိတွာ = ဖြစ်၍၊ ဝယပ္ပတ္တော = အရွယ်သို့ရောက်သည်ရှိသော်၊ ပဉ္စဟိသကဋသတေဟိ = ငါးရာသောကုန်သောလှည်းတို့ဖြင့်၊ ဝဏိဇ္ဇံ = ကုန်သွယ်မှုကို၊ ကရောန္တော = ပြုသည်ရှိသော်၊ ဧကသ္မိံကာလေ= တစ်ခုသောကာလ၌၊ မဟာဝတ္တနိအဋဝိံ = တောအုပ်ကြီးသို့၊ ပတ္တော = ရောက်၍၊ အဋဝိမုခေ = တောအုပ်၏အဝ၌၊ ဌတွာ = ရပ်၍၊ သဗ္ဗေ = အလုံးစုံကုန်သော၊ မနုဿေ = လူတို့ကို၊ သန္နိပါတာပေတွာ = စည်းဝေးစေ၍၊ " ဣမိဿာ အဋဝိယာ = ဤတောအုပ်၌၊ ဝိသရုက္ခာ နာမ = အဆိပ်သစ်ပင်တို့မည်သည်၊ ဟောန္တိ = ဖြစ်ကုန်၏။ ဝါ = ရှိကုန်၏။ (ဝိသပတ္တာနိ = အဆိပ် အရွက်တို့သည်၊ ဝိသပုပ္ဖါနိ = အဆိပ်အပွင့်တို့သည် ဝိသဖလာနိ အဆိပ်သီးတို့သည်၊ ဝိသမဓူနိ = အဆိပ်ပျားတို့သည်၊ ဟောန္တိ ယေဝ = ရှိကုန်သည်သာ။ ပုဗ္ဗေ = ရှေးအခါ၌၊ တုမှေဟိ = သင်တို့သည်၊ အပရိဘုတ္တံ = မသုံးဆောင်ဘူး၊ မစားဘူးသော၊ ယံကိဉ္စိ = တစ်စုံတစ်ခုသော၊ ပတ္တံဝါ = အရွက်ကိုလည်းကောင်း၊ ပုပ္ဖံဝါ = အပွင့်ကိုလည်းကောင်း၊ ဖလံဝါ = အသီးကိုလည်းကောင်း၊ ပလ္လဝံဝါ = အညွန့်ကိုလည်းကောင်း။ မံ = ငါ့ကို၊

အပရိပုဋ္ဌိတ္ဘာ = မမေးမြန်းမူ၍၊ မာ ခါဒထ = မစားကြကုန်လင့်” ဣတိ = ဤသို့၊ အာဟ = ဆို၏။

တေ ။ (ပ) ။ တမ်ဏာညေ ဝိဝိတက္ခယံ ပါပေန္တိ။

တေ = ထိုလူတို့သည်၊ “သာဓု” တိ = ကောင်းပြီ - ဟု။ သမ္ပဋိစ္ဆိတွာ = ဝန်ခံပြီး၍၊ အဋဝိံ = တောအုပ်သို့၊ ပြဲတရိသု = သက်ဝင်ကြကုန်ပြီ။ အဋဝိမုခေစ = တောအုပ်ကြီး၏အဝ၌လည်း၊ ဧကသ္မိံ = တစ်ခုသော၊ ဂါမဒွါရေ = ရွာတံခါး၌၊ ကိံဖလရုက္ခောနာမ = ကိံဖလအမည်ရသောသစ်ပင်သည်၊ အတ္ထိ = ရှိ၏၊ တဿ = ထိုကိံဖလသစ်ပင်၏၊ ခန္ဓသာခါပလာသပုပ္ဖဖလာနိ = ပင်စည်၊ အခက်၊ အရွက်၊ အပွင့်၊ အသီးတို့သည်၊ သဗ္ဗာနိ = အလုံးစုံကုန်သော၊ အမ္ဗသဒိသာနေဝ = တူသည်သာလျှင်ဖြစ်ကုန်သည်၊ ဟောန္တိ = ၏၊ ဝေဝလံ = သကာသက်၊ ဝဏ္ဏသဏ္ဌာနတော = အဆင်းသဏ္ဌာန်အားဖြင့်သာလျှင်၊ န = သရက်နှင့်တူသည်မဟုတ်၊ ဂန္ဓရသေဟိ = အနံ့အရသာတို့ဖြင့်လည်း၊ အဿ = ထိုကိံဖလသစ်ပင်၏၊ အာမ ပက္ကာနိ = အစိမ်း, အမှည့်ဖြစ်ကုန်သော၊ ဖလာနိ = အသီးတို့သည်၊ အမ္ဗဖလသဒိသာ နေဝ = သရက်သီးနှင့် တူကြကုန်သည်သာတည်း။ ခါဒိတာနိ = စားအပ်ကုန်သည်ရှိသော်၊ ဟလာဟလဝိသံဝိယ = လတ်တလောသေစေတတ်သော အဆိပ်သည်ကဲ့သို့၊ တမ်ဏာညေဝ = ထိုခဏ၌ပင်လျှင်၊ ဝိဝိတက္ခယံ = အသက်ဆုံးခြင်းသို့၊ ပါပေန္တိ = ရောက်ကြကုန်၏။

ပုရတော ရစ္ဆန္တာ ဧကစ္စေ။ (ပ) ။ ပုဋ္ဌိံသု။

ပုရတော = ရှေ့၌၊ ဂစ္ဆန္တာ = သွားကြကုန်သော၊ ဧကစ္စေ = တစ်ချို့ကုန်သော၊ လောလပုရိသာ = လျှပ်ပေါ်လော်လီသော ယောကျာ်းတို့သည်၊ “အယံ = ဤသစ်ပင်သည်၊ အမ္ဗရုက္ခော”တိ =

သရက်ပင်တည်းဟူသော၊ သညာယ = အမှတ်ဖြင့်၊ ဖလာနိ = အသီးတို့ကို၊ ခါဒိံသု = စားကြကုန်၏၊ ဧကေစွေ = တစ်ချို့ကုန်သော ယောက်ျားတို့သည်၊ "သတ္တဝါဟံ = လှည်ကုန် သည်မျိုးကို၊ ပုစ္ဆိတွာဝ = မေးပြီး၍သာ၊ ခါဒိဿာမာ" တိ = စားကုန်အံ့ - ဟု။ ဟတ္ထေန = လက်ဖြင့်၊ ဂဟေတွာ = ယူ၍၊ အဋ္ဌံသု = တည်ကြကုန်ပြီ၊ တေ = ထိုသူတို့သည်၊ သတ္တဝါဟေ = လှည်းကုန်သည်မျိုးသည်၊ အာဂတေ = လာသည်ရှိသော်၊ "အယျ = အရှင်၊ က္ကမာနိ အမ္ဗဖလာနိ = ဤသရက်သီးတို့ကို၊ ခါဒါမ = စားကြကုန်အံ့၊" ဣတိ = ဤသို့၊ ပုစ္ဆိံသု = မေးကြကုန်၏။

ဗောဓိသတ္တော။ (ပ) ။ နိရောဂေ အာကာသိ။

ဗောဓိသတ္တော = ဘုရားလောင်းသည်၊ "အယံ = ဤ သစ်ပင်သည်၊ နအမ္ဗရုက္ခော"တိ = သရက်ပင်မဟုတ်ဟု၊ ဉတွာ = သိ၍၊ "ဧသ + ဧသော = ဤသစ်ပင်သည်၊ ကိံဖလရုက္ခေါနာမ = ကိံဖလသစ်ပင်မည်၏၊ အယံ = ဤသစ်ပင်သည်၊ န အမ္ဗရုက္ခော = သရက်ပင်မဟုတ်၊ မာ ခါဒိတ္ထာ" တိ = မစားကြကုန်လင့်ဟု၊ ဝါရေတွာ = တားမြစ်၍၊ ယေ = အကြင်သူတို့သည်၊ ခါဒိံသု = စားကြကုန်၏၊ တေပိ = ထိုသူတို့ကိုလည်း၊ ဝမာပေတွာ = အန်ထုတ်စေ၍၊ စတုမဓုရံ = စတုမဓုကို၊ ပါယေတွာ = တိုက်၍၊ နိရောဂေ = ရောဂါမရှိသည်တို့ကို၊ အကာသိ = ပြုပြီ။

ပုဗ္ဗေ ပန မသ္မိံ ရုက္ခမူလေ။ (ပ) ။ ဂဟေတွာ ဂစ္ဆန္တိ။

ပုဗ္ဗေ ပန = ရှေးအခါ၌ကား၊ မသ္မိံ ရုက္ခမူလေ = ဤသစ်ပင် ရင်း၌၊ မနုဿာ = လူတို့သည်၊ နိဝါသံ = တည်းခိုနေထိုင်ခြင်းကို၊ ကပ္ပေတွာ = ပြု၍၊ "အမ္ဗဖလာနိ" တိ = သရက်သီးတို့တည်းဟူသော၊ သညာယ = အမှတ်ဖြင့်၊ ဝါ = အမ္ဗဖလာနိ" တိ = သရက်သီးတို့

တည်းဟု၊ သညာယ = မှတ်ထင်သဖြင့်၊ ဣမာနိဝိသဖလာနိ = ဤအဆိပ်သီးတို့ကို၊ ခါဒိတွာ = စား၍၊ ဇီဝိတက္ခယံ = အသက်ဆုံးရှုံးခြင်းသို့၊ ပါပုဏန္တိ = ရောက်ကြကုန်၏၊ ပုနဒိဝသေ = နောက်တစ်နေ့၌၊ ဂါမဝါသိနော = ရွာ၌နေကြကုန်သောသူတို့သည်၊ ဝါ = ရွာသားတို့သည်၊ နိက္ခမိတွာ = ထွက်၍၊ မတမနုဿေ = လူသေတို့ကို၊ ဒိသွာ = မြင်၍၊ ပါဒေ = ခြေထောက်တို့ကို၊ ဂဏှိတွာ = ယူ၍၊ ပဋိစ္ဆန္နဋ္ဌာနေ = ဖုံးကွယ်ရာအရပ်၌၊ ဆဍ္ဍေတွာ = စွန့်ပစ်၍၊ သကဋေဟိ = လှည်းတို့နှင့်၊ သဒ္ဓိံယေဝ = အတူတကွသာလျှင်၊ သဗ္ဗံ = အလုံးစုံသော၊ တေသံ = ထိုသူတို့၏၊ သန္တကံ = ဥစ္စာကို၊ ဂဟေတွာ = ယူကြ၍၊ ဂစ္ဆန္တိ = သွားကြကုန်၏။

တေ တံ ဒိဝသမ္ပိ။ (ပ) ။ ပုစ္ဆိံသု။

တေ = ထိုရွာသားတို့သည်၊ တံ ဒိဝသမ္ပိ = ထိုနေ့၌လည်း၊ အရုဏုဂ္ဂ မနကာလေယေဝ = အရုဏ်တက်သောအချိန်အခါ၌ပင်။ "မယှံ = ငါ၏။ ဗလိဗဒ္ဒါ = နွားသည်၊ ဘဝိဿတိ = ဖြစ်လတ္တံ့၊ မယှံ = ငါ၏၊ သကဋံ = လှည်းသည်၊ ဘဝိဿတိ = ဖြစ်လတ္တံ့၊" မယှံ = ငါ၏၊ ဘဏ္ဍံ = ဥစ္စာသည်၊ ဘဝိဿတိ = ဖြစ်လတ္တံ့၊ " ဣတိ = ဤသို့ကြံ၍၊ ဝေဂေန = လျင်မြန်စွာဖြင့်၊ တံရုက္ခမူလံ = ထိုသစ်ပင်ရင်းသို့၊ ဂန္တွာ = သွား၍၊ မနုဿေ = လူတို့ကို၊ နိရောဂေ = ရောဂါမရှိသည်တို့ကို၊ ဒိသွာ = မြင်၍၊ "ကထံ = အဘယ်သို့၊ တုမှေ = သင်တို့သည်။ ဣမံ ရုက္ခံ = ဤသစ်ပင်ကို၊ "အယံ = ဤသစ်ပင်သည်၊ န အမ္ဗရုက္ခော" ဣတိ = သရက်ပင်မဟုတ်ဟု၊ ဇာနိတ္ထာ" ဣတိ = သိကြကုန်သနည်း ဟု၊ ပုစ္ဆိံသု = မေးကြကုန်ပြီ။

တေ ။ (ပ) ။ ဝတွာ ဣမံ ဂါထမာဟ -

တေ = ထိုလှည်းသားတို့သည်၊ "မယံ = ငါတို့သည်၊ နဇာနာမ = မသိကြကုန်၊ နော = ငါတို့၏၊ သတ္ထဝါဟဇေဋ္ဌကော = လှည်းကုန်သည်မှူး ကြီးသည်၊ ဇာနာတိ = သိ၏။" ဣတိ = ဤသို့၊ အာဟံသု = ပြောကြကုန်ပြီ၊ မနုဿာ = လူတို့သည်၊ ဗောဓိသတ္တံ = ဘုရားလောင်းကို၊ "ပဏ္ဍိတ = ပညာရှိ၊ ကိန္တိ = အဘယ်သို့၊ ကတွာ = ပြု၍၊ တွံ = သင်သည်၊ ဣမဿ ရုက္ခဿ = ဤသစ်ပင်၏။ အနမ္ဗရုက္ခဘာဝံ = သရက်ပင်မဟုတ်သည်၏ အဖြစ်ကို၊ အညာသိ" တိ = သိပါသနည်းဟု၊ ပုစ္ဆိံသု = မေးကြကုန်ပြီ။

သော = ထိုဘုရားလောင်းသည်၊ "ဒွိဟိ ကာရဏေဟိ = နှစ်ပါးကုန် သော အကြောင်းတို့ဖြင့်၊ အညာသိ" န္တိ = သိပြီဟု၊ ဝတွာ = ဆို၍၊ ဣမံ = ဂါထံ = ဤဂါထာကို၊ အာဟ = ဆို၏။ (ကိံ = အဘယ်သို့၊ အာဟ = ဆိုသနည်း။)

၃၄။ "နာယံ ရုက္ခော ဒုရာရုဟော၊ နပိ ဂါမတော အာရကာ။
အာကာရကေန ဇာနာမိ၊ နာယံ သာဒုဖလော ဒုမော"
တိ။

ဂါထာအနက် ။ ။ အယံ ရုက္ခော = ဤသစ်ပင်သည်၊ ဒုရာရုဟော = ခဲယဉ်းစွာတက်ရသည်၊ န = မဟုတ်ချေ၊ ဂါမတော = ရွာမှ၊ နပိအာရကာ = ဝေးသည်လည်းမဟုတ်ချေ၊ အာကာရကေန = ဤနှစ်ပါးသောအကြောင်းကြောင့်၊ အယံရုက္ခော = ဤသစ်ပင်သည်၊ သာဒုဖလော = ချိုမြိန်သောအသီးရှိသော ဒုမော = သစ်ပင်သည်၊ န = မဟုတ်ချေ၊ ဣတိ = ဤသို့၊ အဟံ = ငါသည်၊ ဇာနာမိ = သိ၏။ (ဣတိ = ဤသို့၊ အာဟ = ဆို၏)။

တတ္ထ နာယံ ရုက္ခော ဒုရာရုဟောတိ။ (ပ) ။ ဒုမောတိ။

တတ္ထ = ထိုဂါထာပုဒ်၌၊ နာယံ ရုက္ခော ဒုရာရုဟောတိ = နာယံ ရုက္ခော ဒုရာရုဟော = ဟူသည်ကား၊ အယံ ဝိသရုက္ခော = ဤအဆိပ်ပင် သည်၊ န ဒုက္ခာရုဟော = ခဲယဉ်းစွာ တက်အပ်သည့် သစ်ပင်မဟုတ်ချေ၊ ဉက္ခိပိတွာ = ထောင်၍၊ ဌပိတနိဿေဏိဝိယ = ထားအပ်သောလှေခါး သည်ကဲ့သို့၊ သုခေန = လွယ်ကူစွာဖြင့်၊ အာရောဟိတုံ = တက်ခြင်းငှာ၊ သက္ကာ = တတ်နိုင်၏၊ ဣတိ = ဤသို့၊ ဝဒတိ = ဆို၏။

နပိ ဂါမတော အာရကာတိ = နပိဂါမတော အာရကာ = ဟူသည်ကား၊ ဂါမတော = ရွာမှ၊ ဒူရေ = အဝေး၌၊ ဌိတောပိ = တည်သည်လည်း၊ နဟောတိ = မဟုတ်၊ ဂါမဒွါရေ = ရွာ၏တံခါး၌၊ ဌိတောယေဝ = တည်ရှိ သည်သာတည်း၊ ဣတိ + ဣမံအတ္ထံ = ဤအနက်ကို၊ ဒီပေတိ = ပြ၏။

အာကာရကေန ဇာနာမီတိ = အာကာရကေန ဇာနာမိ = ဟူသည် ကား၊ ဒုဝိဓေန = နှစ်ပါးအပြားရှိသော၊ ဣမိနာ ကာရဏေန = ဤ အကြောင်းကြောင့်၊ ဝါ = ဖြင့်၊ အဟံ = ငါသည်၊ ဣမံ ရုက္ခံ = ဤသစ်ပင်ကို၊ ဇာနာမိ = သိ၏၊ ကိန္တိ = အဘယ်သို့၊ ဇာနာမိ = သိရသနည်း၊ အယံ = ဤသစ်ပင်သည်၊ သာဒုဖလော = ချိုမြိန်သော အသီးရှိသော၊ ဒုမော = သစ်ပင်သည်၊ သာဒုဖလော = ချိုမြိန်သောအသီးရှိသော၊ ဒုမော = သစ်ပင်သည်၊ န = မဟုတ် ချေ၊ ဣတိ = ဤသို့၊ ဇာနာမိ = ၏။

သစေ ဟိ အယံ မဓုရဖလော။ (ပ) ။ ဂတော။

ဟိ = ချဲ့၍ဆိုဦးအံ့၊ အယံ = ဤသစ်ပင်သည်၊ မဓုရဖလော = ချိုမြိန်သောအသီးရှိသော၊ အမ္ဗရုက္ခော = သရက်ပင်သည်၊ သစေ

အဘာဝိသ = အကယ်၍ဖြစ်အံ့၊ ဧဝံ = ဤသို့၊ သုခါရုဠှေ = လွယ်ကူစွာတက်နိုင် သော၊ အဝိဒူရေ = မဝေးသောအရပ်၌၊ ဌိတေ = တည်ရှိသော၊ ဧတသ္မိံ = ဤသစ်ပင်၌၊ ဧကမ္ပိဖလံ = အသီးတစ်လုံးမျှသည်လည်း၊ နတိဋ္ဌေယျ = မတည်ရှိရာ၊ ဖလခါဒက မနုဿေဟိ = အသီးစားကြသော လူတို့သည်၊ နိစ္စံ = အမြဲ၊ ပရိဝုတော၀ = ခြံရံသည်သာဖြစ်၍၊ အဿ = ဖြစ်ရာ၏၊ ဧဝံ = ဤသို့၊ အဟံ = သည်၊ အတ္တနော = ၏၊ ဉာဏေန = ဖြင့်၊ ပရိစ္ဆိန္ဒိတွာ = ပိုင်းခြား၍၊ ကိမ္ပက္ကမသ = ဤသစ်ပင်၏၊ ဝိသရုက္ခဘာဝံ = အဆိပ်ပင်၏ အဖြစ်ကို၊ အညာသိံ = သိရပြီ၊ ဣတိ = ဤသို့၊ မဟာဇနဿ = လူအပေါင်းအား၊ ဓမ္မံ = ကို၊ ဒေသေတွာ = ဟော၍၊ သောတ္ထိဂမနံ = ကောင်းသောသွားခြင်းသို့၊ ဂတော = သွားပြီ။

သတ္ထာပိ။ (ပ) ။ အဟမေဝ အဟောသိ” န္တိ။ ကိံဖလဇာတကဝဏ္ဏနာ စတုတ္ထာ။

သတ္ထာပိ = မြတ်စွာဘုရားသည်လည်း၊ “ဘိက္ခဝေ = တို့၊ ဧဝံ = ဤသို့၊ ပုဗ္ဗေ = ရှေးအခါ၌၊ ပဏ္ဍိတာပိ = ပညာရှိတို့သည်လည်း၊ ဖလကုသလာ = သစ်သီး၌ကျွမ်းကျင်လိမ္မာကြသည်၊ အဟေသုံ” န္တိ = ဖြစ်ကြကုန်ပြီ ဟု၊ ဣမံ ဓမ္မဒေသနံ = ဤတရားဒေသနာကို၊ အာဟရိတွာ = ဆောင်၍၊ အနုသန္ဓိံ = အနုသန္ဓေကို၊ ဃဋ္ဋေတွာ = စပ်၍၊ “တဒါ = ထိုအခါ၌၊ ပရိသာ = ပရိသတ်တို့သည်၊ ဗုဒ္ဓပရိသာ = ဘုရား၏ပရိသတ်တို့သည်၊ အဟေသုံ = ဖြစ်ကြပြီ၊ သတ္ထဝါဟောပန = လှည်းကုန်သည်မှူးသည်ကား၊ အဟမေဝ = ငါဘုရားသည်သာ၊ အဟောသိံ = ဖြစ်ပြီ၊” ဣတိ = ဤသို့၊ ဇာတကံ = ဇာတ်တော်ကို၊ သမောဓာနေသိ = ပေါင်းတော်မူပြီ။

စတုတ္ထာ = လေးပါးမြောက်သော၊ ကိံဖလဇာတကဝဏ္ဏနာ = ကိံဖလဇာတ်၏အဖွင့်သည်၊ နိဋ္ဌိတာ = ပြီး၏။

* * * * *

၅ – ပဉ္စဝုဓဇာတက ဝဏ္ဏနာ (၅၅)

ယော အလီနေန စိတ္တေနာတိ ဣဒံ။ (ပ) ။ အတီတံ အာဟရိ။

ယော အလီနေန စိတ္တေနာတိ ဣဒံ = ယော အလီနေန စိတ္တေန - ဟူသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤပဉ္စာဝုဓဇာတ်ကို၊ သတ္ထာ = သည်၊ ဇေတဝနေ = ၌၊ ဝိဟရန္တော = စဉ်၊ ဧကံ = တစ်ပါးသော၊ သြဿဋ္ဌဝီရိယံ = လျော့ချသော ဝီရိယရှိသော၊ ဘိက္ခုံ = ရဟန်းကို၊ အာရဗ္ဘ = ၍၊ ကထေသိ = ပြီ၊ သတ္ထာ = သည်၊ တံ ဘိက္ခုံ = ထိုရဟန်းကို၊ အာမန္တေတွာ = ခေါ်တော်မူ၍၊ "ဘိက္ခု = ရဟန်း၊ တွံ = သင်သည်၊ သြဿဋ္ဌ ဝီရိယော = လျော့ချသော ဝီရိယရှိသည်၊ အသိ = ဖြစ်သည်၊ သစ္စံကိရ = မှန်၏လော၊" ဣတိ = ဤသို့၊ ပုစ္ဆိတွာ = မေးမြန်း၍၊ "ဘဂဝါ = မြတ်စွာ ဘုရား၊ သစ္စံ = မှန်ပါ၏ဘုရား၊" ဣတိ = ဤသို့၊ ဝုတ္တေ = ဆိုအပ်သော်၊ "ဘိက္ခု = ရဟန်း၊ ပုဗ္ဗေ = ရှေးအခါကာလ၌၊ ပဏ္ဍိတာ = ပညာရှိတို့သည်၊ ဝီရိယံ = ကို၊ ကာတုံ = ပြုခြင်းငှာ၊ ယုတ္တဋ္ဌာနေ = သင့်တော်သော နေရာ၌၊ ဝီရိယံ = ကို၊ ကတွာ = ၍၊ ရဇ္ဇသမ္ပတ္တိံ = မင်းစည်းစိမ်သို့၊ ပါပုဏိံသု = ရောက်ကြ, ရကြကုန်ပြီ၊" ဣတိ = ဤသို့၊ ဝတွာ = ဆို၍၊ အတီတံ = အတိတ်ကို၊ အာဟရိ = ဆောင်တော်မူပြီ။

အတီတေ ဗာရာဏသိယံ။ (ပ) ။ ပုစ္ဆိသု။

အတီတေ = ရှေးလွန်လေပြီးသောအခါ၌၊ ဗာရာဏသိယံ = ဗာရာ ဏသီပြည်၌၊ ဗြဟ္မဒတ္တေ = ဗြဟ္မဒတ်မင်းသည်၊ ရဇ္ဇံ = မင်း၏အဖြစ်ကို၊ ကာရေန္တေ = ပြုစဉ်၊ ဗောဓိသတ္တော = သည်၊ တဿရညော = ထိုဗြဟ္မဒတ် မင်း၏၊ အဂ္ဂမဟေသိယာ = မိဖုရား ကြီး၏၊ ကုစ္ဆိသ္မိံ = ဝမ်းတိုက်၌၊ နိဗ္ဗတ္တိ = ဖြစ်ပြီ၊ တဿ = ထိုဘုရား လောင်းအား၊ နာမဂ္ဂဟဏဒိဝသေ = နာမည်ပေးသောနေ့၌၊ အဋ္ဌသတေ = ရှစ်ရာကုန်သော၊ ဗြာဟ္မဏေ = ပုဏ္ဏားတို့ကို၊ သဗ္ဗကာ မေဟိ = အလုံးစုံသော လိုရာဝတ္ထုတို့ဖြင့်၊ သန္တပေတွာ = ရောင့်ရဲ စေ၍၊ လက္ခဏာနိ = လက္ခဏာတို့ကို၊ ပုစ္ဆိသု = မေးကြကုန်ပြီ။

လက္ခဏကုသလာ ဗြာဟ္မဏာ။ (ပ) ။ ဗျာကရိံသု။

လက္ခဏကုသလာ = လက္ခဏာ၌ ကျွမ်းကျင်ကုန်သော၊ ဗြာဟ္မဏာ = ပုဏ္ဏားတို့သည်၊ လက္ခဏသမ္ပတ္တိံ = လက္ခဏာနှင့် ပြည့်စုံသည်ကို၊ ဒိသွာ = မြင်၍၊ “မဟာရာဇ = မင်းကြီး၊ ကုမာရော = မင်းသားသည်၊ ပုညသမ္ပန္နော = ဘုန်းကံနှင့်ပြည့်စုံ၏၊ တုမှာကံ = သင်မင်းကြီးတို့၏၊ အစ္စယေန = လွန်သဖြင့်၊ ရဇ္ဇံ = မင်း၏ အဖြစ်သို့၊ ပါပုဏိဿတိ = ရောက်လတ္တံ့၊ ပဉ္စာဝုဓကမ္မေ = ငါးပါး သောလက်နက်အမှု၌၊ ပညာတော ပါကဋော = ထင်ရှားသည် ဖြစ်၍၊ ဇမ္ဗုဒီပေ = ဇမ္ဗုဒိပ်၌၊ အဂ္ဂပုရိသော = မြတ်သောယောကျ်ား သည်၊ ဘဝိဿတိ = ဖြစ်လတ္တံ့၊” ဣတိ = ဤသို့၊ ဗျာကရိံသု = ဟောကြားကုန်ပြီ။

ရာဇာ ဗြာဟ္မဏာနံ ဝစနံ သုတွာ။ (ပ) ။ အာဟ။

ရာဇာ = မင်းကြီးသည်၊ ဗြာဟ္မဏာနံ = ပုဏ္ဏားတို့၏၊ ဝစနံ = စကား ကို၊ သုတွာ = ကြား၍၊ ကုမာရဿ = မင်းကြီး၏။

နာမံ = အမည်ကို၊ ဂဏှန္တော = မှည့်ယူသည်ရှိသော်“ပဉ္စာဝုဓကုမာရော” တိ = ပဉ္စာဝုဓမင်းသားဟု၊ နာမံ = အမည်ကို၊ အကာသိ = မှည့်ပြီ၊ ဝါ = ပြုပြီ၊ အထ = ထိုအခါ၌၊ ဝိညုတံ = သိကြားလိမ္မာသည်၏အဖြစ်သို့၊ ပတ္တာ = ရောက်၍၊ သောဠသဝဿုဒ္ဒေသေ = တစ်ဆယ့်ခြောက်နှစ်အရွယ်၌၊ ဌိတံ = တည်ရှိသော၊ နံ = ထိုပဉ္စာဝုဓမင်းသားကို၊ ရာဇာ = ဗြဟ္မဒတ်မင်းကြီးသည်၊ အာမန္တေတွာ = ခေါ်၍၊ “တာတ = ချစ်သား၊ သိပ္ပံ = အတတ်ပညာကို၊ ဥဂ္ဂဏှာဟိ = သင်ယူချေလော့၊” ဣတိ = ဤသို့၊ အာဟ = ဆိုတော်မူ၏။

ကဿ သန္တိကေ။ (ပ) ။ သဟဿံ ဒတွာ ဥယျောဇေသိ။

ဒေဝ = မင်းကြီး၊ ကဿ = ဘယ်သူ၏၊ သန္တိကေ = အထံ၌၊ ဥဂ္ဂဏှာမိ = သင်ရပါသနည်း၊ ဣတိ = ဤသို့၊ ပုစ္ဆိ = မေး၏၊ “တာတ = ချစ်သား၊ ဂစ္ဆ = သွားလော့၊ ဂန္ဓာရရဋ္ဌေ = ဂန္ဓာရတိုင်း၌၊ တက္ကသိလနဂရေ = တက္ကသိုလ်ပြည်၌၊ ဒိသာပါမောက္ခဿ = ဒိသာပါမောက္ခဖြစ်သော၊ အာစရိယဿ = ဆရာ၏၊ သန္တိကေ = အထံ၌၊ ဥဂ္ဂဏှ = သင်လော့၊ အဿ = ထိုဆရာ၏၊ ဝါ = ထိုဆရာအား၊ ဣဒဉ္စ အာစရိယဘာဂံ = ဤဆရာ၏ အဘို့ကိုလည်း၊ ဒဒေယျာသိ” တိ = ပေးရာ၏ဟု၊ သဟဿံ = အသပြာတစ်ထောင် ကို၊ ဒတွာ = ပေး၍၊ ဥယျောဇေသိ = လွှတ်လိုက်လေပြီ။

သော တတ္ထ ဂန္တွာ။ (ပ) ။ ဗာရာဏသိမဂ္ဂံ ပဋိပဇ္ဇိ။

သော = ထိုပဉ္စာဝုဓမင်းသားသည်၊ တတ္ထ = ထိုတက္ကသိုလ်ပြည်သို့၊ ဂန္တွာ = သွား၍၊ သိပ္ပံ = အတတ်ပညာကို၊ သိက္ခိတွာ = သင်ပြီး၍၊ အာစရိယေန = ဆရာသည်၊ ဒိန္နံ = ပေးအပ်သော၊

ပဥ္စဝုဓံ = လက်နက်ငါးမျိုးကို၊ ဂဟေတွာ = ယူ၍၊ အာစရိယံ = ဆရာကို၊ ဝန္ဒိတွာ = ရှိခိုး၍၊ တက္ကသိလနဂရတော = တက္ကသိုလ်ပြည်မှ၊ နိက္ခမိတွာ = ထွက်၍၊ သန္နဒ္ဓပဥ္စာဝုဓော = သိုင်းဖွဲ့လွယ်အပ်သောလက်နက်ငါးမျိုးရှိသည်ဖြစ်၍၊ ဗာရာဏသိမဂ္ဂံ = ဗာရာဏသီလမ်းခရီးသို့၊ ပဋိပဇ္ဇိ = သွားလေပြီ။

သော အန္တရာမဂ္ဂေ။ (ပ) ။ ဝါရယိံသု။

သော = ထိုပဥ္စာဝုဓမင်းသားသည်၊ အန္တရာမဂ္ဂေ = လမ်းခရီးအကြား၌၊ သိလေသလောမယက္ခေန နာမ = စေးကပ်သောအမွေးရှိသောဘီလူးသည်မည်သည်၊ အဓိဋ္ဌိတံ = အဓိဋ္ဌာန်အပ်သော၊ ဝါ = ကြီးစိုးအပ်သော၊ ဧကံ အဋဝိံ = တစ်ခုသောတောအုပ်သို့၊ ပါပုဏိ = ရောက်လေပြီ၊ အထ = ထိုအခါ၌၊ နံ = ထိုပဥ္စာဝုဓမင်းသားကို၊ အဋဝိမုခေ = တောအုပ်၏အဝ၌၊ မနုဿာ = လူသားတို့သည်၊ ဒိသွာ = မြင်၍၊ "ဘော မာဏဝ = အိုလုလင်၊ ဣမံ အဋဝိံ = ဤတောအုပ်သို့၊ မာ ပဝိသ = မဝင်ပါနှင့်၊ ဧတ္ထ = ဤတောအုပ်၌၊ သိလေသလောမယက္ခော နာမ = စေးကပ်သောအမွေးရှိသောဘီလူးသည်မည်သည်၊ အတ္ထိ = ရှိ၏၊ သော = ထိုဘီလူးသည်၊ ဒိဋ္ဌဒိဋ္ဌေ = မြင်အပ်မြင်အပ်ကုန်သော၊ မနုဿေ = လူတို့ကို၊ ဇီဝိတက္ခယံ = အသက် ကုန်ဆုံးခြင်းသို့၊ ပါပေတိ = ရောက်စေ၏၊" ဣတိ = ဤသို့၊ ဝါရယိံသု = တားမြစ်ကြကုန်ပြီ။

ဗောဓိသတ္တော အတ္တာနံ တက္ကေန္တော။ (ပ) ။ အာဟ။

ဗောဓိသတ္တော = သည်၊ အတ္တာနံ = မိမိကိုယ်ကို၊ တက္ကေန္တော = ကြံစည်လျက်၊ အသမ္ဘီတ ကေသရ သီဟောဝိယ = တုန်လှုပ်ခြင်းမရှိသောကေသရခြင်္သေ့သည်ကဲ့သို့၊ အဋဝိံ = တောအုပ်သို့၊ ပါဝိသိယေဝ = ဝင်သည်သာတည်း၊ တသ္မိံ = ထိုပဥ္စာဝုဓမင်းသား

သည်၊ အဍ္ဍဝိမဏ္ဍဲ = တောအုပ်၏ အလယ်သို့၊ သမ္ပတ္တော = ရောက်လတ်သည်ရှိသော်၊ သောယက္ခော = ထိုဘီလူးသည်၊ တာလမတ္တော = ထန်းပင်ပမာဏရှိသည်၊ ဟုတွာ = ဖြစ်၍၊ ကူဋာဂါရမတ္တံ = စုလစ်မွန်ချွန်းအထွဋ်တပ်သောအိမ်ပမာဏရှိသော၊ သီသံ = ဦးခေါင်းကိုလည်းကောင်း၊ တစ်နည်းကား၊ ကူဋာဂါရမတ္တံ = စုလစ်မွန်ချွန်းအထွဋ်မျှရှိသော၊ သီသံ = ဦးခေါင်းကိုလည်းကောင်း၊ ပတ္တပ္ပမာဏာနိ = သပိတ်ပမာဏရှိကုန်သော၊ အက္ခီနိ = မျက်စေ့တို့ကိုလည်းကောင်း၊ ဒကလိမကုဋ္ဋမတ္တာ = ငှက်ပျောဖူးပမာဏရှိကုန်သော၊ ဒွေဒါဌာစ = အစွယ်နှစ်ချောင်းတို့ကိုလည်းကောင်း၊ မာပေတွာ = ဖန်ဆင်း၍၊ သေတမုခေါ = ဖြူသောမျက်နှာရှိသည်၊ ကဗရကုစ္ဆိ = ပြောက်ကျားသောဝမ်းဗိုက်ရှိသည်၊ နီလဟတ္ထပါဒေါ = ညိုမဲသောလက်ခြေရှိသည်၊ ဟုတွာ = ဖြစ်၍၊ ဗောဓိသတ္တဿ = ဘုရားလောင်းအား၊ ဒဿေတွာ = ပြ ၍၊ "တွံ = သင်သည်၊ ကဟံ = အဘယ်အရပ်သို့၊ ယာသိ = သွားသနည်း၊ တိဋ္ဌ = ရပ်၊ တွံ = သင်သည်၊ မေ = ငါ၏၊ ဘက္ခော = အစာသည်၊ အသိ = ဖြစ်ပြီ၊" ဣတိ = ဤသို့၊ အာဟ = ဆို၏။

အထ နံ ဗောဓိသတ္တော၊ (ပ) ၊ လောမေသုယေဝ အလ္လီယိ။

အထ = ထိုအခါ၌၊ နံ = ထိုဘီလူးကို၊ ဗောဓိသတ္တော = သည်၊ "ယက္ခ = ဘီလူး၊ အဟံ = ငါသည်၊ အတ္တာနံ = ကိုယ်ကို၊ တက္ကေတွာ = ကြံစည်၍၊ ဣဓ = ဤတောအုပ်သို့၊ ပဝိဋ္ဌော = ဝင်ပြီ၊ တွံ = သည်၊ အပ္ပမတ္တော = မမေ့လျော့သည်၊ ဟုတွာ = ဖြစ်၍၊ မံ = ငါ့ထံသို့၊ ဥပဂစ္ဆေယျာသိ = ချဉ်းကပ်ရာ၏၊ ဝိသပီတေန = အဆိပ်လူးထားသော၊ သရေန = မြှားဖြင့်၊ တံ = သင့်ကို၊

ဝိဇ္ဈိတွာ = ပစ်ခွင်း၍၊ ဧတ္တေဝ = ဤနေရာ၌ပင်၊ ပါတေဿာမိ = လဲကျစေအံ့။ ဝါ = သတ်အံ့၊” ဣတိ = ဤသို့၊ သန္တဇ္ဇေတွာ = ခြိမ်းခြောက်၍၊ ဟလာဟလဝိသပီတံ = လတ်တလောသေစေတတ်သော အဆိပ်ဖြင့်လူးသော၊ သရံ = မြားကို၊ သန္နယှိတွာ = ဖွဲ့၍၊ ဝါ = စီရင်၍၊ မုဉ္စိ = လွှတ်ပြီ၊ သော = ထိုမြားသည်၊ ယက္ခဿ = ၏၊ လောမေသုယေဝ = အမွေးတို့၌သာ၊ အလ္လီယိ = ကပ်ငြိပြီ။

တတော အညံ၊ တတော အညန္တိ။ (ပ) ။ အလ္လီယိ။

တတော = ထိုမှ၊ အညံ = အခြားသောမြားတစ်စင်းကို၊ မုဉ္စိ = လွှတ်ပြီ၊ တတော = ထိုမှ၊ အညံ = အခြားသောမြားတစ်စင်းကို၊ မုဉ္စိ = လွှတ်ပြီ၊ ဣတိ ဧဝံ = ဤသို့၊ ပဉ္စသသရေ = ငါးဆယ်ကုန်သောမြားတို့ကို၊ မုဉ္စိ = လွှတ်ပြီ၊ သဗ္ဗေ = အလုံးစုံကုန်သောမြားတို့သည်၊ တဿ = ထိုဘီလူး၏၊ လောမေသုယေဝ = အမွေးတို့၌သာ၊ အလ္လီယိံသု = ကပ်ငြိကြကုန်ပြီ၊ ယက္ခော = ဘီလူးသည်၊ သဗ္ဗေပိ = အလုံးစုံလည်းဖြစ်ကုန်သော၊ တေ သရေ = ထိုမြားတို့ကို၊ ဖောဋေတွာ = ခါ၍၊ အတ္တနော = မိမိ၏၊ ပါဒမူလေယေဝ = ခြေရင်း၌သာလျှင်၊ ပါတေတွာ = ချ၍၊ ဗောဓိသတ္တံ = ဘုရားလောင်းသို့၊ ဥပသင်္ကမိ = ချဉ်းကပ်ပြီ။

ဗောဓိသတ္တော = သည်၊ ပုနပိ = နောက်တစ်ဖန်လည်း၊ တံ = ထို ဘီလူးကို၊ တဇ္ဇေတွာ = ခြိမ်းခြောက်၍၊ ခဂ္ဂံ = သန်လျက်ကို၊ ကဍ္ဎိတွာ = ဆွဲ၍၊ ပဟရိ = ခုတ်၏။ တေတ္တိံသင်္ဂုလာယတော = သုံးဆယ်သုံးလက်သစ်ရှိ သံတွေဖြင့် ပြုလုပ်အပ်သော၊ ခဂ္ဂေါ = သံလျက်သည်၊ လောမေသုယေဝ = အမွေးတို့၌သာ၊ အလ္လီယိ = ကပ်ငြိပြီ။

အထ နံ ကာကာယေန ပဟာရိ။ (ပ) ။ အလ္လီယိ။

အထ = ထိုအခါ၌၊ နံ = ထိုဘီလူးကို၊ ကာကာယေန = တောင်ဖြင့်၊ ပဟာရိ = ရိုက်နှက်ပြီ၊ သောပိ = ထိုတောင်သည်လည်း၊ လောမေသုယေဝ = အမွေးတို့၌သာ၊ အလ္လီယိ = ငြိ၊ တဿ = ထိုတောင်သည်၊ အလ္လီနဘာဝံ = ကပ်ငြိသည်၏အဖြစ်ကို၊ ဉတွာ = သိ၍၊ မုဂ္ဂရေန = ဆောက်ပုတ်ဖြင့်၊ ပဟာရိ = ရိုက်နှက်ပြီ၊ သောပိ = ထိုဆောက်ပုတ်သည်လည်း၊ လောမေသု ယေဝ = တို့၌သာ၊ အလ္လီယိ = ငြိ၊ တဿ = ထိုဆောက်ပုတ်၏၊ အလ္လီနဘာဝံ = ကပ်ငြိသည်၏အဖြစ်ကို၊ ဉတွာ = ၍၊ ကုန္တေန = လှံတံဖြင့်၊ ပဟာရိ = ထိုးခတ်၏။ သောပိ = ထိုလှံတံသည်လည်း၊ လောမေသုယေဝ = တို့ ၌သာ၊ အလ္လီယိ = ငြိ။

ဘဿ အလ္လီနဘာဝံ ဉတွာ။ (ပ) ။ အလ္လီယိ။

တဿ = ထိုလှံတံ၏။ အလ္လီနဘာဝံ = ကပ်ငြိသည်၏အဖြစ်ကို၊ ဉတွာ = သိ၍၊ "ဘောယက္ခ = အိုဘီလူး၊ တေ = သင်သည်၊ အဟံ = ငါ့ကို၊ 'ပဉ္စာဝုဓကုမာရော နာမာ" တိ = ပဉ္စာဝုဓမင်းသားမည်သည်ဟု၊ န သုတပုဗ္ဗော = ရှေး၌မကြားဘူးသလော၊ အဟံ = ငါသည်၊ တယာ = သင်သည်၊ အဓိဋ္ဌိတံ = စောင့်ရှောက်အပ်သော၊ အဋ္ဋဝိ = တောအုပ်သို့၊ ပဝိသန္တော = ဝင်သည်ရှိသော်၊ ဓနုအာဒီနိ = လေးအစရှိသည်တို့ကို၊ တက္ကေတွာ = ကြံစည်၍၊ နပဝိဋ္ဌော = ဝင်အပ်သည်မဟုတ်၊ ပန = စင်စစ်၊ အတ္တာနံ ယေဝ = မိမိကိုယ်ကို၊ တက္ကေတွာ = ကြံဆ၍၊ ပဝိဋ္ဌော = ဝင်ပြီ၊ အဇ္ဇ = ယနေ့၊ တံ = သင့်ကို၊ ပေါထေတွာ = သတ်၍၊ စုဏ္ဏဝိစုဏ္ဏံ = မှုန့်မှုန့်ညက်ညက်ကျေသည်ကို၊ ကရိဿာမိဇတိ = ပြုအံ့ဟု၊ ဉန္နာဒေန္တော = ကြုံးဝါးလျက်၊ အတ္တာနံ = ကိုယ်ကို၊ တက္ကေတွာ = ကြံဆ၍၊

ဒက္ခိဏဟတ္ထေန = လက်ျာလက်ဖြင့်၊ ယက္ခံ = ဘီလူးကို၊ ပဟရိ = ရိုက်နှက်ပြီ၊ ဟတ္ထော = လက်ယာလက်သည်၊ လောမေသုယေဝ = တို့၌သာလျှင်၊ အလ္လီယိ = ငြိ။

ဝါမဟတ္ထေန ပဟရိ။ (ပ)။ နိဿာရဇ္ဇော အဟောသိ။

ဝါမဟတ္ထေန = လက်ဝဲလက်ဖြင့်၊ ပဟရိ = ရိုက်နှက်ပြီ၊ သောပိ = ထိုလက်ဝဲလက်သည်လည်း၊ အလ္လီယိ = ငြိ၊ ဒက္ခိဏပါဒေန = လက်ယာခြေဖြင့်၊ ပဟရိ = ခတ်ပြီ၊ သောပိ = ထိုလက်ယာခြေသည်လည်း၊ အလ္လီယိ = ငြိ၊ ဝါမပါဒေန = လက်ဝဲခြေဖြင့်၊ ပဟရိ = ခတ်ပြီ၊ သောပိ = ထိုလက်ဝဲ ခြေသည်လည်း၊ အလ္လီယိ = ကပ်ပြီ၊ "သီသေန = ဦးခေါင်းဖြင့်၊ တံ = ထို ဘီလူးကို၊ ပေါထေတွာ = တိုက်ခတ်၍၊ စုဏ္ဏဝိစုဏ္ဏံ = မှုန့်မှုန့်ညက်ညက်ကြေသည်ကို၊ ကရိဿာမိ" ဣတိ = ပြုအံ့ ဟု၊ သီသေန = ဦးခေါင်းဖြင့်၊ ပဟရိ = တိုက်ခတ်ပြီ။ တမ္ပိ = ထို ဦးခေါင်းသည်လည်း၊ လောမေသုယေဝ = အမွေးတို့၌သာ၊ အလ္လီယိ = ကပ်ငြိပြီ၊ သော = ထိုပဉ္စဝုဓမင်းသားသည်၊ ပဉ္စောဍ္ဍိတော = ငါးပါးသောဌာနတို့ဖြင့်ထောင်အပ်သည်ဖြစ်၍၊ ပဉ္စသုဌာနေသု = ငါးပါးကုန်သောဌာနတို့၌၊ ဗဒ္ဓေါ = ကပ်သည်၊ ဩလမ္ဗန္တေပိ = တွဲလျားရှိသည်ဖြစ်သော်လည်း၊ နိဗ္ဘယော = ကြောက်ခြင်းမရှိသည်၊ နိဿာရဇ္ဇော = ရွံ့ရှာခြင်းမရှိသည်သာ၊ အဟောသိ = ဖြစ်ပြီ။

ယက္ခော စိန္တေသိ။ (ပ) ။ ပုစ္ဆိ။

ယက္ခော = ဘီလူးသည်၊ "အယံ = ဤယောက်ျားသည်၊ ဧကော = တစ်ယောက်သော၊ ပုရိသသီဟော = ခြင်္သေ့နှင့်တူသော ယောက်ျားတည်း၊ ပုရိသာဇာနီယော = ယောက်ျားအာဇာနည်တည်း၊ ပုရိသမဟတ္တာဝ = ယောက်ျားမည်ကာမျှသည်သာ၊ န = မဟုတ်ချေ၊

မာဒိသေန = ငါကဲ့သို့သောသဘောရှိသော၊ ယက္ခေန နာမ = ဘီလူးမည်သည်၊ ဂဟိတဿ = ဖမ်းယူအပ်သော၊ အဿ = ထိုယောကျ်ားအား၊ သန္တာသမတ္တမ္ပိ = ထိတ်လန့်မျှသည်လည်း၊ န ဘဝိဿတိ = မဖြစ်လတ္တံ့၊ ဣမံ မဂ္ဂံ = ဤတောလမ်း ခရီးကို၊ ဝါ = ဤတောလမ်းခရီးကိုသွားသူကို၊ ဟနန္တေန = သတ်ဖြတ်သော၊ မယာ = ငါသည်ဇဝရူပေါ = ဤကဲ့သို့သဘောရှိသော၊ ဧကောပိ = တစ်ယောက်သည်လည်းဖြစ်သော၊ ပုရိသော = ယောကျ်ားကို၊ နဒိဋ္ဌပုဗ္ဗော = ရှေး၌မမြင်ဘူးပြီ၊ သော+ဧသော = ဤယောကျ်ားသည်၊ ကသ္မာ = အဘယ့်ကြောင့်၊ နဘာယတိနုခေါ = မကြောက်သနည်း၊" ဣတိ = ဤသို့၊ စိန္တေသိ = စဉ်းစားပြီ၊ သော = ထိုဘီလူးသည်၊ တံ = ထိုပဥ္စာဝုဓမင်းသားကို၊ ခါဒိတုံ = စားခြင်းငှာ။ အဝိသဟန္တော = မဝံ့မရဲသည်ဖြစ်၍၊ "မာဏဝ = လုလင်၊ တွံ = သင်သည်၊ ကသ္မာ = အဘယ့်ကြောင့်၊ မရဏဘယံ = သေဘေးကို၊ န ဘာယသိနုခေါ = မကြောက်သနည်း၊" ဣတိ = ဤသို့၊ ပုစ္ဆိ = မေးပြီ။

ကိံ ကာရဏာ ယက္ခ။ (ပ) ။ န ဘာယာမိတိ။

ယက္ခ = ဘီလူး၊ ကိံ ကာရဏာ = အဘယ်အကြောင်းကြောင့်၊ ဘာယိဿာမိ = ကြောက်ရအံ့နည်း၊ ဧကသ္မိံ အတ္တဘာဝေ = အတ္တဘော တစ်ခု၌၊ ဧကံ မရဏံ = တစ်ကြိမ်သော သေခြင်းသည်၊ နိယတမေဝ = မြဲသည်သာတည်း၊ ဝါ = ဓမ္မတာသည်သာတည်း၊ အပိစ = စင်စစ်သော်ကား၊ မယှံ = ငါ၏၊ ကုစ္ဆိမှိ = ဝမ်းဗိုက်၌၊ ဝဇိရာဝုဓံ = ဝရဇိန်လက်နက်သည်၊ အတ္ထိ = ၏၊ မံ = ငါ့ကို၊ သစေ ခါဒိဿသိ = အကယ်၍စားအံ့၊ တံအာဝုဓံ = ထိုဝရဇိန်လက်နက်ကို၊ ဇီရာပေတုံ = ကြေညက်စေခြင်းငှါ၊ န သက္ခိဿသိ = မတတ်နိုင်လတ္တံ့၊ တံ = ထိုဝရဇိန်လက်နက်သည်၊ တေ = သင်၏၊ အန္တာနိ =

အူမတို့ကို၊ ခဏ္ဍာခဏ္ဍိကံ = အပိုင်းအပိုင်းကို၊ ဆိန္နိတွာ = ဖြတ်၍၊ ဗိဝိတကွယံ = အသက်ကုန်ဆုံးခြင်းသို့၊ ပါပေဿတိ = ရောက်လတ္တံ့၊ ကူတိ = ဤသို့၊ ဥဘောပိ = ငါတို့နှစ်ယောက်သည်လည်း၊ နဿိဿာမ = ပျက်စီးသေကြကုန်လတ္တံ့၊ ကုမိနာကာရဏေန = ဤအကြောင်းကြောင့်၊ အဟံ = ငါသည်၊ န ဘာယာမိ = မကြောက်၊ ကူတိ = ဤသို့၊ အာဟ = ဆို၏၊

ကူဒံ ကိရ ဗောဓိသတ္တော။ (ပ) ။ အာဟ။

ကူဒံ = ဤစကားကို၊ ဗောဓိသတ္တော = ဘုရားလောင်းသည်၊ အတ္တနော = မိမိ၏၊ အဗ္ဘန္တရေ = ကိုယ်တွင်း၌၊ ဉာဏာဝုဓံ = ဉာဏ်လက်နက် ကို၊ သန္နာယ = ရည်ရွယ်၍၊ ကထေသိ ကိရ = ဆိုသတတ်၊ ဣဒံ = ဤစကားကို၊ သုတွာ = ကြား၍၊ ယက္ခော = သည်၊ "အယံ မာဏဝေါ = ဤလုလင်သည်၊ သစ္စမေဝ = မှန်သောစကားကိုသာ၊ ဘဏတိ = ဆို၏။ ကုမဿပုရိသသီဟဿ = ဤယောကျ်ားခြသေ့၏၊ သရီရတော = ကိုယ်မှ၊ မုဂ္ဂဗီဇ မတ္တမ္ပိ = ပဲနောက်စေ့မျှလည်းဖြစ်သော၊ မံသခဏ္ဍံ = အသားပိုင်းသည်၊ မယှံ = ငါ၏၊ ကုစ္ဆိ = ဝမ်းကို၊ ဇီရေတုံ = ကြေညက်စေခြင်းငှာ၊ န သက္ခိဿတိ = မတတ်နိုင်လတ္တံ့၊ နံ = ထိုလုလင်ကို၊ ဝိဿဇ္ဇေဿာမိတိ = လွှတ်အံ့ဟု၊ မရဏဘယတဇ္ဇိတော = သေဘေးမှကြောက်သည်ဖြစ်၍၊ ဗောဓိသတ္တံ = ကို၊ ဝိဿဇ္ဇေတွာ = လွှတ်၍၊ "မာဏဝ = လုလင်၊ တွံ = သင်သည်၊ ပုရိသသီဟော = ခြသေ့နှင့်တူသောယောကျ်ားတည်း၊ အဟံ = သည်၊ တေ = သင်၏၊ မံသံ = အသားကို၊ နခါဒိဿာမိ = မစားအံ့၊ တွံ = သင်သည်၊ အဇ္ဇ = ယနေ့၌၊ ရာဟုမုခါ = ရာဟုခံတွင်းမှ၊ မုတ္တစန္ဒောဝိယ = လွတ်သော လသည်ကဲ့သို့၊ မမ = ငါ၏၊ ဟတ္ထတော = လက်မှ၊ မုစ္စိတွာ = လွတ်မြောက်၍၊ ဉာတိသုဟဇ္ဇ

မဏ္ဍလံ = ဆွေမျိုးခင်ပွန်းအသိုင်းအဝိုင်းကို၊ တောသေန္တော = နှစ်သက်စေသည်ဖြစ်၍၊ ယာဟိ” တိ = သွားချေ - ဟု၊ အာဟ = ဆို၏။

အထ နံ ဗောဓိသတ္တော အာဟ။ (ပ) ။ နယေန -

အထ = ထိုအခါ၌၊ ဗောဓိသတ္တော = သည်၊ နံ = ထိုဘီလူးကို၊ “ယက္ခ = ဘီလူး၊ အဟံ = ငါသည်၊ တာဝ = ဦးစွာ၊ ဂစ္ဆိဿာမိ = သွားအံ့၊ တွံ ပန = သင်သည်ကား၊ ပုဗ္ဗေပိ = ရှေးအခါ၌လည်း၊ အကုသလံ = မ ကောင်းမှုကို၊ ကတွာ = ပြု၍၊ လုဒ္ဒေါ = ကြမ်းကြုတ်သော၊ လောဟိတပါဏီ = သွေးကိုသောက်သော၊ ပရရုဟိရ မံသဘက္ခော = သူတစ်ပါး၏ အသွေးအသားကိုစားသော၊ ယက္ခော = ဘီလူးသည်၊ ဟုတွာ = ဖြစ်၍၊ နိဗ္ဗတ္တော = ဖြစ်ပြီ၊ ဣဓာပိ = ဤဘဝ၌လည်း၊ ဌတွာ = တည်၍၊ အကုသလမေဝ = အကုသိုလ်ကိုသာ၊ သစေကရိဿသိ = အကယ်၍ပြုအံ့၊ အန္ဓကာရာ = အမိုက်အမှောင်မှ၊ အန္ဓကာရမေဝ = အမိုက်အမှောင်သို့သာ၊ ဂမိဿသိ = သွားရလတ္တံ့၊ မံ = ငါ့ကို၊ ဒိဋ္ဌကာလတော = မြင်ရသောအ ချိန်မှ၊ ပဋ္ဌာယ = စ၍၊ တယာ = သင်သည်၊ အကုသလံ = ကို၊ ကာတုံ = ပြုခြင်းငှာ၊ နသက္ကာ = မတတ်ကောင်း၊ ဝါ = မသင့်တော်ချေ၊ ပါဏာတိပါတကမ္မံ နာမ = ပါဏာတိပါတကံမည်သည်၊ ဝါ = သူတစ်ပါး၏အသက်ကို သတ်ခြင်းအမှုမည်သည်၊ နိရယေ စ = ငရဲ၌လည်းကောင်း၊ တိရစ္ဆာနယောနိယံ စ = တိရစ္ဆာန်အမျိုး၌လည်းကောင်း၊ ပေတ္တိဝိသယေ စ = ပြိတ္တာဘုံ၌လည်းကောင်း၊ အသုရကာယေ စ = အသူရကာယ်ဘုံ၌လည်းကောင်း၊ နိဗ္ဗတ္တေတိ = ဖြစ်စေတတ်၏၊ မနုဿေသု = လူတို့၌လည်း၊ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ = ဖြစ်လေရာရာအရပ်၌၊ အပ္ပါယုကသံဝတ္တနိကံ =

အသက်တိုခြင်းကိုဖြစ်စေတတ်သည်။ ဟောတိ”တိ = ဖြစ်၏ဟူ၍ ဧဝမာဒိနာ နယေန = ဤသို့အစရှိသောနည်းဖြင့်။

ပဥ္စန္နံ ဒုဿီလျကမ္မာနံ။ (ပ) ။ ယထာကမ္မံ ဂတော။

ပဥ္စန္နံ = ငါးပါးကုန်သော၊ ဒုဿီလျကမ္မာနံ = သီလမရှိကုန်သောသူတို့ ၏၊ အာဒီနဝဥ္စ = အပြစ်ကိုလည်းကောင်း၊ ပဥ္စန္နံ = ငါးပါးကုန်သော၊ သီလာနံ = သီလတို့၏၊ အာနိသံသဥ္စ = အကျိုးကျေးဇူးကိုလည်းကောင်း၊ ကထေတွာ = ပြောပြ၍၊ နာနာကာရဏေဟိ = အကြောင်းအမျိုးမျိုးတို့ဖြင့်၊ ယက္ခံ = ဘီလူးကို၊ တဇ္ဇေတွာ = ခြိမ်းခြောက်၍၊ ဓမ္မံ = တရားကို၊ ဒေသေတွာ = ဟော၍၊ ဒမေတွာ = ဆုံးမပြီး၍၊ နိဗ္ဗိသေဝနံ = မာန်မရှိသည်ကို၊ ကတွာ = ပြု၍၊ ပဥ္စသုသီလေသု = ငါးပါးသီလတို့၌၊ ပတိဋ္ဌာပေတွာ = တည်စေ၍၊ နံ = ထိုဘီလူးကို၊ တဿာယေဝ အဋဝိယာ = ထိုတောအုပ်၌သာလျှင်၊ ဗလိပဋိဂ္ဂါဟကံ = ပူဇော်မှုကိုခံယူတတ်သော၊ ဒေဝတံ = နတ်၏အဖြစ်ကို၊ ကတွာ = ပြု၍၊ **အပ္ပမာဒေန = အပ္ပမာတရားဖြင့်၊** ဩဝဒိတွာ = ဆုံးမ၍၊ အဋဝိတော = တောအုပ်မှ၊ နိက္ခမိတွာ = ထွက်၍၊ အဋဝိမုခေ = တောအုပ်၏အဝ၌၊ မနုဿာနံ = လူတို့အား၊ အာစိက္ခိတွာ = ပြောကြားပြီး၍၊ သန္နဒ္ဓပဥ္စာဝုဓော = သိုင်းဖွဲ့အပ်သော ငါးမျိုးသောလက်နက်ရှိလျက်၊ ဝါ = လက်နက်ငါးမျိုးကို သိုင်းဖွဲ့လျက်၊ ဗာရာဏသိံ = ဗာရာဏသီပြည်သို့၊ ဂန္တွာ = သွား၍၊ မာတာပိတရော = မိဘတို့ကို၊ ဒိသွာ = မြင်၍၊ အပရဘာဂေ = နောက်အဖို့၌၊ ရဇ္ဇေ = မင်းတရား၏အဖြစ်၌၊ ပတိဋ္ဌာယ = တည်၍၊ ဓမ္မေန = တရားသဖြင့်၊ ရဇ္ဇံ = မင်း၏အဖြစ်ကို၊ ကာရေန္တော = ပြုလျက်၊ ဒါနာဒီနိ = ဒါနအစရှိကုန်သော၊ ပုညာနိ = ကောင်းမှုတို့ကို၊ ကတွာ = ပြု၍၊ ယထာကမ္မံ = ကံအားလျော်စွာ၊ ဂတော = လားပြီ။

သတ္ထာပိ ဣမံ ဓမ္မဒေသနံ အာဟရိတွာ အဘိသမ္ဗုဒ္ဓေါ ဟုတွာ ဣမံ ဂါထမာဟ -

သတ္ထာပိ = မြတ်စွာဘုရားသည်လည်း၊ ဣမံ = ဓမ္မဒေသနံ = ဤတရားဒေသနာကို၊ အာဟရိတွာ = ဆောင်၍၊ အဘိသမ္ဗုဒ္ဓေါ = သဗ္ဗညု မြတ်စွာဘုရားသည်။ ဟုတွာ = ဖြစ်ပြီး၍၊ ဣမံဂါထံ = ဤဂါထာကို၊ အာဟ = မိန့်ဆိုပြီ၊ (ကိံ = အဘယ်သို့၊ အာဟ = ဆိုသနည်း။)

၅၅။ **"ယော အလီနေနစိတ္တေန၊ အလီနမနသော နရော။**
ဘာဝေတိ ကုသလံ ဓမ္မံ ၊ ယောဂက္ခေမဿ ပတ္တိယာ။
ပါပုဏေ အနုပုဗ္ဗေန ၊ သဗ္ဗသံ ယောဇနက္ခယ" န္တိ။

ဂါထာအနက် ။ ။ ယော နရော = အကြင်ယောက်ျားသည်၊ အလီနေန = တွန့်တိုခြင်းမရှိသော၊ စိတ္တေန = စိတ်ဖြင့်၊ အလီနမနသော = ပကတိအားဖြင့်မတွန့်တိုသော စိတ်အလိုရှိသည်ဖြစ်၍၊ ယောဂက္ခေမဿ = ယောဂတရားလေးပါးကုန်ရာငြိမ်းရာနိဗ္ဗာန်သို့၊ ပတ္တိယာ = ရောက်ခြင်းငှာ၊ ကုသလံ = အပြစ်မရှိသော၊ ဓမ္မံ = သုံးဆယ့်ခုနှစ်ပါး ဗောဓိပက္ခိယတရားကို၊ ဘာဝေတိ = ပွားများ၏၊ သော နရော = ထိုယောက်ျားသည်၊ အနုပုဗ္ဗေန = အစဉ်အားဖြင့်၊ သဗ္ဗသံယောဇနက္ခယံ = အလုံးစုံသောသံယောဇဉ်တို့၏ကုန်ခြင်းကိုပြုတတ်သော အရဟတ္တမဂ်၏အဆုံး၌ဖြစ်သောအရဟတ္တဖိုလ်သို့၊ ပါပုဏေ = ရောက်ရာ၏။ (ဣတိ = ဤသို့ ဝါ ၊ ဣတိ-ဣမံ ဂါထံ = ကို၊ အာဟ = ၏။)

တတြာယံ ပိဏ္ဍာတ္တော ။ (ပ) ။ ခေမသာ နိဗ္ဗာနသာ ပတ္တိယာ။

တတြ = ထိုဂါထာပုဒ်၌၊ အယံ = ဤဆိုလတ္တံ့သည်ကား၊ ပိဏ္ဍတ္တော = လိုရင်းအနက်အဓိပ္ပါယ်တည်း၊ ယောပုရိသော = အကြင်ယောက်ျားသည်၊ အလီနေန = မတွန့်တိုသော၊ အသံကုဋိတေန = မတွန့်တိုသော၊ စိတ္တေန = ဖြင့်၊ ပကတိယာပိ = ပကတိအားဖြင့်လည်း၊ အလီနမနော = မတွန့်တိုသောစိတ်ရှိသည်၊ အလီနဇ္ဈာသယော၀ = မတွန့်တိုသောအလိုရှိသည်သာ၊ ဟုတွာ = ဖြစ်၍၊ အနပဇ္ဇဒ္ဓေန = အပြစ်မရှိသောအနက်ကြောင့်၊ ကုသလံ = အပြစ်မရှိသော၊ သတ္တတိံသဗောဓိပက္ခိယဘေဒံမမ္မံ = သုံးဆယ့်ခုနစ်ပါးအပြားရှိသော ဗောဓိပက္ခိယတရားကို၊ ဘာဝေတိ = ပွားများ၏၊ ဝဍ္ဎေတိ = ပွားများ၏၊ ဝိသာလေန = ကျယ်ပြန့်သော၊ စိတ္တေန = ဖြင့်၊ ဝိပဿနံ = ဝိပဿနာကို၊ စတူဟိ ယောဂေဟိ = လေးပါးကုန်သောယောဂတို့မှ၊ ခေမသာ = ဘေးငြိမ်းသော၊ နိဗ္ဗာနံ = နိဗ္ဗာန်သို့၊ ပတ္တိယာ = ရောက်ခြင်းငှာ၊ အနုယုဉ္ဇတိ = အားထုတ်၏။

သော ဧဝံ သဗ္ဗသင်္ခါရေသု။ (ပ) ။ ပါပုဏေယျာတိ။

သောပုရိသော = ထိုယောက်ျားသည်၊ ဧဝံ = ဤသို့၊ သဗ္ဗသင်္ခါရေသု = အလုံးစုံသောသင်္ခါရတို့၌၊ "အနိစ္စံ = မမြဲအနိစ္စ၊ ဒုက္ခံ = ဆင်းရဲအတိဒုက္ခ၊ အနတ္တာ = အစိုးမရအနတ္တ" ဣတိ = ဤသို့၊ တိလက္ခဏံ = လက္ခဏာသုံး ပါးသို့၊ အာရောပေတွာ = တင်၍။ တရုဏဝိပဿနတော = တရုဏဝိပဿနာမှ၊ ပဋ္ဌာယ = စ၍၊ ဥပ္ပန္နေ = ဖြစ်ပေါ်လာကုန်သော၊ ဗောဓိပက္ခိယ ဓမ္မေ = ဗောဓိပက္ခိယတရားတို့ကို၊ ဘာဝေန္တော = ပွားများစေလျက်၊ အနုပုဗ္ဗေန = အစဉ်အားဖြင့်၊ ဧကသံယောဇနမ္ပိ = တစ်ခုတည်း

သောသံယောဇဉ်ကိုလည်း၊ အနဝသေသေတွာ = မကျန်စေ၍၊ သဗ္ဗသံယောဇနက္ခယကရဿ = အလုံးစုံသော သံယောဇဉ်တို့၏ ကုန်ခြင်းကို ပြုတတ်သော၊ စတုတ္ထမဂ္ဂဿ = အရဟတ္တမဂ်၏၊ ပရိယောသာနေ = အဆုံး၌၊ ဥပ္ပန္နတ္တာ = ဖြစ်သည်၏အဖြစ်ကြောင့်၊ "သဗ္ဗသံယောဇနက္ခယော" တိ = သဗ္ဗသံယောဇနက္ခယ" ဟူ၍၊ သင်္ချံ = ရေတွက်ခြင်းသို့၊ ဂတံ = ရောက် အပ်သော၊ အရဟတ္တံ = အရဟတ္တဖိုလ်သို့၊ ပါပုဏေယျ = ရောက်ရာ၏၊ ဣတိ = ဤ သည်ကား။ ပိဏ္ဍတ္ထော = လိုရင်းအနက်တည်း။

ဧဝံ သတ္ထာ။ (ပ) ။ အဟမေဝ အဟောသိ" န္တိ။

ပဉ္စာဝုဓ ဇာတကဝဏ္ဏနာ ပဌမာ။

ဧဝံ = ဤသို့၊ သတ္ထာ = မြတ်စွာဘုရားသည်၊ အရဟတ္တေန = အရဟတ္တဖိုလ်ဖြင့်၊ ဓမ္မဒေသနာယ = တရားဒေသနာတော်၏၊ ကူဋံ = အထွဋ်ကို၊ ဂဟေတွာ = ယူ၍၊ မတ္ထကေ = အဆုံး၌၊ စတ္တာရိ သစ္စာနိ = သစ္စာလေးပါး တို့ကို၊ ပကာသေသိ = ပြတော်မူပြီ၊ သစ္စပရိယောသာနေ = သစ္စာလေးပါး တို့၏အဆုံး၌၊ သောဘိက္ခု = ထိုရဟန်းသည်၊ အရဟတ္တံ = အရဟတ္တဖိုလ် သို့၊ ပါပုဏိ = ရောက်ပြီ။

သတ္ထာ = မြတ်စွာဘုရားသည်၊ အနုသန္ဓိံ = အနုသန္ဓေကို၊ ဃဋေတွာ = စပ်၍၊ "တဒါ = ထိုအခါ၌၊ ယက္ခော = ဘီလူးသည်။ အင်္ဂုလိမာလော = အင်္ဂုလိမာလသည်၊ အဟောသိ = ဖြစ်ပြီ၊ ပဉ္စာ ဝုဓကုမာရော ပန = ပဉ္စာဝုဓ မင်းသားသည်ကား၊ အဟမေဝ = ငါဘုရားသည်သာ၊ အဟောသိ = ဖြစ်ပြီ၊" ဣတိ = ဤသို့၊ ဇာတကံ = ဇာတ်တော်ကို၊ သမောဓာနေသိ = ပေါင်းတော်မူပြီ။

ပဉ္စမာ - ငါးခုမြောက်ဖြစ်သော၊ ပဉ္စာဝုဓဇာတက ဝဏ္ဏနာ = ပဉ္စာဝုဓ ဇာတ်၏အဖွင့်သည်၊ နိဋ္ဌိတာ = ပြီး၏။

* * * * *

၆ - ကဉ္စနက္ခန္ဓဇာတကဝဏ္ဏနာ (၅၆)

ယော ပဟဋ္ဌေန စိတ္တေနာတိ ဣဒံ။ (ပ) ။ ပဗ္ဗဇိ။

ယော ပဟဋ္ဌေန စိတ္တေနာတိ ဣဒံ = ယော ပဟဋ္ဌေန စိတ္တေန - ဟူသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကဉ္စနက္ခန္ဓဇာတ်ကို၊ သတ္ထာ = မြတ်စွာဘုရားသည်၊ ဇေတဝနေ = ၌၊ ဝိဟရန္တော = စဉ်၊ အညတရံ = အမည်အမျိုးအနွယ်မထင်ရှားသော၊ ဘိက္ခုံ = ရဟန်းကို၊ အာရဗ္ဘ = ၍၊ ကထေသိ = ပြီ၊ ကိရ = ခဲ့၍ဆိုဦးအံ့၊ ဧကော = တစ်ယောက်သော၊ သာဝတ္ထိဝါသီ = သာဝတ္ထိပြည်၌နေသော၊ ကုလပုတ္တော = အမျိုးကောင်း သားသည်၊ သတ္ထု = မြတ်စွာဘုရား၏၊ ဓမ္မဒေသနံ = တရားဒေသနာကို၊ သုတွာ = ကြားရ၍၊ ရတနသာသနေ = ရတနာတည်းဟူသောသာသနာ၌၊ ဥရံ = ရင်ကို၊ ဒတွာ = ပေး၍၊ ပဗ္ဗဇိ = ရဟန်းပြုပြီ၊

အထဿ အာစရိယုပဇ္ဈာယာ။ (ပ) ။ သီလံ အာစိက္ခန္တိ။

အထ = ထိုအခါ၌၊ အဿ = ထိုရဟန်းအား၊ အာစရိယုပဇ္ဈာယာ = ဆရာဥပဇ္ဈာယ်တို့သည်၊ "အာဝုသော = ငါ့အရှင်၊ သီလံနာမ = သီလမည်သည်၊ ဧကဝိဓေန = တစ်ပါးသောအပြားအားဖြင့်၊ အတ္ထိ = ရှိ၏၊ ဒုဝိဓေန = နှစ်ပါးသောအပြားအားဖြင့်၊

တိဝိဓေန = သုံးပါးသောအပြားအားဖြင့်၊ စတုဗ္ဗိဓေန = လေးပါးသောအပြားအားဖြင့်၊ ပဉ္စဝိဓေန = ငါးပါးသောအပြားအားဖြင့်၊ ဆဗ္ဗိဓေန = ခြောက်ပါးသောအပြားအားဖြင့်၊ သတ္တဝိဓေန = ခုနှစ်ပါးသောအပြားအားဖြင့်၊ အဋ္ဌဝိဓေန = ရှစ်ပါးသောအပြားအားဖြင့်၊ နဝဝိဓေန = ကိုးပါးသောအပြားအားဖြင့်၊ ဒသဝိဓေန = ဆယ်ပါးသောအပြားအားဖြင့်၊ အတ္ထိ = ရှိ၏၊ သီလံနာမ = မည်သည်၊ ဗဟုဝိဓေန = များစွာသောအပြားအားဖြင့်၊ အတ္ထိ = ရှိ၏၊ ဣဒံ = ဤသီလသည်၊ စူဠသီလံ နာမ = စူဠသီလမည်၏၊ ဣဒံ = ဤသီလသည်၊ မဇ္ဈိမသီလံ နာမ = မည်၏၊ ဣဒံ = ဤသီလသည်၊ မဟာသီလံနာမ = မည်၏၊ ဣဒံ = ဤသီလသည်၊ ပါတိမောက္ခသံဝရသီလံ နာမ = မည်၏၊ ဣဒံ = ဤသီလသည်၊ ဣန္ဒြိယသံဝရသီလံနာမ = မည်၏၊ ဣဒံ = ဤသီလသည်၊ အာဇီဝပါရိသုဒ္ဓိသီလံနာမ = မည်၏၊ ဣဒံ = ဤသီလသည်၊ ပစ္စယပဋိသေဝနသီလံနာမ = မည်၏၊" ဣဒံ = ဤသီလသည်၊ သီလံ = သီလကို၊ အစိက္ခန္တိ = ပြောကြားကြကုန်၏။

သော စိန္တေသိ။ (ပ) ။ ပုတ္တဒါရဥ္စ ပေါသေဿာမိ"တိ။

သော = ထိုရဟန်းသည်၊ "ဣဒံသီလံ နာမ = ဤသီလမည်သည်၊ အတိဗဟု = အလွန်များ၏၊ အဟံ = သည်၊ ဧတ္တကံ = ဤမျှလောက်များ သီလကို၊ သမာဒါယ = ဆောက်တည်၍၊ ဝတ္တိတုံ = ကျင့်ခြင်းငှာ၊ နသက္ခိဿာမိ = မတတ်နိုင်လတ္တံ့၊ သီလံ = ကို၊ ပူရေတုံ = ဖြည့်ခြင်းငှာ၊ အသက္ကောန္တဿစနာမ = မတတ်နိုင်သောသူအား မည်သည်ကား၊ ကော အတ္ထော = အဘယ်အကျိုးရှိအံ့နည်း၊ အဟံ = သည်၊ ဂိဟီ = လူဝတ်ကြောင်သည်၊ ဟုတွာ = ၍၊ ဒါနာဒီနိ = ဒါနအစရှိကုန်သော၊ ပုညာနိစ = ကောင်းမှုတို့ကိုလည်း၊ ကရိ

ဿာမိ = ပြုအံ့၊ ပုတ္တဒါရဥ္စ = သားမယားကိုလည်း၊ ပေါသေဿာမိ = ကျွေးမွေးအံ့၊" ဣတိ = ဤသို့၊ စိန္တေသိ = ကြံစည်၏။

ဧဝဥ္စ ပန စိန္တေတွာ။ (ပ) ။ အာဟ။

ဧဝံ = ဤသို့၊ စိန္တေတွာ = ကြံစည်ပြီး၍၊ "ဘန္တေ = အရှင်ဘုရား၊ အဟံ = သည်၊ သီလံ = ကို၊ ရက္ခိတုံ = စောင့်ခြင်းငှာ၊ နသက္ခိဿာမိ = မတတ်နိုင်လတ္တံ့၊ အသက္ကောန္တဿစ နာမ = မတတ်နိုင်သောသူအားမည်သည်ကား၊ ပဗ္ဗဇ္ဇာယ = ရဟန်းအဖြစ်ဖြင့်၊ ကော အတ္ထော = အဘယ် အကျိုးရှိမည်နည်း၊ အဟံ = သည်၊ ဟီနာယာ ဝတ္တိဿာမိ = လူထွက်အံ့၊ တုမှာကံ = အရှင်ဘုရားတို့၏၊ ပတ္တစီဝရံ = သပိတ်သင်္ကန်းကို၊ ဂဏှထ = ယူကြကုန်လော့၊" ဣတိ = ဤသို့၊ အာဟ = ဆို၏။

အထ နံ အာဟံသု။ (ပ) ။ ဂဟေတွာ အာဂတမှာတိ။

အထ = ထိုအခါ၌၊ နံ = ထိုရဟန်းကို၊ "အာဝုသော = ငါ့အရှင်၊ ဧဝံသန္တေ = ဤသို့ဖြစ်သည်ရှိသော်၊ ဒသဗလံ = မြတ်စွာဘုရားကို၊ ဝန္ဒိတွာဝ = ရှိခိုးကန်တော့ပြီး၍သာ။ ယာဟိ"တိ = သွားလော့ဟု၊ အာဟံသု = ဆိုကြကုန်ပြီ၊ တေ = ထိုဆရာဥပဇ္ဈာယ်တို့သည်၊ တံ - ထိုရဟန်းကို၊ အာဒါယ = ယူ၍၊ သတ္ထု = မြတ်စွာဘုရား၏၊ သန္တိကံ = အထံတော်သို့၊ ဓမ္မသဘံ = တရားသဘင်သို့၊ အဂမံသု = သွားကြကုန်ပြီ၊ သတ္ထာ = မြတ်စွာဘုရားသည်၊ ဒိသွာဝ = မြင်၍သာလျှင်၊ "ဘိက္ခဝေ = တို့၊ ကိံ = အဘယ်ကြောင့်၊ အနတ္တိကံ = အလိုမရှိသော၊ ဘိက္ခုံ = ရဟန်းကို၊ အာဒါယ = ယူဆောင်၍၊ အာဂတတ္ထ = လာကြပါသနည်း၊" ဣတိ = ဤသို့၊ အာဟ = ဆိုတော်မူ၏။

ဘန္တေ = မြတ်စွာဘုရား၊ အယံဘိက္ခု = ဤရဟန်းသည်၊ "အဟံ = သည်၊ သီလံ = ကို၊ ရက္ခိတုံ = စောင့်ခြင်းငှာ၊ နသက္ခိဿာမိ" တိ = မ တတ်နိုင်လတ္တံ့'ဟု၊ ပတ္တစီဝရံ = သပိတ်သင်္ကန်းကို၊ နိယျာဒေတိ = ဆောင်နှင်း၏၊ အထ = ထိုအခါ၌၊ နံ = ထိုရဟန်းကို၊ မယံ = တပည့်တော်တို့သည်၊ ဂဟေတွာ = ယူဆောင်၍၊ အာဂတမှ = လာကြကုန်ပြီ၊ ဣတိ = ဤသို့၊ အာဟံသု = လျှောက်ကြကုန်ပြီ။

ကသ္မာ ပန တုမှေ။ (ပ) ။ ရက္ခိဿာမိ ဘန္တေတိ။

ဘိက္ခဝေ = တို့၊ တုမှေ = သင်တို့သည်၊ ကသ္မာ = အဘယ့်ကြောင့်၊ ဧဝံရူပံ ဘိက္ခုနော = ဤရဟန်းအား၊ ဗဟု = များစွာသော၊ သီလံ = ကို၊ အာစိက္ခထ = ပြောကြားကြပါသနည်း၊ ဧသ + ဧသော = ဤရဟန်းသည်၊ ယတ္တကံ = အကြင်မျှလောက်သော သီလကို၊ ရက္ခိတုံ = စောင့်ခြင်းငှာ၊ သက္ကောတိ = တတ်နိုင်၏၊ တတ္တကမေဝ = ထိုမျှလောက်သောသီလကိုသာ၊ ရက္ခိဿတိ = စောင့်အံ့၊ ဣတော = ဤနေ့မှ၊ ပဋ္ဌာယ = စ၍၊ တုမှေ = သင်တို့သည်။ ဧတံ = ဤရဟန်းကို၊ ကိဉ္စိ = တစ်စုံတစ်ခုသောစကားကို၊ မာအဝစုတ္ထ = မပြောကြကုန်လင့်၊ အဟံ = ငါသည်၊ ဧတ္ထ = ဤသီလ၌၊ ကတ္တဗ္ဗံ = ပြုသင့်ပြုထိုက်သည်ကို၊ ဇာနိဿာမိ = သိအံ့၊ ဘိက္ခု = ရဟန်း၊ တွံ = သင်သည်၊ ဧဟိ = လာလော့၊ တေ = သင့်အား၊ ဗဟုနာသီလေန = များစွာသောသီလဖြင့်၊ ကိံ = အဘယ်အကျိုးရှိအံ့နည်း၊ တီဏိယေဝ သီလာနိ = သုံးပါးကုန်သောသီလတို့ကိုသာလျှင်၊ ရက္ခိတုံ = စောင့်ခြင်းငှာ၊ သက္ခိဿသိ = တတ်နိုင်အံ့လော၊ ဣတိ = ဤသို့၊ အာဟ = မိန့်တော်မူပြီ။

ဘန္တေ = မြတ်စွာဘုရား၊ ရက္ခိဿာမိ = စောင့်ရှောက်အံ့၊ ဣတိ = ဤသို့၊ အာဟ = လျှောက်ပြီ။

တေန ဟိ တွံ ဣတော။ (ပ) ။ သီလာနိ ရက္ခာတိ။

တေန ဟိ = ထိုသို့ဖြစ်လျှင်၊ တွံ = သင်သည်၊ ဣတော = ဤနေ့မှ၊ ပဋ္ဌာယ = စ၍၊ ကာယဒွါရံ = ကာယဒွါရကိုလည်းကောင်း၊ ဝစီဒွါရံ = ကိုလည်းကောင်း၊ မနောဒွါရံ = ကိုလည်းကောင်း၊ ဣတိ = ဤသို့၊ တီဏိ ဒွါရာနိ = ဒွါရသုံးပါးတို့ကို၊ ရက္ခ = စောင့်ရှောက်လော့၊ ကာယေန = ကိုယ်ဖြင့်၊ ပါပကမ္မံ = မကောင်းမှုကို၊ မာကရိ = မပြုလင့်၊ ဝါစာယ = နှုတ်ဖြင့်၊ ပါပကမ္မံ = ကို၊ မာကရိ = လင့်၊ မနသာ = စိတ်ဖြင့်၊ ပါပကမ္မံ = ကို၊ မာကရိ = မပြုလင့်၊ ဂစ္ဆ = သွားလော့၊ မာ ဟီနာယာ ဝတ္တိ = လူမထွက်လင့်၊ တီဏိ = သုံးပါးကုန်သော၊ ဣမာနိ သီလာနိ = ဤသီလတို့ကို၊ ရက္ခ = စောင့်ရှောက်လော့၊ ဣတိ = ဤသို့၊ အာဟ = မိန့်တော်မူပြီ။

ဧတ္တာဝတာ သော ဘိက္ခု။ (ပ)။ အရဟတ္တေ ပတိဋ္ဌာသိ။

သော ဘိက္ခု = ထိုရဟန်းသည်၊ ဧတ္တာဝတာ = ဤမျှအတိုင်းအရှည်ဖြင့်၊ တုဋ္ဌမာနသော = နှစ်သက်သောစိတ်ရှိသည်ဖြစ်၍၊ "ဘန္တေ = အရှင် ဘုရား၊ သာဓု = ကောင်းပြီ၊ တီဏိ = သုံးပါးကုန်သော၊ ဣမာနိ သီလာနိ = ဤသီလတို့ကို၊ ရက္ခိဿာမိ = စောင့်ရှောက်အံ့၊" ဣတိ = ဤသို့၊ သတ္ထာရံ = မြတ်စွာဘုရားကို၊ ဝန္ဒိတွာ = ရှိခိုး၍၊ အာစရိယုပဇ္ဈာယေ ဟိ = ဆရာဥပဇ္ဈာယ်တို့နှင့်၊ သဒ္ဓိံယေဝ = တကွသာလျှင်၊ အဂမာသိ = သွားပြီ။

သော = ထိုရဟန်းသည်၊ တီဏိ = သုံးပါးကုန်သော၊ တာနိ သီလာနိ = ထိုသီလတို့ကို၊ ပူရေန္တောဝ = ဖြည့်ဆည်းလျက်သာလျှင်၊ "အာစရိယုပဇ္ဈာ ယေဟိ = ဆရာဥပဇ္ဈာယ်တို့သည်၊ မယှံ = ငါ့အား၊ အာစိက္ခိတံ = ပြောကြားအပ်သော၊ သီလမ္ပိ = သီလသည်လည်း၊ ဧတ္တကမေဝ = ဤမျှသာလျှင်တည်း၊ တေပန = ထိုဆရာဥပဇ္ဈာယ်

တို့သည်ကား၊ ဧတ္တာနော = မိမိ၏၊ အဗုဒ္ဓဘာဝေန = ဘုရားမဟုတ်သည်၏အဖြစ်ကြောင့်၊ မံ = ငါ့ကို၊ ဗုဇ္ဈာပေတုံ = သိစေခြင်းငှာ၊ နာသက္ခိံသု = မတတ်နိုင်ကြကုန်၊ သမ္မာသမ္ဗုဒ္ဓေါ = မြတ်စွာဘုရားသည်၊ အတ္တနော = မိမိ၏၊ ဗုဒ္ဓသုဗုဒ္ဓတာယ = သဗ္ဗညု တဉာဏ်ကို ကောင်းစွာသိတော်မူသည်၏အဖြစ်ကြောင့်လည်းကောင်း၊ အနုတ္တရ ဓမ္မရာဇတာယ = အတုမရှိသောတရားမင်းဖြစ်တော်မူသည်၏အဖြစ်ကြောင့်လည်းကောင်း၊ ဧတ္တကံသီလံ = ဤမျှလောက်သောသီလကို၊ တီသုယေဝဌာနေသု = သုံးပါးကုန်သောဌာနတို့၌သာလျှင်၊ ပက္ခိပိတွာ = ထည့်၍၊ မံ = ငါ့ကို၊ ဂဏှာပေသိ = မှတ်ယူစေပြီ၊ သတ္ထာ = မြတ်စွာဘုရားသည်၊ မေ = ငါ၏၊ အဝဿယော = ကိုးကွယ်ရာ, မှီခိုရာသည်၊ ဝတ = စင်စစ်၊ ဇာတော = ဖြစ်တော်မူပြီ၊” ဣတိ = ဤသို့၊ အညာသိ = သိတော်မူပြီ၊ အညာယ = သိတော်မူ၍၊ ဝိပဿနံ = ဝိပဿနာကို၊ ဝဍ္ဎေတွာ = ပွားစေ၍၊ ကတိပါဟေဝေန = နှစ်ရက်သုံးရက်ဖြင့်သာလျှင်၊ ဝါ = ရက်အနည်းငယ်ဖြင့်သာလျှင်၊ အရဟတ္တေ = အရဟတ္တဖိုလ်၌၊ ပတိဋ္ဌာသိ = တည်ပြီ။

တံ ပဝတ္တိံ ဉတွာ။ (ပ)။ ဗုဒ္ဓဂုဏေ ကထေန္တာ နိသီဒိံသု။

တံ ပဝတ္တိံ = ထိုအကြောင်းကို၊ ဉတွာ = သိ၍၊ ဓမ္မသဘာယံ = တရားသဘင်၌၊ သန္နိပတိတာ = စည်းဝေးကြကုန်သော၊ ဘိက္ခူ = ရဟန်းတို့ သည်၊ “အာဝုသော = ငါ့အရှင်တို့၊ ဗဟုသီလာနိ = များစွာသောသီလတို့ကို၊ ရက္ခိတုံ = စောင့်ရှောက်ခြင်းငှာ၊ န သက္ကောမိ” ဣတိ = မတတ်နိုင်ပါ၊ ဟီနာယာဝတ္တန္တံ = လူထွက်လိုသော၊ တံ ဘိက္ခုံ = ထိုရဟန်းကို၊ သဗ္ဗာနိ = အလုံးစုံကုန်သော၊ သီလာနိ = သီလတို့ကို၊ တီဟိ = သုံးပါးကုန်သော၊ ကောဋ္ဌာသေဟိ = အစုတို့ဖြင့်၊ သင်္ခိပိတွာ = အကျဉ်းချုံး၍၊ ဂါဟာပေတွာ = မှတ်ယူစေ၍၊

သတ္ထာ = မြတ်စွာဘုရားသည်၊ အရဟတ္တံ = အရဟတ္တဖိုလ်သို့၊ ပါပေသိကိရ = ရောက်စေတော်မူပြီးသတတ်၊ ဗုဒ္ဓါနံ = မြတ်စွာဘုရားတို့၏၊ ဗလံနာမ = စွမ်းအားမည်သည်၊ အဟော အစ္ဆရိယံ = ဩော်အံ့ဖွယ်ရှိစွတကား၊" ဣတိ = ဤသို့၊ ဗုဒ္ဓဂုဏေ = ဘုရားဂုဏ်တော်၌၊ ကထေန္တာ = ပြောကြကုန်လျက်၊ နိသီဒိံသု = ထိုင်တော်မူကြကုန်ပြီ။

အထ သတ္ထာ အာဂန္တွာ။ (ပ) ။ အတီတံ အာဟရိ။

အထ = ထိုအခါ၌၊ သတ္ထာ = မြတ်စွာဘုရားသည်၊ အာဂန္တွာ = လာတော်မူ၍၊ "ဘိက္ခဝေ = တို့၊ ဧတရဟိ = ယခုအခါ၌၊ ကာယ ကထာယ = အဘယ်မည်သည့်စကားဖြင့်၊ သန္နိသိန္နာ = စည်းဝေးကြကုန်သည်၊ အတ္ထနု = ဖြစ်ကြကုန်သနည်း၊" ဣတိ = ဤသို့၊ ပုစ္ဆိတွာ = မေးတော်မူ၍၊ "ဣမာယနာမ ကထာယ = ဤမည်သောစကားဖြင့်၊ သန္နိသိန္နာ" တိ = စည်းဝေးကြကုန်၏' ဟု၊ ဝုတ္တေ = ဆိုအပ်သော်၊ "ဘိက္ခဝေ = တို့၊ အတိဂရုကော = အလွန်လေးသော၊ ဘာရော ပိ = ဝန်သည်လည်း၊ ကောဋ္ဌာသဝသေန = အဘို့အစု၏အစွမ်းဖြင့်၊ ဘာဇေတွာ = ခွဲဝေ၍။ ဝါ = ဝေဖန်၍၊ ဒိန္နော = ပေးအပ်သည်ရှိသော်၊ လဟုကောဝိယ = ဝန်ပေါ့သည်ကဲ့သို့၊ ဟောတိ = ဖြစ်၏၊ ပုဗ္ဗေပိ = ရှေးအခါ၌လည်း၊ ပဏ္ဍိတာ = ပညာရှိတို့သည်။ မဟန္တံ = ကြီးစွာသော၊ ကဉ္စနက္ခန္ဓံ = ရွှေတုံးကို၊ လဘိတွာ = ရ၍၊ ဥက္ခိပိတုံ = ချီမခြင်းငှာ၊ အသက္ကောန္တာ = မတတ်နိုင်ကုန်သည်ရှိသော်၊ ဝိဘာဂံ = ခွဲစိပ် ခြင်းကို၊ ကတွာ = ပြု၍၊ ဥက္ခိပိတွာ = ချီမ၍၊ အဂမံသု = သွားကြကုန်ပြီ" ဣတိ = ဤသို့၊ ဝတွာ = မိန့်တော်မူ၍၊ အတီတံ = အတိတ်ကို၊ အာဟရိ = ဆောင်တော်မူပြီ။

အတီတေ ဗာရာဏသိယံ။ (ပ) ။ လဂိတွာ အဋ္ဌာသိ။

အတီတေ = လွန်လေပြီးသောအခါ၌၊ ဗာရာဏသိယံ = ၌၊ ဗြဟ္မဒတ္တေ = ဗြဟ္မဒတ်မင်းသည်၊ ရဇ္ဇံ = တိုင်းပြည်ကို၊ ကာရေန္တေ = အုပ်စိုးစဉ်၊ ဗောဓိသတ္တော = သည်၊ ဧကသ္မိံ ဂါမကေ = တစ်ခုသောရွာကလေး၌၊ ကဿကော = လယ်သမားသည်၊ အဟောသိ = ဖြစ်ပြီ၊ သော = ထိုလယ်သမားဘုရားလောင်းသည်။ ဧကဒိဝသံ = တစ်နေ့သောအခါ၌၊ အညတရသ္မိံ = မထင်ရှားသော၊ ဝါ = အခြားတစ်စုံတစ်ခုသော၊ ဆဍ္ဍိတဂါမကေ = စွန့်ပစ်အပ်သောရွာငယ်ဖြစ်သော၊ ခေတ္တေ = လယ်မြေ၌၊ ကသိံ = လယ်ထွန်ခြင်းကို၊ ကသတိ = ထွန်၏၊ ပုဗ္ဗေ = ရှေးအခါ၌ကား၊ တသ္မိံဂါမေ = ထိုရွာ၌၊ ဧကော = တစ်ယောက်သော၊ ဝိဘဝသမ္ပန္နော = ဥစ္စာစည်းစိမ်နှင့်ပြည့်စုံသော၊ သေဋ္ဌိ = သူဌေးသည်၊ ဦရုမတ္တပရိဏာဟံ = လုံးပတ်ပေါင်လုံးပမာဏရှိသော၊ စတုဟတ္ထာယာမံ = အလျားလေးတောင်ရှည်သော၊ ကဉ္စနက္ခန္ဓံ = ရွှေတုံးကို၊ နိဒဟိတွာ = မြေမြှုပ်၍၊ ကာလံ = သေခြင်းကို၊ အကာသိ = ပြုပြီ၊ တသ္မိံ = ထိုရွှေတုံး၌၊ ဗောဓိသတ္တဿ = ဘုရားလောင်း၏၊ နင်္ဂလံ = ထွန်သွားသည်၊ လဂိတွာ = ငြိ၍၊ အဋ္ဌာသိ = ရပ်တည်ပြီ။

သော ။ (ပ) ။ စတ္တာရော ကောဋ္ဌာသေ အကာသိ။

သော = ထိုဘုရားလောင်းသည်၊ "မူလသန္တာနကံ = သစ်မြစ်အစဉ် သည်၊ ဘဝိဿတိ = ဖြစ်လတ္တံ့၊ " ဣတိ = ဤသို့ ကြံစည်၍၊ ပံသုံ = မြေကို၊ ဝိယူဟန္တော = ယက်သည်ရှိသော်၊ တံ = ထိုရွှေတုံးကို၊ ဒိသွာ = မြင်၍၊ ပံသုနာ = မြေဖြင့်၊ ပဋိစ္ဆာဒေတွာ = ဖုံးလွှမ်း၍၊ ဒိဝသံ = နေ့အခါ၌၊ ကသိတွာ = လယ်ထွန်ပြီး၍၊ သူရိ

ယေ = နေသည်၊ အတ္တက်တေ = ချပ်ဝင်သည်ရှိသော်၊ ယုဂနင်္ဂလာ ဒီနိ = ထမ်းပိုးထွန်တုံးအစရှိသည်တို့ကို။ ဧကမန္တေ = သင့်တင့်သော နေရာ၌၊ နိက္ခိပိတွာ = ထား၍၊ "ကဉ္စနက္ခန္ဓံ = ရွှေတုံးကို၊ ဂဏှိတွာ = ယူ၍၊ ဂစ္ဆိဿာမိ"တိ = သွားအံ့-ဟု၊ တံ = ထိုရွှေတုံးကို၊ ဥက္ခိပိတုံ = ချီမခြင်းငှာ၊ နာသက္ခိ = မတတ်နိုင်၊ အသက္ကောန္တော = မတတ် နိုင်သည်ဖြစ်၍၊ နိသီဒိတွာ = ထိုင်၍၊ "ဧတ္တကံ = ဤမျှသောရွှေ သည်၊ ကုစ္ဆိဘရဏာယ = ဝမ်းကိုမွေးခြင်းငှာ၊ ဘဝိဿတိ = ဖြစ်လ တံ့၊ ဧတ္တကံ = သည်၊ နိဒဟိတွာ = မြှုပ်၍၊ ဌပေဿာမိ = ထားအံ့၊ ဧတ္တကေန = ဖြင့်၊ ကမ္မန္တေ = အမှု၌၊ ပယောဇေဿာမိ = ရှင်စေအံ့၊ ဧတကံ = ဤမျှသောရွှေသည်၊ ဒါနာဒိပုညကိရိယာယ = ဒါနအစ ရှိသော ကောင်းမှုကိုပြုခြင်းငှာ၊ ဘဝိဿတိ = ဖြစ်လတ္တံ့၊" ဣတိ = ဤသို့၊ စတ္တာရောကောဋ္ဌာသေ = လေးစုတို့ကို၊ အကာသိ = ပြုပြီ။

တဿေဝံ ဝိဘတ္တကာလေ။ (ပ)။ ဣမံ ဂါထမာဟ ။

တဿ = ထိုဘုရားလောင်း၏၊ ဧဝံ = ဤသို့၊ ဝိဘတ္တကာ လေ = ဝေဘန်အပ်သောကာလ၌၊ သော ကဉ္စနက္ခန္ဓော = ထိုရွှေတုံး သည်၊ သလ္လဟုကောဝိယ = ပေါ့သည်ကဲ့သို့၊ အဟောသိ = ဖြစ်ပြီ၊ သော = ထိုဘုရားလောင်းသည်၊ တံ = ထိုရွှေတုံးကို၊ ဥက္ခိပိတွာ = ချီမ၍၊ ဃရံ = အိမ်သို့ နေတွာ = ဆောင်ယူ၍၊ စတုဓာ = လေးစုဖြင့်၊ ဝိဘဇိတွာ = ဝေဘန်၍၊ ဒါနာဒီနိ = ဒါနအစရှိကုန်သော၊ ပုညာနိ = ကောင်းမှုတို့ကို၊ ကတွာ = ပြု၍၊ ယထာကမ္မံ = ကံအားလျော်စွာ၊ ဂတော = လားပြီ။

ဣတိ = ဤသို့၊ ဘဂဝါ = မြတ်စွာဘုရားသည်၊ ဣမံ ဓမ္မ ဒေသနံ = ကို၊ အာဟရိတွာ = ဆောင်၍၊ အဘိသမ္ဗုဒ္ဓေါ ဟုတွာ

= ဘုရားဖြစ်တော်မူပြီး၍၊ ဣမံဂါထံ = ဤဂါထာကို။ အာဟ = မိန့်တော်မူပြီ။ (ကိံ = အဘယ်သို့၊ အာဟ = မိန့်တော်မူသနည်း၊)

၅၆။ **"ယော ပဟာယ ဝနေန စိတ္တေန၊ ပဟာယ မာနသော နရော။**

ဘာဝေတိ ကုသလံ ဓမ္မံ၊ ယောဂက္ခေမဿ ပတ္တိယာ။

ပါပုဏေ အနုပုဗ္ဗေန ၊ သဗ္ဗသံယောဇနက္ခယ" န္တိ

ဂါထာအနက် ။ ။ ယောနရော = အကြင်သူသည်၊ ပဟာယဝနေန = နီဝရဏကင်းသဖြင့်ရွှင်လန်းသော၊ စိတ္တေန = စိတ်ဖြင့်၊ ပဟာယမနသော = ရွှင်လန်းသောစိတ်နှလုံးရှိသည်ဖြစ်၍၊ ယောဂက္ခေမဿ = ယောဂလေးပါးတို့မှအေးငြိမ်းသောနိဗ္ဗာန်သို့၊ ပတ္တိယာ = ရောက်ခြင်းငှါ၊ ကုသလံ = အပြစ်မရှိသော၊ ဓမ္မံ = သုံးဆယ့်ခုနစ်ပါးအပြားရှိသောဗောဓိပက္ခိယတရားကို၊ ဘာဝေတိ = ပွားများ၏၊ သောနရော = ထိုသူသည်၊ အနုပုဗ္ဗေန = အစဉ်အားဖြင့်၊ သဗ္ဗသံယောဇနက္ခယံ = အလုံးစုံသောသံယောဇဉ်တို့၏ကုန်ခြင်းကိုပြုတတ်သောအရဟတ္တမဂ်၏အဆုံး အရဟတ္တဖိုလ်သို့၊ ပါပုဏေ = ရောက်ရာ၏။ (ဣတိ = ဣမံဂါထံ = ကို၊ အာဟ = ပြီ၊)

တတ္ထ ပဟာယဝနေနာတိ။ (ပ) ။ အဟာမေဝ အဟောသီ"န္တိ။

ကဥ္စနက္ခန္ဓဇာတကဝဏ္ဏနာ ဆဋ္ဌာ။

တတ္ထ = ထိုဂါထာပုဒ်၌၊ ပဟာယဝနေနာတိ = ပဟာယဝနေန = ဟူသည်ကား၊ ဝိနီဝရဏေန = နီဝရဏကင်းသဖြင့်ရွှင်လန်းသော၊ ပဟာယမနသောတိ = ပဟာယမနသော = ဟူသည်ကား၊ တာယ ဧဝ ဝိနီဝရဏတာယ = ထိုနီဝရဏမှကင်းသည်၏အဖြစ်ကြောင့်၊ ပဟာယမနသော = ရွှင်လန်းသော စိတ်နှလုံးရှိသည်၊ သုဝဏ္ဏံ ဝိယ = ရွှေကဲ့သို့၊ ပဟံသိတွာ = ရွှင်လန်း၍၊ သမုဇ္ဇောတိတသဗ္ဗဘာသစိတ္တော

= ကောင်းစွာထွန်းလင်းအပ်သော အရောင်တောက်ပသောစိတ်ရှိသည်၊ ဟုတွာ = ဖြစ်၍၊ ဣတိ + အယံ = ဤသည်ကား၊ အတ္ထော = အနက်တည်း။

ဧဝံ = ဤသို့၊ သတ္ထာ = သည်၊ အရဟတ္တကူဋေန = အရဟတ္တဖိုလ်တည်းဟူသောအထွဋ်ဖြင့်၊ ဒေသနံ = ဒေသနာကို၊ နိဋ္ဌာပေတွာ = ပြီးဆုံး စေ၍၊ အနုသန္ဓိ = အနုသန္ဓေကို၊ ဃဋေတွာ = စပ်၍၊ "တဒါ = ထိုအခါ၌၊ ကဏ္ဍနကဏ္ဍလဒ္ဓပုရိသော = ရွှေတုံးကိုရအပ်သော ယောကျ်ားသည်၊ အဟမေဝ = ငါဘုရားသည်သာ၊ အဟောသိ = ဖြစ်ပြီ၊ " ဣတိ = ဤသို့၊ ဇာတကံ = ဇာတ်တော်ကို၊ သမောဓာနေသိ = ပေါင်းတော်မူပြီ။

ဆဋ္ဌာ = ခြောက်ခုမြောက်ဖြစ်သော၊ ကဏ္ဍနကဏ္ဍဇာတက ဝဏ္ဏနာ = ကဏ္ဍနကဏ္ဍဇာတ်၏အဖွင့်သည်၊ နိဋ္ဌိတာ = ပြီး၏။

*   *   *   *   *

၇ – ဝါနရိန္ဒဇာတကာဝဏ္ဏနာ (၅၇)

ယဿေ တေ စတုရော ဓမ္မာတိဣဒံ။ (ပ) ။ အတီတံ အာဟရိ။

ယဿေ တေ စတုရော ဓမ္မာတိဣဒံ = ယဿေတေ စတုရောဓမ္မာဟူသောဂါထာပုဒ်ဖြင့် ကန်ဆာဆာင်အပ်သော ဤဝါနရိန္ဒဇာတ်ကို၊ သတ္ထာ = မြတ်စွာဘုရားသည်၊ ဝေဠုဝနေ = ဝေဠုဝန်ကျောင်းတော်၌၊ ဝိဟရန္တော = စဉ်၊ ဒေဝဒတ္တဿ = ဒေဝဒတ်၏၊ ဝဓာယ = သတ်အံ့သောငှာ၊ ပရိသက္ကနံ = လုံ့လပြုခြင်းကို၊ အာရဗ္ဘ = အကြောင်းပြု၍၊ ကထေသိ = ဟောတော်မူပြီ။

သိခီ သဗ္ဗယသော ယထာတိ = သိခီ သဗ္ဗယသော ယထာ - ဟူ သည်ကား၊ အမ္ဗ = မိခင်၊ ဇာလသိခိယ = မီးတောက်မီးလျှံ၏၊ "သိခီ" တိ = သိခီ'ဟု၊ သင်္ခံ = ခေါ်ဝေါ်ခြင်းသို့၊ ဂတော = ရောက်အပ်သော၊ အဂ္ဂိ နာမ = မီးမည်သည်၊ ဂူထဂတာဒိဘေဒံ = မစင်အစရှိသောအပြားရှိသော၊ အသုစိမ္ပိ = မကောင်းသောအရာဝတ္ထုကိုလည်းကောင်း၊ သပ္ပိမဓု ဖာဏိတာ ဒိဘေဒံ = ထောပတ်, ပျားရည်, တင်လဲအစရှိသောအပြားရှိသော၊ သုစိမ္ပိ = ကောင်း

သောအရာဝတ္ထုကိုလည်းကောင်း၊ ကုဋ္ဌမ္ပိ = နှစ်သက်သောအရာဝတ္ထုကိုလည်းကောင်း၊ အနိဋ္ဌမ္ပိ = မနှစ်သက်သောအရာဝတ္ထုကိုလည်းကောင်း၊ ယံ ယဒေဝ = အကြင်အကြင်အရာဝတ္ထုကိုသာ၊ လဘတိ = ရ၏၊ သဗ္ဗံ = အလုံးစုံသောအရာဝတ္ထုကို၊ ယသတိ+ ခါဒတိ = စား၏၊ တသ္မာ = ထို့ကြောင့်၊ "သဗ္ဗယသော"တိ = သဗ္ဗယသော - ဟူ၍၊ ဝုစ္စတိယထာ = ဆိုအပ်သကဲ့သို့၊ တထေဝ = ထိုအတူသာလျှင်၊ တာ ကုတ္တိယောပိ = ထိုမိန်းမတို့သည်လည်း၊ ဟီနဇစ္စာ = ယုတ်ညံ့သောအမျိုးဇာတ်ရှိကုန်သော၊ ဟီနကမ္မန္တာ = ယုတ်ညံ့သောလုပ်ငန်းရှိကုန်သော၊ ဟတ္ထိမေဏ္ဍာဝေါမေဏ္ဍာဒယောဝါ = ဆင်ထိန်း, နွားထိန်းအစရှိသော သူဟို့သည်လည်း၊ ဟောန္တု = ဖြစ်ကြပါစေ၊ ဥတ္တမကမ္မန္တာ = မြတ်သောလုပ်ငန်းရှိကုန်သော၊ ခတ္တိယာဒယောဝါ = ခတ္တိယမင်းမျိုးအစရှိသူတို့သည်လည်း၊ ဟောန္တု = ဖြစ်ကြပါစေ၊ ဟီနုက္ကဋ္ဌဘာဝံ = ယုတ်ညံ့, မွန်မြတ်သည်၏အဖြစ်ကို၊ အစိန္တေတွာ = မစဉ်းစားမူ၍၊ လောကဿာဒဝသေန = လောကဌ်သာယာခြင်း၏အစွမ်းဖြင့်၊ ကိလေသသန္ထဝေ = ကိလေသာအနှောင်အဖွဲ့သည်၊ ဥပ္ပန္နေ = ဖြစ်ပေါ်လာသည်ရှိသော်၊ ယံ ယံ = အကြင်အကြင်သူကို၊ လဘန္တိ = ရကြကုန်၏၊ သဗ္ဗမေဝ = အလုံးစုံသောသူကိုသာ၊ သေဝန္တိ = မှီဝဲကြကုန်၏၊ ဣတိ = ထို့ကြောင့်၊ သဗ္ဗယသသိခီသဒိသာ = အလုံးစုံကိုစားတတ်သောမီးတောက်မီးလျှံနှင့်တူကုန်သည်၊ ဟောန္တိ = ၏၊ တသ္မာ = ထို့ကြောင့်၊ သဗ္ဗယသော = အလုံးစုံကိုစားတတ်သော၊ သိခီယထာ = မီးတောက်မီးလျှံသကဲ့သို့၊ တထေဝ = ထို့အတူသာလျှင်၊ ဧတာ = ထိုမိန်းမ တို့သည်၊ ဣတိ = ဤသို့၊ ဝေဒိတဗ္ဗာ = မှတ်အပ်ကုန်၏။

တာ ဟိတွာ ပဗ္ဗဇိဿာမိတိ။ (ပ) စိတ္တဝိဝေကောပိ။

တာ ဟိတွာ ပဗ္ဗဇိဿာမိတိ = တာ ဟိတွာ ပဗ္ဗဇိဿာမိ - ဟူသည် ကား၊ အဟံ = သည်၊ လာမိကာ = ယုတ်မာကုန်သော၊ ဒုက္ခဝတ္ထုဘူတာ = ဆင်းရဲခြင်း၏အကြောင်းဖြစ်ကုန်သော၊ တာ+ဣတ္ထိယော = ထိုမိန်းမတို့ကို၊ ဟိတွာ = စွန့်၍၊ အရည် = တောသို့ ပဝိသိတွာ = ဝင်၍၊ ဣသိပဗ္ဗဇ္ဇံ = ရသေ့ရဟန်းအဖြစ်ကို၊ ပဗ္ဗဇိဿာမိ = ရဟန်းပြုအံ့။

ဝိဝေကမနုဗြူဟယန္တိ = ဝိဝေကမနုဗြူဟယံ = ဟူသည် ကား၊ ကာယ ဝိဝေကော = ကာယဝိဝေကသည်ငှင်း၊ စိတ္တဝိဝေကော = စိတ္တဝိဝေကသည်ငှင်း၊ ဥပဓိဝိဝေကော = ဥပဓိဝိသေကသည်ငှင်း၊ ဣတိ = ဤသို့ ဝိဝေကာ = ဝိဝေကတို့သည်၊ တယော = သုံးပါးရှိကုန်၏၊ တေသု = ထိုဝိဝေ ကသုံးပါးတို့တွင်၊ ဣဓ = ဤနေရာ၌၊ ကာယဝိဝေကောပိ = ကာယဝိဝေကသည်လည်းကောင်း၊ စိတ္တဝိဝေကောပိ = စိတ္တဝိဝေကသည်လည်းကောင်း၊ ဝဋ္ဋတိ = သင့်မြတ်၏။

ဣဒံ ဝုတ္တံ ဟောတိ - ။ (ပ) ။ ပရာယဏော အဟောသိ။

ဣဒံ = ဤအဓိပ္ပါယ်ကို၊ ဝုတ္တံ = ဆိုအပ်သည်၊ ဟောတိ = ဖြစ်၏၊ (ကိံ = အဘယ်သို့ ဝုတ္တံ = သည်၊ ဟောတိ = သနည်း၊) အမ္ဗ = မိခင်၊ အဟံ = သည်၊ ပဗ္ဗဇိတွာ = ရဟန်းပြု၍၊ ကသိဏ ပရိကမ္မံ = ကသိုဏ်းပရိကမ်ကို၊ ကတွာ = ပြု၍၊ အဋ္ဌသမာပတ္တိ ယောစ = သမာပတ်ရှစ်ပါး တို့ကိုလည်းကောင်း၊ ပဉ္စာဘိညာ စ = အဘိညာဏ်ငါးပါးတို့ကိုလည်းကောင်း၊ ဥပ္ပါဒေတွာ = ဖြစ်စေ၍ ဂဏာတော = ဂိုဏ်းအပေါင်းမှ၊ ကာယံစ = ကာယကိုလည်းကောင်း၊

ကိလေသေဟိ = ကိလေသာတို့မှ၊ စိတ္တံစ = စိတ်ကိုလည်းကောင်း၊ ဝိဝေစေတွာ = ကင်းဆိတ်စေ၍၊ ဣမံဝိဝေကံ = ဤကာယ, စိတ္တဝိဝေကကို၊ ဗြူဟေန္တော = ပွားများအားထုတ်လျက်၊ ဗြဟ္မလောကပရာယဏော = ဗြဟ္မာ့ဘုံလောကသို့လားသည်၊ ဘဝိဿာမိ = ဖြစ်အံ့၊ မေ = ငါ့အား၊ အဂါရေန = အိမ်၌နေသဖြင့်၊ အလံ = မသင့်တော်ချေ၊ ဣတိ+ဣမံအဓိပ္ပါယံ = ဤအဓိပ္ပါယ်ကို၊ ဝုတ္တံ = ဆိုအပ်သည်၊ ဟောတိ = ၏။

ဧဝံ = ဤသို့၊ ဣတ္ထိယော = မိန်းမတို့ကို၊ ဂရဟိတွာ = ကဲ့ရဲ့ပြီး၍၊ မာတာပိတရော = မိဘတို့ကို၊ ဝန္ဒိတွာ = ရှိခိုး၍၊ ဟိမဝန္တံ = ဟိမဝန္တာသို့၊ ပဝိသိတွာ = ဝင်၍၊ ပဗ္ဗဇိတွာ = ရဟန်းပြု၍၊ ဝုတ္တပ္ပကာရံ = ဆိုအပ်ပြီးသော အပြားရှိသော၊ ဝိဝေကံ = ဝိဝေကကို၊ ဗြူဟေန္တော = ပွားများအားထုတ် လျက်၊ ဗြဟ္မလောကပရာယဏော = ဗြဟ္မာ့ဘုံလောကသို့လားသည်။ အဟောသိ = ဖြစ်ပြီ။

သတ္တာပိ။(ပ)။ အာစရိယော ပန အဟမေဝ အဟောသိ" န္တိ။

အသာတမန္တဇာတကဝဏ္ဏနာ ပဌမာ။

သတ္တာပိ = မြတ်စွာဘုရားသည်လည်း၊ "ဘိက္ခု = ရဟန်း၊ ဧဝံ = ဤသို့၊ ဣတ္ထိယော နာမ = မိန်းမတို့မည်သည်၊ အသာတာ+လာမိကာ+ ပစ္ဆိမိကာ = ယုတ်မာကုန်၏၊ ဒုက္ခဒါယိကာ = ဆင်းရဲဒုက္ခကိုပေးတတ်ကုန်၏၊" ဣတိ = သို့၊ ဣတ္ထီနံ = မိန်းမတို့၏၊ အဂုဏံ = ကျေးဇူးမဲ့ကို၊ ဝါ = အပြစ်ကို၊ ကထေတွာ = ပြောဆို၍၊ သစ္စာနိ = သစ္စာတို့ကို၊ ပကာသေသိ = ထင်ရှားပြတော်မူပြီ၊ သစ္စပရိယောသာနေ = သစ္စာတို့၏အဆုံး၌၊ သောဘိက္ခု = ထိုရဟန်းသည်၊

သောတာပတ္တိဖလေ = သောတာပတ္တိဖိုလ်၌၊ ပတိဋ္ဌာသိ = တည်ပြီ။ သတ္ထာ = သည်၊ အနုသန္ဓိံ = အနုသန္ဓေကို၊ ဃဋေတွာ = ဆက်စပ်၍၊ ဇာတကံ = ဇာတ်တော်ကို၊ သမောဓာနေသိ = ပေါင်းတော်မူပြီ၊ (ကိံ = အဘယ်သို့၊ သမောဓာနေသိ = ပေါင်းတော်မူသနည်း။) "တဒါ = ထိုအခါ၌၊ မာတာ = လုလင်၏မိခင်သည်၊ ဘဒ္ဒကာပိလာနီ = ဘဒ္ဒကာပိ လာနီ = ဘဒ္ဒကာပိလာနီသည်၊ အဟောသိ = ဖြစ်ပြီ၊ ပိတာ = လုလင်၏ဖခင်သည်၊ မဟာကဿပေါ = အရှင်မဟာကဿပသည်၊ အဟောသိ = ဖြစ်ပြီ၊ အာစရိယော ပန = ဆရာသည်ကား၊ အဟမေဝ = ငါဘုရား သည်သာ အဟောသိ"န္တိ = ဖြစ်ခဲ့ပြီ-ဟု၊ ဇာတကံ = ကို၊ သမောဓာနေသိ = ပေါင်းတော်မူပြီ။

ပဌမာ = ရှေးဦးစွာ ဖြစ်သော၊ အဿာတမန္တဇာတကဝဏ္ဏနာ = အဿာတမန္တဇာတ်၏အဖွင့်သည်၊ နိဋ္ဌိတာ = ပြီး၏။

[နောက်လာမည့် နိဂုံးပုဒ်တို့၏အနက်တို့ကို မရေးပြီ၊ ရှေ့နည်းယူပြီ အနက်ပေးကြပါလေ၊]

*   *   *   *   *

၂ - အဏ္ဏဘူတဇာတက ဝဏ္ဏနာ (၆၂)

ယံ ဗြာဟ္မဏော အဝါဒေသီတိ ဣဒံ။ (ပ) ။ အာဟရိ။

ယံ ဗြာဟ္မဏော အဝါဒေသီတိ ဣဒံ = ယံ ဗြာဟ္မဏော အဝါဒေသိ = အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤအဏ္ဏဘူတဇာတ်ကို၊ သတ္ထာ = သည်၊ ဇေတဝနေ = ၌၊ ဝိဟရန္တော = စဉ်၊ ဥက္ကဏ္ဌိတမေဝ = သာသနာတော်၌ငြီးငွေ့သောရဟန်းကိုသာ၊ အာရဗ္ဘ = ၍၊ ကထေသိ = ပြီ၊ သတ္ထာ = သည်၊ တံ ဘိက္ခုံ = ထိုရဟန်းကို၊ "ဘိက္ခု = ရဟန်း၊ တွံ = သင်သည်၊ ဥက္ကဏ္ဌိတော = သာသနာတော်၌ငြီးငွေ့သည်၊ အသိ = ဖြစ်သည်၊ သစ္စံကိရ = မှန်၏လော၊"ဣတိ = သို့၊ ပုစ္ဆိတွာ = မေးတော်မူ၍၊ "သစ္စံ" န္တိ = မှန်ပါ၏ဘုရား-ဟု၊ ဝုတ္တေ = ဆိုအပ်သော်၊ "ဘိက္ခု = ရဟန်း၊ ဣတ္ထိယော နာမ = မိန်းမတို့မည်သည်၊ အရက္ခိယာ = မစောင့်ရှောက်နိုင်ကုန်၊ ဝါ = စောင့်ရှောက်ရခက်ကုန်၏၊ ပုဗ္ဗေ = ရှေးအခါ၌၊ ပဏ္ဍိတာ = ပညာရှိတို့သည်၊ ဣတ္ထိံ = မိန်းမကို၊ ဂဗ္ဘတော = အမိဝမ်းတိုက်မှ၊ ပဋ္ဌာယ = စ၍၊ ရက္ခန္တာပိ = စောင့် ရှောက်ကြကုန်သော်လည်း၊ ရက္ခိတုံ = စောင့်ရှောက်ခြင်းငှာ၊ နာသက္ခိံသု"တိ = မတတ်နိုင်ကြကုန်ပြီ-ဟု၊ ဝတွာ = ဆို၍၊ အတီတံ = ကို၊ အာဟရိ = ပြီ။

အတီတေ ဗာရာဏသိယံ ဗြဟ္မဒတ္တေ။ (ပ)။ ကီဠန္တော ပန - ။

အတီတေ = ရှေးလွန်လေပြီးသောအခါ၌၊ ဗာရာဏသိယံ = ၌၊ ဗြဟ္မဒတ္တေ = မင်းသည်၊ ရဇ္ဇံ = မင်း၏အဖြစ်ကို၊ ကာရေန္တေ = ပြုစဉ်၊ ဗောဓိသတ္တော = သည်၊ တဿ = ထိုဗြဟ္မဒတ်မင်း၏၊

အဂ္ဂမဟေသိယာ = မိဖုရားကြီး၏၊ ကုစ္ဆိသ္မိံ = ဝမ်း၌၊ နိဗ္ဗတ္တိတွာ = ဖြစ်၍၊ ဝယပ္ပတ္တော = အရွယ်သို့ ရောက်သည်ရှိသော်၊ သဗ္ဗသိပ္ပေသု = အလုံးစုံကုန်သောအတတ်တို့၌၊ နိပ္ဖတ္တိံ = ပြီးပြည့်စုံခြင်းသို့ ပတွာ = ရောက်၍၊ ပိတု = ခမည်းတော်၏၊ အစ္စယေန = နတ်ရွာစံပျံလွန်သဖြင့်၊ ရဇ္ဇေ = မင်း၏အဖြစ်၌၊ ပတိဋ္ဌာယ = တည်၍၊ ဓမ္မေန = တရားသဖြင့်၊ ရဇ္ဇံ = တိုင်းပြည်ကို၊ ကာရေသိ = အုပ်ချုပ်တော်မူပြီ၊ သော = ထိုမင်းသားသည်၊ ပုရောဟိတေန = ပုရောဟိတ်နှင့်၊ သဒ္ဓိံ = အတူတကွ၊ ဇူတံ = ကြွေအန်ကို၊ ကီဠတိ = ကစား၏၊ ကီဠန္တော ပန = ကြွေအန်ကို ကစားစဉ်မှာကား -

"သဗ္ဗာ နဒီ ဝင်္ကဂတီ၊ သဗ္ဗေ ကဋ္ဌမယာ ဝနာ။

သဗ္ဗိတ္ထိယော ကရေပါပံ၊ လဘမာနေ နိဝါတကေ"တိ။

ဂါထာအနက် ။ ။ သဗ္ဗာ = အလုံးစုံကုန်သော၊ နဒီ = မြစ်တို့သည်၊ ဝင်္ကဂတီ = ကောက်ကွေ့စွာသွားတတ်ကုန်၏၊ သဗ္ဗေ = အလုံးစုံကုန်သော၊ ဝနာ = တောတို့သည်၊ ကဋ္ဌမယာ = ထင်းအတိသာဖြစ်ကုန်၏၊ သဗ္ဗိတ္ထိယော = အလုံးစုံသောမိန်းမတို့သည်၊ နိဝါတကေ = ဆိတ်ကွယ်ရာအရပ်တို့ကို၊ လဘမာနေ = ရကုန်သည်ရှိသော်၊ ပါပံ = မကောင်းမှုကို၊ ကရေ+ကရေယျုံ = ပြုကြကုန်ရာ၏၊" ဣတိ = ဤသို့။

ဣမံ ဇူတဂီတံ ဂါယန္တော ရဇတဖလကေ သုဝဏ္ဏပါသကေ ခိပတိ၊ ဧဝံ ကီဠန္တော ပန ရာဇာ နိစ္စံ ဇိနာတိ၊ ပုရောဟိတော ပရာဇီယတိ။

ဣမံ ဇူတဂီတံ = ဤကြွေအန်သီချင်းကို၊ ဂါယန္တော = သီဆိုလျက်၊ ရဇတဖလကေ = ငွေပျဉ်၌၊ သုဝဏ္ဏပါသကေ = ရွှေအန်

စာတို့ကို၊ ဒိပတိ = ပစ်၏၊ ဇဝံ = ဤသို့၊ ကိင္စန္တေပန = ကစား သည်ရှိသော်၊ ရာဇာ = မင်းသည်၊ နိစ္စံ = အမြဲ၊ ဇိနာတိ = နိုင်၏၊ ပုရောဟိတော = ပုရောဟိတ်သည်၊ ပရာဇိယတိ = ရှုံး၏။

သော အနုက္ကမေန။ (ပ) ။ ဃရေ ကရိဿာမိ" တိ။

သော = ထိုပုရောဟိတ်သည်၊ အနုက္ကမေန = အစဉ်အား ဖြင့်၊ ဃရေ = အိမ်၌၊ ဝိဘဝေ = စည်းစိမ်ဥစ္စာသည်၊ ပရိက္ခယံ = ကုန်ခမ်းခြင်းသို့၊ ဂစ္ဆန္တေ = ရောက်လတ်သော်၊ "ဇဝံသန္တေ = ဤသို့ဖြစ်သည်ရှိသော်၊ ဣမသ္မိံဃရေ = ဤအိမ်၌၊ သဗ္ဗံ = အလုံးစုံသော၊ ဓနံ = ဥစ္စာသည်၊ ခီယိဿတိ = ကုန်လတ္တံ့၊ ပရိယေ သိတွာ = ရှာဖွေ၍၊ ပုရိသန္တရံ = အခြား ယောကျ်ားတစ်ပါးသည်၊ အဂတံ = မရောက်ဘူးသော၊ ဇကံ မာတုဂါမံ = မိန်းမတစ်ယောက် ကို၊ ဃရေ = အိမ်၌၊ ကရိဿာမိ"တိ = အိမ်သူပြုအံ့-ဟု၊ စိန္တေသိ = ကြံစည်ပြီ။

အထဿ ဇတဒဟောသိ။ (ပ)။ ဓနံ အာဟရိဿာမိ" တိ။

အထ = ထိုအခါ၌၊ အဿ = ထိုပုရောဟိတ်အား၊ "အညံ = အခြားသော၊ ပုရိသံ = ယောကျ်ားကို၊ ဒိဋ္ဌပုဗ္ဗံ = မြင်ဘူးသော၊ ဣတ္ထိံ = မိန်းမကို၊ ရက္ခိတုံ = စောင့်ရှောက်ခြင်းငှာ၊ နသက္ခိဿာမိ = မတတ်နိုင်လတ္တံ့၊ ဂဗ္ဘတော = အမိဝမ်းတိုက်မှ၊ ပဋ္ဌာယ = စ၍၊ ဇကံ မာတုဂါမံ = မိန်းမတစ်ယောက်ကို၊ ရက္ခိတွာ = စောင့်ရှောက်၍၊ ဝယပ္ပတ္တံ = အရွယ်သို့ရောက်သော၊ တံ = ထိုမိန်းမကို၊ ဝသေ = မိမိ အလို၌၊ ဌပေတွာ = တည်စေ၍၊ ဇကပုရိသိကံ = တစ်ယောက်တည်း သောယောကျ်ားရှိသည်ကို၊ ကတွာ = ပြု၍၊ ဂါဠှံ = မြဲစွာ၊ အာရက္ခံ

= အစောင့်ကို၊ သံဝိဒဟိတွာ = စီရင်၍၊ ရာဇကုလတော = မင်းအိမ်မှ၊ ဓနံ = ဥစ္စာကို၊ အာဟရိဿာမိ" တိ = ဆောင်ယူအံ့-ဟု၊ ဧတံ+ဧသော ပရိဝိတက္ကော = ဤအကြံအစည်သည်၊ အဟောသိ = ဖြစ်ပြီ။

သော စ အင်္ဂဝိဇ္ဇာယ။ (ပ) ။ တံ အတ္တနော ဝသေ ဌပေသိ။

သော စ = ထိုပုရောဟိတ်သည်လည်း၊ အင်္ဂဝိဇ္ဇာယ = မိန်းမ, ယောကျ်ားလက္ခဏာပြအင်္ဂဝိဇ္ဇာဒဗ္ဗတက်၌၊ ဆေကော = ကျွမ်းကျင်လိမ္မာသည်၊ ဟောတိ = ဖြစ်၏၊ အထ = ထိုအခါ၌၊ ဂဗ္ဘိနိံ = ကိုယ်ဝန်ဆောင်သော၊ ဧကံ ဒုဂ္ဂတိတ္ထိံ = ဆင်းရဲသော မိန်းမတစ်ယောက်ကို၊ ဒိသွာ = မြင်၍၊ "ဓီတရံ = သမီးမိန်းမကို၊ ဝိဇာယိဿတီ"တိ = မွေးဖွားလတ္တံ့-ဟု၊ ဉတွာ = သိ၍၊ တံ = ထိုကိုယ်ဝန်ဆောင်ဆင်းရဲမိန်းမကို၊ ပက္កោသាပေត្វា = ခေါ်စေ၍၊ ပရိဗ္ဗယံ = စားစရာရိက္ခာကို၊ ဒတွာ = ပေး၍၊ ယရေဃေဝ = အိမ်၌သာလျှင်၊ ဝသာပေတွာ = နေစေ၍၊ ဝိဇာတကာလေ = မွေးဖွားရာကာလ၌၊ ဓနံ = ဥစ္စာကို၊ ဒတွာ = ပေး၍၊ ဥယျောဇေတွာ = တိုက်တွန်း၍၊ ဝါ = စေလွှတ် ၍၊ တံ ကုမာရိကံ = ထိုမိန်းကလေးကို၊ အညေသံ = အခြားကုန်သော၊ ပုရိသာနံ = တို့အား၊ ဒဋ္ဌုံ = မြင်ခြင်းကို၊ အဒတွာ = မပေးမူ၍၊ ဣတ္ထီနံယေဝ = မိန်းမတို့၏သာ၊ ဟတ္ထေ = လက်၌၊ ဒတွာ = ပေး၍၊ ပေါသာပေတွာ = မွေးမြူစေ၍၊ ဝယပ္ပတ္တကာလေ = အရွယ်သို့ရောက်သောအခါ၌၊ တံ = ထိုမိန်းကလေးကို၊ အတ္တနော = မိမိ၏၊ ဝသေ = အလို၌၊ ဌပေသိ = တည်စေပြီ။

ယာဝ စေသာ ဝဍ္ဎတိ။ (ပ) ရာဇာ ပရာဇီယတိ။

သော = ထိုအမျိုးသမီးသည်၊ ယာဝစ = အကြင်မျှလောက်လည်း၊ ဝဍ္ဎတိ = ကြီးထွား၏၊ တာဝ = ထိုမျှလောက်ကြီးသည်တိုင်အောင်၊ ရညော = မင်းနှင့်၊ သဒ္ဓိံ = အတူတကွ၊ ဇူတံ = ကြွေအန်ကို၊ နကီဠိ = မကစားသေး၊ တံ ပန = ထိုအမျိုးသမီးကိုကား၊ ဝသေ = မိမိအလိုဌ်၊ ဌပေတွာ = တည်စေ၍၊ ပြာဟ္မဏော = ပုရောဟိတ်ပုဏ္ဏားသည်၊ "မဟာရာဇ = မင်းကြီး၊ ဇူတံ = ကြွေအန်ကို၊ ကီဠာမာ"တိ = ကစားကြစို့-ဟု၊ အာဟ = ဆိုပြီ၊ ရာဇာ = မင်းသည်၊ "သာဓူ"တိ = ကောင်းပြီ-ဟု၊ ပုရိမနိယာမေနေဝ = ရှေးနည်းအတိုင်းသာလျှင်၊ ကီဠိ = ကစားပြီ၊ ပုရောဟိတော = ပုရောဟိတ်သည်၊ ရညော = မင်း၏၊ ဂါယိတွာ = ကြွေအန်သီချင်းကိုသီဆို၍၊ ပါသကံ = အန်လက်ကို၊ ခိပနကာလေ = ပစ်သောအခါ၌၊ ("မမ = ငါ၏၊ မာဏာဝိကံ = မိန်းကလေးကို၊ ဌပေတွာ = ထား၍၊" ဣတိ = ဤသို့) "ဌပေတွာ မမ မာဏာဝိကာ" န္တိ = 'ဌပေတွာ မမ မာဏာဝိကံ' ဟု၊ အာဟ = ဆိုပြီ၊ တတော = ထိုနေ့မှ၊ ဝါ = ထိုအခါမှ၊ ပဋ္ဌာယ = စ၍၊ ပုရောဟိတော = ပုရောဟိတ် သည်၊ ဇိနာတိ = နိုင်၏၊ ရာဇာ = မင်းသည်၊ ပရာဇီယတိ = ရှုံး၏။

ဗောဓိသတ္တော။ (ပ) ။ သက္ကောမိ ဒေဝါတိ။

ဗောဓိသတ္တော = ဘုရားလောင်းသည်၊ "ဣမဿ = ဤပုရောဟိတ် ၏၊ ဃရေ = အိမ်၌၊ ဧကပုရိသိကာယ = တစ်ယောက်တည်းသောယောက်ျားရှိသော၊ ဧကာယ ဣတ္ထိယာ = တစ်ယောက်သောမိန်းမသည်၊ ဘဝိတဗ္ဗ''' န္တိ ရှိရာ၏-ဟု၊ ပရိဂ္ဂဏှာပေန္တော = စုံစမ်းစေသည်ရှိသော်၊ အတ္ထိဘာဝံ = ရှိသည်၏အဖြစ်ကို၊ ဉတွာ = သိ၍၊ "အဿာ = ထိုမိန်းမ၏၊ သီလံ = သီလကို၊

ဘိန္နာပေဃာမိ”တိ = ဖျက်ဆီးစေအံ့ - ဟု၊ ဧကံ = တစ်ယောက်သော၊ ခုတ္တံ = မိန်းမကြူးကို၊ (မိန်းမကြူးဟူသည် = မိန်းမတို့နှင့် အမြဲပျော်ပါးလိုက်စားသူ၊ ပက္ကောသာပေတွာ = ခေါ်စေ၍၊ “တွံ = သင်သည်၊ ပုရောဟိတဿ = ပုရောဟိတ်၏၊ ဣတ္ထိယာ = မိန်းမ၏၊ သီလံ = သီလကို၊ ဘိန္ဒိတုံ = ဖျက်ဆီးခြင်းငှာ၊ သက္ခိဿသိ” တိ = တတ်နိုင်အံ့လော’ ဟု၊ အာဟ = ဆို၏၊ ဒေဝ = မင်းကြီး၊ သက္ကောမိ = တတ်နိုင်ပါ၏၊ ဣတိ = သို့၊ အာဟ = ၏။

အထဿ ရာဇာ ဓနံ ဒတွာ။ (ပ) ။ ဣတ္ထီနံယေဝ အာရက္ခာ။

အထ = ထိုအခါ၌၊ အဿ = ထိုမိန်းမကြူးအား၊ ရာဇာ = မင်းသည်၊ ဓနံ = ပဖွည်းဥစ္စာကို၊ ဒတွာ = ပေး၍၊ “တေန ဟိ = ထိုသို့တတ်နိုင်မှုလျှင်၊ ခိပ္ပံ = မြန်မြန်၊ နိဋ္ဌာပေဟိ”တိ = ကိစ္စပြီးစေလော့-ဟု၊ တံ = ထိုမိန်းမကြူးကို၊ ပဟိဏိ = စေလွှတ်ပြီ၊ သော = ထိုမိန်းမကြူးသည်၊ ရညော = မင်း၏၊ သန္တိကာ = ထံမှ၊ ဓနံ = ဥစ္စာကို၊အာဒါယ = ယူ၍၊ ဂန္ဓမူမ စုဏ္ဏ ကပ္ပူရာဒီနိ = နံ့သာအခိုးအထုံ, နံ့သာမှုန့်, ပရုပ်အစရှိသည်တို့ကို၊ ဂဟေတွာ = ယူ၍၊ တဿ = ထိုပုရောဟိတ်၏၊ ဃရတော = အိမ်မှ၊ အဝိဒူရေ = အနီး၌၊ သဗ္ဗဂန္ဓာပဏံ = အလုံးစုံသောနံ့သာဈေးကို၊ ပသာရေသိ = ဖြန့်ကျင်း၏၊ ပုရောဟိတဿ = ပုရောဟိတ်၏၊ ဂေဟံအပိ = အိမ်သည်လည်း၊ သတ္တဘူမကံ = ဘုံခုနစ်ဆင့်ရှိသော၊ သတ္တဒွါရ ကောဋ္ဌကံ = တံခါးမုခ်ခုနစ်ခုရှိ၏၊ သဗ္ဗေသု = အလုံးစုံကုန်သော၊ ဒွါရကောဋ္ဌကေသု = တံခါးမုခ်တို့၌၊ ဣတ္ထီနံယေဝ = မိန်းမတို့၏သာ၊ အာရက္ခာ = အစောင့်ရှိကုန်၏။

ဌပေတွာ ပန ဗြာဟ္မဏံ။ (ပ)။ အာပဏာသမီပေန ဂစ္ဆတိ။

ဗြာဟ္မဏံ = ပုဏ္ဏားတိတ်ပုဏ္ဏားကို ဌပေတွာ = ထား၍၊ အညော = အခြားသော၊ ပုဗ္ဗိုသော - ယောက်ျားသည်၊ ဂေဟံ = အိမ်သို့၊ ပဝိသိတုံ = ဝင်ခြင်းငှာ၊ လဘာဓန္တော နာမ = ရသောသူမည်သည်၊ ဝါ = ရခြင်းမည်သည်၊ နတ္ထိ = မရှိ၊ ကစေရုဿန္တုန္နပစ္စိမ္မိ = အမှိုက်စွန့်တောင်းကိုလည်း၊ ဓောဝိယာ ယော - သုတ်သင်ရှင်းလင်း၍သော၊ ပဓေဝသေန္တိ = သွင်းကြကုန်၏၊ တံ မာဏဝိကံ = ထိုအမျိုးသမီးလေးကို၊ ပုရောဟိတော ယော = ပုဏ္ဏားတိတ်သည်သော၊ ဒဋ္ဌုံ = တွေ့မြင်ခြင်းငှာ၊ လဘတိ - ရ၏။

တဿ စ = ထိုအမျိုးသမီးလေး၏လည်း ဧကော = တစ်ယောက်သော၊ ပရိစာရိကာ = အလုပ်အကျွေးဖြစ်သော၊ ကုတ္ထိ = မိန်းမသည်၊ အတ္ထိ - ရှိ၏၊ အထ = ထိုအခါ၌၊ အသော = ထိုအမျိုးသမီးလေး၏၊ သာပရိစာရိကာ = ထိုအလုပ်အကျွေးမိန်းမသည်၊ ဂန္ဓပုပ္ဖမူလံ = နံ့သာဘိုး, ပန်းဘိုးကို၊ ဂဟေတွာ - ယူ၍၊ ဂစ္ဆန္တီ = သွားသည်ရှိသော်၊ တဿ ဓုတ္တဿ = ထိုမိန်းမကြူး၏၊ အာပဏာသမီပေန = ဈေးခင်း၏အနီးဖြင့်၊ ဂစ္ဆတိ = သွား၏။

သော။ (ပ) ။ ဧကဒိဝသာယေဝ" တိ အာဟံသု။

သော = ထိုမိန်းမကြူးသည်၊ "အယံ = ဤမိန်းမသည်၊ တဿာ = ထိုအမျိုးသမီးလေး၏၊ ပရိစာရိကာ"တိ = အလုပ်အကျွေးတည်း-ဟု၊ သုဋ္ဌု = ကောင်းစွာ၊ ဉတွာ = သိ၍၊ ဧကဒိဝသံ = တစ်နေ့သောအခါ၌၊ အာဂစ္ဆန္တိံ = လာသော၊ တံ = ထိုမိန်းမကို၊ ဒိသွာ = မြင်၍၊ အာပဏာ = ဈေးမှ ဥဋ္ဌာယ = ထ၍၊ ဂန္တွာ -

သွား၍၊ တဿာ ◦ ထိုအလုပ်အကျွေးမိန်းမ၏၊ ပါဒမူလေ ◦ ခြေရင်း၌၊ ပတိတွာ ◦ လဲချ၍၊ ဥဘောဟိ ဟတ္ထေဟိ ◦ လက်နှစ်ဖက်တို့ဖြင့်၊ ပါဒေ ◦ ခြေတို့ကို၊ ဂါဠှံ ◦ မြဲစွာ၊ ဂဟေတွာ ◦ ယူ၍၊ "အမ္မ ◦ မိခင်၊ ဝါ ◦ အမေ၊ ဧတ္တကံ ကာလံ ◦ ဤမျှလောက်သော အချိန်အခါကာလပတ်လုံး၊ ကဟံ ◦ အဘယ်သို့၊ ဂတာ ◦ သွားအပ်သည်၊ အသိ ◦ ဖြစ်သနည်း"၊ ဣတိ ◦ သို့၊ ပရိဒေဝိ ◦ ငိုကြွေးပြီ၊ အဝသေသာ ◦ ကြွင်းကျန်ကုန်သော၊ ပ[...]တ္တကမုတ္တာပိ ◦ အကြံအဖန်အဖော်သေသောက်ကြူးတို့သည်လည်း၊ ဧကမန္တံ ◦ သင့်တော်သောနေရာတစ်ခု၌၊ ဌတွာ ◦ တည်ကြ၍၊ "ဟတ္ထပါဒမုခသဏ္ဌာနေဟိစ ◦ လက်ခြေမျက်နှာပုံသဏ္ဌာန်တို့ဖြင့်လည်းကောင်း၊ အာကပ္ပေနစ ◦ အသွင်အပြင်ဖြင့်လည်းကောင်း၊ မာတာပုတ္တာ ◦ သားအမိတို့သည်၊ ဧကသဒိသာယေဝါ"တိ ◦ အထပ်တည်းတူကြကုန်သည်သာတည်း-ဟု၊ အာဟံသု ◦ ပြောကြကုန်ပြီ။

သာ ဣတ္ထိ တေသု တေသု။ (ပ) ။ အာလိင်္ဂေတွာ အဋ္ဌာသိ။

သာ ဣတ္ထိ ◦ ထိုမိန်းမသည်၊ တေသု တေသု ◦ ထိုထိုသေသောက်ကြူးတို့သည်၊ ကထေန္တေသု ◦ ပြောဆိုကြကုန်သည်ရှိသော်၊ အတ္တနော ◦ မိမိအား၊ အသဒ္ဒဟိတွာ ◦ မယုံနိုင်၍၊ ဝါ ◦ အသဒ္ဒဟိတွာ ◦ မ[...]ဖြတ်နိုင်၍၊ "အယံ ◦ ဤသူသည်၊ မေ ◦ ငါ၏၊ ပုတ္တော ◦ သားသည်၊ ဘဝိဿတိ"တိ ◦ ဖြစ်လတ္တံ့-ဟု၊ သယမ္ပိ ◦ မိမိကိုယ်တိုင်လည်း၊ ရောဒိတုံ ◦ ငိုခြင်းငှာ၊ အာရဘိ ◦ အားထုတ်ပြီ၊ ဥဘော ◦ နှစ်ယောက်ကုန်သော၊ တေပိ ◦ ထိုသားအမိတို့သည်

အထ သော မုဋ္ဌော အာဟ။ (ပ)။ ဂန္ဓမာလာဒိနံ အတ္ထာယာတိ။

အထ = ထိုအခါ၌၊ သောမုဋ္ဌော = ထိုမိန်းမကြီးသည်၊ "အမ္မ = မိခင်၊ ကဟံ = အဘယ်အရပ်၌၊ ဝသသိ"တိ = နေပါသနည်း-ဟု၊ အာဟ = ဆို၏၊ တာတ = ချစ်သား၊ အဟံ = ငါသည်၊ ကိန္နရိလီလာယ ဝသမာနာယ = ကိန္နရီမ၏တင့်တယ်ခြင်း စမ့်ယ်ခြင်းနှင့်တူသော၊ ရူပသောဘဂ္ဂပ္ပတ္တာယ = ရုပ်အဆင်းတင့်တယ်လှပခြင်းအထွတ်အထိပ်သို့ရောက်သော၊ ပုရောဟိတဿ = ပုရောဟိတ်၏၊ ဒဟရိတ္ထိယာ = ငယ်ရွယ်သောမိန်းကလေးအား၊ ဥပဋ္ဌာနံ = လုပ်ကျွေးခြင်းကို၊ ကုရုမာနာ = ပြုလျက်၊ ဝသာမိ = နေ၏၊ ဣတိ = သို့၊ အာဟ = ၏၊ အမ္မ = မိခင်၊ ဣဒါနိ = ယခုအခါ၌၊ ကဟံ = အဘယ်သို့၊ ယာသိ = သွားမည်နည်း၊ ဣတိ = သို့၊ အာဟ = ၏၊ တဿာ = ထိုမိန်းကလေး၏၊ ဂန္ဓမာလာဒိနံ = နံ့သာပန်းအစရှိသည်တို့၏၊ အတ္ထာယ = အကျိုးငှာ၊ ဂမိဿာမိ = သွားအံ့၊ ဣတိ = သို့၊ အာဟ = ၏။

"အမ္မ ကိံ တေ အညတ္ထ ဂတာယ။ (ပ) ဗဟုဘာဝံ ဒိသွာတိ။

"အမ္မ = အမေ၊ တေ = သင့်အား၊ အညတ္ထ = အခြားသောအရပ်သို့၊ ဂတာယ = သွားခြင်းငှာ၊ ကိံ = အဘယ်အကျိုးရှိအံ့နည်း၊ ဣတော = ယနေ့မှ၊ ပဋ္ဌာယ = စ၍၊ မမေဝ = ငါ၏သာ၊ သန္တိကာ = အထံမှ၊ ဟရာ"တိ = ယူဆောင် လော့-ဟု၊ မူလံ = အဖိုးအခကို၊ အဂ္ဂဟေတွာဝ = မယူမူ၍သာ၊ ဗဟူနိ = များကုန်သော၊ တမ္ဗူလတက္ကောလကာဒိနိ စေဝ = ပန်းညိုကရဝေးအစရှိသည်တို့ကိုလည်းကောင်း၊ နာနာပုပ္ဖါနိစ = ပန်းအမျိုးမျိုးတို့ကိုလည်းကောင်း၊ အဒါသိ

= ပေးပြီ၊ မာဏဝိကာ = မိန်းကလေးသည်၊ ဗဟူနိ = များစွာကုန်သော၊ ဂန္ဓပုပ္ဖါဒိနိ = နံ့သာပန်းအစရှိသည်တို့ကို၊ ဒိသွာ = မြင်၍၊ "အမ္မ = မိခင်၊ အဇ္ဇ = ယနေ့၌၊ ဗြာဟ္မဏော = ပုဏ္ဏားသည်၊ အမှာကံ = ငါတို့အား၊ ပသန္နော ကိံ = ကြည်ဖြူသလော၊ ဣတိ = သို့၊ အာဟ = ၏၊ ကသ္မာ = အဘယ့်ကြောင့်၊ ဧဝံ = ဤသို့၊ ဝဒသိ = ဆိုသနည်း၊ ဣတိ = သို့၊ အာဟ = ၏၊ ဣမေသံ = ဤနံ့သာပန်းစသည်တို့၏၊ ဗဟုဘာဝံ များသည်၏အဖြစ် ကို၊ ဒိသွာ = မြင်သောကြောင့်တည်း၊ ဣတိ = သို့၊ အာဟ = ၏။

န ဗြာဟ္မဏော ဗဟုမူလံ အဒါသိ။ (ပ) ။ ပုစ္ဆိ။

ဗြာဟ္မဏော = ပုရောဟိတ်ပုဏ္ဏားသည်၊ ဗဟုမူလံ = များစွာသော အဘိုးကို၊ န အဒါသိ = မပေးပြီ၊ မယာ = ငါသည်၊ ဧတံ = ထိုပန်းနံ့သာကို၊ မယှံ = ငါ၏၊ ပုတ္တဿ = သား၏၊ သန္တိကာ = ထံမှ၊ အာဘတံ = ဆောင်ယူအပ်ပြီ၊ ဣတိ = သို့၊ အာဟ = ၏၊ တတော = ထိုနေ့မှ၊ ပဋ္ဌာယ = စ၍၊ သာ = ထိုမိန်းမသည်၊ ဗြာဟ္မဏေန = ပုဏ္ဏားသည်၊ ဒိန္နမူလံ = ပေးအပ်သောအဘိုးငွေကို၊ အတ္တနာ = မိမိသည်၊ ဂဟေတွာ = ယူ၍၊ တဿေဝ = ထိုမိန်းမကြူး၏ပင်၊ သန္တိကာ = အထံမှ၊ ဂန္ဓပုပ္ဖါဒီနိ = နံ့သာပန်းစသည်တို့ကို၊ အာဟရတိ = ယူဆောင်၏၊ ဓုတ္တော = မိန်မကြူးသည်၊ ဝါ = သေသောက်ကြူးသည်၊ ကတိပါဟစ္စယေန = နှစ်ရက်သုံးရက်လွန်သဖြင့်၊ ဂိလာနာလယံ = ဖျားနာဟန်ကို၊ ကတွာ = ပြု၍၊ နိပဇ္ဇိ = အိပ်ပြီ၊ သာ = ထိုမိန်းမသည်၊ တဿ = ထိုသေသောက်ကြူး၏၊ အာပဏဒွါရံ = ဈေးတံခါးသို့၊ ဂန္တွာ = သွား၍၊ တံ = ထိုသေသောက်ကြူးကို၊ အဒိသွာ = မမြင်၍၊ "မေ = ငါ၏၊ ပုတ္တော = သားသည်၊ ကဟံ = အဘယ်မှာနည်း၊" ဣတိ = သို့၊ ပုစ္ဆိ = မေးပြီ။

ပုတ္တသ တေ။ (ပ) ။ ကထေဟိ တာတာတိ။

တေ = သင်၏၊ ပုတ္တဿ = သားအား၊ အဖာသုကံ = မချမ်းသာခြင်း သည်၊ ဇာတံ = ဖြစ်ပြီ၊ ဣတိ = သို့၊ အာဟ = ၏၊ သာ = ယိုမိန်းမသည်၊ တဿ = ထိုသေသောက်ကြူး၏၊ နိပန္နဋ္ဌာနံ = အိပ်ရာနေရာသို့၊ ဂန္တွာ = သွား၍၊ နိသီဒိတွာ = ထိုင်၍၊ ပိဋ္ဌိ = ကျောက်ကုန်းကို၊ ပရိမဇ္ဇန္တီ = နှိပ်နယ်လျက်၊ "တာတ = ချစ်သား၊ တေ = သင့်အား၊ အဖာသုကံ = မချမ်းသာသည်၊ ကိံ = အဘယ် နည်း၊" ဣတိ = သို့၊ ပုစ္ဆိ = မေးပြီ၊ သော = ထိုသေသောက်ကြူး. သည်၊ တုဏှီ = ဆိတ်ဆိတ်၊ အဟောသိ = ဖြစ်ပြီ၊ ပုတ္တ = ချစ်သား၊ ကိံ = အဘယ့်ကြောင့်၊ နကထေသိ = မပြောသနည်း၊ ဣတိ = သို့၊ အာဟ = ၏၊ အမ္မ = မိခင်၊ မရဏ္ဍေနာပိ = သေသွားသဖြင့်လည်း၊ တုယှံ = သင့်အား၊ ကထေတုံ = ပြောခြင်းငှာ၊ န သက္ကာ = မတတ် ကောင်း၊ ဣတိ = ဤသို့၊ အာဟ = ၏၊ တာတ = ချစ်သား၊ မယှံ = ငါ့အား၊ အကထေတွာ = မပြော မူ၍၊ ကဿ = အဘယ်သူမား၊ ကထေဿသိ = ပြောရာသနည်း၊ တာတ = ချစ်သား၊ ကထေဟိ = ပြောလော့၊ ဣတိ = သို့၊ အာဟ = ပြီ။

အမ္မ မယှံ အညံ။ (ပ) ။ မယာ ကတောကာသောယေဝ တိ။

အမ္မ = မိခင်၊ မယှံ = ကျွန်တော့အား၊ အညံ = အခြားသော၊ အဖာသုကံ = မချမ်းသာခြင်းသည်၊ နတ္ထိ = မရှိ၊ တဿာ ပန မာဏဝိကာယ = ထိုအမျိုးသမီးလေး၏၊ ဝဏ္ဏံ = ဂုဏ်ကျေးဇူးကို၊ သုတွာ = ကြားရ၍၊ ပဋိဗဒ္ဓစိတ္တော = စွဲလမ်းသောစိတ်သည်၊ အသ္မိ = ဖြစ်၏၊ တံ = ထိုအမျိုး သမီးလေးကို၊ လဘန္တော = ရသည်ရှိသော်၊ ဇီဝိဿာမိ = အသက်ရှင်အံ့၊ အလဘန္တော = မရသည်ရှိသော်၊

ဣက္ခေဝ = ဤနေရာ၌ပင်၊ မရိသ္သာမိတိ = သေအံ့-ဟု၊ အာဟ = ၏၊ တောဟ = ချစ်သား၊ ဧသ+ဧသောဘာရော = ထိုတာဝန်သည်၊ မယှံ = ငါ၏၊ ဘာရော = တာဝန်ပါ၊ တွံ = သင်သည်၊ ဧတံ = ထိုအမျိုးသမီးလေးကို၊ နိဿာယ = မှီ၍၊ မာ စိန္တယိ”တိ = မကြံစည်လင့်-ဟု၊ တံ = ထိုသေသောက်ကြူးကို၊ ဝါ = ထိုမိန်းမကြူးကို၊ အဿာသေတွာ = သက်သာစေ၍၊ ဗဟူနိ = များစွာကုန်သော၊ ဂန္ဓပုပ္ဖါဒီနိ = နံ့သာပန်းအစရှိသည်တို့ကို၊ အာဒါယ = ယူ၍၊ မာဏဝိကာယ = အမျိုးသမီးလေး၏၊ သန္တိကံ = ထံသို့၊ ဂန္တွာ = သွား၍၊ “အမ္မ = သမီး၊ မေ = ငါ့၏၊ ပုတ္တော = သားသည်၊ မမ = ကျွန်ုပ်၏၊ သန္တိကာ = ထံမှ၊ တဝ = သင့်၏၊ ဝဏ္ဏံ = ဂုဏ်ကျေးဇူးကို၊ သုတွာ = ကြား၍၊ ပဋိဗဒ္ဓစိတ္တော = စွဲလန်းသော စိတ်သည်၊ ဇာတော = ဖြစ်ပြီ၊ ကိံ = အဘယ်သို့၊ ကာတဗ္ဗ”န္တိ = ပြုအပ်ရာသနည်း-ဟု၊ အာဟ = ဆို၏၊ အာနေတုံ = ဆောင်ယူခြင်းငှာ၊ သစေ သက္ကောထ = အကယ်၍တတ်နိုင်ကုန်အံ့၊ ဓယာ = ငါသည်၊ ဩကာသော = အခွင့်အလမ်းကို၊ ကတောယေဝ = ပြုအပ်ပြီးသည်သာတည်း၊ ဣတိ = သို့၊ အာဟ = ၏၊

သာ တဿာ ဝစနံ သုတွာ။ (ပ) ။ သောမေတုံ ဥဿဟတိ။

သာ = ထိုမိန်းမသည်၊ ဝါ = ထိုအလုပ်အကျွေးမိန်းမသည်၊ တဿ = ထိုအမျိုးသမီးငယ်၏၊ ဝစနံ = စကားကို၊ သုတွာ = ကြား၍၊ တတော= ထိုနေ့မှ၊ ပဋ္ဌာယ = စ၍၊ တဿ ဂေဟဿ = ထိုအိမ်၏၊ ကဏ္ဏကဏ္ဏေဟိ = ဒေါင့်အစွန်း, ဒေါင့်အစွန်းတို့မှ၊ ဗဟုံ = များစွာသော၊ ကစဝရံ = အမှိုက်ကို၊ သက်ဃတွာ = စုရုံး၍၊ အာရက္ခိတ္တိယာ = အစောင့်မိန်းမ၏၊ ဥပရိ = အပေါ်၌၊ ဆဍ္ဍေသိ

= စွန့်ပြီး၊ တေန = ထိုအမှိုက်စွန့်ခြင်းဖြင့်၊ အင်္ဂယမာနာ = နှိပ်စက် အပ်သည်ဖြစ်၍၊ အပေတိ = ဖဲရှား၏၊ ဣတရာ = အခြားအလုပ် အကျွေးမိန်းမသည်၊ တေနေဝ နိယာမေန = ထိုနည်းလမ်းဖြင့်ပင်၊ ယာ ယာ = အကြင်အကြင်မိန်းမသည်၊ ကိဉ္စိ = တစ်စုံတစ်ခုကို၊ ကထေတိ = ဆို၏၊ တဿာ တဿာ = ထိုထိုမိန်းမ ၏၊ ဥပရိ = အပေါ်၌၊ ကစဝရံ = အမှိုက်ကို၊ ဆဍ္ဍေသိ = စွန့်ပြစ်ပြီ၊ တတော = ထိုအခါမှ၊ ပဋ္ဌာယ ပန = စ၍ကား၊ သာ = ထိုအလုပ်အကျွေး မိန်းမသည်၊ ယံ ယံ = အကြင်အကြင်ဝတ္ထုကို၊ အာဟရတိဝါ = ယူဆောင်လည်းယူဆောင်၏၊ ဟရတိဝါ = ထုတ်ဆောင်လည်း ထုတ်ဆောင်၏၊ တံ တံ = ထိုထိုဝတ္ထုကို၊ ကာစိ = တစ်စုံတစ်ယောက် သောသူသည်၊ သောဓေတုံ = သုတ်သင်ခြင်းငှာ၊ န ဥဿဟတိ = မဝံ့ပြီ။

တသ္မိံ ကာလေ သာ။ (ပ) ။ ခုတ္တော နိလီယတိ။

တသ္မိံ ကာလေ = ထိုအခါ၌၊ သာ = ထိုအလုပ်အကျွေး မိန်းမသည်၊ တံ ခုတ္တံ = ထိုသေသောက်ကြူးကို၊ ပုပ္ဖဆ္ဆိယံ = ပန်း တောင်း၌၊ နိပဇ္ဇာပေတွာ = အိပ်စေ၍၊ မာဏဝိကာယ = အမျိုး သမီးလေး၏၊ သန္တိကံ = ထံသို့၊ အဘိဟရိ = ဆောင်ယူပြီ၊ ခုတ္တော = သေသောက်ကြူးသည်၊ ဝါ = မိန်းမကြူးသည်၊ မာဏဝိကာယ = အမျိုးသမီးလေး၏၊ သီလံ = သီလကို၊ ဘိန္ဒိတွာ = ဖျက်ဆီး၍၊ ဧကာဟဒွိဟံ = တစ်ရက်နှစ်ရက်တိုင်၊ ပါသာ ဒေယေဝ = ပြာသာဒ ၌သာလျှင်၊ အဟောသိ = ဖြစ်ပြီ၊ ပုရောဟိတေ = ပုရောဟိတ်သည်၊ ဗဟိ = ပြင်ပသို့၊ နိက္ခန္တေ = ထွက်သည်ရှိသော်၊ ဥဘော = နှစ် ယောက်တို့သည်၊ အဘိရမန္တိ = ပျော်ပါးကြကုန်၏၊ တသ္မိံ = ထိုပုရော ဟိတ်သည်၊ နိလီယတိ = ပုန်းနေ၏။

အထ နံ သာ ကောဟဒ္ဒိဟစ္စယေန၊ (ပ) ၊ ဝိဏံဝါဒေသိ၊

အထ = ထိုအခါ၌၊ နံ = ထိုမိန်းမကြီးကို၊ သာ = ထိုအမျိုးသမီးလေးသည်၊ ကောဟဒ္ဒိဟစ္စယေန = တစ်ရက်နှစ်ရက်လွန်သဖြင့်၊ "သာမိ = အရှင်၊ ဣဒါနိ = ၌၊ တယာ = သင်သည်၊ ဂန္တုံ = သွားခြင်းငှာ၊ ဝဋ္ဋတိ" တိ = အပ်၏ဟု၊ အာဟ = ၏၊ အဟံ = သည်၊ ဗြာဟ္မဏံ = ပုဏ္ဏားကို၊ ပဟရိတွာ = ထုထောင်း၍၊ ဂန္တုကာမော = သွားခြင်းငှာအလိုရှိ၏၊ ဣတိ = သို့၊ အာဟ = ဆို၏၊ သာ = ထိုမိန်းကလေးသည်၊ "ဧဝံ ဟောတူ" တိ = ဤသို့ ဖြစ်စေဟု၊ စုတ္တံ = မိန်းမကြီးကို၊ နိလီယာပေတွာ = ပုန်းအောင်းစေ၍၊ ဗြာဟ္မဏေ = ပုဏ္ဏားသည်၊ အာဂတေ = လာသည်ရှိသော်၊ ဧဝံ = ဤသို့၊ အာဟ = ဆို၏၊ (ကိံ = သို့၊ အာဟ = နည်း၊) "အယျ = အရှင်၊ အဟံ = သည်၊ တုမှေသု = သင်တို့သည်၊ ဝိဏံ = စောင်းကို၊ ဝါဒေန္တေသု = တီးသည်ရှိကုန်သော်၊ နစ္စိတုံ = ကခြင်းငှာ၊ ဣစ္ဆာမိ" တိ = အလိုရှိ၏-ဟု၊ အာဟ = ဆို၏၊ "ဘဒ္ဒေ = ရှင်မ၊ သာဓု = ကောင်းပြီ၊ နစ္စဿူ" တိ = ကလော့-ဟု၊ ဝိဏံ = စောင်းကို၊ ဝါဒေသိ = တီး၏။

တုမှေသု ဩလောကေန္တေသု၊ (ပ)။ ဗန္ဓာပေတွာ ဝိဏံ ဝါဒေသိ။

တုမှေသု = သင်တို့သည်၊ ဩလောကေန္တေသု = ကြည့်ကုန်သည်ရှိသော်၊ လဇ္ဇာမိ = ကြောက်၏၊ ဝါ = သင်တို့၏၊ မုခံ = မျက်နှာကို၊ သာဋကေန = အဝတ်ပုဆိုးဖြင့်၊ ဗန္ဓိတွာ = ဖွဲ့ချည်၍၊ နစ္စိဿာမိ = ကအံ့၊ ဣတိ = သို့၊ အာဟ = ၏၊ တွံ = သင်သည်၊ သစေ လဇ္ဇသိ = အကယ်၍ရှက်အံ့၊ ဧဝံ = ဤသို့၊ ကရောဟိ = ပြုလော့၊ ဣတိ =သို့၊ အာဟ = ၏၊ မာဏဝိကာ = မိန်းကလေးသည်၊

ယနသာဠက် = ထူပိတ်သောအဝတ်ကို၊ ဂဟေတွာ = ယူ၍၊ တဿ = ထိုပုဏ္ဏား၏၊ အက္ခီနိ = မျက်စေ့တို့ကို၊ ပိဒဟမာနာ = ဖုံးအုပ်စေလျက်၊ ဝါ = ပိတ်စေလျက်၊ မုခံ = မျက်နှာကို၊ ဗန္ဓိ = ဖွဲ့ချည်ပြီ၊ ဗြာဟ္မဏော = ပုဏ္ဏားသည်၊ မုခံ = မျက်နှာကို၊ ဗန္ဓာပေတွာ = ဖွဲ့ချည်စေ၍၊ ဝီဏံ = စောင်းကို၊ ဝါဒေသိ = တီးပြီ။

သာ မုဟုတ္တံ နစ္စိတွာ။ (ပ) ။ ဓုတ္တဿ သညံ အဒါသိ။

သာ = ထိုမိန်းကလေးသည်၊ မုဟုတ္တံ = ခဏခေတ္တမျှ၊ နစ္စိတွာ = ကပြီး၍၊ "အယျ = အရှင်၊ အဟံ = သည်၊ တေ = သင်၏၊ သီသေ = ဦးခေါင်း၌၊ ဧကဝါရံ = တစ်ကြိမ်မျှ၊ ပဟာရိတုကာမာ = ထုခြင်းငှာ အလိုပါ၏၊" ဣတိ = သို့၊ အာဟ = ၏၊ ဣတ္တိလောလော = မိန်းမ၌လော် သီသော၊ ဗြာဟ္မဏော = ပုဏ္ဏားသည်၊ ကိဉ္စိ = တစ်စုံတစ်ခုသော၊ ကာရဏံ = အကြောင်းကို၊ အဇာနန္တော = မသိသည်ဖြစ်၍၊ "ပဟာရာဟီ"တိ = ထုလော့-ဟု၊ အာဟ = ၏၊ မာဏဝိကာ = မိန်းကလေးသည်၊ ဓုတ္တဿ = မိန်းမကြူးအား၊ သညံ = အမှတ်အသားကို၊ အဒါသိ = ပေးပြီ။

သော သဏိကံ အာဂန္ဓာ ဗြာဟ္မဏဿ။ (ပ) ။ အာဟ။

သော = ထိုမိန်းမကြူးသည်၊ သဏိကံ = ဖြည်းညင်းစွာ၊ အာဂန္ဓာ = လာ၍၊ ဗြာဟ္မဏဿ = ပုဏ္ဏား၏၊ ပိဋ္ဌိပဿေ = ကျောက်ကုန်းဘေး၌၊ ဌတွာ = ရပ်၍၊ သီသေ = ဦးခေါင်း၌၊ ကပ္ပရေန = တတောင်ဖြင့်၊ ပဟာရိ = ထုပြီ၊ အက္ခီနိ = မျက်စိတို့သည်၊ ပတနာကာရပ္ပတ္တာနိ = ပြုတ်ကျသော အခြင်းအရာသို့ရောက်ကုန်သည်၊ အဟေသုံ = ဖြစ်ကုန်ပြီ၊ သီသေ = ဦးခေါင်း၌၊ ဂဏ္ဍော = အဖုသည်၊ ဥဋ္ဌဟိ = ထပြီ၊ သော = ထိုပုဏ္ဏားသည်၊ ဝေဒနာဋ္ဋော = ပြင်းစွာ နာကျင်သည်၊ ဟုတွာ = ဖြစ်၍၊ "တေ = သင်၏၊ ဟတ္ထံ = လက်ကို၊

အာဟာရ = ဆောင်လော့၊ ဝါ = ဖယ်လော့” ဣတိ = သို့၊ အာဟ = ဆိုပြီ။

မာဏဝိကာ အတ္တနော ဟတ္ထံ။ (ပ)။ ပဟာရိတွာ နိလီယိ။

မာဏဝိကာ = မိန်းကလေးသည်၊ အတ္တနော = မိမိ၏၊ ဟတ္ထံ = လက်ကို၊ ဥက္ခိပိတွာ = ချီမ၍၊ ဝါ = မြှောက်၍၊ တဿ = ထိုပုဏ္ဏား၏၊ ဟတ္ထေ = လက်၌၊ ဌပေသိ = ထား၏၊ ဗြာဟ္မဏော = ပုဏ္ဏားသည်၊ “ဟတ္ထော = လက်သည်၊ မုဒုကော = နူးညံ့၏၊ ပဟာရော ပန = ထုထောင်းချက်သည်ကား၊ ထဒ္ဓေါ = ပြင်းထန်၏၊” ဣတိ = သို့၊ အာဟ = ၏၊ ဓုတ္တော = မိန်းမကြူးသည်။ ဗြာဟ္မဏံ = ပုဏ္ဏားကို၊ ပဟာရိတွာ = ထု၍၊ နိလီယိ = ပုန်းနေပြီ။

မာဏဝိကာ တသ္မိံ နိလီနေ။ (ပ) ။ နိပဇ္ဇာပေတွာ နီဟရိ။

မာဏဝိကာ = မိန်းကလေးသည်၊တသ္မိံ = ထိုမိန်းမကြူးသည်၊ နိလီနေ = ပုန်းအောင်းသည်ရှိသော်၊ ဗြာဟ္မဏဿ = ပုဏ္ဏား၏၊ မုခတော = မျက်နှာမှ၊ သာဋကံ = အဝတ်ကို၊ မောစေတွာ = ဖြေ၍၊ တေလံ = ဆီကို၊ အာဒါယ = ယူ၍၊ သီသံ = ဦးခေါင်းကို၊ ပရိသမ္မာဟိ = ပွတ်သပ်၏၊ ဝါ = နှိပ်နယ်ပြီ၊ ဗြာဟ္မဏော = ပုဏ္ဏားသည်၊ ဗဟိ = ပြင်ပသို့၊ နိက္ခန္တေ = ထွက်သည်ရှိသော်၊ ပုန = တစ်ဖန်၊ သာကုတ္တိ = ထိုအလုပ်အကျွေးမိန်းမသည်၊ ဓုတ္တံ = မိန်းမကြူးကို၊ ပစ္ဆိယံ = တောင်း၌၊ နိပဇ္ဇာပေတွာ = အိပ်စေ၍၊ နီဟရိ = ထုတ်ဆောင်ပြီ။

သော ရညော သန္တိကံ။ (ပ) ။ သာဓု မဟာရာဇာတိ။

သော = ထိုမိန်းမကြူးသည်၊ ရညော = မင်း၏၊ သန္တိကံ = ထံသို့၊ ဂန္တွာ = ၍၊ သဗ္ဗံ = အလုံးစုံသော၊ တံ ပဝတ္တိံ = ထိုအကြောင်းကို၊ အာရောစေသိ = ပြောကြား၏၊ ရာဇာ = သည်၊ အတ္တနော =

မိမိအား၊ ဥပဋ္ဌာနံ = ခစားခြင်းသို့၊ အာဂတံ = လာသော၊ ဗြာဟ္မဏံ = ပုဏ္ဏားကို၊ "ဗြာဟ္မဏ = ပုဏ္ဏား၊ ဇူတံ = ကြွေအန်ကို၊ ကီဠာမ = ကစားကြအံ့၊" ဣတိ = သို့၊ အာဟ = ဆို၏၊ မဟာရာဇ = မင်းကြီး၊ သာဓု = ကောင်းပြီ၊ ဣတိ = သို့၊ အာဟ = ဆို၏။

ရာဇ ဇူတမဏ္ဍလံ သဇ္ဇာပေတွာ။ (ပ) ။ ပရာဇိတော ယေဝ။

ရာဇာ = မင်းသည်၊ ဇူတမဏ္ဍလံ = ကြွေအန်ဝိုင်းကို၊ သဇ္ဇာပေတွာ = စီရင်စေ၍၊ ပုရိမနယေနေဝ = ရှေးနည်းဖြင့်ပင်၊ ဇူတဂီတံ = ကြွေအန် သီချင်းကို၊ ဂါယိတွာ = သီဆို၍၊ ပါသကေ = ကြွေအန်လက်၌၊ ခိပတိ = ပစ်ချ၏၊ ဗြာဟ္မဏော = ပုဏ္ဏားသည်၊ မာဏဝိကာယ = မိန်းကလေး၏၊ တပသာ = အကျင့်သီလ၏၊ ဘိန္နဘာဝံ = ပျက်စီးသည်၏အဖြစ်ကို၊ အဇာနန္တော = မသိသည် ဖြစ်၍၊ "ဌပေတွာ = မမ မာဏဝိက"န္တိ = "ဌပေတွာ မမ မာဏဝိကံ" ဟု၊ အာဟ = ဆို၏၊ ဧဝံ = ဤသို့၊ ဝဒန္တောပိ = သီဆိုသည်ဖြစ်သော်လည်း၊ ပရာဇိတောယေဝ = ရှုံးသည်သာတည်း။

ရာဇာ ဇိနိတွာ။ (ပ) ။ ဝဿော ဣမံ ဂါထမာဟ - ။

ရာဇာ = မင်းသည်၊ ဇိနိတွာ = နိုင်၍၊ "ဗြာဟ္မဏ = ပုဏ္ဏား၊ ကိံ = အဘယ်ကို၊ ဝဒ သိ = ဆိုသနည်း၊ တေ = သင်၏၊ မာဏဝိကာယ = မိန်းကလေး၏၊ တပေါ = အကျင့်သီလသည်၊ ဘိန္နော = ပျက်စီးပြီ၊ တွံ = သင်သည်၊ 'မာတုဂါမံ = မိန်းမကို၊ ဂဗ္ဘတော = အမိဝမ်းတိုက်မှ၊ ပဋ္ဌာယ = စ၍၊ ရက္ခန္တော = စောင့်ရှောက်သည်ရှိသော်၊ သတ္တသုဋ္ဌာနေသု = ခုနစ်ဌာနတို့၌၊ အာရက္ခံ = အစောင့်ကို၊ ကရောန္တော = ပြုသည်ရှိသော်၊ ရက္ခိတုံ = စောင့်ခြင်းငှာ၊ သက္ခိဿာမိ = တတ်နိုင်အံ့၊ ဣတိ = ဤသို့၊ မညသိ =

ထင်မှတ်၏၊ မာတုဂါမောနာမ = မိန်းမမည်သည်၊ ကုစ္ဆိယံ = ဝမ်းတိုက်၌၊ ပက္ခိပိတွာ = ထည့်၍၊ စရန္တေနာပိ = သွားသူသည်လည်း၊ ရက္ခိတုံ = စောင့်ရှောက်ခြင်းငှာ၊ န သက္ကာ = မတတ်နိုင်၊ ဧကပုရိသိကာ = တစ်ယောက်တည်းယောက်ျားရှိသော၊ ဣတ္ထီနာမ = မိန်းမမည်သည်၊ နတ္ထိ = မရှိ၊ တဝ = သင်၏၊ မာဏဝိကာ = မိန်းကလေးသည်၊ 'နစ္စိတု ကာမာမိ' တိ = ကခင်းငှာ အလိုရှိပါ၏-ဟု၊ ဝတွာ = ဆို၍၊ ဝီဏံ = စောင်းကို၊ ဝါဒေန္တဿ = တီးသော၊ တဝ = သင့်အား၊ သာဋကေန = အဝတ်ပုဆိုးဖြင့်၊ မုခံ = မျက်နှာကို၊ ဗန္ဓိတွာ = ဖွဲ့ချည်၍၊ အတ္တနော = ၏၊ ဇာရံ = သယောက်လင်ကို၊ ဝါ = ဇာရံ = လင်ငယ်ကို၊ တဝ = သင်၏၊ သီသေ = ဦးခေါင်း၌၊ ကပ္ပရေန = တတောင်ဖြင့်၊ ပဟရာပေတွာ = ထုစေ၍၊ ဥယျောဇေသိ = စေလွှတ်၏၊ ဣဒါနိ = ယခုအခါ၌၊ တွံ = သင်သည်၊ ကိံ = အဘယ်သို့၊ ကထေသိ" တိ = ဆိုသနည်း-ဟု၊ ဝတွာ = ဆို၍၊ ဣမံဂါထံ = ဤဂါထာကို၊ အာဟ = ဆိုပြီ။

၆၂။ "ယံဗြာဟ္မဏော အဝါဒေသိ၊ ဝီဏံ သမုခဝေဌိတော။
အဏ္ဍဘူတာဘတာ ဘရိယာ၊ တာသု ကော ဇာတု
ဝိဿသေ"တိ။

ဂါထာအနက် ။ ။ ယံ+ယေန ကာရဏေန = အကြင်အကြောင်းကြောင့်၊ ဗြာဟ္မဏော = ပုဏ္ဏားသည်၊ သမုခဝေဌိတော = မျက်နှာနှင့်တကွ ထူသော အဝတ်ဖြင့်ရစ်ပတ်အပ်သည်ဖြစ်၍၊ ဝီဏံ = စောင်းကို၊ အဝါဒေသိ = တီးစေ၏၊ တံကာရဏံ = ထိုအကြောင်းကို၊ နဇာနာတိ = မသိ။ (ထည့်ပါ၌) ဘရိယာ = မယားကို၊ အဏ္ဍဘူတာဘတာ = အမိဝမ်းမှ မဖွားမီကာလ၌ပင် ဆောင်ယူအပ်၏၊

တစ်နည်းကား၊ အဏ္ဏဘူတာဘာတာ = အမိဝမ်းမှ မဖွားမီကာလ၌၊ မွေးမြူအပ်၏၊ တာသု = ထိုသို့သဘောရှိကုန်သော မယားတို့၌လည်း၊ ဒက္ခာ = အဘယ်မည်သော ပညာရှိယောက်ျားသည်၊ ဇာတု = စင်စစ်၊ ဝိဿသေ = ယုံကြည်ရာသနည်း။ (ဣတိ = သို့၊ အာဟ = ၏)

တတ္ထ ယံဗြာဟ္မဏော အဝါဒေသိ။ (ပ) ။ ဝေမကာသိ။

တတ္ထ = ထိုဂါထာပုဒ်၌ ယံ ဗြာဟ္မဏော အဝါဒေသိ၊ ဝိဏံသမုခ ဝေဠိတောတိ = ယံ ဗြာဟ္မဏော။ ပ ။ ဝေဠိတော-ဟူသည်ကား၊ ယေန ကာရဏေန = အကြင်အကြောင်းကြောင့်၊ ဗြာဟ္မဏော = သည်၊ ယန သာဋကေန = ထူပိတ်သောအဝတ်ဖြင့်၊ မုခေန = မျက်နှာနှင့်၊ သဟ = တကွ၊ ပေဠိတော = ရစ်ပတ်သည်၊ ဟုတွာ = ဖြစ်၍၊ ဝီဏံ = စောင်းကို၊ ဝါဒေသိ = တီး၏၊ တံ ကာရဏံ = ထိုအကြောင်းကို၊ နဇာနာတိ = မသိ၊ ဣတိ = ဤသည်ကား၊ အတ္ထော = အနက်တည်း၊ ဟိ = မှန်၏၊ တံ = ထိုပုဏ္ဏားကို၊ သာ = ထိုမိန်းကလေးသည်၊ ဝဉ္စေတုကာမာ = လှည့်ဖြားဝတ် ခြင်းငှာအလိုရှိသည်ဖြစ်၍၊ ဧဝံ = ဤသို့၊ အာကာသိ = ပြု၏။

ဗြာဟ္မဏော ပန။ (ပ) ။ ဏယမေတ္တာဓိပ္ပါယော။

ဗြာဟ္မဏော ပန = ပုဏ္ဏားသည်ကား၊ တံ ဣတ္ထိံ = ထိုမိန်းမကို၊ ဗဟုမာယာဘာဝံ = မာယာများသည်၏အဖြစ်ကို၊ အဇာနန္တော = မသိသည်ဖြစ်၍၊ မာတုဂါမဿ = မိန်းမအား၊ သဒ္ဒဟိတွာ = ယုံကြည်၍၊ "ဧသာ = ဤမိန်းကလေးသည်၊ မံ = ငါ့ကို၊ လဇ္ဇတိ"တိ = ရှက်၏ဟု၊ ဧဝံ သညီ = ဤကဲ့သို့အမှတ်ထင်သည်၊ အဟောသိ = ဖြစ်ပြီး၊ တေန = ထို့ ကြောင့်၊ ဒသ = ထိုပဏ္ဏား၏၊ အသာဏ

ဘာဝံ = ဉာဏ်မရှိသည်၏ အဖြစ်ကို၊ ပကာသေန္တော = ထင်ရှားပြလို သည်ဖြစ်၍၊ ရာဇာ = သည်၊ ဧဝံ = သို့၊ အာဟ = ၏၊ အယံ = ဤဆိုအပ်ပြီးသည်ကား၊ ဧတ္ထ = ဤဂါထာပုဒ်၌၊ အဓိပ္ပါယော = အဓိပ္ပါယ်တည်း။

အဏ္ဍဘူတာဘတာ ဘရိယာ တိ။ (ပ) ။ ဝုတ္တံ။

အဏ္ဍဘူတာဘတာ ဘရိယာ တိ = အဏ္ဍဘူတာဘတာ ဘရိယာဟူသည်ကား၊ ဗီဇံ = မျိုးစေ့ကို၊ အဏ္ဍံ = အဏ္ဍဟူ၍၊ ဝုတ္တံ = ဆိုအပ်၏၊ ဗီဇဘူတာ = မျိုးစေ့ဖြစ်၍ဖြစ်သော၊ မာတုကုစ္ဆိတော = အမိဝမ်းတိုက်မှ၊ အနိက္ခန္တ ကာလေယေဝ = မထွက်မီအချိန် ကာလ၌ပင်၊ အာဘတာ+အာနီတာ = ဆောင်ယူအပ်ပြီး၊ ဝါ = တစ်နည်းကား၊ ဘတာတိ = ဘတာဟူသည်၊ ပုဋ္ဌာ = မွေးမြူအပ်ပြီး၊ ဣတိ = ဤသည်ကား၊ အတ္ထော = အနက်တည်း၊ သာ = ထိုအမိဝမ်းမှ မထွက်မီကာလကပင် ဆောင်ယူအပ်မွေးမြူအပ်သောသူသည်၊ ကာ = ဘယ်သူနည်း၊ ဘရိယာ+ပဇာပတိ+ပါဒပရိစာရိကာ = ခြေရင်း၌ အလုပ်အကျွေးမယားတည်း၊ ဟိ = ချဲ့၍ဆိုဦးအံ့၊ သာ = ထိုမယား ကို၊ ဘတ္တဝဏ္ဏာဒီဟိ = ယမင်းအစားအစာအပတ်အစားစသည် တို့ဖြင့်၊ ဘရိတဗ္ဗတာယဝါ = မွေးမြူအပ်သည်၏အဖြစ်ကြောင့်လည်း ကောင်း၊ ဂိဟိသံဂှရဏာယ = စောင့်ရှောက်မှုပျက်စီးသည်၏ အဖြစ် ကြောင့်လည်းကောင်း၊ လောကဓမ္မေဟိ = လောကဓမ္မတို့ဖြင့်၊ ဘရိ တဗ္ဗတာယ = မွေးမြူ အပ်သည်၏အဖြစ်ကြောင့်လည်းကောင်း၊ 'ဘရိယာ' တိ = ဘရိယ - ဟူ၊ ဝုတ္တံ = ဆိုအပ်၏။

တာသု ကော ဇာတု ဝိဿသေတိ။ (ပ)။ သဒ္ဒဟေယျာတိ အတ္ထော။

တာသု ကော ဇာတု ဝိဿသေတိဧတ္ထ = တာသု ကော ဇာတု ဝိဿသေ ဟူသောဤပါဠိ၌၊ ဇာတူတိ = ဇာတု-ဟူသောပုဒ်သည်၊ ဧကံသာဓိဝစနံ = ဧကံသအနက်ကိုဟော၏၊ တာသု = ထိုမယားတို့သည်၊ မာတုကုစ္ဆိတော = အမိဝမ်းတိုက်မှ၊ ပဋ္ဌာယ = စ၍၊ ရက္ခိယမာနာသုပိ = စောင့်ရှောက်ကြကုန်သော်လည်း၊ ဧဝံ = ဤသို့သော၊ ဝိပ္ပကာရံ = ဖောက်ပြန်မှုကို၊ အာပဇ္ဇန္တီသု = ရောက်ကြကုန်သော၊ ဘရိယာသု = မယားတို့၌၊ ကောနာမ = အဘယ်မည်သော၊ ပဏ္ဍိတော = ပညာရှိသော၊ ပုရိသော = ယောကျ်ားသည်၊ ဧကံသေန = စင်စစ်အားဖြင့်၊ ဝိဿသေ = ယုံကြည်ရာသနည်း၊ “ဧသော = ဤမယားသည်၊ ဝါ = ဤမိန်းမသည်၊ မယိ = ငါ၌၊ နိဗ္ဗိကာရာ = မဖောက်ပြန်၊” ဣတိ = ဤသို့၊ ကော = အဘယ်သူသည်၊ သဒ္ဒဟေယျ = ယုံကြည်ရာအံ့နည်း၊ ဣတိ = ဤသည်ကား၊ အတ္ထော = တည်း။

အသဒ္ဓမ္မဝသေန ဟိ အာမန္တကေသု နိမန္တကေသု ဝိဇ္ဇမာနေသု မာတုဂါမော နာမ နသက္ကာ ရက္ခိတုံ့န္တိ။

ဟိ = မှန်၏၊ အသဒ္ဓမ္မဝသေန = မသူတော်တရားဟူသော မေထုန် ၏အစွမ်းဖြင့်၊ အာမန္တကေသု+နိမန္တကေသု = ဖိတ်ခေါ်သူတို့သည်၊ ဝိဇ္ဇ မာနေသု = ရှိကုန်သည်ရှိသော်၊ မာတုဂါမော နာမ = မိန်းမသည်မည်သည်၊ ရက္ခိတုံ = စောင့်စည်းခြင်းငှာ၊ နသက္ကာ = မတတ်နိုင်ချေ၊ ဣတိ = ဤသည် ကားအနက်တည်း။

ဧဝံ ဗောဓိသတ္တော။ (ပ) ပါပကမ္မံ ကတ" န္တိ။

ဧဝံ = ဤသို့၊ ဗောဓိသတ္တော = သည်၊ ဗြာဟ္မဏဿ = အား၊ ဓမ္မံ = ကို၊ ဒေသေသိ = ဟောတော်မူပြီ၊ ဗြာဟ္မဏော = သည်၊ ဗောဓိသတ္တဿ = ၏၊ ဓမ္မဒေသနံ = တရားဒေသနာကို၊ သုတွာ = ၍၊ နိဝေသနံ = အိမ်သို့၊ ဂန္တွာ = သွား၍၊ တံမာဏဝိကံ = ထိုမိန်းကလေးကို၊ "တယာ = သင်သည်၊ ဧဝရူပံ = ဤကဲ့သို့ သဘောရှိသော၊ ပါပကမ္မံ = မကောင်းမှုကို၊ ကတံ ကိရ = ပြုအပ်ပြီ သတတ်၊" ဣတိ = သို့၊ အာဟ = ဆို၏။

အယျ ကော ဧဝမာဟ။ (ပ) ။ တုမှေ သဒ္ဒဟာပေဿာမိတိ။

အယျ = အရှင်၊ ကော = အဘယ်သူသည်၊ ဧဝံ = ဤသို့၊ အာဟ = ဆိုပါသနည်း၊ အဟံ = ငါသည်၊ ဝါ = ကျမသည်၊ နကရောမိ = မပြုပါ၊ အဟမေဝ = ကျွန်မသည်သာ၊ ပဟာရိံ = ထုပြီ၊ အညော = အခြားသော၊ ကောစိ = တစ်စုံတစ်ယောက်သည်၊ နပဟာရိံ = မထုပြီ၊ သစေ နသဒ္ဒဟထ = အရှင်တို့အကယ်၍ မယုံကုန်အံ့၊ အဟံ = ငါသည်၊ "တုမှေ = အရှင်တို့ကို၊ ငပေတွာ = ထား၍၊ အညဿပုရိသဿ = အခြားသောယောကျ်ား၏၊ ဟတ္ထသမ္ဖဿံ = လက်အထိအတွေ့ကို၊ နဇာနာမိ = မသိ၊ ဣတိ = သို့၊ သစ္စကိရိယံ = ...စွာပြုခြင်းကို၊ ကတွာ = ပြု၍၊ အဂ္ဂိံ = မီးသို့၊ ပဝိသိတွာ = ဝင်၍၊ တုမှေ = အရှင်တို့ကို၊ သဒ္ဒဟာပေဿာမိ = ယုံကြည်စေအံ့၊ ဣတိ = သို့၊ အာဟ = ၏။

ဗြာဟ္မဏော။ (ပ) ။ အဂ္ဂိံ ပဝိသာဟီ" တိ အာဟ။

ဗြာဟ္မဏော = ပုဏ္ဏားသည်၊ "ဧဝံ = ဤသို့၊ ဟောတု" တိ = ဖြစ်ပါစေ-ဟု၊ မဟန္တံ = ကြီးစွာသော၊ ဒါရုရာသိံ = ထင်းပုံကို၊

ကာရေတွာ = ပြုစေ၍၊ အဂ္ဂိ = မီးကို၊ ကတွာ = ၍၊ တံ = ထိုမိန်းကလေးကို၊ ပက္ကော သာပေတွာ = ခေါ်စေ၍၊ "သစေ = အကယ်၍၊ အတ္တနော = မိမိအား၊ သဒ္ဒဟာသိ = ယုံကြည်အံ့၊ အဂ္ဂိ = မီးသို့၊ ပဝိသာဟီ"တိ = ဝင်လော့-ဟု၊ အာဟ = ဆို၏။

မာဏဝိကာ အတ္တနော။ (ပ) ။ ပရိသမဇ္ဈေ အဋ္ဌာသိ။

မာဏဝိကာ = မိန်းကလေးသည်၊ အတ္တနော = မိမိ၏၊ ပရိစာရိကံ = အလုပ်အကျွေးမိန်းမကို၊ ပဌမမေဝ = ရှေးဦးစွာကပင်၊ "အမ္မ = မိခင်၊ တဝ = သင်၏၊ ပုတ္တံ = သားကို၊ တတ္ထ = ထိုအရပ်သို့၊ ဂန္တွာ = သွား၍၊ မမ = ကျွန်မ၏၊ အဂ္ဂိ = မီးသို့၊ ပဝိသနကာလေ = ဝင်ရာအခါ၌၊ ဟတ္ထဂ္ဂဟဏံ = လက်ကိုင်ခြင်းကို၊ ကာတုံ = ပြုခြင်းငှာ၊ ဝဒေဟီ"တိ = ပြောလော့-ဟု" သိက္ခာပေသိ = သင်စေ၏၊ သာ = ထိုအလုပ်အကျွေးမိန်းမသည်၊ ဂန္တွာ = သွား၍၊ တထာ = ထိုမိန်းကလေးပြောသည့်အတိုင်း၊ အဝစ = ပြောပြပြီ၊ ခုတ္တော = မိန်းမကြူးသည်၊ အာဂန္တွာ = လာ၍၊ ပရိသမဇ္ဈေ = ပရိသတ်၏အလယ်၌၊ အဋ္ဌာသိ = ရပ်နေ၏။

သာ မာဏဝိကာ ဗြာဟ္မဏံ။ (ပ) ။ ပဝိသိတုံ အာရဒ္ဓါ။

သာ မာဏဝိကာ = ထိုမိန်းကလေးသည်၊ ဗြာဟ္မဏံ = ကို၊ ဝဉ္စေတုကာမာ = လှည့်ဖြားခြင်းငှာအလိုရှိသည်ဖြစ်၍၊ မဟာဇနမဇ္ဈေ = လူအပေါင်း၏အလယ်၌၊ ဌတွာ = ရပ်၍၊ "ဗြာဟ္မဏ = ပုဏ္ဏား၊ တံ = သင့်ကို၊ ဌပေတွာ = ထား၍၊ အညဿ = အခြားသော၊ ပုရိသဿ = ယောကျ်ား၏၊ ဟတ္ထသမ္ဖဿံနာမ = လက်အတွေ့အထိမည်သည်ကို၊ နဇာ နာမိ = မသိ၊ ဣမိနာ သစ္စေန = ဤသစ္စာစကားကြောင့်၊ အယံ အဂ္ဂိ = ဤမီးသည်၊ မံ = ကျွန်မကို၊ မာဈာပေသိ = မလောင်စေသတည်း၊" ဣတိ = ဤသို့၊ အဂ္ဂိ =

ဤသို့၊ ပဝိသိတုံ = ဝင်ခြင်းငှာ၊ အာရဒ္ဓါ = အားထုတ်ပြီ။

တသ္မိံ ခဏေ မုဝ္တော ။ (ပ) ။ န သက္ကာ အဂ္ဂိံ ပဝိသိတုံ"န္တိ။

တသ္မိံ ခဏေ = ထိုအခဏ၌၊ မုဝ္တော = မိန်းမကြူးသည်၊ "ဘော = အိုအချင်းတို့၊ ပုရောဟိတ ဗြာဟ္မဏဿ = ၏၊ ကမ္မံ = အမှုကို၊ ပဿထ = ရှုကြကုန်လော့၊ ဧဝရူပံ = ဤကဲ့သို့သဘောရှိသော၊ မာတုဂါမံ = မိန်းမကို၊ အဂ္ဂိံ = မီးသို့၊ ပဝေသာပေတိ" တိ = ဝင်စေ၏-ဟု၊ ဂန္တွာ = သွား၍၊ တံ မာဏဝိကံ = ထိုမိန်းကလေးကို၊ ဟတ္ထေ = လက်၌၊ ဂဏှိ = ကိုင်ပြီ၊ သာ = ထိုမိန်းကလေးသည်၊ ဟတ္ထံ = လက်ကို၊ ဝိဿဇ္ဇာပေတွာ = လွှတ်စေ၍၊ ပုရောဟိတံ = ကို၊ "အယျ = အရှင်၊ မမ = ကျွန်မ၏၊ သစ္စကိရိယာ = သစ္စာပြုခြင်းသည်၊ ဘိန္နာ = ပျက်စီးပြီ။ အဂ္ဂိံ = မီးသို့၊ ပဝိသိတုံ = ဝင်ခြင်းငှာ န သက္ကာ = မတတ်နိုင်တော့ပါ၊ ဣတိ = သို့၊ အာဟ = ၏။

ကိံ ကာရဏာတိ။ (ပ) ။ တံ ပေါထေတွာ နိဟရာပေသိ၊

ကိံ ကာရဏာတိ = အဘယ်အကြောင်းကြောင့်နည်း-ဟု အာဟ = ဆို၏၊ အဇ္ဇ = ယနေ့၌၊ မယာ = ငါသည်၊ ဝါ = ကျွန်မသည်၊ "မမ = ငါ၏၊ သာမိကံ = လင်ယောကျ်ားကို၊ ဌပေတွာ ထား၍၊ အညဿ = သော၊ ပုရိသဿ = ၏၊ ဟတ္ထသမ္ဖဿံ လက်အတွေ့အထိကို၊ နဇာနာမိ" တိ = မသိ-ဟု၊ ဧဝရူပါ ဤကဲ့သို့သဘောရှိသော၊ သစ္စကိရိယာ = သစ္စာ ပြုခြင်းကို၊ ကတာ = ပြုအပ်ပြီ၊ ဣဒါနိစ = ယခုအခါ၌ကား၊ ဣမိနာ ပုရိသေန = ဤ ယောကျ်ားသည်၊ ဟတ္ထေ = လက်၌၊ ဂဟိတာ = ကိုင်အပ်သည် အမှိ = ဖြစ်၏၊ ဣတိ = ဤသို့၊ အာဟ = ဆို၏၊ ဗြာဟ္မဏော သည်၊ "ဣမာယ = ဤမိန်းကလေးသည်၊ အဟံ = ငါ့ကို၊ ဝဉ္စိတေ

= လှည့်စားအပ်၏၊ " က္ကတိ = ဤသို့၊ ဥတွာ = သိ၍၊ တံ = ထိုမိန်းကလေးကို၊ ပေါထေတွာ = ရိုက်နှက်၍၊ နိဟရာပေသိ = နှင်ထုတ်စေ၏။

ဧဝံ အသဒ္ဓမ္မ သမန္နာဂတာ ။ (ပ) ။ တေန ဝုတ္တံ - ။

ဧဝံ = ဤသို့၊ အသဒ္ဓမ္မသမန္နာဂတာ = သူယုတ်မာတို့၏ တရားနှင့် ပြည့်စုံကုန်သော၊ ဧတာ က္ကတ္ထိယော = ထိုမိန်းမတို့သည်၊ တာဝမဟန္တမ္ပိ = အလွန်ကြီးမားသည်လည်းဖြစ်သော၊ ပါပကမ္မံ = မကောင်းမှုကို၊ ကတွာ = ပြု၍၊ အတ္တနော = ၏၊ သာမိကံ = လင်ယောက်ျားကို၊ ဝဉ္စေတုံ = လှည့်စားခြင်းငှာ၊ "အဟံ = သည်၊ ဧဝရူပံ ကမ္မံ = ဤကဲ့သို့သောအမှုကို၊ န ကရောမိ" တိ = မပြုပါ-ဟု၊ ဒိဝသမ္ပိ = တစ်နေ့ပတ်လုံးလည်း၊ သာပထံ = ကျိန်ခြင်းကို၊ ကုရုမာနာ = ပြုကုန်လျက်၊ နာနာစိတ္တာဝ = စိတ်အမျိုးအမျိုးရှိကုန်သည်သာ၊ ဟောန္တိ = ဖြစ်ကုန်၏။

တေန = ထို့ကြောင့်၊ ဝုတ္တံ = ဆိုအပ်၏၊ (ကိံ = သို့၊ ဝုတ္တံ = နည်း)

"စောရီနံ ဗဟုဗုဒ္ဓီနံ ၊ ယာသု သစ္စံ သုဒုလ္လဘံ။

ထီနံ ဘာဝေါ ဒုရာဇာနော ၊ မစ္ဆဿေဝေါဒကေ ဂတံ။

ဂါထာအနက် ။ ။ ယာသု = အကြင်မိန်းမတို့၌၊ သစ္စံ = မှန်သော စကားကို၊ သုဒုလ္လဘံ = အလွန်ရခဲ၏၊ စောရီနံ = ခိုးသူနှင့်တူကုန်သော၊ ဗဟုဗုဒ္ဓီနံ = များသောဉပါယ်တမျဉ်ရှိကုန်သော၊ ထီနံ = မိန်းမတို့၏၊ ဘာဝေါ = အလိုကို၊ ဒုရာဇာနော = သိနိုင်ခဲ၏၊ ဥဒကေ = ရေ၌၊ မစ္ဆဿ = ငါး၏၊ ဂတံ်ဝ = သွားခြင်းကဲ့သို့တည်း။

မုသာ တာသံ ယထာ သစ္စံ ၊ သစ္စံ တာသံ ယထာ မုသာ။

ဂါဝေါ ဗဟိ တိဏဿေဝ ၊ ဩမသန္တိ ဝရံ ဝရံ။

တာသံ = ထိုမိန်းမတို့၏၊ မုသာ = မုသားစကားသည်၊ သစ္စံယထာ = သစ္စာနှင့်တူ၏၊ တာသံ = ထိုမိန်းမတို့၏၊ သစ္စံ = သစ္စာသည်၊ မုသာယထာ = မုသားစကားနှင့်တူ၏၊ ဂါဝေါ = နွားတို့သည်၊ တိဏဿ = မြက်၏၊ ဗဟိ = ပြင်ပ၌၊ ဝရံ ဝရံ = ကောင်းနိုးရာရာကို၊ ဩမသန္တိက္ကဝ = ရှာစားကြကုန်သကဲ့သို့တည်း။

စောရီယော ကထိနာ ဟေတာ ၊ ဝါဠာ စ လပသက္ခရာ။

န တာကိဉ္စိ န ဇာနန္တိ ၊ ယံ မနုဿေသု ဝဉ္စနံ" န္တိ။

ဟိ+သစ္စံ = မှန်၏၊ ဧတာ = ထိုမိန်းမတို့သည်၊ စောရီယော = ခိုးသူနှင့် တူကုန်၏၊ ကထိနာ = ခက်ထန်သောစိတ်ရှိကုန်၏၊ ဝါဠာ = ကြမ်းကြုတ် ကုန်၏၊ တာ = ထိုမိန်းမတို့သည်၊ လပသက္ခရာ = အကျိုးမဲ့ပြောဆိုသဖြင့်သကာခဲကဲ့သို့နူတ်ချိုသာကုန်သည်ဖြစ်၍၊ ကိဉ္စိ = စိုးစဉ်းသော စိတ်အကြံအစည်ကို၊ တာ = ထိုမိန်းမတို့သည်၊ န ဇာနန္တိ = မသိနိုင်ကုန်၊ မနုဿေသု = လူတို့၌၊ ယံ ဝဉ္စနံ = အကြင်လှည့်ပတ်ခြင်းသည်၊ အတ္ထိ = ရှိ၏၊ တံ ဝဉ္စနံ = ထိုလှည့်ပတ်ခြင်းကို၊ နဇာနန္တိ = မသိနိုင်ကုန်၊ (က္ကတိ = သို့၊ ဝုတ္တံ = ဆိုအပ်၏၊)

သတ္ထာ။ (ပ) ။ ဗာရာဏသိရာဇာ အဟမေဝ အဟောသိ" န္တိ။

သတ္ထာ = မြတ်စွာဘုရားသည်၊ "ဧဝံ = သို့၊ မာတုဂါမော = မိန်းမ သည်၊ အရက္ခိယော = စောင့်ထိန်းရခက်၏၊ " က္ကတိ =

သို့၊ ဣမံဓမ္မဒေသနံ = ဤတရားဒေသနာကို၊ အာဟရိတွာ = ဆောင်၍၊ သစ္စာနိ = သစ္စာတို့ကို၊ ပကာသေသိ = ထင်ရှားပြတော်မူ၏၊ သစ္စပရိယောသာနေ = သစ္စာတရား၏အဆုံး၌၊ ဥက္ကဏ္ဌိတဘိက္ခု = သာသနာ၌ မမွေ့လျော်သောရဟန်းသည်၊ သောတာပတ္တိဖလေ = သောတာပတ္တိဖိုလ်၌၊ ပတိဋ္ဌဟိ = တည်၏၊ သတ္ထာပိ = သည်လည်း၊ အနုသန္ဓိံ = ကို၊ ဃဋေတွာ = ဆက်စပ်၍၊ ဇာတကံ = ဇာတ်တော်ကို၊ သမောဓာနေသိ = ပေါင်းတော်မူ၏၊ "တဒါ = ၌၊ ဗာရာဏသီရာဇာ = ဗာရာဏသီမင်းသည်၊ အဟမေဝ = ငါဘုရားသည်သာ၊ အဟောသိ = ဖြစ်ခဲ့ပြီ၊ ဣတိ = သို့ ဇာတ်တော်ကိုပေါင်း၏။

အဏ္ဍဘူတဇာတကဝဏ္ဏနာ ဒုတိယာ။

*   *   *   *   *

၃ - တက္ကပဏ္ဍိတဇာတကဝဏ္ဏနာ (၆၃)

ကောမနော အကတညျုတာတိ ဣဒံ။ (ပ) ။ အတီတံ အာဟရိ။

ကောမနော အကတညျုတာတိ်ဣဒံ = ကောမနော အကတ ညျု စ - အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤတက္က ပဏ္ဍိတဇာတ်ကို၊ သတ္ထာ = သည်၊ ဇေတဝနေ = ၌၊ ဝိဟာရန္တော = စဉ်၊ ဥက္ကဏ္ဌိတဘိက္ခုံဗေဝ = သာသနာ၌ ငြီးငွေ့သောရဟန်းကိုသာ၊ အာရဗ္ဘ = ၍၊ ကထေသိ = ၏၊ ဟိ = ခဲ့ ၍ဆိုဦးအံ့၊ သတ္ထာ = သည်၊ တံ ဘိက္ခုံ ဲ ထိုရဟန်းကို၊ "ဘိက္ခု = ရဟန်း၊ တွံ = သင်သည်၊ ဥက္ကဏ္ဌိတော = သာသနာ၌ငြီးငွေ့သည်၊ အသိ = ဖြစ်သည်၊ သစ္စံ ကိရ = မှန်၏လော၊" ဣတိ = သို့၊ ပုစ္ဆိတွာ = မေးတော်မူ၍၊ "သစ္စံ" န္တိ = မှန်ပါ၏ဘုရား - ဟု၊ ဝုတ္တေ = ဆိုအပ်သော်၊ "ဘိက္ခု = ရဟန်း၊ ဣတ္ထိယော နာမ = မိန်းမတို့မည်သည်၊ အကတညျု = သူ့ကျေးဇူးကိုမသိတတ်ကုန်၊ မိတ္တဒုဗ္ဘာ = အဆွေခင်ပွန်းတို့ကို ပြစ်မှားတတ်ကုန်၏၊ ကသ္မာ = အဘယ့်ကြောင့်၊ တာ = ထိုမိန်းမ တို့ကို၊ နိဿာယ = မှီ၍၊ ဥက္ကဏ္ဌိတော = သာသနာ၌ငြီးငွေ့သည်၊ အသိ = ဖြစ်သနည်း" ဣတိ = သို့၊ ဝတွာ = ဆိုတော်မူ၍၊ အတီတံ = အတိတ်ကို၊ အာဟရိ = ဆောင်တော်မူပြီ။

အတီတေ ဗာရာဏသိယံ။ (ပ) ။ ဗျာနသုခေန ဝိဟရ တိ။

အတီတေ = ၌၊ ဗြဟ္မဒတ္တေ = မင်းသည်၊ ရဇ္ဇံ = ကို၊ ကာရေန္တေ = စဉ်၊ ဗောဓိသတ္တော = သည်၊ ဣသိပဗ္ဗဇ္ဇံ = ရသေ့ရဟန်း

အဖြစ်ကို၊ ပဗ္ဗဇိတွာ = ရဟန်းပြု၍၊ ဂင်္ဂါတီရေ = ဂင်္ဂါမြစ်၏နား၌၊ အဿမံ = ရသေ့တို့နေရာကျောင်းကို၊ မာပေတွာ = ဖန်ဆင်း၍၊ သမာပတ္တိယောစေဝ = သမာပတ်တို့ကိုလည်းကောင်း၊ အဘိညာယောစ = အဘိညာဉ်တို့ကို လည်းကောင်း၊ နိဗ္ဗတ္တေတွာ = ဖြစ်စေ၍၊ ဈာနသုခေန = ဈာန်ချမ်းသာဖြင့်၊ ဝိဟရတိ = နေ၏။

တသ္မိံ သမယေ ဗာရာဏသိသေဋ္ဌိနော။ (ပ) ။ အဂမံသု။

တသ္မိံ သမယေ = ထိုအခါ၌၊ ဗာရာဏသိသေဋ္ဌိနော = ဗာရာဏသိ သူဌေး၏၊ ဓီတာ = သမီးသည်၊ စဏ္ဍာ = ခက်ထန်သော၊ ဖရုသာ = ကြမ်းကြုတ်သော၊ ဒုဋ္ဌကုမာရီ နာမ = ဖျက်ဆီးတတ်သော သတို့သမီးမည်သည်၊ အဟောသိ = ဖြစ်ပြီ၊ ဒါသကမ္မကရေ = ကျွန်အမှုလုပ်တို့ကို၊ ဝါ = ကျွန်, အလုပ်သမားတို့ကို၊ အက္ကောသတိ+ ပရိဘာသတိ = ဆဲရေး၏၊ ပဟရတိ = ရိုက်ပုတ်၏၊ အထ = ထိုအခါ၌၊ နံ = ထိုသူဌေးသမီးကို၊ ဧကဒိဝသံ = တစ်နေ့သောအခါ၌၊ ပရိဝါရမနုဿာ = အခြံအရံလူတို့သည်၊ ဂဟေတွာ = ယူ၍၊ “ဂင်္ဂါယ = ဂင်္ဂါမြစ်နား၌၊ ကီဠိဿာမ” တိ = ပျော်ပါးကစားကြကုန် အံ့-ဟု၊ အဂမံသု = သွားကြကုန်ပြီ။

တေသံ ကီဠန္တာနညေဝ။ (ပ) ။ ဆဋ္ဋေတွာ ဥတ္တာရိံသု။

တေသံ = ထိုသူတို့၏၊ ဝါ = တေသံ = ထိုသူတို့သည်၊ ကီဠန္တာနံညေဝ = ကစားပျော်ပါးနေကြစဉ်ပင်၊ သူရိယတ္ထင်္ဂမနဝေလာ = နေဝင်အချိန်သည်၊ ဇာတာ = ဖြစ်ပြီ၊ မေဃော = မိုးသည်၊ ဥဋ္ဌဟိ = တက်လာပြီ၊ မနုဿာ = လူတို့သည်၊ မေဃံ = မိုးကို၊ ဒိသွာ = မြင်ကြ၍၊ ကုတောစိတော စ = ထိုမှ ဤမှလည်း၊ ဝေဂေန = လျင်မြန်စွာဖြင့်၊ ပလာယိံသု = ပြေးကြကုန်ပြီ၊ သေဋ္ဌိဓီတာယပိ

= သူဌေးသမီး၏လည်း၊ ဒါသကမ္မကရာ = ကျွန်အလုပ်သမတို့သည်၊ "အဇ္ဇ = ယနေ့၌၊ အမှေဟိ = ငါတို့သည်၊ ဧတိဿာ = ဤသူဌေးသမီး၏၊ ပိဋ္ဌိံ = ပျက်စီးခြင်းကို၊ ပဿိတုံ = မြင်ခြင်းငှာ၊ ဝဋ္ဋတိ = သင့်အပ်၏" ဣတိ = သို့၊ တံ = ထိုသူဌေးသမီးကို၊ အန္တောဥဒကသမီပေ = ရေ၏အတွင်း၌ပင်၊ ဆဍ္ဍေတွာ = စွန့်၍၊ ဥတ္တရိံသု = တက်ကြကုန်ပြီ။

ဒေဝေါ ပါဝဿိ။ (ပ) ။ ဝိစိနိတွာ ပိ နပဿိံသု။

ဒေဝေါ = မိုးသည်၊ ပါဝဿိ = ရွာ၏၊ သူရိယောပိ = နေသည်လည်း၊ အတ္ထင်္ဂတော = ဝင်ပြီ၊ အန္ဓကာရော = အမိုက်တိုက်သည်၊ ဇာတော = ဖြစ်ပြီ၊ တေ = ထိုကျွန်အလုပ်သမတို့သည်၊ တာယ = ထိုသူဌေးသမီးနှင့်၊ ဝိနာဝ = ကင်း၍ပင်၊ ဂေဟံ = အိမ်သို့၊ ဂန္တွာ = သွား၍၊ "သာ = ထိုသူဌေးသမီးသည်၊ ကဟံ = အဘယ်မှာနည်း၊" ဣတိ = သို့၊ ဝုတ္တေ = ဆိုအပ်သော်၊ ဂင်္ဂါတော = ဂင်္ဂါမြစ်မှ၊ တာဝ = ရှေးဦးစွာ၊ ဥတ္တိဏ္ဏာ = ကူးတက်ခဲ့ပြီ၊ အထ = ထိုအခါ၌၊ နံ = ထိုသူဌေးသမီးကို၊ ကဟံ = ဘယ်အရပ်သို့၊ ဂတာ = သွားသည်၊ နဇာနာမ = မသိကြကုန်၊" ဣတိ = သို့၊ အာဟံသု = ဆိုကြကုန်ပြီ၊ ဉာတကာ = ဆွေမျိုးတို့သည်၊ ဝိစိနိတွာပိ = ရှာဖွေကြ၍လည်း၊ နပဿိံသု = မမြင်ကြကုန်ပြီ။

သာ မဟာဝိရဝံ ဝိရဝန္တီ။ (ပ) ။ အဂ္ဂိ ကတွာ အဒါသိ။

သာ = ထိုသူဌေးသမီးသည်၊ မဟာဝိရဝံ = ပြင်းစွာအော်မြည် သည်ကို၊ ဝိရဝန္တီ = အော်မြည်လျက်၊ ဥဒကေန = ရေနှင့်၊ ဝုယှမာနာ = မျောသည်ရှိသော်၊ အဍ္ဎရတ္တသမယေ = ညသန်းခေါင်အခါ၌၊ ဗောဓိသတ္တဿ = ၏၊ ပဏ္ဏသာလာသမီပံ = သစ်ရွက်

ကျောင်းအနီးသို့၊ ပါပုဏိ = ရောက်၏၊ သော = ထိုဘုရားလောင်း ရသေ့သည်၊ တဿာ = ထိုသူဌေးသမီး၏၊ သဒ္ဒံ = အသံကို၊ သုတွာ = ကြား၍၊ ဓိဟော = ဤအသံသည်၊ မာတုဂါမဿ = မိန်းမ၏၊ သဒ္ဒေါ = အသံတည်း၊ အဿာ = ထိုမိန်းမအား၊ ပရိတ္တာဏံ = အရံအတားကို၊ ဝါ = ကယ်ဆယ်ခြင်းကို၊ ကရိဿာမိ"တိ = ပြုအံ့-ဟု၊ တိဏုက္ကံ = မြက်မီးရှူးကို၊ အာဒါယ = ယူ၍၊ နဒီတီရံ = မြစ်ကမ်းနားသို့၊ ဂန္တွာ = သွား၍၊ တံ = ထိုသူဌေးသမီးကို၊ ဒိသွာ = မြင်၍၊ "မာဘာယိ = မကြောက်နှင့်၊ မာဘာယိ"တိ = မကြောက်ပါနှင့်-ဟု၊ အဿာသေတွာ = နှစ်သိမ့်၍ = သက်သာစေ၍၊ နာဂဗလော = ဆင်ပြောင်အားနှင့်တူသောအားရှိသော၊ ထာမသမ္ပန္နော = စွမ်းအားနှင့်ပြည့်စုံသော၊ ဗောဓိသတ္တော = ဘုရားလောင်းသည်၊ နဒီံ = မြစ်ကို၊ တရမာနော = ကူးလျက်၊ ဂန္တွာ = သွား၍၊ တံ = ထိုသူဌေးသမီးကို၊ ဥက္ခိပိတွာ = ချီမ၍၊ အဿမပဒံ = ကျောင်းသို့၊ အာနေတွာ = ဆောင်ယူ၍၊ အဂ္ဂိံ = မီးကို၊ ကတွာ = ပြု၍၊ အဒါသိ = ပေး၏။

သီတေ ဝိဂတေ မဓုရာနိ ။ (ပ) ။ အာဟ။

သီတေ = အချမ်းသည်၊ ဝိဂတေ = ကင်းသည်ရှိသော်၊ မဓုရာနိ = ချိုကုန်သော၊ ဖလာဖလာနိ = သစ်သီးကြီးငယ်တို့ကို၊ ဥပနာမေသိ = ကမ်းပေး၏၊ တာနိ = ထိုသစ်သီးတို့ကို၊ ခါဒိတွာ = စားပြီး၍၊ ဋ္ဌိတံ = ရပ်တည်နေသောသူဌေးသမီးကို၊ "တွံ = သင်သည်၊ ကတ္ထ = အဘယ်အရပ် ၌၊ ဝါသိကာ+သိ = နေပါသနည်း၊ ကထဉ္စ = အဘယ်သို့လျှင်၊ ဂင်္ဂါယ = ဂင်္ဂါမြစ်၌၊ ပတိတာ+အသိ" တိ = ကျပါသနည်း-ဟု၊ ပုစ္ဆိ = မေးပြီ၊ သာ = ထိုသူဌေးသမီးသည်၊ တံ

ပဝတ္တိ ＝ ထိုအကြောင်းကို၊ အာရောစေသိ ＝ ပြောကြား၏၊ အထ ＝ ထိုအခါ၌၊ နံ ＝ ထိုသူဌေးသမီးကို၊ "တွံ ＝ သင်သည်၊ ဣဓေဝ ＝ ဤနေရာ၌ပင်၊ ဝသာ"တိ ＝ နေလော့-ဟု၊ ပဏ္ဏသာလာယ ＝ သစ်ရွက်ကျောင်း၌၊ ဝသာပေတွာ ＝ နေစေလျက်၊ ဒွိဟတီဟံ ＝ နှစ်ရက်သုံး ရက်ပတ်လုံး၊ သယံ ＝ ကိုယ်တိုင်၊ အဗ္ဘောကာသေ ＝ လွင်တီးခေါင်၌၊ ဝသိတွာ ＝ နေ၍၊ "ဣဒါနိ ယခုအခါ၌၊ ဂစ္ဆာ" တိ ＝ သွားလော့-ဟု၊ အဟ ＝ ဆို၏။

သာ ။ (ပ) ။ သော တံ ဂဟေတွာ အရညေယဝ ဝသတိ။

သာ ＝ ထိုသူဌေးသမီးသည်၊ "ဣမံ တာပသံ ＝ ဤရသေ့ကို၊ သီလဘေဒံ ＝ သီလပျက်စီးခြင်းသို့၊ ပါပေတွာ ＝ ရောက်စေ၍၊ ဂဟေတွာ ＝ ယူ၍၊ ဂမိဿမိ"တိ ＝ သွားအံ့-ဟု၊ နဂစ္ဆတိ ＝ မသွား၊ အထ ＝ ထိုအခါ၌၊ ကာလေ ＝ အချိန်ကာလသည်၊ ဂစ္ဆန္တေ ＝ ရွေ့လျားသွားသည်ရှိသော်၊ ဣတ္ထိ ကုတ္တံ ＝ မိန်းမတို့၏အမူအယာကို၊ ဣတ္ထိလီလံ ＝ မိန်းမတို့၏တင့်တယ်စမွယ်ခြင်းကို၊ ဒဿေတွာ ＝ ပြ၍၊ တဿ ＝ ထိုရသေ့၏၊ သီလဘေဒံ ＝ သီလပျက်စီးခြင်းကို၊ ကတွာ ＝ ပြု၍၊ ဈာနံ ＝ ဈာန်ကို၊ အန္တရဓာပေသိ ＝ ကွယ်ပျောက်စေ၏၊ သော ＝ ထိုရသေ့သည်။ တံ ＝ ထိုသူဌေးသမီးကို၊ ဂဟေတွာ ＝ ယူ၍၊ အရညေယဝ ＝ တော၌ပင်လျှင် ＝ ဝသတိ ＝ နေ၏။

အထ နံ သာ အာဟ။ (ပ) ။ ဂါမဒွါရေ ကုဋိယံ ဝါသော သုံ။

အထ ＝ ထိုအခါ၌၊ သာ ＝ ထိုသူဌေးသမီးသည်၊ နံ ＝ ထိုရသေ့ကို၊ အာဟ ＝ ဆို၏၊ "အယျ ＝ အရှင်၊ နော ＝ ငါတို့အား၊ အရညဝါသေန ＝ တော၌နေသဖြင့်၊ ကိံ ＝ အဘယ်အကျိုးရှိအံ့နည်း၊

မနုဿပထံ = လူတို့ရှိရာသို့၊ ဂမိဿာမ" တိ = သွားကြစို့ဟု၊ အာဟ = ဆို၏။

သော = ထိုရသေ့သည်၊ တံ = ထိုသူဌေးသမီးကို၊ အာဒါယ ယူ၍၊ ဧကံ = တစ်ခုသော၊ ပစ္စန္တဂါမကံ = ပစ္စန္တရစ်ရွာငယ်သို့၊ ဂန္တွာ = သွား ၍၊ တက္ကဘတိယာ = ရက်တက်ကိုရောင်းသဖြင့်၊ ဇီဝိကံ = အသက်မွေးမှုကို၊ ပဝေတွာ = ပြု၍၊ တံ = ထိုသူဌေးသမီးကို၊ ပေါသေတိ = မွေးမြူ၏၊ တဿ = ထိုဘုရားလောင်းအား၊ တက္ကံ = ရက်တက်ကို၊ ဝိက္ကိဏိတွာ = ရောင်း၍၊ ဇီဝတိ = အသက်မွေး၏၊ က္ကတိ+တသ္မာ = ထို့ကြောင့်၊ "တက္ကပဏ္ဍိတော" တိ = တက္ကပဏ္ဍိတ-ဟု၊ နာမံ = အမည်ကို၊ အကံသု = ပြုကြကုန်၏၊ အထ = ထိုအခါ၌၊ အဿ = ထိုတက္ကပဏ္ဍိတအား၊ ဂါမဂါ သိနော = ရွာ၌နေသူတို့သည်၊ ဝါ = ရွာသူရွာသားတို့သည်၊ ပရိဗ္ဗယံ = ရိက္ခာကို၊ ဒတွာ = ပေး၍၊ "အမှာကံ = ငါတို့အား၊ သုယုတ္တ ဒုယုတ္တကံ = ကောင်းသော, မကောင်းသောသတင်းစကားကို၊ အာစိက္ခန္တော = ပြောကြားသည်ဖြစ်၍၊ ဧတ္ထ = ဤအရပ်၌၊ ဝသာ" ဟိ = နေလော့-ဟု၊ ဂါမဒွါရေ = ရွာတံခါး၌၊ ကုဋိယံ = ကုဋီ၌၊ ဝါ = တဲကင်း၌၊ ဝါသေသုံ = နေစေကြကုန်၏။

တေန စ သမယေန စောရာ။ (ပ) ။ ဘရိယံ အကာသိ။

တေန စ သမယေန = ထိုအခါ၌လည်း၊ စောရာ = ခိုးသူတို့သည်၊ ပဗ္ဗတာ = တောင်မှ၊ ဩရုယှ = သက်ဆင်း၍၊ ပစ္စန္တံ = ရွာစွန်ရွာဖျားကို၊ ပဟရန္တိ = လုယက်ကြကုန်၏၊ တေ = ထိုခိုးသူတို့သည်၊ ဧကဒိဝသံ = တစ်နေ့သောအခါ၌၊ တံ ဂါမံ = ထိုရွာကို၊ ပဟာရိတွာ = လုယက်၍၊ ဂါမဝါသိကေဟိယေဝ = ရွာသူရွာသားတို့ဖြင့်သာလျှင်၊ ဘဏ္ဍိကာ = ဥစ္စာထုပ်တို့ကို၊ ဥက္ခိပါပေတွာ =

ချီမစေ၍ = ထမ်းစေ၍၊ ဂစ္ဆန္တာ = သွားကြသည်ရှိသော်၊ တမ္ပိ သေဋ္ဌိဓီတရံ = ထိုသူဋ္ဌေးသမီးကိုလည်း၊ ဂဟေတွာ = ယူ၍၊ အတ္တနော = မိမိ၏၊ ဝသနဋ္ဌာနံ = နေရာဌာနသို့၊ ဂန္တွာ = သွား၍၊ သေသဇနေ = ကျန် လူတို့ကို၊ ဝိဿဇ္ဇေသုံ = လွှတ်စေကုန်ပြီ၊ စောရဇေဋ္ဌကော ပန = ခိုးသူကြီးသည်ကား၊ ဝါ = သူခိုးအကြီးအကဲ သည်ကား၊ တဿာ = ထိုသူဋ္ဌေးသမီး၏၊ ရူပေ = ရုပ်အဆင်း၌၊ ဗဇ္ဈိတွာ = တပ်စွန်း၍၊ တံ = ထိုသူဋ္ဌေးသမီးကို၊ အတ္တနော = မိမိ၏၊ ဘရိယံ = မယားကို၊ အကာသိ = ပြု၏။

ဗောဓိသတ္တော။ (ပ)။ အာဂမနံ ဩလောကေန္တော တတ္ထေဝ ဝသိ။

ဗောဓိသတ္တော = ဘုရားလောင်းသည်၊ "ကုတ္ထန္နာမာ = ဤမည် သောမိန်းကလေးသည်၊ ကဟံ" န္တိ = အဘယ်မှာနည်း-ဟု၊ ပုစ္ဆိ = မေးပြီ၊ "စောရဇေဋ္ဌကေန = သူခိုးအကြီးအကဲသည်၊ ဂဟေတွာ = ယူ၍၊ အတ္တနော = ၏၊ ဘရိယာ = မယားကို၊ ကတာ = ပြုအပ်ပြီ" ဣတိစ = ဤသို့ကား၊ သုတွာပိ = ကြား၍လည်း၊ သာ = သူဋ္ဌေးသမီးသည်၊ တတ္ထ = ထိုသူခိုးကြီးအံ့ထံ၌၊ မယာ = ငါနှင့်၊ ဝိနာ = ကင်း၍၊ န ဝသိဿတိ = မနေလတ္တံ့၊ ဝါ = နေလိမ့်မည် မဟုတ်၊ ပလာယိတွာ = ပြေး၍၊ အာဂစ္ဆိဿတိ" တိ = လာလတ္တံ့-ဟု၊ တဿာ = ထိုသူဋ္ဌေး သမီး၏၊ အာဂမနံ = လာခြင်းကို၊ ဩလော ကေန္တော = မျှော်လျက်၊ တတ္ထေဝ = ထိုရွာတံခါးတဲကုဋ်၌ပင်၊ ဝသိ = နေပြီ။

သေဋ္ဌိဓီတာပိ စိန္တေသိ။ (ပ) ။ တံ ပဏ္ဏာသာပေတွာ ယာတာပေ ယျ” န္တိ။

သေဋ္ဌိဓီတာပိ = သူဌေးသမီးသည်လည်း၊ စိန္တေသိ = ဤသို့ကြံ စည်ပြီ၊ “အဟံ = သည်၊ ဣဓ = ဤနေရာ၌၊ သုခံ = ချမ်းသာစွာ၊ ဝသာမိ = နေရ၏၊ ကဒါစိ = တစ်ရံတစ်ခါ၌၊ တက္ကပဏ္ဍိတော = သည်၊ မံ = ငါ့ကို၊ ကိဥ္စိဒေဝ = တစ်စုံတစ်ယောက်သောသူကို၊ နိဿာယ = မှီ၍၊ အာဂန္တွာ = လာ၍၊ ဣတော = ဤနေရာမှ၊ အာဒါယ = ခေါ်ယူ၍၊ ဂစ္ဆေယျ = သွား ရာ၏၊ အထ = ထိုအခါ၌၊ ဧတသ္မာ သုခါ = ဤချမ်းသာသုခမှ၊ ပရိဟာယိဿာမိ = ဆုတ်ယုတ်လတ္တံ့၊ အဟံ = ငါသည်၊ သမ္ပိယာယမာနာ ဝိယ = ချစ်သည်သကဲ့သို့၊ တံ = ထိုတက္ကပဏ္ဍိတကို၊ ပဏ္ဏာသာပေတွာ = ခေါ်စေ၍၊ ယန္နူနယာတာပေယျံ = အကယ်၍သတ်စေရာမူကားကောင်းလေစွ၊” ဣတိ = သို့၊ စိန္တေသိ = ကြံစည်ပြီ။

သာ ဧကံ မနုဿံ ။ (ပ) ။ ရတ္တိဘာဂေ ဂစ္ဆိဿာမာ” တိ။

သာ = ထိုသူဌေးသမီးသည်၊ ဧကံ မနုဿံ = လူတစ်ယောက်ကို၊ ပဏ္ဏာသိတွာ = ခေါ်၍၊ အဟံ = သည်၊ ဣဓ = ၌၊ ဒုက္ခံ = ဆင်းရဲစွာ၊ ဇီဝါမိ = အသက်ရှင်ရ၏၊ တက္ကပဏ္ဍိတော = တက္ကပဏ္ဍိတသည်၊ အာဂန္တွာ = လာ၍၊ မံ = ငါ့ကို၊ အာဒါယ = ယူ၍၊ ဂစ္ဆတူ” တိ = သွားပါရစေ-ဟု၊ သာသနံ = သတင်းစကားကို၊ ပေသေသိ = စေလွှတ်ပြီ၊ သော = ထိုတက္က ပဏ္ဍိတသည်၊ တံသာသနံ = ထိုသတင်းစကားကို၊ သုတွာ = ကြား၍၊ သဒ္ဒ ဟိတွာ = ယုံကြည်၍၊ တတ္ထ = ထိုအရပ်သို့၊ ဂန္တွာ = သွား၍၊ ဂါမဒွါရေ = ရွာတံခါး၌၊

ဌတွာ = ရပ်၍၊ သာသနံ = သတင်းစကားကို၊ ပေသေသိ = စေလွှတ်ပြီ၊ သာ = ထိုသူငွေးသမီးသည်၊ နိက္ခမိတွာ = ထွက်၍၊ တံ = ထိုတက္ကပဏ္ဍိတကို၊ ဒိသွာ = မြင်၍၊ "အယျ = အရှင်၊ မယံ = ငါတို့သည်၊ ကုဒါနိ = ယခုအခါ၌၊ သစေ ဂစ္ဆိဿာမ = အကယ်၍ သွားကုန်အံ့၊ စောရဇေဋ္ဌကော = သူခိုးအကြီးအကဲသည်၊ အနုဗန္ဓိတွာ = လိုက်၍၊ ဥဘောပိ = နှစ်ယောက်ကုန်လည်း၊ အမှေ = ငါတို့ကို၊ ဃာတေဿတိ = သတ်လတ္တံ့၊ ရတ္တိဘာဂေ = ညဉ့်အဘို့၌၊ ဂမိဿာမာ"တိ = သွားကြကုန်အံ့-ဟု၊ ဝတွာ = ဆို၍။

တံ အာနေတွာ။ (ပ) ။ နန္ဒု ကောဋ္ဌကေ နိသိန္နောတိ။

တံ = ထို တက္ကပဏ္ဍိတကို၊ အာနေတွာ = ခေါ်ဆောင်၍၊ ဘောဇေတွာ = ကျွေး၍၊ ကောဋ္ဌကေ = အုံ၌၊ နိသီဒါပေတွာ = ထိုင်စေ၍၊ သာယံ = ညဉ့်အခါ၌၊ စောရဇေဋ္ဌကဿ = သူခိုးအကြီးအကဲ၏၊ အာဂန္တွာ = လာ၍၊ သုရံ = သေအရက်ကို၊ ပိဝိတွာ = သောက်၍၊ မတ္တကာလေ = ယစ်မူးသောအခါ၌၊ "သာမိ = အရှင်၊ ကုမာယဝေလာယ = ဤအချိန်၌၊ တဝ = သင်၏၊ သတ္တုံ = ရန်သူကို၊ သစေ ပဿေယျာသိ = အကယ်၍မြင်ရာ အံ့၊ နံ = ထိုရန်သူကို၊ ကိန္တိ = အဘယ်သို့၊ ကရေယျာသိ"တိ = ပြုရာသနည်း-ဟု၊ အာဟ = ဆို၏၊ ဣဒဉ္စိဒဉ္စ = ဤအမှုကို ဤအမှုကို၊ ကရိဿာမီတိ = ပြုအံ့-ဟု၊ အာဟ = ၏၊ သော = ထိုရန်သူသည်၊ ဒူရေ + ကိံ = အဝေးမှာလား၊ ကောဋ္ဌကေ = အုံ၌၊ နိသိန္နောနနု = ထိုင်နေသလား၊ ဣတိ = ဤသို့၊ အာဟ = ဆို၏။

စောရဇေ္ဇကော ဥက္ကံ။ (ပ) ။ ဧတ္တကမေဝ ဝဒတိ။

စောရဇေ္ဇကော = သူခိုးအကြီးအကဲသည်၊ ဥက္ကံ = မီးရှူးကို၊ အာဒါယ = ယူ၍၊ တတ္ထ = ထိုအုံရှိရာသို့၊ ဂန္တွာ = သွား၍၊ တံ = ထိုတက္ကပဏ္ဍိတကို၊ ဒိသွာ = မြင်၍၊ ဂဟေတွာ = ဖမ်းယူ၍၊ ဂေဟမဇ္ဈေ = အိမ်၏အလယ်၌၊ ပါတေတွာ = ချ၍၊ ကပ္ပရာဒီဟိ = တထောင်စသည်တို့ဖြင့်၊ ယထာရုစိံ = အလိုရှိတိုင်း၊ ဝါ = စိတ်ကြိုက်၊ ပေါထေသိ = ထုထောင်းပြီ၊ သော = ထိုတက္ကပဏ္ဍိတသည်၊ ပေါထိယမာနောပိ = ထုထောင်းသော်လည်း၊ အညံ = အခြားသော၊ ကိဉ္စိ = တစ်စုံတစ်ခုသောစကားကို၊ အဝတွာ = မဆိုမူ၍၊ "ကောဓနာ စ = အမျက်လည်းထွက်ကုန်၏၊ အကတညူစ = သူ့ကျေးဇူးကိုလည်းမသိတတ်ကုန်၊ ပိသုဏာစ = ကုန်းချောပစ်ခြင်းကိုလည်းပြုတတ်ကုန်၏၊ မိတ္တဘေဒိကာစ = အဆွေခင်ပွန်းအပေါ်မှာလည်း ပြစ်မှားတတ်ကုန်၏" ဣတိ = ဤသို့၊ ဧတ္တကမေဝ = ဤမျှသောစကား လေးခွန်းကိုသာ၊ ဝဒတိ = ဆို၏။

စောရော တံ ပေါထေတွာ။ (ပ) ။ ပဒါနိ ဝဒတိ။

စောရော = ခိုးသူကြီးသည်၊ တံ = ထိုတက္ကပဏ္ဍိတကို၊ ပေါထေတွာ = ထုထောင်း၍၊ ဗန္ဓိတွာ = ချည်နှောင်၍၊ နိပဇ္ဇာပေတွာ = အိပ်စေ၍၊ သာယမာသံ = ညစာကို၊ ဘုဉ္ဇိတွာ = စား၍၊ သယိ = အိပ်ပြီ၊ ပဗုဒ္ဓေါ = ပြန်နိုးသည်ရှိသော်၊ သုရာယ = သေအရက်သည်၊ ဇိဏ္ဏာယ = အမူးပြယ်သော်၊ ပုန = တစ်ဖန်၊ တံ = ထိုတက္ကပဏ္ဍိတကို၊ ပေါထေတုံ = ရိုက်နှက် ထုထောင်းခြင်းငှာ၊ အာရဘိ = အားထုတ်ပြီ၊ သောပိ = ထိုတက္ကပဏ္ဍိတသည်လည်း၊ တာနေဝ စတ္တာရိ ပဒါနိ = ထိုစကားလေးခွန်းတို့ကိုသာ၊ ဝဒတိ = ဆို၏။

စောရော စိန္တေသိ။(ပ)။ ဧတာနေဝ ပဒါနိ ဝဒသိ" တိ။

စောရော = သူခိုးသည်၊ စိန္တေသိ = ကြံစည်ပြီ (ကိံ + စိန္တေသိ) "အယံ = ဤသူသည်၊ ဧဝံ = ဤသို့၊ ပေါထိယမာနောပိ = ထုထောင်းသတ်ပုတ်သော်လည်း၊ အညံ = အခြားသော၊ ကိဉ္စိ = တစ်စုံတစ်ခုသောစကားကို၊ အဝတွာ = မဆိုမူ၍၊ ဣမာနေဝ စတ္တာရိပဒါနိ = ဤစကား လေးခွန်းတို့ကိုသာ၊ ဝဒတိ = ၏၊ နံ = ထိုသူကို၊ ပုစ္ဆိဿာမိ" တိ = မေးအံ့-ဟု၊ ဟိန္တေသိ = ကြံစည်ပြီ၊ တဿာ = ထိုသူဌေးသမီး၏၊ သုတ္တဘာဝံ = အိပ် ပျော်သည်၏ အဖြစ်ကို၊ ဥတွာ = သိ၍၊ တံ = ထိုတက္ကပဏ္ဍိတကို၊ ပုစ္ဆိ = မေးပြီ၊ (ကိံ = သို့၊ ပုစ္ဆိ = နည်း) "အမ္ဘော = အချင်း၊ တွံ = သည်၊ ဧဝံ = သို့ ပေါထိယမာနောပိ = ထုထောင်းနှိပ်စက်သော်လည်း၊ ကသ္မာ = အဘယ့်ကြောင့်၊ ဧတာနေဝ ပဒါနိ = ဤစကားလေးခွန်းတို့ကိုသာ၊ ဝဒသိ" တိ = ဆိုပါသနည်း-ဟု၊ ပုစ္ဆိ = မေးပြီ။

တက္ကပဏ္ဍိတော "တေန ဟိ သုဏာဟိ" တိ တံ ကာရဏံ အာဒိတော ပဋ္ဌာယ ကထေသိ -

တက္ကပဏ္ဍိတော = တက္ကပဏ္ဍိတသည်၊ "တေနဟိ = ထိုသို့ဖြစ်လျှင်၊ သုဏာဟိ" တိ = နားထောင်လော့-ဟု၊ တံ ကာရဏံ = ထိုအကြောင်းကို၊ အာဒိတော = အစမှ၊ ပဋ္ဌာယ = စ၍၊ ကထေသိ = ပြောပြလေပြီ - (ကိံ = အဘယ်သို့၊ ကထေသိ = ပြောသနည်း၊)

"အဟံ ပုဗ္ဗေ အရညဝါသိကော။ (ပ) ကထေမိ" တိ။

"အဟံ • ငါသည်၊ ပုဗ္ဗေ • ရှေးအခါ၌၊ အရညဝါသိကော • တော၌နေသော၊ ဧကော • တစ်ယောက်သော၊ ဈာနလာဘီ • ဈာန်ရသော၊ တာပသော • ရသေ့တည်း၊ သွာဟံ + သော - အဟံ • ထိုငါသည်၊ ဂဂ်ဃ • ဂဂ်မြစ်၌၊ ဝုယှမာနံ • မျောလာသော၊ ဧတံ • ဤသူဌေးသမီးကို၊ ဥတ္တာရေတွာ • ဆယ်တင်၍၊ ပဋိဇဂ္ဂိ • မွေးမြူပြီ၊ အထ • ထိုအခါ၌၊ ဧသာ • ဤသူဌေးသမီးသည်၊ ဝါ • ဤမိန်းမသည်၊ မံ • ငါ့ကို၊ ပလောဘေတွာ • ဖြားယောင်း၍၊ ဈာနာ • ဈာန်မှ၊ ပရိဟာပေသိ • ဆုတ်ယုတ်စေ၏၊ သွာဟံ • ထိုငါသည်၊ အရညံ • တောကို၊ ပဟာယ • စွန့်၍၊ ဧတံ • ဤမိန်းမကို၊ ပေါသေန္တော • မွေးမြူလျက်၊ ပစ္စန္တဂါမကေ • ပစ္စန္တရစ်ရွာငယ်၌၊ ဝသာမိ • နေ၏၊ အထ • ၌၊ စောရေဟိ • ခိုးသူတို့သည်၊ ဣဓ • ဤအရပ်သို့၊ အာနီတာ • ခေါ်ဆောင်အပ်သော၊ ဧသာ • ဤမိန်းမသည်၊ "အဟံ • ငါသည်၊ ဒုက္ခံ • ဆင်းရဲစွာ၊ ဝသာမိ • နေရ၏၊ အာဂန္တွာ • လာ၍၊ မံ • ငါ့ကို၊ နေတု"တိ ခေါ်ဆောင်လော့ - ဟု၊ မယှံ • ငါ့အား၊ သာသနံ • သတင်းစကားကို၊ ပေသေတွာ • စေလွှတ်၍၊ ဣဒါနိ • ယခုအခါ၌၊ တဝ • သင်၏၊ ဟတ္ထေ • လက်၌၊ ပါတေသိ • ကျရောက်၏၊ အဟံ • သည်၊ ဣမိနာ ကာရဏေန • ဤအကြောင်းကြောင့်၊ ဧဝံ • သို့၊ ကထေမိ"တိ • ဆို၏ - ဟု၊ ကထေသိ • ပြောပြ၏။

စောရော စိန္တေသိ။ (ပ) မာရေတဗ္ဗာ သော"တိ။

စောရော • သည်၊ စိန္တေသိ • ကြံစည်၏၊ (ကိံ • သို့၊ စိန္တေသိ • နည်း) "ယာ ဧသာ • အကြင်ဤမိန်းမသည်၊ ဧဝရူပေ

အထ-ထိုအခါ၌။ အဿ-ထိုဒိသာပါမောက္ခဆရာ၏။ တေမာဏဝါ-ထိုလုလင်တို့သည်။ ဧကဒိဝသံ-တစ်နေ့သ၌။ ဒါရုံ- ထင်းကို။ အာဟရဏတ္ထာယ-ဆောင်ယူခြင်းအကျိုးငှါ။ အရညံ-တော သို့။ ဂန္တွာ-၍။ ဒါရူနိ-ထင်းတို့ကို။ ဥဒ္ဓရိံသု-ထုတ်ယူကြကုန်၏။ တေသံ-ထိုလုလင်တို့၏။ အန္တရေ-အတွင်း၌။ ဧကော-တစ်ယောက်သော။ ကုသီတမာဏဝေါ-ပျင်းရိသောလုလင်သည်။ မဟန္တံ-ကြီးစွာသော။ ဝရုဏရုက္ခံ-ခံတက်ပင်ကို။ ဒိသွာ-မြင်၍။ "ဧသော-ဤသစ်ပင်သည်။ သုက္ခ-ရုက္ခော+" တိ-သစ်ပင်အခြောက်တည်း-ဟု။ သညာယ-မှတ်ထင်၍။ "တာဝ-ဦးစွာ။မုဟုတ္တံ-ခဏမျှ။ နိပဇ္ဇိတွာ-အိပ်၍။ ပစ္ဆာ-နောက်မှ။ ရုက္ခံ-သစ်ပင်သို့။ အဘိရုဟိတွာ-တက်၍။ ဒါရူနိ-ထင်းတို့ကို။ ပါတေတွာ-ချ၍။ အာဒါယ-ယူ၍။ ဂမိဿာမိ+"က္ကတိ-သွားအံ့-ဟု။ ဥတ္တရိသာဋကံ-အပေါ်လွှမ်းပုဆိုးကို။ ပတ္ထရိတွာ-ခင်း၍။ နိပဇ္ဇိတွာ-အိပ်၍။ ကာကစ္ဆမာနော-ကျီးသံကဲ့သို့ မြည်ဟောက်လျက်။ နိဒ္ဒံ-အိပ်ပျော်ခြင်းသို့။ ဩက္ကမိ-ရောက်၏။

ဣတရေ မာဏဝကာ (ပ) ပဗောဓေတွာ အာမံသု၊

ဣတရေ-အခြားကုန်သော။ မာဏဝကာ-လုလင်တို့သည်။

ဒါရကာလာပေ=ယင်စည်းတို့ကို။ ဗန္ဓိတွာ=ဖွဲ့ချည်ကြ၍။ အာဒါယ=ယူ၍။ ဂစ္ဆန္တာ=သွားကြကုန်သည်ရှိသော်။ တံ=ထိုအိပ်ပျော်နေသော လုလင်ကို။ ပါဒေန=ခြေဖြင့်။ ပိဋ္ဌိယံ=ကျောက်ကုန်း၌။ ပဟရိတွာ=ခတ်၍။ ပဗောဓေတွာ=နိုးစေ၍။ အဂမံသု။ သွားကြကုန်၏။

ကုသီတမာဏဝေါ ဥဋ္ဌာယ (ပ) ဒါရူန ဥပရိ ပါတေသိ။

ကုသီတ မာဏဝေါ=ပျင်းရိသောလုလင်သည်။ ဥဋ္ဌာယ=ထ၍။ အက္ခိနီ=မျက်စိတို့ကို။ ပုဉ္ဆိတွာ=ပုဉ္ဆိတွာ=သုတ်ပြီး၍+သုတ်ပြီး၍။ အဝိဂတနိဒ္ဒေါ=အိပ်ချင်ခြင်းမပြေသည်သာလျှင်ဖြစ်၍။ ဝရုဏရုက္ခံ ခံတက်ပင်သို့။ အဘိရုဟိတွာ=တက်၍။ သာခံ=သစ်ခက်ကို။ ဂဟေတွာ=ကိုင်၍။ အတ္တနော=မိမိ၏။ အဘိမုခံ=ရှေ့ရှုသို့။ အာကမိတွာ=ဆွဲငင်ယူ၍။ ဘဉ္ဇန္တော=ချိုးသည်ရှိသော်။ ဘိဇ္ဇိတွာ=ကျိုး၍။ ဥဋ္ဌိတကောဋိယာ=ကြွတက်လာသောအစွန်းဖြင့်။ အတ္တနော=၏။ အက္ခိ=မျက်စိကို။ ဘိန္ဒာပေတွာ=ပေါက်ကွဲစေ၍။ ဧကေန ဟတ္ထေန=လက်တစ်ဖက်ဖြင့်။ တံ=ထိုမျက်စေ့ကို။ ပိဓာယ=ပိတ်၍။ ဧကေန=ဟတ္ထေန။ လက်တစ်ဖက်ဖြင့်။ အလ္လဒါရူနိ=ထင်းစိုတို့ကို။ ဘဉ္ဇိတွာ=ချိုး၍။ ရုက္ခတော=သစ်ပင်မှ။ ဩရုယှ=ဆင်း၍။ ဒါရုကလာပံ= ထင်းစည်းကို။ ဗန္ဓိတွာ=ဖွဲ့ချည်၍။ ဥက္ခိပိတွာ=မချီ၍။ ဝါ=ထမ်း၍။ ဝေဂေန=လျင်စွာဖြင့်။ ဂန္တွာ=သွား၍။ တေဟိ=ထိုလုလင်တို့သည်။ ပါတိတာနံ=ချအပ်ကြကုန်သော။ ဒါရူနံ=ထင်းတို့၏။ ဥပရိ=အထက် ၌။ ပါတေသိ=ချ၏။

တံ ဒိဝသဉ္စ ဇနပဒဂါမကော (ပ) အာဂစ္ဆထာ” တိ။

တံ ဒိဝသဉ္စ=ထိုနေ့၌လည်း။ ဇနပဒဂါမကော=ဇနပုဒ်ရွာငယ်၌။ ဧကော ကုလံ=တစ်ဦးသောအမျိုးသည်။ “ သွေ=နက်ဖြန်။ ဗြာဟ္မဏဝါစန

ကံ=ပုဏ္ဏားတို့ဗေဒင်ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို။ ကရိယာမာ+"
ဣတိ=ပြုကြအံ-ဟု။ အာစရိယံ=ဆရာကို။ နိမန္တေသိ=ပင့်ဖိတ်၏။
အာစရိယော=ဆရာသည်။ မာဏဝကေ=လုလင်တို့ကို။ အာဟ=ဆို၏။
ကိံ+အာဟ " တာတာ=အမောင်တို့။ သွေ=နက်ဖြန်။ ဧကံ+ဂါမကံ=
ရွာတစ်ရွာသို့။ ဂန္တဗ္ဗံ=သွားအပ်၏။ တုမှေပန=သင်တို့သည်ကား။
နိရာဟာရာ= အာဟာရမရှိကုန်ဘဲ။ ဂန္တုံ=သွားခြင်းငှာ။ နသက္ခိဿ
ထ=မတတ်နိုင် ကြလတံ့။ ပါတောဝ=စောစောကပင်။ယာဂုံ=ယာဂုကို။
ပစာပေတွာ= ချက်စေ၍။ တတ္ထ=ထိုရွာသို့။ ဂန္ဒွာ=သွား၍။ အတ္တနာ=
မိမိသည်။ လဒ္ဓ ကောဋ္ဌာသဉ္စ=ရအပ်သောအစုကိုလည်းကောင်း။
အမှာကံ=ကျွန်ုပ်တို့ ၏။ပတ္တကောဋ္ဌာသဉ္စ=ရောက်အပ်, ရအပ်သော
အစုကိုလည်းကောင်း။ သဗ္ဗံ=အလုံးစုံသောအစုကို။ အာဒါယ=ယူ၍။
အာဂစ္ဆထ+"ဣတိ=လာကြကုန်လော့-ဟု။ အာဟ=ဆို၏။

တေ ပါတောဝ (ပ) သူရိယံ ဥဋ္ဌာပေသိ။

တေ=ထိုလုလင်တို့သည်။ ပါတောဝ=နံနက်စောစောကပင်။
ယာဂုပစနတ္ထာယ=ယာဂုချက်ပြုတ်ခြင်းအကျိုးငှါ။ ဒါသိံ=ကျွန်မကို။
ဥဋ္ဌာပေတွာ=ထစေ၍။ "နော=ငါတို့အား။ ခိပ္ပံ=လျင်မြန်စွာ။ ယာဂုံ=
ယာဂုကို။ ပစာဟိ+" ဣတိ=ချက်လော့-ဟု။ အာဟံသု=ပြောကြကုန်
၏။ သာ=ထိုကျွန်မသည်။ ဒါရူနိ=ထင်းတို့ကို။ ဂဏှန္တီ=ယူသည်ရှိသော်။
ဥပရိ=အထက်၌။ ဋ္ဌိတာနိ=တည်ရှိကုန်သော။ အလ္လဝရုက္ခဒါရူနိ=
စိုတက်ထင်းအစိုတို့ကို။ဂဟေတွာ=ယူ၍။ ပုနပ္ပုနံ= အဖန်တလဲလဲ။
မုခဝါတံ= ပါးစပ်နှင့်လေမှုတ်ခြင်းကို။ ဒဒမာနာပိ=ပေးပါသော်လည်း။
အဂ္ဂိံ=မီးကို။ သူရိယံ=နေသည်။ ဥဋ္ဌာပေသိ=ထွက် လေ၏။

မာဏဝကာ (ပ) အာစရိယ နဂတမှာတိ၊ ကိကာရဏာတိ၊

မာဏဝကာ-လုလင်တို့သည်။ "အတိဒိဝါ-အလွန်နေမြင့်ခြင်းသည်။ ဇာတော-ဖြစ်ပြီ။ ဣဒါနိ-ယခုအခါ၌။ ဂန္တုံ-သွားခြင်းငှါ။ နသက္ကာ+" ဣတိ-မတတ်နိုင်တော့-ဟု။ အာစရိယဿ-ဆရာ၏။ သန္တိကံ-ထံသို့။ အဂမိံသု-သွားကြကုန်၏။ အာစရိယော-ဆရာသည်။ "တာတာ-အမောင်တို့။ နဂတတ္ထ+ကိံ+" ဣတိ-မသွားကြကုန်လော-ဟု။ ပုစ္ဆိ-မေး၏။ အာစရိယ-ဆရာ။ အာမ-မှန်ပါ၏။ နဂတမှ+" ဣတိ-မသွားကြကုန်ပါ-ဟု။ အာဟံသု-ပြောကြကုန်၍။

ကိံ ကာရဏာ-အဘယ်အကြောင်းကြောင့်နည်း။ ဣတိ-သို့။ ပုစ္ဆိ-မေး၏။

အသုကော နာမ ကုသိတမာဏဝေါ (ပ) ဇာတောတိ၊

အသုကော နာမ ကုသိတမာဏဝေါ-ဤအမည်ရှိသော ပျင်းရိသောလုလင်သည်။ အမှေဟိ-အကျွန်ုပ်တို့နှင့်။ သဒ္ဓိံ-အတူ တကွ။ ဒါရုန-မတ္ထာယ-ထင်းတို့၏အကျိုးငှါ၊ အရညံ-တောသို့။ ဂန္တွာ-၍။ ဝရုဏရုက္ခမူလေ-ခံတက်ပင်ရင်း၌။ နိဒ္ဒါယိတွာ-အိပ်၍။ ပစ္ဆာ-နောက်မှ။ ဝေဂေန-လျင်မြန်စွာဖြင့်။ ရုက္ခံ-သစ်ပင်သို့။ အာရုယှ-တက်၍။ အက္ခိံ-မျက်စေ့ကို။ ဘိန္ဒာပေတွာ-ပေါက်ကွဲစေ၍။ အလ္လဝရုဏဒါရုနိ-ခံတက်ထင်းအစိုတို့ကို။ အာဟရိတွာ-ဆောင်ယူ၍။ အမှေဟိ-ကျွန်တော်တို့သည်။ အာနီတဒါရုနံ-ဆောင်ယူအပ်သော ထင်းတို့၏။ ဥပရိ-အထက်၌။ ပက္ခိပိ-ထည့်၏။ ယာဂုပါစိကာ-ယာဂု ချက်ပြုတ်သောကျွန်မသည်။ တာနိ-ထိုထင်းတို့ကို။ သုက္ခဒါရုသညာယ-ထင်းခြောက်ဟုထင်မှတ်သဖြင့်။ ဂဟေတွာ-ယူ၍။ ယာဝ သူရိယုဂ္ဂမနာ-နေထွက်သည့်တိုင်အောင်။ ဥဒ္ဓနာလေတုံ။ မီးတောက်

စေခြင်းငှါ။ နသက္ကိ-မတတ်နိုင်။ ဣမိနာ ကာရဏေန-ဤအကြောင်းကြောင့်။ နော-ကျွန်ုပ်တို့၏။ ဂမနန္တရာယော-ခရီးသွားခြင်းအန္တရာယ်သည်။ ဇာတော-ဖြစ်၏။ ဣတိ-သို့။ အာဟံသု-ပြောကြကုန်၏။

အာစရိယော မာဏဝေန (ပ) ဣမံ ဂါထံ သမုဋ္ဌာပေသိ၊

အာစရိယော-ဆရာသည်။ မာဏဝေန-လုလင်သည်။ ကတကမ္မံ-ပြုအပ်သောအမှုကို။ သုတွာ-ကြား၍။ "အန္ဓဗာလာနံ-အလွန်မိုက်မဲသောသူတို့၏။ ကမ္မံ-အမှုကို။ နိဿာယ-မှီ၍။ ဧဝရူပါ-ဤကဲ့သို့သောသဘောရှိသော။ ပရိဟာနိ-ယုတ်ခြင်းသည်။ ဟောတိ-ဖြစ်၏။" ဣတိ-သို့။ ဝတွာ-၍။ ဣမံဂါထံ-ကို။ သမုဋ္ဌာပေသိ-ဖြစ်စေ၍။

၇၁။ ယော ပုဗ္ဗေ ကရဏီယာနိ၊ ပစ္ဆာ သော ကာတုမိစ္ဆတိ၊
ဝရုဏကဋ္ဌ ဘဉ္ဇောဝ၊ သ ပစ္ဆာ မနုတပ္ပတိ။

ယော-အကြင်သူသည်။ ပုဗ္ဗေ-ရှေး၌။ ကရဏီယာနိ-ပြုအပ်ကုန်သောအမှုတို့ကို။ ပစ္ဆာ-နောက်မှ။ ကာတုံ-ပြုခြင်းငှါ။ ဣစ္ဆတိ-အလိုရှိ၏။ သော-ထိုသူသည်။ ဝရုဏကဋ္ဌဘဉ္ဇောဝ-ခံတက်ထင်းကို ချိုးသောလုလင်သည်ကဲ့သို့။ ပစ္ဆာ-နောက်မှ။ အနုတပ္ပတိ-အစဉ်စိုးရိမ်ပူပန်ရ၏။

တတ္ထ သပစ္ဆာ မနုတပ္ပတီတိ (ပ)အတ္ထော၊

တတ္ထ-ထိုဂါထာပုဒ်တို့၌။ သပစ္ဆာ မနုတပ္ပတီတိ-သ ပစ္ဆာ မနုတပ္ပတိ ဟူသည်ကား။ ယော ကောစိ ပုဂ္ဂလော-အကြင်တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည်။ " ဣဒံ-ဤအမှုကို။ ပစ္ဆာ-နောက်၌။ ကတ္တဗ္ဗံ-ပြုအပ်၏။ ဣဒံ-ဤအမှုကို။ ပုဗ္ဗေ-ရှေး၌။ ကတ္တဗ္ဗံ-ပြုထိုက်၏။ " ဣတိ-သို့။ အဝီမံသိတွာ-မစူးစမ်းမဆင်ခြင်မူ၍။ ပုဗ္ဗေ-ရှေး၌။

ကရဏီယာနိ-ပြုအပ်သောအမှုတို့ကို။ ပဌမမေဝ-ရှေးဦးစွာမှာပင် လျှင်။ ကတ္တဗ္ဗကမ္မာနိ-ပြုအပ်သောအမှုတို့ကို။ ပစ္ဆာ-နောက်မှ။ ကရောတိ-ပြု၏။ ဝရုဏကဋ္ဌဘဉ္ဇော-ခံတက်ထင်းကိုချိုးသော။ အမှာက်-ကျွန်ုပ်တို့၏။ အယံမာဏဝကော ဝိယ ဤလုလင်ငယ်သည် ကဲ့သို့။ သော ဗာလပုဂ္ဂလော-ထို မိုက်မဲသောပုဂ္ဂိုလ်သည်။ ပစ္ဆာ-နောက်မှ။ ဝါ-နောင်တွင်။ အနုတပ္ပတိ+သောစတိ+ပရိဒေဝတိ-စိုးရိမ်, ပူပန်, ငိုကြွေးရ၏။ ဣတိ-ဤသည်ကား။ အတ္ထော-အနက် တည်း။

ဧဝံ ဗောဓိသတ္တော (ပ)ယထာကမ္မံ ဂတော။

ဧဝံ-ဤသို့။ ဗောဓိသတ္တော-ဘုရားအလောင်းသည်။ အန္တေဝါသိကာနံ-အနီးနေတပည့်တို့အား။ ဣဒံကာရဏံ-ဤအကြောင်းကို။ ကထေတွာ-ပြောဆို၍။ ဒါနာဒီနိ-ဒါနအစရှိကုန်သော။ ပုညာနိ-ကောင်းမှုတို့ကို။ ကရိတွာ-၍။ ဇီဝိတပရိယောသာနေ- အသက်၏ အဆုံး၌။ ယထာကမ္မံ-ကံအားလျော်စွာ။ ဂတော-လား၏။

သတ္ထာ (ပ) အဟမေဝ အဟောသိ" န္တိ။

သတ္ထာ-မြတ်စွာဘုရားသည်။ "ဘိက္ခဝေ-တို့။ ဧသ+ဧသော-ထိုရဟန်းသည်။ ဣဒါနေဝ-ယခုအခါ၌သာလျှင်၊ တုမှာက်-သင်တို့ အား။ အန္တရာယံ- အန္တရာယ်ကို။ ကရောတိ-ပြုသည်။ န-မဟုတ်ချေ။ ပုဗ္ဗေပိ-ရှေးအခါ၌လည်း။ အကာသိယေဝါ"တိ-ပြုခဲ့သည်သာတည်း- ဟု။ ဣမံ ဓမ္မဒေသနံ-ကို။ အာဟရိတွာ။ သမောဓာနေသိ-ပေါင်း တော်မူ၏။ (ကိံ+သမောဓာနေသိ။)" တဒါ-ထိုအခါ၌။ အက္ခိဘေဒံ- မျက်စေ့ပျက်ခြင်းသို့။ပတ္တော-ရောက်သော။မာဏဝေါ-လုလင်သည်။ ဥရုဘေဒံ-ခြေထောက်ပျက်စီးခြင်းသို့။ ပတ္တဘိက္ခု- ရောက်သော ရဟန်းသည်။အဟောသိ-ဖြစ်ခဲ့၏။ သေသမာဏဝါ-ကြွင်းသော

လုလင်တို့သည်။ ဗုဒ္ဓပရိသာ-မြတ်စွာဘုရား၏အရိယသာတ်တို့သည်။ အဟေသုံ-ဖြစ်ခဲ့ကုန် ၏။ အာစရိယပြာဟ္မဏော ပန- ဆရာဖြစ်သူ ပုဏ္ဏားသည်ကား။ အဟမေဝ-ငါဘုရားသည်သာ။ အဟောသိ-ဖြစ်ခဲ့လေ၏။ ဣတိ-သို့။ ဇာတကံ-ကို။ သမောဓာနေသိ-၏။

ဝရုဏဇာတကဝဏ္ဏနာ ပဌမာ။

၂- **သီလဝနာဂရာဇ ဇာတကဝဏ္ဏနာ (ပ) နိဋ္ဌိတံ။**

အကတညုဿ ပေါသဿာတိဣဒံ-အကတညုဿ ပေါသဿ- အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသီလဝနာဂရာဇဇာတ်ကို။ သတ္ထာ-သည်။ ဝေဠုဝနေ-ဝေဠုဝန် ကျောင်း၌။ ဝိဟရန္တော-စဉ်။ ဒေဝဒတ္တံ-ကို။ အာရဗ္ဘ-၍။ ကထေသိ- ၏။

ဟိ-ခဲ့၍ဆိုဦးအံ့။ ဓမ္မသဘာယံ-တရားသဘင်၌။ ဘိက္ခူ-ရဟန်းတို့သည်။ " အာဝုသော-တို့။ ဒေဝဒတ္တော။ ဒေဝဒတ်သည်။ အကတညူ-ကျေးဇူးကို မသိတတ်။ တထာဂတဿ-၏။ ဂုဏေ-ဂုဏ် ကျေးဇူးတော်တို့ကို။ နဇာနာတီ"တိ-မသိတတ်ဟု။ ကထေန္တာ-ပြော ဆိုကြကုန်လျက်။ နိသီဒိံသု-ထိုင်နေကြကုန်၏။

သတ္ထာ အာဂန္တွာ (ပ) တေဟိ ယာစိတော အတီတံ အာဟရိ။

သတ္ထာ-မြတ်စွာဘုရားသည်။ အာဂန္တွာ-၍။ " ဘိက္ခဝေ-တို့။ ဧတရဟိ-၌။ ကာယ ကထာယ-အဘယ်မည်သောစကားဖြင့်။ သန္နိသိန္နာ-စည်းဝေးကြကုန်သည်။ အတ္ထနု-ဖြစ်ကြကုန်သနည်း။ " ဣတိ-သို့။ ပုစ္ဆိတွာ-၍။ "ဣမာယ နာမ "တိ-ဤမည်သောစကားဖြင့်-ဟု။ ဝုတ္တေ-ဆိုအပ်သော်။ " ဘိက္ခဝေ-တို့။ ဣဒါနေဝ-ယခုအခါ၌ သာ။ ဒေဝဒတ္တော-သည်။ အကတညူ-ကျေးဇူးမသိတတ်သည်။

န=မဟုတ်သေး။ ပုဗ္ဗေဝိ=ရှေးအခါ၌လည်း။ အကာတညုယေ၀=ကျေးဇူး မသိတတ်သည်သာတည်း။ ကဒါစိ=တစ်ရံတစ်ဆစ်မျှ။မယှံ=ငါဘုရား ၏။ ဂုဏံ=ဂုဏ်ကျေးဇူးကို။ နဇာနာတိ"တိ=မသိတတ်-ဟု။ပတ္တာ= ဟောကြားတော်မူ၍။ တေဟိ=ထိုရဟန်းတို့သည်။ ယာစိတော= တောင်းပန်အပ်သည်ရှိသော်။ အတီတံ=အတိတ်ကို။ အာဟရိ=ဆောင် တော်မူ၏။

အတီတေ ဗာရာဏသိယံ (ပ) ဟတ္ထိယောနိယံ နိဗ္ဗတ္တိ။

အတီတေ=၌။ ဗာရာဏသိယံ=၌။ ဗြဟ္မဒတ္တေ=သည်။ ရဇ္ဇံ=ကို။ ကာရေ န္တေ=စဉ်။ ဗောဓိသတ္တော=သည်။ ဟိမ၀န္တပ္ပဒေသေ= ဟိမ၀န္တာတော အရပ်၌။ ဟတ္ထိယောနိယံ=ဆင်အမျိုး၌။ နိဗ္ဗတ္တိ=ဖြစ်၏။

သော မာတုကုစ္ဆိတော(ပ)မုခံ ရတ္တကမ္ဗလသဒိသံ။

သော= ထိုဘုရားလောင်းသည်။ မာတုကုစ္ဆိတော=အမိဝမ်းမှ။ နိက္ခန္တော=ဖွားထွက်လာသည်ရှိသော်။ သဗ္ဗသေ တော=အလုံးစုံဖြူ သည်။ ရဇတပုဉ္ဇ သဒိသော=ငွေအပုံငွေအစုနှင့်တူသည်။ အဟော သိ=ဖြစ်၏။ အဿ=ထိုဘုရားလောင်းဆင်မင်း၏။ အက္ခီနိပန= မျက်စေ့တို့သည်ကား ။ မဏိ ဂုဠသဒိသာနိ= ပတ္တာမြားလုံးနှင့် တူကုန် ၏။ ပဉ္စပသာဒါနိ=ထင်ရှားကြ ကုန်သော။ ပဥ္စပသာဒါနိ= ငါးပါး သောကြည်လင်ခြင်းရှိကုန်သည်။ အဟေသုံ=ဖြစ်ကုန်၏။ မုခံ= မျက်နှာသည်။ ရတ္တ ကမ္ဗလသဒိသံ=နီမြန်း သောကမ္ဗလာနှင့်တူ၏။

သောဏ္ဍာ (ပ) အတ္တဘာဝေါ အဟော သိ။

သောဏ္ဍာ=နှာမောင်းသည်။ ရတ္တသု၀ဏ္ဏဗိန္ဒုပဋိမဏ္ဍိတံ=နီ သောရွှေဇာပေါက်ဖြင့်တန်ဆာဆင်အပ်သော။ ရဇတဒါမံ၀ိယ=ငွေ ပန်းဆိုင်းသည်ကဲ့သို့။ အဟောသိ=ဖြစ်၏။ စတ္တာရောပါဒါ= ခြေလေး ချောင်းတို့သည်။ ကတလာခါရသ ပရိကမ္မာဝိယ= ချိပ်ရည်ဖြင့်ဆိုးထား

ဘိသကဲ့ သို့။ အဟေသုံ=ဖြစ်ကုန်၏။ ဧဝံ=ဤသို့။ အသဿ= ထိုဘုရားလောင်း၏။ ဒသဟိ ပါရမီဟိ=ပါရမီဆယ်ပါးတို့ဖြင့်။ အလင်္ကတော= တန်ဆာဆင်အပ်သည်ဖြစ်၍။ ရူပသောဘဂ္ဂပ္ပတ္တော= အဆင်း၏တင့်တယ်ခြင်းအစုသို့ရောက်သော။ အတ္တဘာဝေါ= အတ္တဘောသည်။ အဟောသိ=ဖြစ် ၏။

အထ နံ ဝိညုတံ ပတ္တံ(ပ) နာမံ အဟောသိ။

အထ=၌။ ဝိညုတံ=လိမ္မာသည်၏အဖြစ်သို့။ ပတ္တံ= ရောက်သော။ နံ= ထိုဘုရားလောင်းကို။ သကလဟိမဝန္တေ=အလုံးစုံသော ဟိမဝန္တာ၌။ ဝါရဏာ=ဆင်အပေါင်းတို့သည်။ သန္နိပတိတွာ= စည်းဝေးကြကုန်၍။ ဥပဋ္ဌဟန္တာ=လုပ်ကျွေးကြကုန်လျက်။ ဝိစရိံသု= လှည့်လည်သွားကြကုန်၏။ ဧဝံ=ဤသို့။ သော=ထိုဘုရား လောင်းသည်။ အသီတိသဟဿဝါ ရဏပရိဝါရော= ရှစ်သောင်း သောဆင်အပေါင်းတို့သည် ခြံရံသည်ဖြစ် ၍။ ဟိမဝန္တပ္ပဒေသေ= ဟိမဝန္တာအရပ်၌။ ဝသမာနော=နေလျက်။ အပရဘာဂေ= နောက်အဘို့၌။ ဂဏေ= အပေါင်းအဖော်၌။ ဒေါသံ=အပြစ်ကို။ ဒိသွာ=မြင်၍။ ဂဏမှာ= အပေါင်းအဖေါ်မှ။ ကာယဝိဝေကာယ=ကိုယ်ဖြင့်သန့်လျက်။ ဧကကောဝ=တစ်ဦးတည်းသာလျှင်။ အရညေ=တော၌။ ဝါသံ= နေခြင်းကို။ ကပ္ပေသိ=ပြု၏။ အဿ=ထိုဘုရားလောင်းဆင်မင်းအား။ သီလဝန္တတာယစပန=သီလရှိသည်၏ အဖြစ်ကြောင့်ကား ။"သီလဝနာဂရာဇာ" တွေ၀=သီလဝနာဂရာဇဟူ၍သာလျှင်။ နာမံ= အမည်သည်။ အဟောသိ=ဖြစ်၏။

အထေကော ဗာရာဏသိဝါသိကော(ပ) ဝိစရတိ။

အထ=၌။ ဧကော =တစ်ယောက်သော။ ဗာရာဏသိဝါသိ

ကော-ဗာရာဏသီပြည်၌နေသော။ ဝနစရဲကော-မုဆိုးသည်။ ဟိမဝန္တ-ဟိမဝန္တာသို့။ ပဝိသိတွာ-ဝင်၍။ အတ္တနော-မိမိ၏။ အာဇီဝဘဏ္ဍကံ-အသက်မွေးရာပစ္စည်းဘဏ္ဍာကို။ ဂဝေသမာနော- ရှာဖွေသည်ရှိသော်။ ဒိသာ-အရပ်မျက်နှာတို့ကို။ ဝဝတ္ထာပေတုံ-မှတ်သားခြင်းငှာ။ အသက္ကောန္တော-မတတ်နိုင်သည်။ မဂ္ဂမူဠ္ဟော-လမ်းတွေဝေသည်။ ဟုတွာ-ဖြစ်၍။ မရဏဘယဘီတော-သေဘေးမှကြောက်သောကြောင့်။ ဗာဟာ-လက်နှစ်ဘက်တို့ကို။ ပဂ္ဂယှ-မြှောက်၍။ ပရိဒေဝမာနော-ငိုကြွေးလျက်။ ဝိစရတိ-လှည့်လည်သွား၏။

ဗောဓိသတ္တော တဿ(ပ)ဒိသွာဝ ဘီတော ပလာယိ။

ဗောဓိသတ္တော-သည်။ တဿ-ထိုမုဆိုး၏။ တံ ဗလဝပရိဒေဝိတံ-ထိုသည်းစွာငိုကြွေးသည်ကို။ သုတွာ-ကြား၍။ " ဣမံ ပုရိသံ-ဤယောက်ျားကို။ ဒုက္ခာ-ဆင်းရဲဒုက္ခမှ။ မောစေဿာမီ"တိ-လွတ်မြောက်စေအံ့-ဟု။ ကာရုညေန-သနားစိတ်သည်။ စောဒိတော-တိုက်တွန်းအပ်သည်ဖြစ်၍။ တဿ-ထိုမုဆိုး၏။ သန္တိကံ-ထံသို့။ အဂမာသိ-သွား၏။ သော-ထိုမုဆိုးသည်။ တံ-ထိုဘုရားလောင်းဆင်မင်းကို။ ဒိသွာဝ-မြင်၍သာ။ ဘီတော-ကြောက်သည်ဖြစ်၍။ ပလာယိ-ပြေးလေ၏။

ဗောဓိသတ္တော တံ ပလာယန္တံ ဒိသွာ (ပ) ပုန အဂမာသိ။

ဗောဓိသတ္တော-သည် ပလာယန္တံ-ပြေးနေသော။ တံ-ထိုမုဆိုးကို။ ဒိသွာ-မြင်၍။ တတ္ထေဝ-ထိုအရပ်၌ပင်။ အဋ္ဌာသိ-ရပ်၏။ သောပုရိသော-ထိုယောက်ျားသည်။ ဌိတံ-ရပ်နေသော။ ဗောဓိသတ္တံ-ဘုရားလောင်းကို။ ဒိသွာ-မြင်၍။ အဋ္ဌာသိ-ရပ်၏။ ဗောဓိသတ္တော-သည်။ ပုန-တစ်ဖန်။ အဂမာသိ-သွား၏။

သော ပုန ပလာယိတွာ(ပ) သူရော ဟုတွာ အဠာသိ၊

သော=ထိုမုဆိုးသည်။ပုန=တစ်ဖန်။ ပလာယိတွာ=ပြေး၍။ တသာ။ ထိုဘုရားလောင်းဆင်မင်း၏။ ဌိတကာလေ=ရပ်သောအခါ၌။ ဌတွာ=ရပ်၍။ စိန္တေသိ=ကြံစည်၏။(ကိံ=အဘယ်သို့။ စိန္တေသိ=သနည်း) " အယံ ဝါရဏော=ဤဆင်မင်းသည်။ မမ=ငါ၏။ ပလာယနကာလေ= ပြေးသောအခါ၌။ တိဋ္ဌတိ=ရပ်၏။ ဌိတကာလေ=ရပ်သောအခါ၌။ အာဂစ္ဆတိ=လာ၏။ အယံ=ဤဆင်းမင်းသည်။ မယှံ=ငါ့အား။ အနတ္ထကာမော=အကျိုးမဲ့ကိုလိုလားသည်။ န=မဟုတ်ချေ။ မံ=ငါ့ကို။ ဣမမှာ ဒုက္ခာ=ဤဒုက္ခဆင်းရဲမှ။ မောစေတုကာမော=လွတ်မြောက်စေ လိုသည်။ ဘဝိဿတိ" တိ=ဖြစ်လိမ့်မည်-ဟု။ သူရော+ဟုတွာ=ရဲရင့် သည်ဖြစ်၍။ အဠာသိ=ရပ်နေ၏။

ဗောဓိသတ္တော တံ ဥပသင်္ကမိတွာ(ပ) မရဏဘယေနာတိ၊

ဗောဓိသတ္တော=သည်။ တံ=ထိုမုဆိုးကို။ ဥပသင်္ကမိတွာ= ချဉ်းကပ်၍။ " ဘောပုရိသ=အချင်းယောကျ်ား။ ကသ္မာ=အဘယ် ကြောင့်။ တွံ=သင်သည်။ ပရိဒေဝမာနော=ငိုကြွေးလျက်။ဝိစရသိ" တိ= သွားနေသနည်း-ဟု။ ပုစ္ဆိ=မေး၏။ သာမိ=အရှင်။ ဒိသာ=အရပ်မျက် နှာတို့ကို။ ဝဝတ္ထာပေတုံ။ ပိုင်းခြားမှတ်သားခြင်းငှာ။ အသက္ကော နော=မတတ်နိုင်သည်ဖြစ်၍။ မဂ္ဂမူဠှော=လမ်းမသိသည်။ ဟုတွာ= ဖြစ်၍။ မရဏဘယေန=သေရမှာကြောက်သဖြင့်။ ပရိဒေဝမာနော= ငိုကြွေးလျက်။ ဝိစရာမိ=သွားနေပါ၏။ ဣတိ=သို့။ အာဟ=၏။

အထနံ ဗောဓိသတ္တော (ပ) မနုဿပထံ ပါယာသိ၊

အထ=၌။ နံ=ထိုမုဆိုးကို။ ဗောဓိသတ္တော=ဘုရားလောင်း သည်။ အတ္တနော=မိမိ၏။ ဝသနဋ္ဌာနံ=နေရာအရပ်သို့။ နေတွာ=ခေါ်

ဆောင်၍။ ကတိပါဟံ-နှစ်ရက်သုံးရက်မျှ။ ဖလာဖလေဟိ-သစ်သီးကြီးငယ်တို့ဖြင့်။ သန္တပ္ပေတွာ-ရောင့်ရဲစေ၍။ " ဘောပုရိသ-အိုယောကျာ်း။ မာ ဘာယိ-မကြောက်လင့်။ အဟံ-ငါသည်။ တံ-သင့်ကို။ မနုဿပထံ-လူတို့လမ်းခရီးသို့။ နေဿာမိ"တိ-ခေါ်ဆောင်သွားအံ့-ဟု။ အတ္တနော-မိမိ၏ ပိဋ္ဌေ-ကျောက်ကုန်း၌။ နိသီဒါပေတွာ-ထိုင်စေ၍။ မနုဿပထံ-လူတို့လမ်းခရီးသို့။ ပါယာသိ-သွား၏။

အထ ခေါ သော (ပ) ဥပမာရေန္တော၀ဂစ္ဆတိ၊

အထ ခေါ-၌။ မိတ္တဒုဗ္ဘိ-မိတ်ဆွေကို ပြစ်မှားတတ်သော။ သောပုရိသော-ထိုယောကျာ်းသည်။ " ကောစိ-တစ်စုံတစ်ယောက်သည်။ သစေ ပုစ္ဆိဿတိ-အကယ်၍မေးအံ့။ အာစိက္ခိတဗ္ဗံ-ပြောကြားအပ်သည်ကို။ ဘ၀ိဿတိ+"တိ-ဖြစ်လတ္တံ့-ဟု။ ဗောဓိသတ္တဿ-ဘုရားလောင်း၏။ ပိဋ္ဌေ-ကျောက်ကုန်း၌။ နိသိန္နောယေ၀-ထိုင်နေလျက်သာလျှင်။ ရုက္ခနိမိတ္တံ-သစ်ပင်နိမိတ်ကိုလည်းကောင်း။ ပဗ္ဗတနိမိတ္တံ-တောင်နိမိတ်ကိုလည်းကောင်း။ ဥပမာရေန္တော၀-မှတ်သားလျက်သာလျှင်။ ဂစ္ဆတိ-သွား၏။

အထ နံ ဗောဓိသတ္တော (ပ) ၀သနဋ္ဌာနံယေ၀ အာဂမာသိ၊

အထ-၌။ နံ-ထိုမုဆိုးကို။ ဗောဓိသတ္တော-သည်။ အရညာ-တောမှ။ နိဟရိတွာ-ထုတ်ဆောင်၍။ ဗာရာဏသိဂါမိမဟာမဂ္ဂေ-ဗာရာဏသီသို့သွားရာလမ်းမ၌။ ဌပေတွာ-ထား၍။ " ဘောပုရိသ-အိုယောကျာ်း။ ဣမိနာ မဂ္ဂေန-ဤလမ်းဖြင့်။ ဂစ္ဆ-သွားလော့။ မယှံ-ငါ၏။ ၀သနဋ္ဌာနံ-နေရာအရပ်ကို။ ပုစ္ဆိတောပိ-မေးအပ်သည်လည်းကောင်း။ အပုစ္ဆိတောပိ။ မမေးအပ်သည်လည်းကောင်း။ ကဿစိ။ တစ်စုံတစ်ယောက်သောသူအား။ မာ အာစိက္ခိ+"တိ-မပြောပါလင့်-

ဟု။ တံ-ထိုမုဆိုးကို။ ဥယျောဇေတွာ-လွှတ်လိုက်ပြီး၍။ အတ္တနော-၏။ ဝသနဋ္ဌာနံယေဝ-နေရာအရပ်သို့သာလျှင်။ အဂမာသိ- သွား၏။

အထ သော ပုရိသော (ပ) ဂဏှေယျာထာ ”တိ။

အထ-၌။ သောပုရိသော-သည်။ တာရာဏသိ-သို့။ ဂန္တွာ-၍။ အနုဝိစရန္တော-လှည့်လည်သွားသည်ရှိသော်။ ဒန္တကာရဝီထိ-ဆင်စွယ်ပွတ်သမားတို့-လမ်းသို့။ ပတွာ-ရောက်၍။ ဒန္တကာရေ-ဆင်စွယ်ပွတ်သမားတို့သည်။ ဒန္တဝိကတိယော-ဆင်စွယ်အထူးတို့ကို။ ကုရုမာနေ-ပြုနေကြသည်ကို။ ဒိသွာ-မြင်၍။“ ဘော-အချင်းတို့။ ဇီဝဒန္တမ္ပိ-အသက်ရှင်သောဆင်၏အစွယ်ကိုလည်း။ လဘိတွာ-ရ၍။ ဂဏှေယျာထ+ ကိံ+ကွတိ-ယူကြကုန်ရာသနည်း။-ဟု။ ပုစ္ဆိ-မေး၏။

ဘော ကိံ ဝဒေသိ၊ (ပ) ဝသနဋ္ဌာနံ အဂမာသိ။

ဘော-အချင်းယောကျ်ား။ ကိံ-အဘယ်သို့။ ဝဒေသိ-ပြောသနည်း။ ဇီဝဒန္တော နာမ-အသက်ရှင်သောဆင်စွယ်မည်သည်။ မတဟတ္ထိဒန္တတော-သေသောဆင်၏အစွယ်ထက်။ မဟဂ္ဃတရော-အဘိုးများစွာထိုက်တန်၏။ ကွတိ-သို့။ အာဟံသု-ပြောကြကုန်၏။

“ တေန ဟိ-ထိုသို့ဖြစ်မူကား။ အဟံ-သည်။ ဝေါ-သင်တို့အား။ ဇီဝဒန္တံ-အသက်ရှင်သောဆင်စွယ်ကို။အာဟရိဿာမိ+” တိ-ဆောင်ယူအံ့-ဟု။ ပါထေယျံ-ရိက္ခာကို။ ဂဟေတွာ-ယူ၍။ ခရကကစံ-ထက်စွာသောလွှကို။ အာဒါယ-ယူ၍။ ဗောဓိသတ္တဿ-ဘုရားလောင်းဆင်မင်း၏။ ဝသနဋ္ဌာန-နေရာအရပ်သို့။ အဂမာသိ-သွား၏။

ဗောဓိသတ္တော တံ ဒိသွာ (ပ) အာဂတောတိ။

ဗောဓိသတ္တော-သည်။ တံ-ထိုမုဆိုးကို။ဒိသွာ-၍။ “တွံ-သင်သည်။ ကိမတ္ထံ-အဘယ်အကျိုးငှါ။ အာဂတောသိ”တိ-လာသနည်း-

ဟု။ ပုဏ္ဏိ=မေး၏။ " သာမိ=အရှင်။ အဟံ=သည်။ ဒုဂ္ဂတော=ဆင်းရဲ၏။ ကပဏော=အထီးကျန်၏။ ဇီဝိတုံ=အသက်ရှင်ခြင်းငှာ။ အသက္ကောန္တော=တတ်နိုင်သည်ဖြစ်၍။ တုမှေ=အရှင်တို့ကို။ ဒန္တခဏ္ဍံ=ဆင်စွယ်ပိုင်းကို။ ယာစိတွာ=တောင်းယူ၍။ ဒဿထ=အကယ်ပေးကုန်အံ့။ တံ=ထိုဆင်စွယ်ကို။ အာဒါယ=ယူ၍။ ဂန္တွာ=၍။ ဝိက္ကိဏိတွာ= ရောင်း၍။ တေန မူလေန=ထိုအရင်းအနှီးဖြင့်။ ဇီဝိဿာမိ" တိ= အသက်မွေးအံ့-ဟုကြံ၍။ အာဂတော=လာခြင်းဖြစ်ပါသည်။ ဣတိ=ဤသို့။ အာဟ=ဆို၏။

ယောတု ဘော, (ပ) ဂဟေတွာ အာဂတောမှိ သာမိတိ၊

ဘော=အချင်းယောက်ျား။ ယောတု=ဖြစ်ပါစေတော့။ ဒန္တကပ္ပနတ္ထာဒယ=ဆင်စွယ်ကိုဖြတ်ခြင်းအကျိုးငှါ။ ကကစံ=လွှသည်။ သစေအတ္ထိ=အကယ်၍ရှိအံ့။ တေ=သင့်အား။ ဒန္တံ=အစွယ်ကို။ ဒဿာမိ=ပေးအံ့။ ဣတိ=သို့။ အာဟ=၏။ သာမိ=အရှင်။ ကကစံ=လွှကို။ ဂဟေတွာ=ယူ၍။ အာဂတော=လာသည်။ အမှိ=ဖြစ်၏။ ဣတိ=သို့။ အာဟ၏။

" တေန ဟိ ဒန္တေ (ပ) ဒွေပိအဂ္ဂဒန္တေ ဆိန္ဒိ၊

" တေန ဟိ=ထိုသို့ဖြစ်မူကား။ ဒန္တေ=အစွယ်တို့ကို။ ကကစေန=လွှဖြင့်။ ကန္တိတွာ=ဖြတ်၍။အာဒါယ=ယူပြီး၍။ ဂစ္ဆာ+"တိသွားလော့-ဟု။ ဗောဓိသတ္တော=ဘုရားလောင်းဆင်မင်းသည်။ ပါဒေ=ခြေတို့ကို။ သမိဉ္စိတွာ=ခွေ၍။ ဂေါ နိသိန္နကံ=နွားထိုင်ကဲ့သို့။ နိသိဒိ=ထိုင်၏။ သော=ထိုမုဆိုးသည်။ ဒွေပိ အဂ္ဂဒန္တေ=နှစ်ချောင်းသောဆင်စွယ်အဖျားတို့ကို။ ဆိန္ဒိ=ဖြတ်၏။

ဗောဓိသတ္တော တေ ဒန္တေ (ပ) ဒန္တ ယုဂလံ အဒါသိ။

ဗောဓိသတ္တော=ဘုရားလောင်းဆင်မင်းသည်။ တေ ဒန္တေ=ထိုအစွယ်တို့ကို။ သောဏ္ဍာယ=နှာမောင်းဖြင့်။ ဂဟေတွာ။ ယူ၍။ "ဘောပုရိသ=အချင်းယောက်ျား။ အဟံ=ငါသည်။ 'ဧတေ ဒန္တာ=ထိုအစွယ်တို့ကို။ မယှံ=ငါသည်။ အပ္ပိယာ=မချစ်အပ်၊ အမနာပါ+ တိ=မနှစ်သက်အပ်ဟူ၍။ ဒမ္မိ=ပေးသည်။နှ=မဟုတ်ချေ။ မေ=ငါ၏။ ဣမေ ဟိ ဒန္တေဟိ=ဤအစွယ်တို့ထက်။ သတဂုဏေန-အဆတစ်ရာဖြင့်လည်းကောင်း။ သဟဿဂုဏေန-အဆတစ်ထောင်ဖြင့်လည်းကောင်း။သတသဟဿဂုဏေန-အဆတစ်သောင်းဖြင့်လည်းကောင်း။ သဗ္ဗ ဓမ္မပဋိဝေဓနေသမတ္ထာ-အလုံးစုံသောတရားကိုထိုးထွင်းသိခြင်းငှါစွမ်း ဆောင်နိုင်သော။ သဗ္ဗညုတညာဏဒန္တာဝ-သဗ္ဗညုတညာဏ်ဟူသော အစွယ်ကိုသာ။ ပိယတရာ-အလွန်ချစ်၏။ ဣဒံဒန္တဒါနံ-ဤအစွယ်အ လှူသည်။ တဿမေ-ထိုအကျွန်ုပ်အား။ သဗ္ဗညုတညာဏပဋိဝိဇ္ဈနတ္ထာယ-သဗ္ဗညုတညာဏ်တော်ကိုထိုးထွင်း သိခြင်းအကျိုးငှါ။ ဟောတု+" တိ-ဖြစ်ပါစေဟု။ သဗ္ဗညုတညာဏဿ-သဗ္ဗညုတညာဏ်တော်၏။ အာ ရာဓနံ-ဆုတောင်းခြင်းကို။ ကတွာ-ပြု၍။ ဒန္တယုဂလံ-အစွယ်တစ်စုံ ကို။ အဒါသိ-ပေးလှူ၏။

သော တံ အာဒါယ (ပ) အာဟ။

သော-ထိုမုဆိုးသည်။ တံ-ထိုဆင်စွယ်တစ်စုံကို။ အာဒါယ-ယူ၍။ ဂန္တွာ-သွား၍။ ဝိက္ကိဏိတွာ-ရောင်း၍။ တသ္မိံမူလေ-ထိုအရင်းအနှီးသည်။ ခီဏေ-ကုန်သည်ရှိသော်။ ပုန-တစ်ဖန်။ ဗောဓိသတ္တဿ-၏။ သန္တိကံ-သို့။ ဂန္တွာ-၍။ "သာမိ-အရှင်။ တုမှာကံ-သင်တို့၏။ ဒန္တေ-အစွယ်တို့ကို။ ဝိက္ကိဏိတွာ-ရောင်း၍။ လဒ္ဓမူလံ-ရအပ်သောအဘိုးငွေကို။ မယှံ-ငါ၏။ ဣဏဿောဓနမတ္တမေဝ-ကြွေးမြီဆပ်၍ပြေ

ရှုမှုသည်သာ။ ဇာတံ-ဖြစ်၏။ အဝသေသဒန္တေ-ကြွင်းသောအစွယ်တို့ကို။ ဒေထာ+"တိ-ပေးကြကုန်လော့-ဟု။ အာဟ-ဆို၏။

ဟောမိသတ္တော (ပ) မူလဒါဌာ မေ ဒေထာ"တိ အာဟ။

ဟောမိသတ္တော-ဘုရားလောင်းသည်။ "သာဓူ+"တိ-ကောင်းပြီဟု။ ပဋိဿုဏိတွာ-ဝန်ခံ၍။ ပုရိမနယေနေဝ-ရှေးနည်းဖြင့်သာလျှင်။ ကပ္ပါပေတွာ-ဖြတ်စေ၍။ အဝသေသဒန္တေ-ကြွင်းကျန်သောအစွယ်တို့ကို။ အဒါသိ-ပေး၏။ သော-ထိုမုဆိုးသည်။ တေပိ-ထိုအစွယ်တို့ကိုလည်း။ ဝိက္ကိဏိတွာ-ရောင်း၍။ ပုန-တစ်ဖန်။ အာဂန္တွာ-လာ၍။ "သာမိ-အရှင်။ဇီဝိတုံ-အသက်ရှင်ခြင်းငှါ။ နသက္ကောမိ-မတတ်နိုင်ပါ။ မေ-ငါ့အား။ မူလဒါဌာ-အစွယ်ရင်းတို့ကို။ ဒေထာ+တိ-ပေးကြကုန်လော့-ဟု။ အာဟ-ဆို၏။

ဟောမိသတ္တော "သာဓူ"တိ (ပ) ကပ္ပေတွာ ပက္ကာမိ။

ဟောမိသတ္တော-သည်။ "သာဓူ"တိ-ကောင်းပြီဟု။ ပဋိဿုဏိတွာ-ဝန်ခံ၍။ ပုရိမနယေနေဝ-ရှေးနည်းဖြင့်ပင်။ နိသီဒိ-ထိုင်နေ၏။ သော+ပါပပုရိသော-ထိုယုတ်မာသောယောကျ်ားသည်။ မဟာသတ္တဿ-ဘုရားလောင်း၏။ ရဇတဒါမသဒိသံ-ငွေပန်းဆိုင်းနှင့်တူသော။ သောဏ္ဍံ-နှာမောင်းကို။ မဒ္ဒမာနော-နင်းလျက်။ ကေလာသကူဋသဒိသံ-ကေလာသတောင်ထွတ်နှင့်တူသော။ ကုမ္ဘံ-ဦးကင်းသို့။ အဘိရုဟိတွာ-တက်၍။ ဥဘော-နှစ်ဘက်ကုန်သော။ ဒန္တကောဋိယော-အစွယ်၏အဖျားရင်းတို့ကို။ ပဏှိယာ-ဖနောင့်ဖြင့်။ပဟာရန္တော-တွန်းတိုက်လျက်။ မံသံ-အသားကို။ ဝိယူဟိတွာ-ဖယ်ရှား၍။ ကုမ္ဘံ- ဦးကင်းသို့။ အာရုယှ-တက်၍။ ခရကကစေန-ထက်စွာသောလွှဖြင့်။ မူလဒါဌာ-အစွယ်၏အရင်းတို့ကို။ ကပ္ပေတွာ-ဖြတ်၍။ ပက္ကာမိ-ဖဲသွား၏။

ဗောဓိသတ္တဿ ဒဿနုပစာရံ(ပ) ဝိဝရံ အဒါသိ၊

ဗောဓိသတ္တဿ=ဘုရားလောင်းဆင်မင်း၏။ ဒဿနုပစာရံ=မြင်ကောင်းရာအရပ်ကို။ တသ္မိံပါပပုရိသေ=ထိုယုတ်မာသောယောက်ျားသည်။ ဝိဇဟန္တေယေဝ=စွန့်စဉ်မှာပင်။ စတုနဟုတာဓိကဒွိယောဇနသတသဟဿဗဟလာ=နှစ်သိန်းလေးသောင်းအထုရှိသော။ ယနပထဝီတခဲနက်မြေကြီးသည်၊ သိနေရုယုဂန္ဓရာဒယော=မြင်းမိုရ်၊ ယုဂန္ဓိုရ်အစရှိကုန်သော။ မဟာဘာရေ=ကြီးစွာသောဝန်တို့ကိုလည်းကောင်း။ ဒုဂ္ဂန္ဓဇေဂုစ္ဆာနိ=မကောင်းသောအနံ့ရှိသော စက်ဆုပ်ရွံ့ရှာဘွယ်ရှိကုန်သော။ ဂူထမုတ္တာဒီနိစ= ကျင်ကြီး ကျင်ငယ် အစရှိသည်တို့ကိုလည်းကောင်း။ ဓာရေတုံ=ဆောင်ခြင်းငှာ။ သမတ္ထာပိ=စွမ်းနိုင်သော်ငြားလည်း။ တဿ=ထိုယောက်ျားယုတ်၏။ အဂုဏရာသိ=ကျေးဇူးမဲ့အစုကို။ ဓာရေတုံ=ဆောင်ခြင်းငှာ။ အသက္ကောန္တီဝိယ=မတတ်နိုင်သကဲ့သို့။ ဘိဇ္ဇိတွာ=နှစ်ခြမ်းကွဲ၍။ ဝိဝရံ=ဟင်းလင်း ပွင့်ဟခြင်းကို၊ အဒါသိ=ပေးလေ၏။

တာဝဒေဝ အဝီစိမဟာနိရယတော ဂဏှိ၊

တာဝဒေဝ= ထိုခဏ၌ပင်လျှင်။ အဝီစိမဟာနိရယတော=အဝီစိငရဲကြီးမှ။ အဂ္ဂိဇာလာ=မီးလျှံတို့သည်။ နိက္ခမိတွာ=ထွက်၍။ တံမိတ္တဒုဗ္ဘိပုရိသံ=ထိုအဆွေခင်ပွန်းကိုပြစ်မှားသော ယောက်ျားယုတ်ကို။ ကုလသန္တကေ၊ ဂန=အမျိုး၏ဥစ္စာဖြစ်သော။ ကမ္ဗလေန=ကမ္ဗလာဖြင့်။ ပါရုပန္တီဝိယ=ဝတ်ရုံသည်ကဲ့သို့။ ပရိက္ခိပိတွာ=ရစ်ပတ်သိုင်းခြုံ၍။ ဂဏှိ=ယူ၏။

ဇဝံ တဿ ပါပပုဂ္ဂလဿ ဣမံဂါထမာဟ။

ဇဝံ= ဤသို့။ တဿပါပပုဂ္ဂလဿ= ထိုယောကျ်ားယုတ်၏။ ပထဝိ= မြေကြီးသို့။ ပဝိဋ္ဌကာလေ=ဝင်သွားသည့်အခါ၌။ တသ္မိံဝန သဏ္ဍေ= ထိုတောအုပ်၌။ အဓိဝတ္ထာ= စောင့်ရှောက်သော။ ဝါ= အုပ်စိုးသော။ ရုက္ခဒေဝတာ= ရုက္ခဇိုဝ်းနတ်သည်။ " အကတညု=ကျေးဇူးကို မသိတတ်သော။ မိတ္တဒုဗ္ဘိ=အဆွေခင်ပွန်းကို ဖျက်ဆီးပြစ်မှားတတ် သော။ ပုဂ္ဂလော=ပုဂ္ဂိုလ်သည်။ စက္ကဝတ္တိရဇ္ဇံ=စကြာဝတေးမင်း၏ အဖြစ်ကို။ ဒတွာပိ=ပေး၍လည်း။ တောသေတုံ=ရောင့်ရဲကျေနပ်စေ ခြင်းငှာ။ နသက္ကာ+တိ=မတတ်နိုင်-ဟု။ ဝနံ=တောကို။ ဥန္နာဒေတွာ= ပဲ့တင်ထပ်စေ၍။ ဓမ္မံ=တရားကို။ ဒေသယမာနာ=ဟောလိုသည်ဖြစ် ၍။ ဣမံဂါထံ=ကို။ အာဟ=၏။

၇၂။ **အကတညုဿ ပေါသဿ၊ နိစ္စံ ဝိဝရဒဿိနော၊**

အဗ္ဗံ စေ ပထဝိ ဒဇ္ဇာ၊ နေဝနံ အဘိရာဓယေ။

အကတညုဿ= သူ့ကျေးဇူးကိုမသိတတ်သော။ နိစ္စံ=အမြဲ။ ဝိဝရဒဿိနော= အခွင့်ကိုရှုလေ့ရှိသော။ ပေါသဿ=ယောကျ်ားအား။ သဗ္ဗံ=အလုံးစုံသော။ ပထဝိ=မြေပြင်ကို။ ဝါ=ပထဝိ=မြေပြင်ကို အစိုးရသော စကြာဝတေးမင်းအဖြစ်ကို။ စေဒဇ္ဇာ=အကယ်၍ ပေးငြားအံ့။ နံ=ထိုယောကျ်ားကို။ နေဝအဘိရာဓယေ= မနှစ်သက် စေနိုင်ရာ။

တတ္ထ အကတညုဿာတိ ပထမေါဇံ ဒဒေယျ၊

တတ္ထ= ထိုဂါထာပုဒ်တို့၌။ အကတညုဿာတိ=ဟူသည်ကား။ အတ္တနော= မိမိ၏။ ကတဂုဏံ= ပြုအပ်သော ကျေးဇူးဂုဏ်ကို။ အဇာနန္တဿ= မသိသော၊ ပေါသဿာတိ=ဟူသည်ကား။ ပုရိသဿ= ယောကျ်ားအား။ ဝိဝရဒဿိနောတိ=ဟူသည်ကား။ ဆိဒ္ဒနေမေဝ=

အပေါက်ကိုသာ။ ဩကာသမေဝ=အခွင့်အရေးကိုသာ။ ဩလော ကေန္တသ= ကြည့်ရှုတတ်သော။

သင့် စေ ပထဝီ ဒဿာတိ= ဟူသည်ကား။ တာဒိသဿ ပုဂ္ဂလဿ ထိုကဲ့သို့သော သဘောရှိသောပုဂ္ဂိုလ်အား။ သကလ=အလုံးစုံသော။စက္ကဝတ္တိရဇ္ဇံ= စကြာဝတေးမင်း၏အဖြစ်ကို။ ဝါပန=တစ်နည်းကား။ ကေမံ မဟာပထဝီ=ဤမြေကြီးကို။ ပရိဝတ္တေတွာ= ပြောင်းပြန်လှန်၍။ ပထဝေါဇံ= မြေဆီလွှာဩဇာကို။ သစေပိ ဒဒေယျ= အကယ်၍ ပေးရာ၏။

နေဝနံ အဘိရာဓယေတိ (ပ)နသက္ကုဏေယျာတိ အတ္ထော။

နေဝ နံ အဘိရာဓယေတိ= ဟူသည်ကား။ ဧဝံ= ဤသို့။ ကရောန္တောပိ= ပြုသည်သော်လည်း။ ဧဝရူပံ=ဤကဲ့သို့သောသဘောရှိသော၊ ကတဂုဏဝိဒ္ဓံသကံ= ပြုအပ်သော ဂုဏ်ကျေးဇူးကိုပြစ်မှားဖျက်ဆီးတတ်သောပုဂ္ဂိုလ်ကို။ ကောစိ= တစ်စုံတစ်ယောက်သည်။ ပရိတော သေတုံဝါ= ကျေနပ်နှစ်သက်စေခြင်းငှာလည်းကောင်း။ ပသာဒေတုံဝါ= ကြည်လင်စေခြင်းငှာလည်းကောင်း။ န သက္ကုဏေယျ= မတတ်နိုင်ရာတည်း။ ဣတိ= ဤသည်ကား။ အတ္ထော= အနက်တည်း။

ဧဝံ သာ ဒေဝတာ (ပ) ယထာကမ္မံ အဂမာသိ။

ဧဝံ=ဤသို့။ သာဒေဝတာ= ထိုရုက္ခဇိုဝ်းနတ်သည်။ ဝနံ= တောကို။ ဥန္နာဒေတွာ= ပဲ့တင်ထပ်စေ၍။ ဓမ္မံ=တရားကို။ ဒေသေသိ= ဟော၏။ ဗောဓိသတ္တော=သည်။ ယာဝတာယုကံ=အသက်ဆုံးတိုင်အောင်။ ဌတွာ=တည်၍။ ယထာကမ္မံ=ကံအားလျော်စွာ။ အဂမာသိ= သွားလေ၏။

သတ္ထာ " ၊ ဘိက္ခဝေ (ပ) အဟမေဝ အဟောသိ န္တိ။

သတ္ထာ• မြတ်စွာဘုရားသည်။ ဘိက္ခဝေ= ရဟန်းတို့။ ဒေဝဋ္ဌော• ဒေဝဒတ်သည်။ ဣဒါနေဝ=ယခုအခါ၌သာလျှင်။ အကတညူ= ကျေးဇူးမသိတတ်သည်။ န=မဟုတ်ချေ။ ပုဗ္ဗေပိ= ရှေးအခါ၌လည်း။ အကတညုယေဝ+ "တိ= ကျေးဇူးမသိတတ်သည်သာတည်း-ဟု။ ဝတွာ=ဆို၍။ ဣမံ ဓမ္မဒေသနံ= ဤတရားဒေသနာကို။ အာဟရိတွာ•ဆောင်၍။ အနုသန္ဓိ=ကို။ ဃဋေတွာ။ စပ်၍။ ဇာတကံ=ကို။ သမောဓာနေသိ= ၏။ (ကိံ+သမောဓာနေသိ။)

" တဒါ= ထိုအခါ၌။ မိတ္တဒုဗ္ဘီ•အဆွေခင်ပွန်းကိုပြစ်မှားသော။ ပုဂ္ဂလော= ပုဂ္ဂိုလ်သည်။ ဒေဝဒတ္တော= ဒေဝဒတ်သည်။ အဟောသိ= ၏။ ရုက္ခဒေဝတာ• ရုက္ခစိုးနတ်သည်။ သာရိပုတ္တော• အရှင်သာရိပုတ္တသည်။ အဟောသိ=ဖြစ်၏။ သီလဝနာဂရာဇာပန= သီလဝဆင်မင်းသည်ကား။ အဟမေဝ= ငါဘုရားသည်သာ။ အဟောသိံ= ဖြစ်ခဲ့လေ၏။ "ဣတိ= သို့။ ဇာတကံ=ကို။ သမောဓာနေသိ= ပေါင်းတော်မူ၏။

သီလဝနာဂရာဇ ဇာတကဝဏ္ဏနာ ဒုတိယာ။

၃- သစ္စံကိရဇာတကဝဏ္ဏနာ (၇၃)

သစ္စံကိရေဝမာဟံသုတိဣဒံ (ပ) ကထေသိ။

သစ္စံ ကိရေဝ မာဟံသုတိ ဣဒံ= သစ္စံ ကိရေဝ မာဟံသု-အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသစ္စံကိရဇာတ်ကို။ သတ္ထာ=သည်။ ဝေဠုဝေနေ=ဝေဠုဝန်ကျောင်း၌။ ဝိဟရန္တော= စဉ်။ ဒေဝဒတ္တဿ=၏။ ဝဓာယ= ဘုရားကိုသတ်ခြင်းငှာ။ ပရိသက္ကနံ= လုံ့လပြုခြင်းကို။ အာရဗ္ဘ=၍။ ကထေသိ=၏။

ဘိက္ခုသံဃဿ ဟိ ဓမ္မသဘာယံ (ပ)အတီတံ အာဟရိ၊

ဟိ= ခဲ့႐ှ၍ဆိုဦးအံ့။ ဘိက္ခုသံဃဿ= ရဟန်းသံဃာ၌။ ဓမ္မသဘာယံ= တရားသဘင်၌။ နိသိဒိတွာ= ထိုင်၍။ " အာဝုသော= တို့။ ဒေဝဒတ္တော=သည်။ သတ္ထု= မြတ်စွာဘုရား၏။ ဂုဏံ= ဂုဏ်ကျေးဇူး ကို။ နဇာနာတိ=မသိတတ်။ ဝဓာယယေဝ=ဘုရားကိုသတ်ခြင်းငှာသာ လျှင်။ ပရိသက္ကတိ " +တိ=လုံ့လပြု၏ဟူ။ ဒေဝဒတ္တဿ=ဒေဝဒတ်၏။ အဂုဏံ= ကျေးဇူးမဲ့ကို။ ကထေန္တေ=ပြောကြစဉ်။ သတ္ထာ=မြတ်စွာ ဘုရားသည်။ အာဂန္တွာ= ကြွလာ၍။ " ဘိက္ခဝေ= တို့။ ဧတရဟိ=၌။ ကာယ ကထာယ= အဘယ်မည်သောစကားဖြင့်။ သန္နိသိန္နာ" + တိ= စည်းဝေးကြကုန်သနည်း-ဟူ။ ပုစ္ဆိတွာ= မေးတော်မူ၍ " ဣမာယ နာမ " တိ= ဤမည်သော စကားဖြင့်-ဟူ။ ဝုတ္တေ=ဆိုအပ်သော်။ " ဘိက္ခဝေ=တို့။ ဣဒါနေဝ= ယခုအခါ၌သာလျှင်။ ဒေဝဒတ္တော=သည်။ မယှံ=ငါဘုရားအား ဝဓာယ= သတ်ခြင်းငှာ။ ပရိသက္ကတိ=လုံ့လပြု၏။ န=မဟုတ်သေးချေ။ ပုဗ္ဗေပိ= ရှေးအခါ၌လည်း။ ဒေဝဒတ္တော=သည်။ ပရိသက္ကတိယေဝ " တိ= လုံ့လပြုသည်သာ-ဟူ။ ဝတွာ=၍။ အတီတံ=ကို။ အာဟရိ= ဆောင်တော်မူ၏။

အတီတေ ဗာရာဏသိယံ (ပ) ကေနစိ သဒ္ဓိံ နကထေတိ၊

အတီတေ= ၌။ ဗာရာဏသိယံ=၌။ ဗြဟ္မဒတ္တေ=သည်။ ရဇ္ဇံ= မင်း၏အဖြစ်ကို။ ကာရေန္တေ=စဉ်။ တဿ= ထိုဗြဟ္မဒတ်မင်း၏။ ဒုဋ္ဌ ကုမာရော နာမ= ဒုဋ္ဌကုမာရအမည်ရှိသော။ ပုတ္တော=သားသည်။ ကက္ခဠော= ရုန့်ရင်း၏။ ဖရုသော=ကြမ်းကြုတ်၏။ ပဟဋာသီဝိသူပ မော= လုံးတံဖြင့်ခတ်အပ်သော မြွေဟောက်နှင့်တူသည်။ အဟောသိ= ဖြစ်၏။ အနက္ကောသိတွာဝါ=မဆဲရေး၍သော်လည်းကောင်း။ အပဟရိတွာဝါ= မပုတ်ခတ်၍သော်လည်းကောင်း၊ ကေနစိ=တစ်စုံ

တစ်ယောက်သောသူနှင့်။ သဒ္ဓိံ=တကွ။ န ကထေတိ=မပြောတတ်။

သော အန္တောဇနဿ စ (ပ) အဟောသိ ဥပ္ပဇ္ဇနီယော။

သော= ထို ဒုဋ္ဌကုမာရမင်းသားကို။ အန္တောဇနဿစ=အတွင်း၌နေသောလူအပေါင်း၏လည်းကောင်း။ ဗဟိဇနဿ စ=ပြင်ပ၌နေသော လူအပေါင်း၏လည်ကောင်း။ အက္ခိမှိ= မျက်စေ့၌။ ပတိတရဇံဝိယစ= ကျသောမြူကဲ့သို့လည်းကောင်း။ ခါဒိတုံ= စားခြင်းငှာ။ အာဂတ-ပိသာစောဝိယစ= လာသောဘီလူးသည်ကဲ့သို့လည်း ကောင်း။ အမနာပေါ=မနှစ်သက်သည်။ အဟောသိ=ဖြစ်၏။ ဥပ္ပဇ္ဇနီယော=ထိလန့်ခြင်းကိုဖြစ်စေ၏။

သော ဧကဒိဝသံ နဒီကီဠံ နှာပေတွာ အနေထာ " တိ။

သော= ထိုဒုဋ္ဌကုမာရမင်းသားသည်။ ဧကဒိဝသံ=တစ်နေ့ သ၌။ နဒီကီဠံ=မြစ်၌ကစားခြင်းကို။ ကီဠိတုကာမော=ကစားခြင်းငှာ အလိုရှိသည်ဖြစ်၍။ မဟန္တေန= ကြီးစွာသော။ ပရိဝါရေန= အခြံအရံ ဖြင့်။ နဒီတီရံ= မြစ်ကမ်းနားသို့။ အဂမာသိ=သွား၏။ တသ္မိံခဏေ=ထို ခဏ၌။ မဟာမေဃော= မိုးကြီးသည်။ ဥဋ္ဌဟိ= တက်လာ၏။ ဒိသာ= အရပ်မျက်နှာသည်။ အန္ဓ-ကာရာ=မိုက်မှောင်သည်။ ဇာတာ=ဖြစ်၏။ သော= ထိုဒုဋ္ဌကုမာရမင်းသားသည်။ ဒါသပေဿဇနံ= ကျွန်, အစေ အပါးကို။ အာဟ=ဆို၏။ (ကိံ=အဘယ်သို့။ အာဟ=နည်း) " ဘဏေ= အချင်းတို့။ ဧထ=လာကြလော့။ မံ=ငါ့ကို။ ဂဟေတွာ=ယူ၍။ နဒီမဇ္ဈံ= မြစ်လယ်သို့။ နေတွာ=ဆောင်၍။ နှာပေတွာ= ရေချိုးစေ၍။ အာနေထ+" ဣတိ=ဆောင်ကြလော့-ဟု။ အာဟ=ဆို၏။

တေ တံ တတ္ထ နေတွာ (ပ) တီရေအဋ္ဌံသု။

တေ= ထိုကျွန်, အစေအပါးတို့သည်။ တံ= ထိုဒုဋ္ဌကုမာရမင်း သားကို။ တတ္ထ= ထိုမြစ်လယသို့။ နေတွာ= ဆောင်၍။ " နော=ငါတို့

ရာဇာ=မင်းသည်။ ကိုကရိဿတိ=အဘယ်သို့ပြုအံ့နည်း။ ဣကမံ ပါပပုရိသံ= ဤယောကျ်ားယုတ်ကို။ ဧတ္တော၀=ဤနေရာ၌ပင်လျှင်။ မာရေမာ+" တိ= သတ်ကြအံ့-ဟု။ မန္တယိတွာ=တိုင်ပင်ကြ၍။ " ကာဠကဏ္ဏီ=သူယုတ်။ ဧတ္ထ=ဤအရပ်သို့။ ဂစ္ဆ=သွားလော့။ " ဣတိ=သို့။ ဥဒကေ=ရေ၌။ နံ=ထိုဒုဠှကုမာရမင်းသားကို။ ဩပိလာပေတွာ=မျောချစေ၍။ ပစ္စုတ္တရိတွာ= ပြန်တက်ကြ၍။ တီရေ=ကမ်းနား၌။ အဋ္ဌံသု= ရပ်ကြကုန်၏။

" ကဟံ ကုမာရော " တိစ ၀ုတ္တေ (ပ) ဘဝိဿတိ"-တိ။

" ကုမာရော=မင်းသားသည်။ ကဟံ=အဘယ်မှာနည်း။ " ဣတိ=သို့။ ၀ုတ္တေ=သော်။ " မယံ=ငါတို့သည်။ ကုမာရံ=မင်းသားကို။ နပဿာမ=မမြင်ကြကုန်။ မေဃံ=မိုးသည်။ ဥဋ္ဌိတံ=တက်လာသည်ကို၊ ဒိသွာ= မြင်၍။ ဥဒကေ=ရေ၌။ နိမုဇ္ဇိတွာ=ငုပ်၍။ ပုရေတော=ရှေ့မှ။ အာဂတော=လာသည်။ ဘဝိဿတိ+" တိ=ဖြစ်လတ္တံ့.ဟု။ အာဟံသု= ပြောကြကုန်၏။

အမစ္စာ ရညော(ပ) သညာယ အာဂတမှာတိ။

အမစ္စာ= အမတ်တို့သည်။ ရညော=မင်း၏။ သန္တိကံ=အထံသို့။ အဂမံသု= သွားကြကုန်၏။ ရာဇာ=မင်းသည်။ " မေ=ငါ၏။ ပုတ္တော= သားသည်။ ကဟံ=အဘယ်မှာနည်း။ " ဣတိ=သို့။ ပုစ္ဆိ= မေးတော်မူ၏။ ဒေ၀=မင်းကြီး။ နဇာနာမ= မသိပါကုန်။ မေဃေ= မိုးသည်။ ဥဋ္ဌိတေ=တက်လာသည်ရှိသော်။ " ပုရေတော=ရှေ့မှ။ အာဂတော= လာသည်။ ဘဝိဿတိ"တိ=ဖြစ်လတ္တံ့.-ဟု။ သညာယ=အမှတ်ဖြင့်။ အာဂတမှာ=လာကြကုန်၏။ ဣတိ=သို့။ အာဟံသု= လျှောက်ကြကုန်၏။

ရာဇာ ဒွါရံ ဝိဝရာပေတွာ ကုမာရံ နာဒ္ဒသ။

ရာဇာ=မင်းသည်။ ဒွါရံ=တံခါးကို။ ဝိဝရာပေတွာ=ဖွင့်စေ၍။ “ နဒီတီရံ=မြစ်ကမ်းနားသို့။ ဂန္တွာ-သွား၍။ ဝိစိနာထာ” တိ စုံစမ်းရှာဖွေကြလော့-ဟု။ တတ္ထ တတ္ထ=ထိုထို အရပ်၌။ ဝိစိနာပေသိ=စုံစမ်းရှာဖွေစေ၏။ ကောစိ= သည်။ ကုမာရံကို။ နာဒ္ဒသ= မမြင်ပြီ။

သောပိခေါ မေဃန္ဓကာရေ(ပ) ပရိဒေဝမာနော ဂစ္ဆတိ။

သောပိ= ထိုဒုဋ္ဌကုမာရမင်းသားသည်လည်း။ မေဃန္ဓကာရေ-တိမ်အမိုက်တိုက်ဖုံးလွှမ်းသော။ ဒေဝေ=မိုးသည်။ ဝဿန္တေ=ရွာလတ်သည်ရှိသော်။ နဒိယာ=မြစ်၌။ ဝုယှမာနော= မျောသွားစဉ်။ ဧကံရုက္ခက္ခန္ဓံ=သစ်တုံးတစ်တုံးကို။ ဒိသွာ=မြင်၍။ တတ္ထ=ထိုသစ်တုံး၌။ နိသီဒိတွာ=ထိုင်၍။ မရဏဘယတဇ္ဇိတော- သေဘေးမှကြောက်သည်ဖြစ်၍။ ပရိဒေဝမာနော= ငိုလျက်။ ဂစ္ဆတိ=သွား၏။

တသ္မိံ ပန ကာလေ ဟုတွာ နိဗ္ဗတ္တိ။

တသ္မိံ ပန ကာလေ= ထိုအခါ၌။ ဗာရာဏသိဝါသီ= ဗာရာဏသီပြည်၌နေလေ့ရှိသော= ဧကောသေဋ္ဌိ=သူဌေးတစ်ယောက်သည်။ နဒီတီရေ= မြစ်ကမ်းနား၌။ စတ္တာလီသကောဋိဓနံ= ကုဋေလေးဆယ်သောဥစ္စာကို။ နိဒဟိတွာဝ=မြှုပ်၍သာလျှင်။ မရန္တော=သေသည်ရှိသော်။ ဓနတဏှာယ= ဥစ္စာကို တွဲလန်းသဖြင့်။ ဓနပိဋ္ဌေ=ဥစ္စာ၏အပြင်ထက်၌။ သပ္ပေါ=မြွေသည်။ နိဗ္ဗတ္တိ=ဖြစ်၏။

အပရော=အခြားသော သူဌေးတစ်ယောက်သည်။ တသ္မိံယေဝ ပဒေသေ= ထိုအရပ်၌ပင်လျှင်။ တိံသ ကောဋိယော=ကုဋေသုံးဆယ်သောဥစ္စာကို။ နိဒဟိတွာ=မြှုပ်၍။ -တဏှာယ=ဥစ္စာကိုတွဲလန်းသဖြင့်။ တတ္ထေဝ= ထိုနေရာအရပ်၌ပင်။ ဥန္ဒုရော=ကြွက်သည်။ ဟုတွာ= ဖြစ်၍။ နိဗ္ဗတ္တိ=ဖြစ်၏။

တေသံ ဝသနဌာနံ ဥဒကံ။ (ပ) ခန္ဓပိဋ္ဌေယေဝ နိပဇ္ဇိ သူ။

တေသံ= ထိုမြွေကြွက်တို့၏။ ဝသနဋ္ဌာနံ=နေရာအရပ်သို့။ ဥဒကံ=ရေသည်။ ပါဝိသိ=ဝင်၏။ တေ=ထိုမြွေ, ကြွက်တို့သည်။ ဥဒကဿ=ရေ၏။ ပဝိဋ္ဌမဂ္ဂေနေဝ= ဝင်ရာ လမ်းဖြင့်ပင်။ နိက္ခမိတွာ= ထွက်၍။ သောတံ=ရေအယဉ်ကို။ ဆိန္ဒိတွာ= ဖြတ်ကြလျက်။ ဂန္တွာ= သွား၍။ ရာဇကုမာရရေန=မင်းသားသည်။ အဘိနိသိန္နံ=တက်ထိုင်နေသော။ တံဒါရုက္ခန္ဓံ= ထိုသစ်တုံးသို့။ ပတွာ=ရောက်၍။ ဧကော=မြွေ တစ်ကောင်သည်။ ဧကံကောဋိံ= တစ်ခုသောအစွန်းကို။ ဣတရော= အခြားသောကြွက်တစ်ကောင်သည်။ ဣတရံကောဋိံ= အခြားသော အစွန်းကို။ အာရုယှ+တက်၍။ ခန္ဓပိဋ္ဌေယေဝ=သစ်တုံး၏အထက်၌ ပင်လျှင်။ နိပဇ္ဇိံသု= နေကြကုန်၏။

တဿာယေဝ ခေါပန နဒိယာ (ပ) နဒီပိဋ္ဌေ ပတိ။

တဿာယေဝ နဒိယာ= ထိုမြစ်၏သာလျှင်။ တီရေ=ကမ်းနား၌။ ဧကော သိမ္ဗလိရုက္ခော= လက်ပံပင်တစ်ပင်သည်။ အတ္ထိ=၏ တတ္ထ= ထိုလက်ပံပင်၌။ ဧကော သုဝပေါတကော= ကျေးသားငယ် တစ်ကောင်သည်။ ဝသတိ=နေ၏။ သောပိ ရုက္ခော= ထိုလက်ပံပင် သည်လည်း။ ဥဒကေန=ရေသည်။ ဓောတမူလော=အမြစ်ကိုတိုက်စား သည်ဖြစ်၍။ နဒီပိဋ္ဌေ=မြစ်ပြင်၌။ ပတိ=လဲကျ၏။

သုဝ ပေါတကော ဒေဝေ (ပ) ဝုယှမာနာ ဂစ္ဆန္တိ။

သုဝပေါတကော= ကျေးသားငယ်သည်။ ဒေဝေ=မိုးသည်။ ဝဿန္တေ=ရွာသည်ရှိသော်။ ဥပ္ပတိတွာ=ပျံ၍။ ဂန္တုံ=သွားခြင်းငှာ။ အသက္ကောန္တော= မတတ်နိုင်သည်ဖြစ်၍။ ဂန္တွာ=သွား၍။ တဿေဝ ခန္ဓဿ=ထိုသစ်တုံး၏သာလျှင်။ ဧကပဿေ= တစ်ခုသောနံဘေး၌။ နိလီယိ= နားခို၏။ ဧဝံ=ဤသို့။ စတ္တာရော= လေးဦးကုန်သော။

တေဇနာ=ထိုသူတို့သည်။ ဧကတော=တစ်ပေါင်းတည်း။ ဝုယှမာ နာ=မျောကုန်လျက်။ ဂစ္ဆန္တိ= သွားကြကုန်၏။

ဟေမိသတ္တောပိ တသ္မိံကာလေ (ပ) မာပေတွာ ဝသတိ၊

ဟေမိသတ္တောပိ=သည်လည်း။ တသ္မိံကာလေ=၌။ ကာသိရဋ္ဌေ= ကာသိတိုင်း၌။ ဥဒိစ္စဗြာဟ္မဏကုလေ= ဥဒိစ္စပုဏ္ဏားမျိုး၌။ နိဗ္ဗတ္တိတွာ=ဖြစ်၍။ ဝိမိပ္ပတ္တော= ကြီးသောရွယ်သို့ ရောက်သည်ရှိသော်။ ကာသိပဗ္ဗဇ္ဇံ= ရသေ့ရဟန်းကို။ ပဗ္ဗဇိတွာ။ ရဟန်းပြု၍။ ဧကသ္မိံ=တစ်ခုသော။ နဒီနိဝတ္တနေ=မြစ်ကွေ့၌။ ပဏ္ဏသာလံ= သစ်ရွက်မိုးကျောင်းကို။ မာပေတွာ= ဖန်ဆင်း၍။ ဝသတိ=နေ၏။

သော အဍ္ဍရတ္တသမယေ (ပ) ဇီဝိတ ဒါနံ ဒဿာမိ" တိ၊

သော- ထိုဘုရားလောင်းရသေ့သည်။ အဍ္ဍရတ္တသမယေ=ညဉ့်သန်းခေါင်အချိန်၌။ စင်္ကမမာနော=စင်္ကြံသွားလျောက်စဉ်။ တဿ ရာဇကုမာရဿ= ထိုမင်းသား၏။ ဗလဝပရိဒေဝနသဒ္ဒံ= သည်းထန်စွာငိုကြွေးနေသောအသံကို။ သုတွာ=ကြား၍။ " မာဒိသေနာမ=ငါကဲ့သို့သောသဘာရှိသည်မည်သော။ မေတ္တာနုဒ္ဒယသမ္ပန္နေ= မေတ္တာကရုဏာနှင့် ပြည့်စုံသော။ တာပသေ=ရသေ့သည်။ ပဿန္တေ=မြင်လျက်။ ဧတဿ ပုရိသဿ=ထိုယောကျ်ား၏။ မရဏံ=သေခြင်းသည်။ အယုတ္တံ=မသင့်တော်ချေ။ ခုဒကာတော=ရေမှ။ ဥဒ္ဓရိတွာ=ဆယ်ထုတ်၍။ တဿ= ထိုယောကျ်ားအား။ ဇီဝိတဒါနံ= အသက်အလှူကို။ ဒဿာမိ+" တိ= ပေးအံ့-ဟု။ စိန္တေသိ=ကြံစည်၏။

သော တံ ဥက္ခိပိတွာ တီရေ ပတိဋ္ဌာပေသိ။

သော=ထိုဘုရားလောင်းရသေ့သည်။ တံ=ထိုမင်းသားကို။ "မာဘာယိ=မကြောက်လင့်။ မာဘာယိ +" တိ=မကြောက်လင့်-ဟု။ အဿာသေတွာ=နှစ်သိမ့်စေ၍။ ဥဒကသောတံ=ရေအယဉ်ကို။

အိန္ဒြေ္ဆာ=ဖြတ်လျက်။ ဂန္တွာ=၍။ တံဒါရုက္ခန္ဓံ=ထိုသစ်တုံးကို။ ကောယ ကောင်္ဂိယာ= တစ်ခုသောအစွန်းကို။ ဂဟေတွာ=ကိုင်၍။ အာက မန္တော=ဆွဲငင်သည်ရှိသော်။ နာဂဗလော= ဆင်ပြောင်နှင့် တူသော အားရှိသော။ ထာမသမ္ပန္နော=အစွမ်းနှင့်ပြည့်စုံသော ဘုရားအလောင်း ရသေ့သည်။ ဧကဝေဂေန= တဟုန်တည်းဖြင့်။ တီရံ= ကမ်းနားသို့။ ပတွာ=ရောက်၍။ ကုမာရံ=မင်းသားကို။ ဥက္ခိပိတွာ= ထမ်းချီ၍။ တီရေ=ကမ်းနား၌။ ပတိဋ္ဌာပေသိ= ရပ်တည်စေ၏။

တေပိ သပ္ပါဒယော ဒိသွာ (ပ) ဖလာဖလာနိ ဥပနာမေသိ။

တေပိသပ္ပါဒယော=ထိုမြွေစသည်တို့သည်လည်း။ ဒိသွာ=မြင်၍။ ဥက္ခိပိတွာ=ချီမ၍။ အဿမပဒံ=ကျောင်းသင်္ခမ်းသို့။ နေတွာ= ဆောင်၍။ အဂ္ဂိ=မီးကို။ ဇာလေတွာ= ထွန်းညှိ၍။ " ဣမေ=ဤမြွေ စသည်တို့သည်။ ဒုဗ္ဗလတရာ+" တိ=အလွန်အားနည်းကြကုန်၏-ဟု။ ပဌမံ=ရှေးဦးစွာ သပ္ပါဒီနံ=မြွေစသည်တို့၏။ သရီရံ=ကိုယ်ကို။ သေဒေတွာ= မီးလှုံ့ခြောက်သွေ့စေ၍။ ပစ္ဆာ= နောက်၌။ ရာဇကုမာရဿ= မင်းသား၏။ သရီရံ=ကိုယ်ကို။ သေဒေတွာ=မီးလှုံခြောက်သွေ့စေပြီး ၍။ တမ္ပိ= ထိုမင်းသားကိုလည်း။ အရောဂံ=ရောဂါမရှိသည်ကို။ ကတွာ= ပြု၍။ အာဟာရံ= အစာအာဟာရကို။ ဒေန္တောပိ= ပေးသော်လည်း။ ပဌမံ=ရှေးဦးစွာ။ သပ္ပါဒီနံယေဝ=မြွေစသည်တို့အား သာလျှင်။ ဒတွာ= ပေး၍။ ပစ္ဆာ=နောက်၌။ တဿ=ထိုမင်းသားအား ဖလာဖလာနိ=သစ် သီးကြီးငယ်တို့ကို။ ဥပနာမေသိ= ပေးကမ်း၏။

ရာဇကုမာရော ဗောဓိသတ္တေ အာဃာတံ ဗန္ဓိ။

ရာဇကုမာရော= မင်းသားသည်။ " အယံ ကူဋတာပသော=ဤ ကောက်ကျစ်သောရသေ့သည်။ မံ=ငါ့ကို။ ရာဇကုမာရံ=မင်းသား အဖြစ်ကို။ အဂဏေတွာ= မရေတွက်မူ၍။ တိရစ္ဆာနဂတာနံ=တိရစ္ဆာန်

တို့အား။ သမ္မာန်= မြတ်နိုးခြင်းကို။ ကရောတိ+" တိ=ပြု၏ဟု။ ဓောမိ သတ္တေ= ဘုရားလောင်း၌။ အာယာတံ= ရန်ငြိုးကို။ ဗန္ဓိ=ဖွဲ့၏။

ဂါတော ကတိပါဟစ္စယေန (ပ) ဝတွာ ပက္ကာမိ။

ဂါတော= ထိုနေ့မှ။ ကတိပါဟစ္စယေန=နှစ်ရက်သုံးရက်လွန် သဖြင့်။ သဗ္ဗေသု=အလုံးစုံကုန်သော။ တေသုပိ=ထိုသူတို့သည်လည်း။ ထာမဗလပ္ပတ္တေသု=စွမ်းအားရှိသူသို့ ရောက်ကြကုန်သည်ရှိသော်။ နဒိယာ=မြစ်၌။ ဩဃေ=ရေအယဉ်သည်။ ပစ္ဆိန္နေ=ပြတ်သော်။ သပ္ပေါ်= မြွေသည်။ တာပသံ= ရသေ့ကို။ ဝန္ဒိတွာ=ရှိခိုး၍။ အာဟ=ဆို၏။ (ကိံ+ အာဟ) " ဘန္တေ=အရှင်ဘုရား။ တုမှေဟိ=အရှင်တို့သည်။ မယှံ=ကျွန်ုပ် အား။ မဟာဥပကာရော= ကြီးစွာသော ကျေးဇူးတော်ကို။ ကတော=ပြု အပ်ပြီ။ အဟံ=ငါသည်။ န ဒလိဒ္ဒေါ=ဆင်းရဲသည်မဟုတ်။ အသုကဋ္ဌာ နေ=ထိုမည်သော အရပ်၌။ မေ=ကျွန်ုပ်၏။ စတ္တာလိသ ဟိရညကောဋိ ယော=ကုဋေလေးဆယ်သော ရွှေအိုးတို့ကို။ နိဒဟိတွာ=မြှုပ်၍။ ဌပိတာ=ထားအပ်၏။ တုမှာကံ=အရှင်မြတ်အား။ ဓနေန=ဥစ္စာဖြင့်။ ကိစ္စေသတိ= ကိစ္စရှိသော်။ သဗ္ဗံ=အလုံးစုံသော။ ဓနံ= ထိုဥစ္စာကို။ တုမှာကံ=အရှင်မြတ်အား။ ဒါတုံ= ပေးခြင်းငှါ။ သက္ကောမိ=တက်နိုင် ၏။ တံဌာနံ=ထိုအရပ်သို့။ အာဂန္တွာ=လာ၍။ " ဒီဃာ "တိ=“ဒီဃ” ဟု။ ပက္ကောသေယျာထာ+" တိ=ခေါ်ကြရာ၏-ဟု။ ဝတွာ=ဆို၍။ ပက္ကာမိ= ဖဲသွား၏။

ဥန္ဒူရောပိ တထေဝ ဝတွာ ပက္ကာမိ။

ဥန္ဒူရောပိ=ကြွက်သည် လည်း။ တထေဝ=ထို့အတူသာလျှင်။ တာပသံ= ရသေ့ကို။ နိမန္တေတွာ= ပင့်ဖိတ်၍။ " အသုကဋ္ဌာနေ= ထိုမည်သော အရပ်၌။ ဌတွာ=ရပ်၍။ ' ဥန္ဒူရာ+" တိ= 'ကြွက်'-ဟု။ ပက္ကောသေယျာထာ+" တိ= ခေါ်ကြရာ၏ဟု။ ဝတွာ=ဆို၍။ ပက္ကာ မိ=ဖဲသွား၏။

သုဝပေါတကော ပန တာပသံ (ပ) ဝတွာ ပက္ကာမိ။

သုဝပေါတကော ပန= ကျေးသားသည်ကား။ တာပသံ= ရသေ့ကို။ ဝန္ဒိတွာ= ရှိခိုး၍။ " ဘန္တေ=အရှင်ဘုရား။ မယှံ=ငါ၏။ ဓနံ=ဥစ္စာသည်။ နတ္ထိ=မရှိ ရတ္တသာလိဟိ=နီသောသလေးတို့ဖြင့်။ ဝေါ= အရှင်မြတ်တို့အား။ အတ္ထေ+သတိ=အလိုရှိသည်ရှိသော်။ အသုကံ နာမ=ထိုမည်သော။ မယှံ=ကျွန်ုပ်၏။ ဝသနဋ္ဌာနံ=နေရာအရပ်သည်။ အတ္ထိ=ရှိ၏။ တတ္ထ=ထိုအရပ်သို့။ ဂန္တွာ=သွား၍။ 'သုဝ'+တိ= 'ကျေးသား'-ဟု။ ပက္ကောသေယျာထ=ခေါ်ကြရာ၏။ အဟံ=ငါသည်။ ဉာတကာနံ=ဆွေမျိုးတို့အား။ အာရောစေတွာ=ပြောကြား၍။ အနေကသကဋပူရမတ္တာ=အရာမကသောလှည်းကို ပြည့်စေနိုင်သော အတိုင်းအရှည်ရှိသော။ ရတ္တသာလိယော=နီသောသလေးတို့ကို။ အာဟရာပေတွာ=ဆောင်စေ၍။ ဒါတုံ=ပေးခြင်းငှာ။ သက္ကောမိ+" တိ= တတ်နိုင်၏-ဟု။ ဝတွာ=ပြော၍။ ပက္ကာမိ=ဖဲသွား၏။

ဣတရော ပန မိတ္တဒုဗ္ဘိ (ပ)ရဇ္ဇေ ပတိဋ္ဌာသိ။

ဣတရော=အခြားသော။ မိတ္တဒုဗ္ဘိ=အဆွေခင်ပွန်းကိုပြစ်မှားသော မင်းသားသည်။ " ဓမ္မသုဓမ္မတာယ= ကျင့်ဝတ်တရားသဘော အားဖြင့်။ ကိဉ္စိ=တစ်စုံတစ်ခုကို။ အဝတွာ= မဆိုမူ၍။ ဂန္တုံ= သွားခြင်း ငှာ။ အယုတ္တံ= မသင့်။ ဧဝံ=ဤသို့ အတ္တနော=၏။ သန္တိကံ=ထံသို့။ အာဂတံ=လာသော။ တံ=ထိုရသေ့ကို။ မာရေဿာမိ"တိ=သတ်အံ့ဟု။ စိန္တေတွာ=ကြံ၍။ " ဘန္တေ=အရှင်ဘုရား။ အယိ=ကျွန်ုပ်သည်။ ရဇ္ဇေ= မင်း၏အဖြစ်၌။ ပတိဋ္ဌိတော=ဖြစ်သည်ရှိသော်။ အာဂစ္ဆေယျာထ= ကြွလာပါကုန်လော့။ အဟံ=ကျွန်ုပ်သည်။ ဝေါ=အရှင်မြတ်အား။ စတူဟိပစ္စယေဟိ=ပစ္စည်းလေးပါးတို့ဖြင့် ဥပဋ္ဌဟိဿာမိ+" တိ=လုပ် ကျွေးအံ့-ဟု။ ဝတွာ=ပြော၍။ ပက္ကာမိ=ဖဲသွား၏။ သော=ထိုမင်းသား

သည်။ ဂန္တွာ=သွား၍။ နစိရဿေဝ= မကြာမီမှာပင်လျှင်။ ရဇ္ဇေ=မင်း၏ အဖြစ်၌။ ပတိဋ္ဌာသိ=တည်၏။

ဗောဓိသတ္တော (ပ) နီဟရိတွာ ဂဏှထာ " တိ အာဟ။

ဗောဓိသတ္တော= ဘုရားလောင်းသည်။ " တာဝ=ရှေးဦးစွာ။ နေ=ထိုသူတို့ကို။ ဝိမံသိဿာမိ= စုံစမ်းအံ့။ " ဣတိ+ဤသို့ကြံ၍။ ပဌမံ= ရှေးဦးစွာ။ သပ္ပဿ=မြွေ၏။ သန္တိကံ=ထံသို့။ ဂန္တွာ=၍။ အဝိဒူရေ=အနီး၌။ ဌတွာ=ရပ်၍။ " ဒီဃာ" တိ=ဒီဃ-ဟု။ ပက္ကောသိ= ခေါ်၏။ သော= ထိုမြွေသည်။ ဧကဝစနေနေဝ=စကားတစ်ခွန်းဖြင့်ပင်။ နိက္ခမိတွာ= ထွက်လာ၍။ ဗောဓိသတ္တံ=ကို။ ဝန္ဒိတွာ=၍။ "ဘန္တေ=အရှင်ဘုရား။ ဣမသ္မိံဌာနေ=ဤနေရာ၌။ စတ္တာလီသဟိရညကောဋိယော=ကုဋေ လေးဆယ်သောရွှေတို့သည်။ သန္တိ=ရှိကုန်၏။ သဗ္ဗာပိ=အလုံးစုံလည်း ဖြစ်ကုန်သော။ တာ= ထိုရွှေတို့ကို။ နီဟရိတွာ=ထုတ်ဆောင်၍။ ဂဏှထ+" တိ=ယူကြကုန်လော့-ဟု။ အာဟ=ဆို၏။

ဗောဓိသတ္တော(ပ) သဒ္ဒမကာသိ၊ သောပိ တထေဝ ပဋိပဇ္ဇိ။

ဗောဓိသတ္တော=သည်။ " ဧဝံ- ဤသို့။ အတ္ထု= ရှိစေ။ ကိစ္စေ= ကိစ္စသည်။ ဥပ္ပန္နေ= ဖြစ်လတ်သော်။ ဇာနိဿာမိ+" တိ=သိအံ့-ဟု။ တံ=ထိုမြွေကို။ နိဝတ္တေတွာ=ပြန်စေ၍။ ဥန္ဒူရဿ=ကြွက်၏။ သန္တိကံ= ထံသို့။ ဂန္တွာ=သွား၍။ သဒ္ဒံ=အသံကို။ အကာသိ=ပြု၏။ သောပိ=ထို ကြွက်သည်လည်း။ တထေဝ=ထိုမြွေအတူသာလျှင်။ ပဋိပဇ္ဇိ=ကျင့်၏။

ဗောဓိသတ္တော တမ္ပိ နိဝတ္တေတွာ(ပ) အာဟရာပေမီ"တိ ပက္ကမိ။

ဗောဓိသတ္တော=သည်။ တမ္ပိ=ထိုကြွက်ကိုလည်း။ နိဝတ္တေတွာ= ပြန်စေ၍။ သုဝဿ=ကျေးသား၏။ သန္တိကံ=ထံသို့။ ဂန္တွာ=သွား၍။ 'သုဝါ'တိ=ကျေးသား-ဟု။ ပက္ကောသိ=ခေါ်၏။ သောပိ=ထိုကျေးသား

သည်လည်း။ ဧကေဝစနေနေဝ= စကားတစ်ခွန်းဖြင့်သာလျှင်။ ရုက္ခဂ္ဂ တော=သစ်ပင်ဖျားမှ။ ဩတရိတွာ=သက်ဆင်း၍။ ဗောဓိသတ္တံ=ကို။ ဝန္ဒိတွာ=ရှိခိုး၍။ " ဘန္တေ=အရှင်ဘုရား။ မယှံ=ကျွန်ုပ်၏။ ဉာတကာနံ= ဆွေမျိုးတို့၏။ သန္တိကံ=ထံသို့။ ဂန္တွာ=သွား၍။ ဟိမဝန္တပ္ပဒေသတော= ဟိမဝန္တာအရပ်မှ= တုမှာကံ= အရှင်မြတ်တို့အား။ ဝါ=အရှင်မြတ်တို့ အတွက်။ သယံဇာတသာလီ= အလိုအလျောက်ဖြစ်သောသလေးကို။ အာဟရာပေမိ+ကိံ+က္ကတိ=ဆောင်ယူရအံ့လော့-ဟု။ ပုစ္ဆိ=မေး၏။

ဗောဓိသတ္တော " အတ္ထေ သတိ ဇာနိဿာမိ " တိ (ပ) ပါဝိသိ။

ဗောဓိသတ္တော=သည်။ " အတ္ထေ+သတိ= အလိုရှိသည်ရှိ သော်။ ဇာနိဿာမိ+" တိ=သိအံ့-ဟု။ တမ္ပိ=ထိုကျေးသားကိုလည်း။ နိဝတ္တေတွာ=ပြန်စေ၍။ " က္ကဒါနိ=ယခုအခါ၌။ ရာဇာနံ=မင်းသားကို။ ပရိဂ္ဂဏ္ဟိဿာမိ+" တိ=စုံစမ်းအံ့-ဟု။ ဂန္တွာ=သွား၍။ ရာဇုယျာနေ=မင်း ၏ဥယျာဉ်၌။ ဝသိတွာ= နေ၍။ ပုနဒိဝသေ=နောက်တစ်နေ့၌။ အာကပ္ပသမ္ပတ္တိံ= ရသေ့အသွင်အပြင်နှင့် ပြည့်စုံခြင်းကို။ ကတွာ=ပြု ၍။ ဘိက္ခာစာရဝတ္တေန=ဆွမ်းခံခြင်းဝတ်ဖြင့်။ နဂရံ= ဗာရဏသီမြို့သို့။ ပါဝိသိ= ဝင်လေ၏။

တသ္မိံ ခဏေ သော မိတ္တဒုဗ္ဘိ(ပ) ပဒက္ခိဏံ ကရောတိ။

တသ္မိံ ခဏေ=ထိုခဏ၌။ သော မိတ္တဒုဗ္ဘိရာဇာ= ထိုအဆွေ ခင်ပွန်းကို ပြစ်မှားသောမင်းသားသည်။ အလင်္ကတဟတ္ထိက္ခန္ဓဝရဂ တော=တန်ဆာဆင်အပ်သော မြတ်သော ဆင်ကျောက်ကုန်းထက်၌ စီးလျက်။ မဟန္တေန=ကြီးစွာသော။ ပရိဝါရေန= အခြံအရံနှင့်။ နဂရံ= မြို့ကို။ ပဒက္ခိဏံ= လက်ျာရစ်လှည့်ခြင်းကို။ ကရောတိ=ပြု၏။

သော ဗောဓိသတ္တံ့ ဒူရတောဝ (ပ) ပုရိသေ ဩလောကေသိ။

သော= ထိုမင်းသည်။ ဗောဓိသတ္တံ=ကို။ ဒူရတောဝ=အဝေးမှ ပင်လျှင်။ ဒိသွာ=မြင်၍။ " အယံ သော ကူဋတာပသော= ထိုကောက် ကျစ်သောရသေ့သည်။ မမ=ငါ၏။ သန္တိကေ=ထံ၌။ ဘုဥ္စိတွာ=စား၍။ ဝသိတုကာမော=နေခြင်းငှာအလိုရှိသည်ဖြစ်၍။ အာဂတော= လာ၏။ ယာဝ=အကြင်မျှလောက်။ ပရိသမဇ္ဈေ=ပရိသတ်၏အလယ်၌။ အတ္တနော=မိမိ၏။ မယှံ=ငါ့အား။ ကတဂုဏံ=ပြုအပ်သော ဂုဏ် ကျေးဇူးကို။ နပ္ပကာသေတိ=မပြေသေး။ တာဝဒေဝ=ထိုသို့မပြမီ မှာပင်လျှင်။ အဿ=ထိုရသေ့၏။ သီသံ=ဦးခေါင်းကို။ ဆိန္ဒာပေဿာ မိ+" တိ=ပြတ်စေအံ့-ဟု။ ပုရိသေ= မင်းချင်းယောကျာ်းတို့ကို။ ဩ လောကေသိ=ကြည့်၏။

" ကိံ ကရောမ ဒေဝါ " တိစ ဝုတ္တေ (ပ)အာဟ။

" ဒေဝ=မင်းကြီး။ ကိံ=အဘယ်သို့။ ကရောမ +" က္ကတိ= ပြုကြ ရအံ့နည်း-ဟု။ ဝုတ္တေ=ဆိုအပ်သော်။ " ဧသ ကူဋတာပသော= ထိုကောက်ကျစ်သောရသေ့သည်။ မံ=ငါ့ကို။ ကိဉ္စိ=တစ်စုံတစ်ခုကို။ ယာစိတုကာမော=တောင်းခြင်းငှာ အလိုရှိသည်ဖြစ်၍။ အာဂစ္ဆတိမ ညေ=လာသည်ထင်၏။ ဧတဿ ကာဠကဏ္ဏိတာပသဿ=ထိုရသေ့ ယုတ်အား။ မံ=ငါ့ကို။ ပဿိတုံ=မြင်ခြင်းငှာ။ အဒတွာဝ=မပေးမူ၍သာ လျှင်။ ဧတံ=ထိုရသေ့ယုတ်ကို။ ဂဟေတွာ=ဖမ်း၍။ ပစ္ဆာဗာဟံ=လက် ပြန်ကို။ ဗန္ဓိတွာ=ဖွဲ့ချည်၍။ စတုက္ကေ=ခရီးလေးဆုံ၊ စတုက္ကေ=ခရီးလေး ဆုံတိုင်း၌။ ပဟရန္တာ=ပုတ်ခတ်ရိုက်နှက်ကုန်လျက်။ နဂရာ=မြို့မှ။ နိက္ခာမေတွာ=ထွက်စေ၍။ အာဃာတနေ=သုသာန်၌။ အဿ= ထိုရသေ့၏။ သီသံ=ဦးခေါင်းကို။ ဆိန္ဒိတွာ=ဖြတ်၍။ သရီရံ=ကိုယ်ကို။ သူလေ=တံကျင်၌။ ဥတ္တာသေထာ +" တိ=လျှိုထားကြကုန်လော့-ဟု။

တေ " သာဓူ " တိ သမ္ပဋိစ္ဆိတွာ (ပ) ဣမံ ဂါထမာဟ။

တေ= ထိုမင်းချင်းယောက်ျားတို့သည်။ " သာဓူ" တိ= ကောင်း ပြီဟူ၍။ သမ္ပဋိစ္ဆိတွာ=လက်ခံကြ၍။ ဂန္တွာ=၍။ နိရပရာဓံ=အပြစ်မရှိ သော။ မဟာသတ္တံ=ဘုရားလောင်းကို။ ဗန္ဓိတွာ=ဖွဲ့ချည်၍။ ဝါ=ချည် နှောင်၍။ စတုက္ကေ+ စတုက္ကေ=ခရီးလေးဆုံ+ခရီးလေးဆုံတိုင်း၌။ ပဟရန္တာ=ရိုက်နှက်ကြကုန်လျက်။ အာဃာတနံ=သုသာန်သို့။ နေတုံ= ဆောင်ခြင်းငှာ။ အာရဘိံသု=အားထုတ်ကြကုန်၏။ ဗောဓိသတ္တော= ဘုရားလောင်းသည်။ ပဟာရပဟာရေ=ရိုက်နှက်တိုင်, ရိုက်နှက်တိုင်း ရာအရပ်၌။ " အမ္ဘတာတာ" တိ= အိုမိခင်, ဖခင်တို့=ဟူ၍။ အကန္ဒိတွာ= မငိုကြွေးမမြည်တမ်းမူ၍။ နိဗ္ဗိကာရော=ဖေါက်ပြန်ခြင်းမရှိသည်ဖြစ် ၍။ ဣမံဂါထံ=ဤဂါထာကို။ အာဟ=၏။ (ကိံ+အာဟ=နည်း)

၇၃။ သစ္စံ ကိရေဝ မာဟံသု၊ နရာ ဧကစ္စိယာ ဣဓ။

ကဋ္ဌံ နိပ္လဝိတံ သေယျော၊ နတွေဝေ' ကစ္စိယောနရော။

ကဋ္ဌံ=မြစ်၌မျောသောထင်းတုံးကို။ နိပ္လဝိတံ=ဆယ်တင်ခြင်း သည်။ သေယျော=မြတ်၏။ ဧကစ္စိယော=အချို့သော။ နရော=အဆွေ ခင်ပွန်းပြစ်မှားတတ်သောယောက်ျားယုတ်ကို။ ဥတ္တာရိတော=ဆယ် တင်ခြင်းသည်။ နတွေဝသေယျော= မမြတ်သည်သာတည်း။ ဧဝံ= ဤသို့။ ဣဓ=ဤလောက၌။ ဝဒမာနာ= ဆိုကုန်သော။ ဧကစ္စိ ယာ= အချို့ကုန်သော။ နရာ=ပညာရှိတို့သည်။ သစ္စံ=မှန်သောစကား ကို။ အာဟံသုကိရ=ဆိုကြကုန်သတတ်။

တတ္ထ သစ္စံ ကိရေဝမာဟံသူတိ ပဏ္ဍိတပုရိသာ။

တတ္ထ=ထိုဂါထာပုဒ်တို့၌။ သစ္စံ ကိရေဝမာဟံ သူတိ= ဟူသည်ကား။ အဝိတထမေဝ=မှန်သောစကားကိုသာ။ ဧဝံ=ဤသို့။ ဝဒန္တိကိရ=ဆိုကြ ကုန်၏သတတ်။ နရာ ဧကစ္စိယာ ဣဓာတိ=

ဟူသည်ကား။ ကူမ=ဤ လောက၌။ ဧကစ္စေ ပဏ္ဍိတပုရိသာ=
အချို့ကုန်သော ပညာရှိ ယောက်ျားတို့သည်။

ကင္ခ နိုလ္လပိတံ သယောတိ (ပ) ဥပကာရံ ဟောတိ။

ကင္ခ နိုလ္လပိတံ သယောတိ=ဟူသည်ကား။ နဒိယာ=မြစ်၌။
ဝုယှမာနံ= မျောသော။ သုက္ခဒါရုံ=ထင်းခြောက်ကို။ နိုလ္လပိတံ=ကယ်
ဆယ်ခြင်းသည်။ ဥတ္တာရေတွာ=ဆယ်ယူ၍။ ထလေ=ကုန်း၌။ ဌပိတံ=
ထားခြင်းသည်။ သယော+သုန္ဒရတရော=အလွန်မြတ်၏။ ဟိ=
မှန်၏။ ဧဝံ=ဤသို့။ ဝဒမာနာ=ပြောကြကုန်သော။ တေပုရိသာ=
ထိုယောက်ျားတို့သည်။ သစ္စံ=မှန်သောစကားကို။ ဝဒန္တိကိရ=
ဆိုကြကုန်သတတ်။ ကိံ ကာရဏာ= အဘယ့်ကြောင့်နည်း။ တံ=ထို
ဆယ်ယူထားသော ထင်းခြောက်သည်။ ယာဂုဘတ္တာဒိနံ=ယာဂု,
ထမင်းစသည်တို့ကို၊ ပစနတ္ထာယစ=ချက်ခြင်းအကျိုးငှာ လည်း
ကောင်း။ သီတာတုရာနံ= အေးချမ်းသောဥတုတို့ကို၊ ဝိသိဗ္ဗနတ္ထာ
ယစ=မီးလှုံခြင်းငှာလည်းကောင်း။ အညေသမ္ပိ= အခြား လည်းဖြစ်
ကုန်သော။ ပရိဿယာနံ=ဘေးရန်တို့ကို။ အဃာတ္တာယစ= ဆောင်ခြင်း
ငှာလည်းကောင်း။ ဥပကာရံ=အကျိုး ကျေးဇူးအထောက် အပံ့သည်။
ဟောတိ=ဖြစ်၏။

နတွေဝ' ကစ္စိယော နရောတိ (ပ) ကူမံ ဂါထမာဟ။

နတွေဝ' ကစ္စိယောနရောတိ=ဟူသည်ကား။ ဧကစ္စော=အချို့
သော။ မိတ္တဒုဗ္ဘိ=အဆွေခင်ပွန်းကို ပြစ်မှားတတ်သော။ အကတညုံ=
ကျေးဇူးမသိတတ်သော။ ပါပပုရိသော= ယောက်ျားယုတ်ကို။
သြဃေန=ရေအယဉ်ဖြင့်။ ဝုယှမာနော=မျောသည်ရှိသော်။ ဟတ္ထေန=
လက်ဖြင့်။ ဂဟေတွာ=ကိုင်ယူ၍။ ဥတ္တာရိတော။ ကုန်းပေါ်သို့
ဆယ်ယူခြင်းသည်။ နတွေဝ သယော=လုံးဝမမြတ်သည်သာတည်း။

တယာ+တံဝစနံ=ထိုစကားသည်။ ဟိ+သစ္စံ=မှန်၏။ အဟံ=သည်။
ဣမံပါပပုရိသံ=ဤယောကျ်ားယုတ်ကို။ ဥတ္တာရေတွာ=ကုန်းပေါ်သို့
ဆယ်တင်၍။ အတ္တနော=မိမိ၏။ ဣမံ ဒုက္ခံ=ဤဆင်းရဲဒုက္ခကို။
အာဟရိံ=ဆောင်ခဲ့၏။ ဣတိ=ဤသည်ကား။ အတ္ထော=အနက်တည်း။
ဧဝံ=သို့။ ပဟဋ္ဌ ပဟဋ္ဌာနေ=ရိုက်နှက်တိုင်း, ရိုက်နှက်တိုင်း
အရပ်၌။ ဣမံ ဂါထံ=ကို။ အာဟ=ဆို၏။

တံ သုတွာ ယေ တတ္ထ(ပ) ဂုဏော ကတော” တိ။

တံ=ထိုသို့သောစကားကို။ သုတွာ=ကြား၍။ တတ္ထ=ထိုသူ
အပေါင်းတို့တွင်။ ယေပဏ္ဍိတပုရိသာ=အကြင်ပညာရှိယောကျ်ားတို့
သည်။ သန္တိ=ရှိကုန်၏။ တေ=ထိုပညာရှိယောကျ်ားတို့သည်။
“ဘောပဗ္ဗဇိတ= အိုရဟန်း။ တယာ=အရှင်မြတ်သည်။ ဝါ=သင်သည်။
အမှာကံ=ကျွန်ုပ်တို့၏။ ရညော=မင်းအား။ ကောစိ=တစ်စုံတစ်ခုသော။
ဂုဏော=ဂုဏ်ကျေးဇူးကို။ ကတော=ပြုအပ်သည်။ အတ္ထိကိံ=ရှိ
သလော။” ဣတိ=ဤသို့။ အာဟံသု= ပြောကြကုန်၏။

ဗောဓိသတ္တော တံ ပဝတ္တိံ အာရောစေတွာ (ပ)အာဟ။

ဗောဓိသတ္တော=ဘုရားလောင်းရသေ့သည်။ တံပဝတ္တိံ=ထို
အကြောင်းကို။ အာရောစေတွာ=ပြောကြား၍။ “ဧဝံ=ဤသို့။ ဣမံ=
ဤမင်းကို။ မဟော+ဃတော=ကြီးစွာသောမြစ်ရေအယဉ်မှ၊ ဥတ္တာရေ
န္တော=ကယ်ဆယ်ယူသော။ အဟေမေဝ=ငါသည်သာလျှင်။ အတ္တ
နော=မိမိ၏။ ဒုက္ခံ= ဆင်းရဲဒုက္ခကို။ အကာသိံ=ပြုခဲ့လေ၏။ ‘
မေ+မယာ=ငါသည်။ ပေါရာဏကပဏ္ဍိတာနံ= ရှေးပညာရှိတို့၏။
ဝစနံ=စကားကို။ ဝတ=စင်စစ်။ နကတန္တိ= မပြုမကျင့်မိ-ဟု။ အနုဿ
ရိတွာ=အောက်မေ့၍။ ဧဝံ=ဤသို့။ ဝဒါမိ+” တိ=ဆို၏-ဟု အာဟ=ဆို

၏။

တံ သုတွာ ခတ္တိယ ဗြာဟ္မဏာဒယော (ပ) ပတိဋ္ဌာပေသုံ။

တံ= ထိုဘုရားလောင်းရသေ့၏စကားကို။ သုတွာ= ကြားကုန်၍။ ခတ္တိယဗြာဟ္မဏာဒယော= မင်း, ပုဏ္ဏား အစရှိကုန်သော။ နဂရဝါသိ နော=မြို့နေသူတို့သည်။ " မိတ္တဒုဗ္ဘိ= အဆွေခင်ပွန်းကို ပြစ်မှားသော။ သွာယံ+ သောအယံ+ရာဇာ=ထိုမင်းသည်။ ဧဝံ=ဤသို့။ ဂုဏသမ္ပန္နဿ=ကျေးဇူးဂုဏ်နှင့်ပြည့်စုံသော။ အတ္တနော=မိမိ၏။ ဇီဝိတဒါယကဿ=အသက်ကိုပေးလှူတတ်သောသူ၏။ ဂုဏမတ္တမ္ပိ= ကျေးဇူးဂုဏ်မျှကိုလည်း။ န ဇာနာတိ=မသိ။ တံ=ထိုမင်းကို။ နိဿာယ= မှီ၍။ အမှာကံ=ငါတို့အား။ ကုတော ဝုမ္ဓိ=အဘယ်မှာကြီးပွားအံ့နည်း။ နံ=ထိုမင်းကို။ ဂဏှထ=ဖမ်းယူကြလော့။" ဣတိ=သို့။ ကုပိတာ= ဒေါသ ထွက်ကြကုန်သည်ဖြစ်၍။ သမန္တတော=ထက်ဝန်းကျင်မှ။ ဥဋ္ဌဟိတွာ= ထကြွကုန်၍။ ဉသုသတ္တိပါသာဏမုဂ္ဂရာ ဒိပ္ပဟာရေဟိ=မြား, လှံ ကျောက်ဆောက်ပုတ် အစရှိကုန်သော လက်နက်တို့ဖြင့်။ ဟတ္ထိက္ခန္ဓ ဂတမေဝ=ဆင်ကျောက်ကုန်းထက်၌စီးလျက်သာဖြစ်သော။ နံ=ထိုမင်းကို။ ယာတေတွာ=သတ်၍။ ပါဒေ=ခြေတို့ကို။ ဂဟေတွာ=ယူ၍။ ကမိတွာ=ဆွဲ၍။ ပရိခါပိဋ္ဌေ=ကျုံးပြင်၌။ ဆဍ္ဍေတွာ=စွန့်ပစ်၍။ ဗောမိ သတ္တံ=ဘုရားလောင်းကို။ အဘိသိဉ္စိတွာ=အဘိသိက်သွန်း၍။ ရဇ္ဇေ= မင်း၏အဖြစ်၌။ ပတိဋ္ဌာပေသုံ=တည်စေကြကုန်၏။

သော ဓမ္မေန ရဇ္ဇံ ကာရေန္တော (ပ) အာဟ။

သော=ထိုဘုရားလောင်းမင်းသည်။ ဓမ္မေန=တရားသဖြင့်။ ရဇ္ဇံ=မင်း၏အဖြစ်ကို။ ကာရေန္တော=ပြုလျက်။ ပုန ဧကဒိဝသံ= နောက်တစ်နေ့၌။ သပ္ပါဒယော=မြွေစသည်တို့ကို။ ပရိဂ္ဂဏှိတုကာမေါ=

စုံစမ်းလိုသည်ဖြစ်၍။ မဟာနွေနေ=များစွာသော။ ပရိဝါရေန=အခြံအရံ ဖြင့်။ သပ္ပသဿ=မြွေ၏။ ဝသနဋ္ဌာနံ=နေရာအရပ်သို့။ ဂန္တွာ=သွား၍။ “ဒိယာ” တိ=ဒိယ-ဟု။ ပက္ကောသိ=ခေါ်၏။ သပ္ပေါ=မြွေသည်။ အာဂန္တွာ=လာ၍။ ဝန္ဒိတွာ= ရှိခိုး၍။ “ သာမိ=အရှင်။ ကြံ ‑= ဤဥစ္စာ သည်။ တေ=သင့်အတွက်။ ဂဏှာ+” ကိ=ယူလော့-ဟု။ အာဟ=၏။

ရာဇာ စတ္တာလီသဟိရညကောဋိဓနံ (ပ) နိယျာဒေသိ၊

ရာဇာ=မင်းသည်။ စတ္တာလီသဟိရညကောဋိဓနံ= ကုဋေလေး ဆယ်သော ရွှေဥစ္စာကို။ အမစ္စေ=အမတ်တို့ကို။ ပဋိစ္ဆာပေတွာ= လက်ခံစေ၍။ ဝါ အပ်နှင်း၍။ ဥန္ဒုရသဿ=ကြွက်၏။ သန္တိကံ=ထံသို့။ ဂန္တွာ=သွား၍။ ‘ဥန္ဒုရာ’တိ= ကြွက်ဟု။ ပက္ကောသိ=ခေါ်၏။ သောပိ=ထို ကြွက်သည်လည်း။ အာဂန္တွာ=လာ၍။ ဝန္ဒိတွာ=၍။ တိံသကောဋိဓနံ= ကုဋေသုံးဆယ်သောဥစ္စာကို။ နိယျာဒေသိ= အပ်နှင်း၏။

ရာဇာ တမ္ပိ အမစ္စေ ပဋိစ္ဆာပေတွာ(ပ) အာဟ၊

ရာဇာ=မင်းသည်။ တမ္ပိ=ထို ကုဋေသုံးဆယ်သောဥစ္စာကို လည်း။ အမစ္စေ=အမတ်တို့ကို။ ပဋိစ္ဆာပေတွာ=လက်ခံစေ၍။ ဝါ= အပ်နှင်း၍။ သုဝဿ=ကျေးသား၏။ သန္တိကံ=ထံသို့။ ဂန္တွာ=၍ “သုဝါ” တိ=ကျေးသား-ဟု။ ပက္ကောသိ=ခေါ်၏။ သောပိ= ထိုကျေးသားသည် လည်း။ အာဂန္တွာ=လာ၍။ ပါဒေ=ခြေ၌။ ဝန္ဒိတွာ=ရှိခိုး၍။ “သာမိ= အရှင်။ သာလိ=သလေးကို။ အာဟရာမိ+ကိ+န္တုတိ= ဆောင်ရအံ့ လော=ဟု။ အာဟ=၏။

ရာဇာ“ သာလိဟိ အတ္တေ သတိ (ပ) ကရောတိ၊

ရာဇာ=မင်းသည်။ “ သာလိဟိ=သလေးတို့ဖြင့်။ အတ္ထေသတိ= အလိုရှိသော်။ အာဟရိဿသိ=ဆောင်ရအံ့။ ဧဟိ=လာလော့။ ဂစ္ဆာမာ + ” တိ=သွားကြစို့ဟု။ သတ္တတိယာ စိရညကောဋိဟိ=ကုဋေခုနစ်

ဆယ်ကုန်သော ရွှေဥစ္စာတို့နှင့်။ သဒ္ဓိံ=တကွ။ တယောပိ= သုံးကောင်လည်းဖြစ်ကုန်သော။ တေ ဇနေ+ထိုသူတို့ကို။ ဂါဟာပေတွာ=ယူစေ၍။ နဂရံ=မြို့သို့။ ဂန္တွာ=သွား၍။ ပါသာဒဝရေ=မြတ်သောပြာသာဒ်၌။ မဟာတလံ=ကြီးမြတ်သောအပြင်သို့။ အာရုယှ=တက်၍။ ဓနံ=ဥစ္စာကို။ သင်္ဂေါပေတွာ=ကောင်းစွာလုံခြုံစေ၍။ သပ္ပဿ=မြွေ၏။ ဝသနဋ္ဌာယ=နေခြင်းအကျိုးငှာ။ သုဝဏ္ဏနာဠိံ=ရွှေကျည်တောက်ကို။ ဥန္ဒူရဿ=ကြွက်၏။ ဝသနဋ္ဌာယ=နေခြင်းအကျိုးငှာ။ ဖလိကဂုဟံ=ဖန်လိုဏ်ဂူကို။ သုဝဿ=ကျေးသား၏။ ဝသနဋ္ဌာယ=နေခြင်းအကျိုးငှာ။ သုဝဏ္ဏပဉ္ဇရံ=ရွှေချိုင့်ကို။ ကာရာပေတွာ=ပြုစေ၍။ သပ္ပဿစ=မြွေအားလည်းကောင်း။ သုဝဿစ=ကျေးသားအားလည်းကောင်း။ ဘောဇနတ္ထာယ=အစာအကျိုးငှာ။ ဒေဝသိကံ=နေ့စဉ်နေ့တိုင်း။ ကဉ္စနတဋ္ဋကေ=ရွှေခွက်ငယ်၌။ မဓုလာဇေ=ပျားရည်ပေါက်ပေါက်တို့ကို။ ဒါပေသိ=ပေးစေ၏။ ဥန္ဒူရဿ=ကြွက်အား။ ဂန္ဓသာလိ တဏ္ဍုလေ=မွှေးသောသလေးဆန်တို့ကို။ ဒါပေသိ=ပေးစေ၏။ ဒါနာဒီနိ=ဒါနအစရှိကုန်သေ၊ ပညာနိ=ကောင်းမှုတို့ကို။ ကရောတိ=ပြု၏။

ဧဝံ တေ စတ္တာရောပိ ဇနာ(ပ)ယထာကမ္မံ အဂမံသု။

ဧဝံ=သို့။ တေ စတ္တာရောပိဇနာ=ထိုလေးယောက်ကုန်သောသူတို့သည်လည်း။ ယာဝဇီဝံ=အသက်ထက်ဆုံး။ သမဂ္ဂါ=ညီညွတ်ကြကုန်သည်။ သမ္မောဒမာနာ=ဝမ်းမြောက်ကြကုန်သည်ဖြစ်၍။ ဝိဟရိတွာ နေ၍။ ဇီဝိတက္ခယေ=အသက်၏အဆုံး၌။ ယထာကမ္မံ=ကံအားလျော်စွာ။ အဂမံသု=သွားကြကုန်၏။

သတ္ထာ(ပ) မမ္မရာဇာ ပန အဟမေဝ အဟောသိ” န္တိ။

သတ္ထာ=မြတ်စွာဘုရားသည်။ " ဘိက္ခဝေ=တို့။ ဒေဝဒတ္တော=သည်။ ဣဒါနေဝ=ယခုအခါ၌ပင်။ မယှံ=ငါဘုရားအား။ ဝဓာယ=သတ်

ခြင်းငှာ၊ ပရိသက္ကတိ=လုံ့လပြုသည်။ န=မဟုတ်သေး။ ပုဗ္ဗေပိ=ရှေး အခါ၌လည်း။ ပရိသက္ကိယေဝါ+” တိ=လုံ့လပြုသည်သာတည်း-ဟု။ ဝတွာ=ဆို၍။ ဣမံ ဓမ္မဒေသနံ=ဤတရားဒေသနာကို။ အာဟရိတွာ= ဆောင်၍။ အနုသန္ဓိံ=ကို။ ဃဋေတွာ=ဆက်စပ်၍။ “ တဒါ=ထိုအခါ၌။ ဒုဋ္ဌရာဇာ=ပြစ်မှားသောမင်းယုတ်သည်။ ဒေဝဒတ္တော=ဒေဝဒတ်သည်။ အဟောသိ=ဖြစ်၏။ သပ္ပေါ=မြွေသည်။ သာရိပုတ္တော=အရှင်သာရိပုတ္တ သည်။ အဟောသိ=၏ ဥန္ဒူရော=ကြွက်သည်။ မောဂ္ဂလ္လာနော= အရှင်မောဂ္ဂလာန်သည်။ အဟောသိ=ဖြစ်၏။ သဝေါ=ကျေးသားငှက် သည်။ အာနန္ဒော=အရှင်အာနန္ဒာသည်။ အဟောသိ=၏။ ပစ္ဆာ= နောက်၌။ ရဇ္ဇပ္ပတ္တော=မင်း၏အဖြစ်သို့ရောက်ရှိသော။ ဓမ္မရာဇာ ပန= မင်းတရားသည်ကား။ အဟမေဝ=ငါဘုရားသည်သာ။ အဟောသိံ= ဖြစ်ခဲ့လေ၏။ ” ဣတိ=ဤသို့။ ။ ဇာတကံ=ကို။ သမောဓာနေသိ= ပေါင်းတော်မူ၏။

သစ္စံ ကိရဇာတကဝဏ္ဏနာ တတိယာ။

၄-ရုက္ခဓမ္မဇာတကဝဏ္ဏနာ (၇၄)

သာဓူ သမ္ဗဟုလာ ဉာတီတိ ဣဒံ(ပ)အာရဗ္ဘ ကထေသိ။

သာဓူ သမ္ဗဟုလာ ဉာတီတိ ဣဒံ=သာဓူ သမ္ဗဟုလာ ဉာတီ= အစရှိသောဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤရုက္ခဓမ္မဇာတ် ကို။သတ္ထာ=သည်။ ဇေတဝနေ=၌။ ဝိဟရန္တော=စဉ်။ ဥဒကကလဟေ= ရေကြောင့်ခိုက်ရန်ဖြစ်ပွားရာအခါ၌။ အတ္တနော=၏။ ဉာတကာနံ= ဆွေမျိုးတို့၏။ မဟာဝိနာသံ=ကြီးစွာသော ပျက်စီးခြင်းသို့။ ပစ္စုပဋ္ဌိတံ= ရှေးရှုရောက်သည်ကို။ ဥတွာ=သိတော်မူ၍။ အာကာသေန=ကောင်း ကင်ခရီးဖြင့်။ ဂန္တွာ=သွား၍။ ရောဟိဏီ နဒိယာ=ရောဟိဏီမြစ်၏။

ဥပရိ-အထက်၌။ ပလ္လင်္ကေ-ထက်ဝယ်ဖွဲ့သဖြင့်။ နိသိဒိတွာ-ထိုင်တော်မူ၍။ နိလရံသီ-ညိုသောရောက်ခြည်တော်ကို။ ဝိဿဇ္ဇေတွာ-လွှတ်၍။ ဉာတကာ-ဆွေမျိုးတို့ကို။ သံဝေဇေတွာ-ထိတ်လန့်စေ၍။ အာကာသာ-ကောင်းကင်မှ။ ဩရုယှ-သက်ဆင်း၍။ နဒီတီရေ-မြစ်ကမ်းနား၌။ နိသိန္နေ-ထိုင်နေတော်မူလျက်။ တံကလဟံ-ထိုခိုက်ရန်ဖြစ်ခြင်းကို။ အာရဗ္ဘ-အကြောင်းပြု၍။ ကထေသိ-၏။

အယ မေတ္တ သနေ်ပေါ၊ (ပ) အာဝိ ဘဝိဿတိ၊

အယံ-ဤဆိုအပ်ပြီသည်ကား။ ဧတ္ထ-ဤဇာတ်၌။သနေ်ပေါ-အကျဉ်းချုပ်တည်း။ ဝိတ္ထာရော ပန-အကျယ်သည်ကား။ ကုဏာလဇာတကေ-ကုဏာလဇာတ်၌။ အာဝိ-ထင်ရှားစွာ။ ဘဝိဿတိ-ဖြစ်လတံ့။

တဒါ ပန သတ္ထာ ဉာတကေ (ပ)လဒ္ဓုံဝဋ္ဋတိ၊

တဒါ-ထိုအခါ၌။ သတ္ထာ-မြတ်စွာဘုရားသည်။ ဉာတကေ-ဆွေမျိုးတို့ကို။ အာမန္တေတွာ-ခေါ်၍။ "မဟာရာဇာ-ဘုရင်မင်းမြတ်တို့။ တုမှေ-သင်တို့သည်၊ ဉာတကာ-ဆွေမျိုးတို့ပေတည်း။

ဉာတကေဟိ နာမ-ဆွေမျိုးတို့မည်သည်။ သမဂ္ဂေဟိ-ညီညွတ်ကြကုန်သည်။ သမ္မောဒမာနေဟိ-ဝမ်းမြောက်ဝမ်းသာကြကုန်သည်။ ဘဝိတုံ-ဖြစ်ခြင်းငှာ။ ဝဋ္ဋတိ-သင့်၏။ ဟိ-မှန်၏။ ဉာတကာ- ဆွေမျိုးတို့၏။ သာမဂ္ဂိယာ-ညီညွတ်ခြင်းသည်။ သတိ-ရှိသော်။ ပစ္စာမိတ္တာ-ရန်သူတို့သည်။ ဩကာသံ-အခွင့်အလမ်းကို။ နလဘန္တိ-မရကြ ကုန်။ မနုဿဘူတာ-လူဖြစ်ကုန်သောသူတို့သည်။ တိဋ္ဌန္တု+တာဝ- တည်ရှိကြကုန်ဦးတော့။ ဝါ-ထားကြကုန်ဦးတော့။ အစေတနာနံ-စိတ်စေတနာမရှိကြကုန်သော ရုက္ခာနမ္ပိ-သစ်ပင်တို့အားလည်း။ သာမဂ္ဂိ-ညီညွတ်ခြင်းကို။ လဒ္ဓုံ-ရခြင်းငှာ။ ဝဋ္ဋတိ-သင့်၏။

ဟိ-ထိုစကားသည်မှန်၏။ အတီတသို-ရှေးလွန်လေပြီးသော အခါ၌။ ဟိမဝန္တပ္ပဒေသေ-ဟိမဝန္တာအရပ်၌။ မဟာဝါတော- လေကြီးသည်၊ သာလဝနံ-အင်ကြင်းတောကို။ အညမညံ-အချင်းချင်း။ ရုက္ခ ဂန္ထဂုမ္ဗလတာဟိ-သစ်ပင်ကြီးသစ်ပင်ငယ် အကိုင်းအခက်ချုံနွယ်တို့ဖြင့်။ သမ္ဗန္ဓတ္တာ-ဆက်စပ်သည်၏အဖြစ်ကြောင့်။ ဧကရုက္ခမ္ပိ- သစ်ပင်တစ်ပင်ကိုမျှလည်း။ ပါတေတုံ-လဲကျခြင်းငှာ။ အသက္ကောန္တော- မတတ်နိုင်သည်ဖြစ်၍။ မတ္ထကမတ္ထကေနေဝ- ဘပ်ဖျား, ထိပ်ဖျားဖြင့် ပင်လျှင်။ အဂမာသိ-တိုက်ခတ်သွား၏။

ဧကံ ပန အင်္ဂဏေ ဌိတံ (ပ) အတီတံ အာဟရိ။

အင်္ဂဏေ-ဟင်းလင်းလွင်ပြင်၌။ ဌိတံ-တည်ရှိသော။ သာခါဝိ ဋပသမ္ပန္နမ္ပိ-အခက်အခွတို့နှင့် ပြည့်စုံသည်လည်းဖြစ်သော။ ဧကံ မဟာရုက္ခံ-သစ်ပင်ကြီးတစ်ပင်ကိုကား။အညေဟိရုက္ခေဟိ- အခြားကုန်သောသစ်ပင်တို့နှင့်၊ အသမ္ဗန္ဓတ္တာ-မဆက်စပ်သည်၏အဖြစ် ကြောင့် ။ ဥမ္မူလေတွာ-အမြစ်ပါနုတ်၍။ ဘူမိယံ-မြေ၌။ ပါတေသိ- လဲကျစေ၏၊ ဣမိနာ ကာရဏေန-ဤအကြောင်းကြောင့်။တုမှေဟိပိ- သင်တို့သည်လည်း။ သမဂ္ဂေဟိ-ညီညွတ်ကြကုန်သည်။ သမ္မောဒမာနေဟိ-ဝမ်းမြောက်ကြကုန်သည်။ ဘဝိတုံ-ဖြစ်ခြင်းငှာ။ ဝဋ္ဋတိ+" တိ-သင့်၏-ဟု။ ဝတွာ-ဆို၍ တေဟိ-ထိုဆွေမျိုးတော်တို့သည်။ ယာစိတော-တောင်းပန်အပ်သည်ရှိသော်။ အတီကံ-အတိတ်ကို။ အာဟရိ-ဆောင်တော်မူ၏။

အတီတေ ဗာရာဏသိယံ (ပ) သာသနံ ပေသေသိ၊

အတီတေ-၌။ ဗာရာဏသိယံ-၌။ ဗြဟ္မဒတ္တေ-ဗြဟ္မဒတ်မင်းသည်။ ရဇ္ဇံ-မင်း၏အဖြစ်ကို။ ကာရေန္တေ-ပြုစဉ်။ ပဌမံ-ရှေးဦးစွာ။ ဥပ္ပန္နော-ဖြစ်သော။ ဝေဿဝဏော-ဝေဿဝဏ်အမည်ရှိသော။

ဒသာ။ ဝေဒေ-ဗေဒင်တို့ကိုလည်းကောင်း။ အဌာရသ-တစ်ဆယ့်ရှစ်ရပ်ကုန်သော။ ဝဇ္ဇဌာနာနိ-အတတ်တို့ကိုလည်းကောင်း။ ဥဂ္ဂဟေတွာ-သင်၍။ သဗ္ဗသိပ္ပေသု-အလုံးစုံသောအတတ်တို့၌။ နိပ္ဖတ္တိ-အပြီးသို့။ ပတွာ-ရောက်၍။ စူဠဓနုဂ္ဂဟပဏ္ဍိတော-စူဠဓနုဂ္ဂဟပဏ္ဍိတမည်သည်။ အဟောသိ-ဖြစ်ပြီ။ သော-ထိုဘုရားလောင်းသည်။ တက္ကသိလာတော- တက္ကသိုလ်ပြည်မှ။ နိက္ခမိတွာ-ထွက်ခဲ့၍။ သဗ္ဗသမယသိပ္ပါနိ-အလုံး စုံသောအတတ်တို့ကို။ ပရိယေသမာနော-ရှာလျက်။ ခဟိသကရဋ္ဌ-မဟိသကတိုင်းသို့။ အဂမာသိ-သွားပြီ။ ဣမသ္မိံပန-ဒုတကေ-ဤစူဠဓနုဂ္ဂဟဇာတ်၌ကား။ ဗောဓိသတ္တော-သည်။ ထောက်-အနည်းငယ်။ ရဿော-ပုသည်။ ဩဏတကာ ရောဘုန်းသောကိုယ်ရှိသည်။ အဟောသိ-ဖြစ်၏။ သော-ထိုဘုရားလောင်းသည်။ စိန္တေသိ-ကြံ၏။ (ကိံစိန္တေသိ-နည်း) "အဟံ-ငါသည်။ ဘိက္ခု-တစ်စုံ တစ်ယောက်သော။ ရာဇာန်-မင်းသို့။ သစေ ဥပသင်္ကမိဿာမိ- အကယ်၍ချဉ်းကပ်ငြားအံ့။ သော-ထိုဘုရားလောင်းသည်။ 'ဧဝံ ဤသို့ ချဉ်းကပ်သည်ရှိသော်။ ရဿသရီရော-ပုသောကိုယ်ရှိသော။ တွံ-သင်သည်။အမှာက်-ငါတို့၏။ ကမ္မံ-အမှုကို။ ကိံကရိဿသိ-အသို့ပြုလတံ့ နည်း။' ဣတိ-ဤသို့။ ဝက္ခတိ-ဆိုလတံ့။ အဟံ-ငါသည်။ အာရောဟ ပရိဏာဟသမ္ပန္နံ-အလုံးအရပ်နှင့် ပြည့်စုံသော။ အဘိရူပံ-အဆင်းလှသော။ ဧကံပုရိသံ-ယောကျ်ားတစ်ယောက်ကို။ ဖလကံ ကတွာ-အမှီ ပြု၍။ တဿ-ထိုယောကျ်ား၏။ ပိဋ္ဌိစ္ဆာယာယ-ကျောရိပ်ဖြင့်။ ဇီဝိကံ- အသက်မွေးခြင်းကို။ ယန္တေန ကပ္ပေယျ-အကယ်၍ပြုရမူကားကောင်း လေစွ။ ဣတိ-သို့။ စိန္တေသိ-ကြံ၏။ သော-ထိုဘုရားလောင်းသည်။ တထာရူပံ-ထိုသို့သဘောရှိသော။ ပုရိသံ-ယောကျ်ားကို။ ပရိယေ သမာနော-ရှာသည်ရှိသော်။

ဘိမသေနသဿနာမ-ဘိမသေနမည်ရှိသော။ ကေသ-တစ်ယောက်သော။ တန္တဝါယဿ-ရက္ကန်းသည်၏။ တန္တဝိတဋ္ဌာနံ-ရက်ကန်းယက်ရာအရပ်သို့။ ဂန္တွာ-သွား၍။ တေန-ထိုဘိမသေနနှင့်။ သဒ္ဓိံ-တကွ။ ပဋိသန္ထာရံ-နှုတ်ခွန်းဆက်ခြင်းကို။ ကတွာ=ပြု၍။ " သမ္မ-အဆွေ၊ တွံ-သင်သည်။ ကိံနာမော-အဘယ် အမည်ရှိသည်။ အသိ-ဖြစ်သနည်း။ " ဣတိ-ဤသို့။ ပုစ္ဆိ-မေး၏။ အဟံ-အကျွန်ုပ်သည်။ ဘိမသေနော နာမ-ဘိမသေနအမည်ရှိ၏။ ဣတိ-ဤသို့ (အာဟ-ဆို၏)၊ တွံ-သင်သည်။ ဧဝံ-ဤသို့။ အဘိရူပေ- အဆင်းလှသော။ ဥပဓိသမ္ပန္နော-ဥပဓိရုပ်နှင့်ပြည့်စုံသည်။ ဟုတွာ-၍။ ကြမံ လာမကမ္မံ-ဤယုတ်သောအမှုကို။ ကိံပန-အဘယ်ကြောင့်။ ကရောသိ-ပြုသနည်း။ ဣတိ-သို့၊ ပုစ္ဆိ-မေး၏။ ဇီဝိတုံ-အသက်မွေးခြင်းငှါ။ အသက္ကောန္တော-မတတ်နိုင်သည်ဖြစ်၍။ (ကရောမိ-ပြု၏) ဣတိ-ဤသို့။ (အာဟ=ဆို၏) " သမ္မ-အဆွေ။ ဧတံ ကမ္မံ-ဤအမှုကို။ မာကရိ-မပြုလင့်။ သကလဇမ္ဗူဒီပေ။ အလုံးစုံသောဇမ္ဗူဒိပ်၌။ မယာ-ငါနှင့်။ သဒိသော-တူသော။ ဓနုဂ္ဂဟောနာမ-လေးသမားမည်သည်။ နတ္ထိ-မရှိ။ အဟံ-ငါသည်။ ကဉ္စိ-တစ်ယုံ ဟစ်ယောက်သော။ ရာဇာနံ-မင်းကို။ သစေပန ပဿေယျံ-အကယ်၍မြင်ငြားအံ့။ (ဧဝံသတိ-ဤသို့မြင်သည်ရှိသော်။) သော ထိုမင်းသည်။ မံ-ငါကို။ ဧဝံရူပော-ဤသို့ပုံသော။ အယံ-ဤသူသည်။ အမှာကံ-ငါတို့၏။ ကမ္မံ-အမှုကို။ ကိံကရိဿတိ-အဘယ်သို့ ပြုနိုင်လတံ့နည်း။ ဣတိ+သို့။ ကောပေယျ-ပြက်ရယ်ပြု ရာ၏။ တွံ-သင်သည်။ ရာဇာနံ-မင်းကို။ ဒိသွာ-ဖူးမြင်၍။ (မဟာရာဇ၊ အရှင်မင်းကြီး) 'အဟံ-အကျွန်ုပ်သည်။ ဓနုဂ္ဂဟော-လေးသမားတည်း။ 'ဣတိ-ဤသို့။ ဝဒေသိ-ဆိုအံ့။ ရာဇာ-မင်းကြီးသည်။ တေ-သင့်အား။ ပရိဗ္ဗယံ-ရိက္ခာကို။ ဒတွာ-ပေး၍။ ဝုတ္တိံ-

အသက်မွေးခြင်းကို။ နိဗန္ဓ-အမြဲ။ ဒဿတိ-ပေးအံ့။ အဟံ-ငါသည်။ တေ-သင့်အား။ ဥပ္ပန္နကမ္မံ-ဖြစ်သောအမှုကို။ ကရောန္တော-ပြုလျက်။ တဝ-သင်၏။ ပဋိစ္စာယာယ-ကျောရိပ်ဖြင့်။ ဇီဝိဿတိ-အသက်မွေးအံ့။ ဧဝံ-ဤသို့။ ဥဘော-နှစ်ယောက်ကုန်သော။ (မယမ္ပိ-ငါတို့သည်လည်း) သုခိတာ-ချမ်းသာခြင်းရှိကြကုန်သည်။ ဘဝိဿာမ-ဖြစ်ကုန်အံ့။ မမ-ငါ၏။ ဝစနံ-စကားကို။ ကရောဟိ-လိုက်နာသော။ ဣတိ-သို့။ အာဟ-ဆို၏။ သော-ထိုဘီမသေနသည်။ သာဓု" တိ-ကောင်းပြီဟု။ သမ္ပဋိစ္ဆိ-ဝန်ခံပြီ။

အထ နံ အာဒါယ (ပ) ဗောဓိသတ္တော နိစ္စရတိ။

အထ-ထိုအခါ၌။ နံ-ထိုဘီမသေနကို။ အာဒါယ-၍။ ဗာရာဏသိ-သို့။ ဂန္တွာ-သွား၍။ သယံ-မိမိသည်။ စူဠုပဋ္ဌာကော-အလုပ်အကျွေးငယ်သည်။ ဟုတွာ-၍။ တံ-ထိုဘီမသေနကို။ ပုရတော-ရှေ့မှ။ ကတွာ-ပြု၍။ ရာဇဒွါရေ-မင်းအိမ်တံခါး၌။ ဌတွာ-ရပ်၍။ ရညော-မင်းအား။ အာရောစာပေသိ-ကြားစေ၏။ "အာဂစ္ဆန္တု-ဝင်စေကုန်လော။" ဣတိ-ဤသို့။ ဝုတ္တေ-ဆိုအပ်သည်ရှိသော်။ ဥဘောပိ-နှစ်ယောက်ကုန်သောသူတို့သည်လည်း။ ပဝိသိတွာ-ဝင်၍။ ရာဇာနံ-မင်းကို။ ဝန္ဒိတွာ-ရှိခိုး၍။ အဋ္ဌံသု-နေကုန်ပြီ။ "ကိံ ကာရဏာ-အဘယ်အကြောင်းကြောင့်။ အာဂတာ-လာကုန်သည်။ အတ္ထ-ဖြစ်ကုန်သနည်း။" ဣတိ-ဤသို့။ ဝုတ္တေ-မေးသည်ရှိသော်။ ဘီမသေနော-ဘီမသေနသည်။ အာဟ-လျှောက်၏။ (ကိံအာဟ-နည်း) (မဟာရာဇ-ကြီး။) အဟံ-အကျွန်ုပ်သည်။ ဓနုဂ္ဂဟော-လေးသမားတည်း။ မယာ-သကလဇမ္ဗူဒီပေ-အလုံးစုံသောဇမ္ဗူဒိပ်၌။ မယာ-အကျွန်ုပ်နှင့်။ သဒိသော-တူသော။ ဓနုဂ္ဂဟော-လေးသမားသည်။ နတ္ထိ-မရှိ။" ဣတိ-ဤသို့။ အာဟ-လျှောက်၏။ ကိံ ပန-အဘယ်မျှသောဥစ္စာကို။

လဘာန္တော-ရသည်ရှိသော်။ မံ-ငါ့ကို။ ဥပဋ္ဌဟိဿသိ-ခစားလတ့ံနည်း။ ဣတိ-ဤသို့။ (ပုစ္ဆိ-မေး၏) ဒေဝ-အရှင်မင်းကြီး။ အမ္မမာသေ-လခွဲ၌။ သဟဿ-အသပြာတစ်ထောင်ကို။ လဘာန္တော-ရသည်ရှိသော်။ ဥပဋ္ဌဟိဿာမိ-ခစားပါအံ့။ ဣတိ-သို့။ (အာဟ-လျှောက်၏) အယံ ပုရိသော-ဤယောကျ်ားသည်။ တေ-သင့်အား။ ကိံဟောတိ-အဘယ်သို့တော်သနည်း။ ဣတိ-သို့။ (ရာဇာ-မင်းကြီးသည်။ ပုစ္ဆိ-မေး၏)၊ ဒေဝ-အရှင်မင်းကြီး။ (မမ-အကျွန်ုပ်၏။) စူဠုပဋ္ဌာကော-အလုပ်အကျွေးငယ်တည်း။ ဣတိ-သို့။ (အာဟ-လျှောက်၏။) သာဓု-ကောင်းပြီ။ ဥပဋ္ဌာဟ-ခစားလော။ ဣတိ-ဤသို့။ (ရာဇာ-မင်းကြီးသည်။ အာဟ-ဆို၏) တတော-ထိုအခါမှ။ ပဋ္ဌာယ-စ၍။ ဘီမသေနော-ဘီမသေနသည်။ ရာဇာနံ-မင်းကို။ ဥပဋ္ဌဟတိ-ခစား၏။ အဿ-ထိုဘီမသေနအား။ ဥပ္ပန္နကိစ္စံပန-ဖြစ်သောကိစ္စကိုကား။ ဗောဓိသတ္တော၀-ဘုရားလောင်းသည်သာလျှင်။ နိတ္ထရတိ-လွှမ်းမိုး၏။

တေန ခေါ်ပန (ပ) ဖရုသ၀စနာနိ ၀ဒတိ၊

တေန ခေါ်ပန သမယေန-၌။ကာသိရဋ္ဌေ-ကာသိတိုင်း၌။ ဧကသ္မိံအရညေ-တစ်ခုသောတော၌။ မဟူနံ-များစွာကုန်သော။ မနုဿာနံ-လူတို့၏။ သဥ္စရဏာမဂ္ဂံ-သွားရာလမ်းခရီးကို။ ဗျဂ္ဃော-ကျား သည်။ ဆန္ဒာပေတိ-စွန့်စေ၏။ ဗဟူ-များစွာကုန်သော။ မနုဿေ-လူတို့ကို။ ဂဟေတွာ ဂဟေတွာ-ဖမ်း၍ဖမ်း၍။ ခါဒတိ-စား၏။ တံ ပ၀တ္တိံ-ထိုအကြောင်းကို။ ရညော-မင်းအား။ အာရောစေသုံ-လျှောက် ကြားကုန်ပြီ။ ရာဇာ-မင်းကြီးသည်။ ဘီမသေနံ-ဘီမသေနကို။ ပက္ကော သာပေတွာ-ခေါ်စေ၍။ "တာတ-မောင်။ နံ ဗျဂ္ဃံ-ထိုကျားကို၊ ဂဏှိတုံ-ဖမ်းခြင်းငှါ။ သက္ခိဿတိ-တတ်နိုင်လတ့ံလော။" ဣတိ-ဤသို့။ အာဟ-မိန့်ဆို၏။ ဒေဝ-အရှင်မင်းကြီး။ ဗျဂ္ဃံ-ကျားကို၊

ဂဟေတုံ-ဖမ်းခြင်းငှါ။ ယဒိန သက္ကောမိ-အကယ်၍မတတ်နိုင်အံ့။ အဟံ-ငါသည်။ ကိံ နုဂ္ဂဟောနာမ-အဘယ်မှာလေးသမားမည်အံ့နည်း။ ဣတိ-ဤသို့။ (အာဟ-လျှောက်၏) ၊ ရာဇာ-မင်းကြီးသည်။ တဿ-ထိုဘီမသေနအား။ ပရိဗ္ဗယံ-ရိက္ခာကို။ ဒတွာ-ပေး၍။ ဥယော ဇေသိ-လွှတ်လိုက်၏။ သော-ထိုဘီမသေနသည်။ ယရံ-အိမ်သို့။ ဂန္တာ- သွား၍။ ဗောဓိသတ္တဿ-ဘုရားလောင်းအား။ ကထေသိ-ပြောဆို၏။ ဗောဓိသတ္တော-ဘုရားလောင်းသည် "သမ္မ-အဆွေ။ သာဓု-ကောင်းပြီ။ ဂစ္ဆ-သွားလေလော။" ဣတိ-ဤသို့။ အာဟ-ဆို၏။ တွံပန သင်သည်ကား။ နဂမိဿသိ-မလိုက်လော။ ဣတိ-ဤသို့။ (အာဟ-ဆို၏) အာမ-အိမ်း။နဂမိဿာမ-ငါမလိုက်အံ့။ ဥပါယံ ပန-ဥပါယ်ကိုကား။ တေ-သင့်အား။ အာစိက္ခိဿာမိ-ကြားအံ့။ ဣတိ။ ဤသို့။ (အာဟ-ဆို၏။) သမ္မအဆွေ။ အာစိက္ခ-ကြားလော။ဣတိ-သို့။ (အာဟ-ဆို၏) တွံ-သင်သည်။ ဗျဂ္ဃဿ-ကျား၏။ ဝသနဋ္ဌာနံ-နေရာအရပ်သို့။ သဟသာ-အဆောတလျင်။ ဧကောဝ-တစ်ယောက်တည်းသာလျှင်။ မာ အဂမာသိ-မသွားလင့်။ ဇနပဒမနုဿေပန-ဇနပုဒ်သားတို့ကို။ သန္နိပါတေတွာ-စည်းဝေးစေပြီး၍။ ဧကံဝါ-ဒွေဝါ ဓနုသဟဿာနိ-တစ်ထောင်နှစ်ထောင်ကုန်သော လေးသမားတို့ကို။ ဂါဟာပေတွာ-ခေါ်စေ၍။ တတ္ထ-ထိုကျားရှိရာအရပ်သို့။ ဂန္တာ-သွား၍။ ဗျဂ္ဃဿ-ကျား၏။ ဥဋ္ဌိတဘာဝံ-ထသည်၏အဖြစ်ကို။ ဉတွာ-သိ၍။ ပလာယိတွာ-ပြေး၍။ ဧကံ ဂုမ္ဗံ-တစ်ခုသောချုံသို့။ ပဝိသိတွာ-ဝင်၍။ ဥရေန-ရင်ဖြင့်။ နိပဇ္ဇေယျာသိ-ဝပ်လေလော့၊ ဇာနပဒါဝ-ဇနပုဒ်သားသည်သာလျှင်။ ဗျဂ္ဃံ-ကျားကို။ ပေါထေတွာ-ပုတ်ခတ်၍။ ဂဏှိဿန္တိ-ဖမ်းကုန်လတံ့။ တေဟိ-ထိုလူတို့သည်၊ ဗျဂ္ဃေ-ကျားကို။ ဂဟိတေ-ဖမ်းအပ်သည်ရှိသော်။ တွံ-သင်သည်၊

ဒန္တေဟိ-သွားတို့ဖြင့်။ ဇေကံဝလ္လိ-တစ်ခုသောနွယ်ကို။ ဆိဒ္ဒိတွာ-ဖြတ်၍။ ကောဋိယံ-နွယ်စွန်း၌။ ဂဟေတွာ-ကိုင်၍။ မတဗျဂ္ဃဿ-ကျားသေ၏။ သန္တိကံ-အထံသို့။ ဂန္တွာ-သွား၍ " ဘော-အချင်းတို့။ ကေန-အဘယ်သူသည်။ ဧသ-ဧသော ဗျဂ္ဃော-ကျားကို။ မာရိတော-သတ်အပ်သနည်း။ အဟံ-ငါသည်။ ဣမံ ဗျဂ္ဃံ-ကျားကို။ ဂေါဏံဝိယ-နွားကိုကဲ့သို့။ ဝလ္လိယာ-နွယ်ဖြင့်။ ဗန္ဓိတွာ-ဖွဲ့၍။ ရညော-မင်းကြီး၏သန္တိကံ-အထံသို့။ နေဿာမိ-ဆောင်အံ့။ ' ဣတိ-ဤသို့။ ဝလ္လိအတ္ထာယ-နွယ်အကျိုးငှါ။ ဂုမ္ဗံ-ချုံသို့။ ပဝိဋ္ဌော-ဝင်ပြီ။ မယာ-ငါသည်။ ဝလ္လိယာ-နွယ်ကို။ အနာဘတာယဧဝ-မဆောင်အပ်သည်ရှိသော်။ ကေန-အဘယ်သူသည်။ ဧသ-ဧသော-ဤကျားကို။ မာရိတော-သတ်အပ်သနည်း။ ဣတိ-ဤသို့။ ကထေယျာသိ-ဆိုလော့။

အထ-ထိုအခါ၌။ တေဇနပဒါ-ထိုဇနပုဒ်သားတို့သည်။ ဘီတတသိတာ-ကြောက်လန့်ကုန်သည်ဖြစ်၍။ "သာမိ-အရှင်ဘီမသေန။ ရညော-မင်းအား။ မာအာစိက္ခိ-မကြားပါလင့်။" ဣတိ-သို့။ ဗဟုံဓနံ-များစွာသောဥစ္စာကို။ ဒဿန္တိ-ပေးကုန်လတ့်။ တယာ-သင်သည်။ ဗျဂ္ဃော-ကျားကို။ ဂဟိတော-ဖမ်းအပ်သည်။ ဘဝိဿတိ-ဖြစ်လတ့်။ ရညောပိ-မင်း၏လည်း။ သန္တိကာ-အထံမှ။ဗဟုံ-များစွာသော။ ဓနံ-ဥစ္စာကို။ လဘိဿတိ-ရလတ့်။ ဣတိ-ဤသို့။ (ဗောဓိသတ္တော-သည်။ အာဟ-ဆို၏) သော-ထိုဘီမသေနသည်။ " သာဓု " ဣတိ-ကောင်းပြီဟူ၍။ သမ္ပဋိစ္ဆိတွာ-ဝန်ခံ၍။ ဗောဓိသတ္တေန-ဘုရားလောင်းသည်။ ကထိတနိယာမေနေဝ-ဆိုအပ်သောနည်းဖြင့်သာလျှင်။ ဗျဂ္ဃံ-ကျားကို။ ဂဟေတွာ-ဖမ်း၍။ အရညံ-တောကို။ ခေမံ-ဘေးမရှိအောင်။ ကတွာ-ပြု၍။ မဟာဇနပရိဝုတော-လူအများသည် ခြံရံအပ်သည်ဖြစ်၍။ ဗာရာဏသိ-သို့။ အာဂန္တွာ-လာ၍။ ရာဇာနံ-မင်းကို။

ဒိဿာ-ဖူးမြင်၍။ "ဒေဝ-အရှင်မင်းကြီး။ မေ-အကျွန်ုပ်သည်။ ဗျဂ္ဃေ-ကျားကို။ ဂဟိတော-ဖမ်းအပ်ပြီ။ အရည-တောကို။ ခေမံ-ဘေးမရှိခြင်းကို။ ကတံ-ပြုအပ်ပြီ။ " ဣတိ-ဤသို့။ အာဟ-လျှောက်၏။ ရာဇာ-မင်းသည်။ တုဋ္ဌော-နှစ်သက်သည်ဖြစ်၍။ ဗဟုံဓနံ-များစွာသောဥစ္စာ ကို။ အဒါသိ-ပေး၏။ ပုနေကဒိဝသံ-တစ်နေ့သ၌။ "ဧကမဂ္ဂံ- တစ်ခု သောခရီးလမ်းကို။ မဟိံသော-ကျွဲသည်။ ဆဍ္ဍာပေတိ-စွန့်စေ၏။" ဣတိ-သို့။အာရောစေသုံ-ကြားလျှောက်ကုန်၏။ ရာဇာ-သည်။ တထေဝ-ထိုရှေးအတူသာလျှင်။ ဘိမသေနံ-ဘိမသေနကို။ ပေသေ သိ-စေ၏။ သောပိ-ထိုဘိမသေနသည်လည်း။ ဗောဓိသတ္တေန-သည်။ ဒိန္နနယေန-ပေးအပ်သောနည်းဖြင့်။ ဗျဂ္ဃံဝိယ-ကျားကိုကဲ့သို့။ တမ္ပိ- ထိုကျွဲကိုလည်း။ ဂဟေတွာ-ဖမ်း၍။ အာဂန္တွာ-လာ၏။ရာဇာ-မင်းကြီး သည်။ ပုန-တဖန်။ ဗဟုံ=များစွာသော။ ဓနံ-ဥစ္စာကို။ အဒါသိ-ပေး၏။ မဟန္တံ-များစွာသော။ ဣဿရိယံ-စည်းစိမ်သည်။ ဇာတံ-ဖြစ်၏။ သော-ထိုဘိမသေနသည်။ ဣဿရိယမဒမတ္တော-စည်းစိမ်ယစ်ခြင်း ဖြင့်ယစ်သည်ဖြစ်၍။ ဗောဓိသတ္တံ-ဘုရားလောင်းကို။ အဝမညံ-မထေမဲ့မြင်ကို။ ကတွာ-ပြု၍။ တဿ-ထိုဘုရားလောင်း၏။ ဝစနံ-စကား ကို။ နဂဏှာတိ-မယူ။ " အဟံ-ငါသည်။ တံ-သင့်ကို။ နိဿာယ-မှီ၍။ နဇီဝါမိ-အသက်မမွေး။ တွမေဝ-သင်သည်သာလျှင်။ ကိံပုရိ သော-ယောကျာ်းလော။" ဣတိအာဒီနိ-ဤသို့အစရှိကုန်သော။ ဖရုသဝစနာနိ-ကြမ်းကြုတ်သောစကားတို့ကို။ ဝဒတိ-ဆို၏။

အထကတိပါဟစ္စယေန (ပ) ဣမံ ဂါထမာဟ။

အထ-ထိုအခါ၌။ ကတိပါဟစ္စယေန-နှစ်ရက်သုံးရက်လွန်သဖြင့်။ ဧကော-တစ်ယောက်သော။ သာမန္တရာဇာ-ပြည်နီးချင်းမင်း

သည်။ အာဂန္တွာ- လာ၍။ ဗာရာဏသိံ-ကို။ ဥပရုန္ဓိတွာ-ဝန်းရံ၍။ "ရဇ္ဇံဝါ-ပြည်ကိုသော်လည်းကောင်း။ ဒေတု-ပေးအံ့လော။ ယုဒ္ဓံဝါ-စစ်တိုက်ခြင်းကိုသော်လည်းကောင်း။(ကရောတု-ပြုအံ့လော)။" ဣတိ-သို့။ ရညော-ဗာရာဏသီမင်းအား။ သာသနံ-သတင်းစကားကို။ ပေသေသိ-စေလိုက်၏။ ရာဇာ-ဗာရာဏသီမင်းသည်။ "ယုဇ္ဈာမိ-စစ်တိုးလော။" ဣတိ-သို့။ ဘိမသေနံ-ဘိမသေနကို။ ပေသေသိ-စေလိုက်၏။ သော-ထိုဘိသေနံ-ဘိမသေနကို။ ပေသေသိ-စေလိုက်၏။ သော-ထိုဘိမသေနသည်။ သဗ္ဗသန္နာဟသန္နဒ္ဓေါ-ချပ်တန်ဆာတို့ဖြင့် ဖွဲ့အပ်သည်ဖြစ်၍။ ရာဇဝံသံ-မင်း၏ အသွင်ကို။ ဂဟေတွာ-ယူ၍။ သုသန္နဒ္ဓဿ-ကောင်းစွာဖွဲ့အပ်သော။ ဝါရဏဿ-ဆင်၏။ ပိဋ္ဌေ-ကျောက်ကုန်း၌။ နိသီဒိ-နေ၏။ ဗောဓိသတ္တောပိ-ဘုရားလောင်းသည်လည်း။ တဿ-ထိုဘိမသေန၏။ မရဏဘယေန-သေဘေးမှကြောက်ခြင်းကြောင့်။ သဗ္ဗသန္နာဟသန္နဒ္ဓေါ- အလုံးစုံသောချပ်တန်ဆာတို့ဖြင့် ဖွဲ့သည်ဖြစ်၍။ ဘိမသေနဿဝ- ဘိမသေန၏သာလျှင်။ ပစ္ဆိမာသနေ-နောက်ဖြစ်သောနေရာ၌။ နိသီဒိ-နေ၏။ ဝါရဏော-ဆင်သည်။ ဝါ-ကို။ မဟာဇနပရိဝုတော- များစွာသောလူတို့ဖြင့်ဝန်းရံအပ်လျက်။ နဂရဒွါရေန-မြို့တံခါးမှ၊ နိက္ခမိတွာ-ထွက်စေ၍။ သင်္ဂါမ သီသံ-စစ်မြေဦးသို့။ ပါပုဏိ-ရောက်၏။ ဘိမသေနော-ဘိမသေနသည်။ ယုဒ္ဓဘေရိသဒ္ဒံ-စစ်ထိုးသောစည်သံကို။ သုတွာ=ကြား၍သာလျှင်။ ကမ္ပိတုံ-တုန်လှုပ်ခြင်းငှါ။ အာရဒ္ဓေါ-အားထုတ်၏။ ဗောဓိသတ္တော-သည်။ "ဣဒါနိ-ယခုအခါ၌။ ဧသ-ဧသော-ဤဘိမသေနသည်။ ဟတ္ထိပိဋ္ဌိတော-ဆင်ကျောက်ကုန်းမှ။ ပတိတွာ-ကျ၍။ မရိဿတိ-သေလတံ့။" ဣတိ-ဤသို့။ ဟတ္ထိ-ကွန္ဓတော-ဆင်ကျောက်ကုန်းမှ။ အပတနတ္ထံ-မကျခြင်းငှါ။ ဘိမသေ

နံ-ဘီမသေနကို။ ယောတ္တေန-ကြိုးဖြင့်။ ပရိက္ခိပိတွာ-ခြံရံ၍။ ဂဏှိ-
ကိုင်၏။ ဘီမသေနော-ဘီမသေနသည်။ သမ္ပဟာရဋ္ဌာနံ-စစ်ထိုးရာ
အရပ်ကို။ ဒိသွာ-မြင်၍။ မရဏဘယတဇ္ဇိတော-သေဘေးမှ ကြောက်
ခြင်းကြောင့်။ သရီရဝဍ္ဍေန-ကျင်ကြီးကျင်ဖြင့်။ ဟတ္ထိပိဋ္ဌိ-ဆင်
ကျောက်ကုန်းကို။ ဒူသေသိ-ဖျက်ဆီး၏။ ဗောဓိသတ္တော-သည်။
"ဘီမသေန-ဘီမသေန။ တေ-သင်၏။ ပုရိမေန-ရှေးစကားနှင့်။
ပစ္ဆိမံ-နောက်ဖြစ်သောစကားသည်။ န ခေါသမေတိ-မညီသည်သာ
လျှင်တည်း။ တွံ-သင်သည်။ ပုဗ္ဗေ-ရှေး၌။ သင်္ဂါမယောဓောဝိယ-
စစ်သူရဲကဲ့သို့။ အဟောသိ-ဖြစ်၏။ ဣဒါနိ-ယခုအခါ၌။ ဟတ္ထိပိဋ္ဌိ-
ဆင်ကျောက်ကုန်းကို။ ဒူသေသိ-ဖျက်ဆီး၏။" ဣတိ-ဤသို့။ ဝတွာ-
ဆို၍။ ဣမံဂါထံ-ဤဂါထာကို။ အာဟ-ဆို၏။ (ကီအာဟ-နည်း။)။

၈၀။ ယံတေ ပဝိကတ္ထိတံ ပုရေ၊ အထတေ ပူတိသရာသဇန္တိပစ္ဆာ။
ဥဘယံနသမေတိဘီမသေန၊ ယုဒ္ဓကထာစဣဒဉ္စတေဝိဟညံ။

ဘီမသေန-ဘီမသေန။ ယံ-ယေန ကာရဏေန-အကြင်
အကြောင်းကြောင့်။ ပုရေ-ရှေး၌။ တေ-တယာ-သင်သည်။ ပဝိက
တ္ထိတံ-သူတပါး တို့အားရှုတ်ချသောစကားကိုဆိုအပ်၏။ အထ-
ထိုသို့ဆိုအပ်လျက်။ ပစ္ဆာ-နောက်ဖြစ်သောယခုအခါ၌။ တေ-
သင့်အား။ပူတိသရာ=ကျင်ကြီးကျင်ငယ်တို့သည်။ သဇန္တိ-ယိုစီးကုန်၏။
တေ-သင်၏။ ယုဒ္ဓကထာ စ-စစ်ထိုးခြင်းစကားသည် လည်းကောင်း။
ဝိဟညဉ္စ-ပင်ပန်းခြင်းသည် လည်းကောင်း။ ဣဒံဥဘယံ-ဤနှစ်ပါးစုံ
သည်။ နသမေ-မညီညွတ်။

တတ္ထ ယံ တေ (ပ) ဝိဟညာတေတိ အတ္ထော။

တတ္ထ-ထိုဂါထာတို့၌။ ယံ တေ ပဝိကတ္ထိတံ ပုရေတိ-ယံ တေ
(ပ) ပုရေ-ဟူသည်ကား။ ယံ-ယေနကာရဏေန-အကြင်အကြောင်း

ကြောင့်။ တယာ-သင်သည်။ ပုဗ္ဗေ-ရှေး၌။ " တွံယေဝ-သင်သည်သာ လျှင်။ ကိံ ပုရိသော-ယောက်ျားလော။ အဟံ-ငါသည်။ နပုရိသော-ယောက်ျားမဟုတ်သော။ အဟမ္ပိ-ငါသည်လည်း။ သင်္ဂါမယောဓော-စစ်သူရဲတည်း။ " ဣတိ-ဤသို့။ ဝိကတ္ထိတံ-ဝမ္ဘနဝစနံ-သူတပါးတို့အား ရှုတ်ချသောစကားကို။ ဝုတ္တံ-ဆိုအပ်ပြီ။ တာဝ-ရှေးဦးစွာ။ ဣဒံ-ဤသည်ကား။ ဇော-ပဝိကတ္ထိတံ-ပုဒ်တစ်ပုဒ်၏ အဖွင့်တည်း။ အထ တေ ပူတိသရာ သဇန္တိ-ပဇ္ဇာတိ-အထ (ပ) ပဇ္ဇာ-ဟူသည်ကား။ အထ-ထိုသို့ဖြစ်လျှက်။ တေ-သင်၏။ တေ-ပူတိဘာဝေနစ-ကျင်ကြီး အဖြစ်ဖြင့်လည်းကောင်း။ သရဏဘာဝေန စ-ကျင်ငယ်အဖြစ်ဖြင့် လည်းကောင်း။ " ပူတိသရာတိ-ပူတိသရာ-တို့ဟူ၍။ လဒ္ဓနာမာ-ရအပ်သောအမည်ရှိကုန်သော။ ဣမေသရီရဝဠ ဥစ္စာရာ-ဤကျင်ကြီး ကျင်ငယ်တို့ကို။ သဇန္တိ ဝဋ္ဋန္တိ-ယိုစီးကုန်၏။ ပဋ္ဃရန္တိ-ယိုစီးကုန်၏။ ပဇ္ဇာတိ-ပဇ္ဇာ-ဟူသည်ကား။ တတော-ထိုမှ။ ပုရေ-ရှေး၌။ ဝိကတ္ထိတ တော-သူတပါးတို့အား ရှုတ်ချသည်မှ။ အပရဘာဂေ-တပါးသော အဖို့၌။ ဣဒါနိ-ဣမသ္မိံသင်္ဂါမသီသေ- ဤစစ်မြေဦး၌။ ဣတိအယံ-ဤသည်ကား။ အတ္ထော-အနက်တည်း။ ဥဘယံ နသမေတိ ဘီမသေနာတိ-ဥဘယံ (ပ) ဘီမသေနာ-ဟူသည်ကား။ ဘီမသေန-ဘီမသေန။ ဣဒံဥဘယံ-ဤနှစ်ပါးစုံ။သည်။ နသမေတိ-မညီ။ ကကာဒရံ-အဘယ်သို့။ နသမေတိ-မညီသနည်း။ ယုဒ္ဓကထာစဣဒ္ဓဓွ တေဝိဟညန္တိ-ယုဒ္ဓကထာစဣဒဓွ တေဝိဟညံ-ဟူ၍။ နသမေတိ-မညီ။ ပုရေ-ရှေး၌။ ယာယုဒ္ဓကထာစ-အကြွင်စစ်ထိုးခြင်းကစား သည်လည်းကောင်း။ကထိတာ-ဆိုအပ်၏။ ဣဒါနိ-ယခုအခါ၌။ တေ-သင်၏။ ယဥ္စဝိဟည-အကြွင်ပင်ပန်းခြင်းသည်လည်းကောင်း။ ယော စကိလမထော-ပင်ပန်းခြင်းသည်လည်းကောင်း။ ဟတ္ထိပိဋ္ဌေဒူသနာကာ

ရပ္ပတ္တော-ဆင်ကျောက်ကုန်းကို ဖျက်ဆီး၏အခြင်းအရာသို့ရောက်သည်။ ဝိယာတော-ပင်ပန်းသည်။ က္ကတိအယံ-ဤသည်ကား။ အတ္တော-အနက်တည်း။

ဧဝံ ဗောဓိသတ္တော (ပ) ယထာကမ္မံဂတော။

ဧဝံ ဤသို့။ ဗောဓိသတ္တော-သည်။ တံ-ထိုဘိမသေနကို။ ဂရဟိတွာ-ကဲ့ရဲ့၍။ " သမ္မ-အဆွေ။ မာဘာယိ-မကြောက်လင့်။ ကသ္မာ-အဘယ်ကြောင့်။ မယိ-ငါသည်။ ဌိတေ-ရှိလတ်သော်။ ဝိဟညသိ-ပင်ပန်းဘိသနည်း။ " က္ကတိ-သို့။ ဘိမသေနံ-ဘိမသေနကို။ ဟတ္ထိပိဋ္ဌိတော-ဆင်ကျောက်ကုန်းမှ။ ဩတာရေတွာ-ချ၍။ "နှာယိတွာ-ရေချိုး၍။ ဂေဟမေဝ-အိမ်သို့သာလျှင်။ ဂစ္ဆ-သွားလေလော" က္ကတိ-ဤသို့။ ဥယျောဇေတွာ-လွှတ်လိုက်၍။ ဝါ-တိုက်တွန်း၍။ "အဇ္ဇ-ယနေ့။ မယာ-ငါသည်။ ပါကဋေန-ထင်ရှားသောသူသည်။ ဘဝိတုံ-ဖြစ်ခြင်းငှါ။ ဝဋ္ဋတိ-အပ်၏။ " က္ကတိ-သို့။ သင်္ဂါမံ-စစ်မြေပြင်သို့။ ပဝိသိတွာ-ဝင်၍။ ဥန္နဒိတွာ-ကြော်ငြာ၍။ ဗလကောဋ္ဌကံ-ဗိုလ်ထုကို။ ဘိန္ဒိတွာ-ဖျက်၍။ သပတ္တရာဇာနံ-ရန်သူမင်းကို။ ဇီဝဂ္ဂါဟံ-အရှင်ဖမ်းခြင်းကို။ ဂါဟာပေတွာ-ဖမ်းစေ၍။ ဗာရာဏသိရညော-ဗာရာဏသီမင်း၏။ သန္တိကံ-အထံသို့။ အဂမာသိ-သွား၏။ ရာဇာ-မင်းသည်။ တုဋ္ဌော-နှစ်သက်သည်ဖြစ်၍။ ဗောဓိသတ္တဿ-ဘုရားလောင်းအား။ မဟန္တံ-ကြီးစွာသော။ ယသံ-စည်းစိမ်ကို။ အဒါသိ-ပေး၏။ တတော-ထိုအခါမှ။ ပဋ္ဌာယ-စ၍။ " စူဠဓနုဂ္ဂဟပဏ္ဍိတော" တိ-စူဠဓနုဂ္ဂဟပဏ္ဍိတ-ဟူ၍။ သကလဇမ္ဗုဒီပေ-အလုံးစုံသောဇမ္ဗူဒိပ်၌။ ပါကဋော-ထင်ရှားသည်။ အဟောသိ-ဖြစ်၏။ သော-ထိုဘုရားလောင်းသည်။ ဘိမသေနဿ-ဘိမသေနအား။ ပရိဗ္ဗယံ-ရိက္ခာကို။ ဒတွာ-ပေး၍။ သကဋ္ဌာနမေဝ-မိမိနေရာသို့သာလျှင်။ ပေသေတွာ-စေလွှတ်၍။

ဒါနာဒီနီ-ဒါန-အစရှိကုန်သော။ ပုညာနိ-ကောင်းမှုတို့ကို။ ကတွာ-ပြု၍။ ယထာကမ္မံ-ကံအားလျော်စွာ။ ဂတော-လား၏။

သတ္ထာ (ပ) အဟမေဝ အဟောသိန္တိ၊

သတ္ထာ-မြတ်စွာဘုရားသည်။ "ဘိက္ခဝေ-ရဟန်းတို့။ ဧသ-ဧသောဘိက္ခု-ဤရဟန်းသည်။ ဣဒါနေဝ-ယခုအခါ၌သာလျှင်။ န ဝိကတ္ထေတိ-သူတပါးတို့အားရှုတ်ချသောစကားကိုဆိုတတ်သည် မဟုတ်သေး။ ပုဗ္ဗေပိ-ရှေး၌ လည်း။ ဝိကတ္ထိယေဝ-ဆိုဖူးသည်သာလျှင်တည်း။" ဣတိ-ဤသို့။ ဝတွာ-မိန့်တော်မူ၍။ ဣမံ ဓမ္မဒေသနံ-ဤတရားဒေသနာတော်ကို။ အာဟရိတွာ-ဆောင်တော်မူ၍။ အနုသန္ဓိ-ကို။ ဃဋေတွာ-စပ်၍။ တဒါ-ထိုအခါ၌။ ဘီမသေနော-သည်။ ဣဒါနိ-ယခုအခါ၌။ ဝိကတ္ထိတဘိက္ခု-ရှုတ်ချသောရဟန်းသည်။ အဟောသိ-ဖြစ်ပြီ။ တဒါ-ထိုအခါ၌။ စူဠဓနုဂ္ဂဟပဏ္ဍိတော ပန-စူဠဓနုဂ္ဂဟပဏ္ဍိတသည်ကား။ ဣဒါနိ-ယခုအခါ၌။ အဟ မေဝ-ငါဘုရားသည်သာလျှင်။ အဟောသိ-ဖြစ်ဖူးပြီ။ " ဣတိ-ဤသို့။ ဇာတကံ-ဇာတ်တော်ကို။ သမောဓာနေသိ-ပေါင်းတော်မူ၏။

ဘီမသေနဇာတကဝဏ္ဏနာ ဒသမာ၊

ဝရုဏဝဂ္ဂေါ အဋ္ဌမော၊

၁။ မဟာသီလဝဇာတ် အစိပ္ပာယ်အကျဉ်းချုပ် (၅၀)

ရှေးလွန်လေပြီးသောအခါ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် မိဖုရားကြီးဝမ်း၌ ဖြစ်၏။ ထိုဘုရားလောင်း မဟာသီလဝသတို့သားသည် အရွယ်ရောက်သော် အတတ်အားလုံးတို့ကို တတ် မြောက်၏။ ခမည်းတော်ဗြဟ္မဒတ်မင်း နတ်ရွာစံလျှင် သားတော် မဟာသီလဝမင်း နန်းတက်၏။ မင်းကြီးသည် တရားသဖြင့် မင်းပြု၏။ နေ့စဉ် ဆင်းရဲသားတို့အား ပေးလှူလှူရှိ၏။ ခန္တီ မေတ္တာသနားခြင်းနှင့် ပြည့်စုံတော်မူ၏။

တစ်နေ့သောအခါ မင်းကြီးသည် အမှုကျူးလွန်သောအမတ်တစ်ဦးကို တိုင်းပြည်မှ နှင်ထုတ်လိုက်၏။ ထိုအမတ်သည် ကောသလမင်းနှင့်ပေါင်းပြီး မဟာသီလဝမင်းနှင့်အမတ်တစ်ထောင်ကို ဖမ်းယူ၍ သုသာန်၌ မြေကျင်းတူးကာ ဦးခေါင်းပေါ်ရုံမျှ ချန်ထားပြီး မြှုပ်ထား၏။

မြေခွေးများသည် ညသန်းခေါင်အချိန်တွင် မဟာသီလဝမင်းနှင့် အမတ်တို့ကို ကိုက်စားရန် လာကြ၏။ အသံပြုခြောက်လှန့်နှင်ထုတ်လိုက်သဖြင့် ခွေးများ ထွက်ပြေးကြလေသည်။ ထိုအခါ မဟာသီလဝမင်းကိုလာပြီး ကိုက်သောမြေခွေးကြီးကို မင်းကြီးသည် မေးရိုးဖြင့် မြဲစွာ ညှပ်လိုက်၏။ မြေခွေးကြီးက ကြောက်လန့်ပြီးယက်သဖြင့် နောက်ဆုံး ဘုရားလောင်းမဟာသီလဝမင်းသည် မြေကြီးတွင်းထဲမှ လွတ်မြောက်လာ၏။ အမတ်တစ်ထောင်တို့ကိုလည်း ဘုရားလောင်းက တူးဖော်ပြီး ကယ်တင်လိုက်၏။

ထိုအခါ ဘီလူးနှစ်ယောက်တို့သည် အဝေမညီသောလူသေကို ဝေခြမ်းပေးရန် မဟာသီလဝမင်းကို စေခိုင်းကြ၏။ မင်းကြီးသည်

လှူသောကိုခွဲဝေရန်အတွက် ဘိလူးအား နန်းတော်ရှိ သူ၏မင်္ဂလာသန်လျက်ကို အယူခိုင်း၏။ ထို့နောက် လှူသောကောင်ကို ထိပ်တည့်တည့်မှ သန်လျက်ဖြင့်ခွဲပြီး ဝေပေးလိုက်၏။ မင်းကြီးသည် ဘိလူးများကို အမတ်တစ်ထောင်အား သူတို့နေရာသို့ပြန်ပို့ဆောင်ပေးရန် အကူအညီတောင်းလိုက်၏။ ဘိလူးများကလည်း အမတ်များကို သူတို့နေရာပို့ပြီး၊ မဟာသီလဝမင်းကိုလည်း ကောသလမင်း၏တိုက်ခန်းသို့ ပို့ဆောင်ပေးခဲ့သည်။

ကောသလမင်းက သူမှားသောအပြစ်များကို တောင်းပန်ကာ ဂုဏ်းတိုက်သောအမတ်ကို နှင်ထုတ်လျက် မဟာသီလဝမင်းအား အကူအညီပေးပြီး နေထိုင်သွားကြလေသည်။

ဤဇာတ်၌ ပြစ်မှားသောအမတ်သည် ဒေဝဒတ်အလောင်း၊ အမတ်တစ်ထောင်တို့ကား ဘုရား၏ပရိသတ်များဖြစ်ပြီး၊ မဟာသီလဝမင်းကား ဘုရားရှင်ဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

(၁) မဟာသီလဝဇာတ်မှ ရရှိသော သင်ခန်းစာများ

မဟာသီလဝဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် ဝီရိယ၏အကျိုးသည် ရှေးပညာရှိတို့သည် ဆုံးရှုံးပြီးသောမင်းစည်းစိမ်ကိုပင် မိမိ၏မှန်ကန်သောကြိုးစားမှုကြောင့် ပြန်လည်ရရှိခဲ့ဘူးကြောင်း၊ သံသရာဝဋ်မှလွတ်ရန် ဆုံးမထားသောဤသာသနာတော်မြတ်၌ ရှင်,ရဟန်းအဖြစ်ရရှိသူတို့သည် ဝီရိယကို မစွန့်လွှတ်သင့်ကြောင်း၊ ဘုရားအလောင်းတို့သည် ထီးနန်းစည်းစိမ်လုရန် စစ်ပြုလာသူတို့ကိုပင် မေတ္တာမပျက် ပေးလှူခဲ့ကြောင်း၊ မိမိအာဏာရရှိရေး၊တည်တံ့ရေးအတွက် ပြည်သူတို့၏အသက်ကို အဆုံးရှုံးမခံခဲ့ကြောင်း၊ သီလရှိသူအဘို့ ဥစ္စာရင်းမှန်က ပြန်လည်ရရှိမြဲဖြစ်ကြောင်း၊ သတ္တဝါတို့အပေါ်

မေတ္တာထားပြီး သီလတရားနှင့်ပြည့်စုံပါက အရာခပ်သိမ်း ဆုံးရှုံးမှု မရှိနိုင်ကြောင်း သင်ခန်းစာတို့ကို ရရှိပါသည်။ (ဝိရိယရင်း၊ အားကိုးသွင်း၊ ဘေးကင်းရန်ကွာ၊ စည်းစိမ်ဖြာ။)

(၂) စူဠဇနကဇာတ်မှ ရရှိသောသင်ခန်းစာများ

စူဠဇနကဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် အောက်ပါသင်ခန်းစာတို့ကို ရရှိပါသည်။ စူဠဇနကဇာတ်သည် မဟာဇနကဇာတ်နှင့်တူညီသည်။ လုံ့လဝီရိယကိုစွန့်လွှတ်ခြင်းသည် မသင့်လျော်ကြောင်း၊ လုံ့လဝီရိယကို မစွန့်လွှတ်ဘဲ မြဲမြံဖွဲ့သန်သောဝီရိယဖြင့် ထီးနန်းစည်းစိမ်ကို ရရှိခဲ့ကြောင်း၊ ပညာရှိလူတော် လူမြတ်တို့သည် နေရာတကာပျင်းရိမှု၊ စိတ်လျှော့မှုကို မပြုသင့်ကြောင်း၊ အန္တရာယ်ရန်စွယ်ပင်လယ်ကြီးကိုပင် ဝီရိယသတ္တိဖြင့် အနိုင်မခံအရှုံးမပေးဘဲ အံတုကာရင်ဆိုင်ကူးခတ်ခဲ့သဖြင့် မိမိမျှော်မှန်းချက်ပန်းတိုင်ဖြစ်သော မင်းစည်းစိမ်ကို ရခဲ့ကြောင်း၊ ဝီရိယ၏အကျိုးသည် အလွန်ပင်အားကိုးရကြောင်း၊ အောင်မြင်မှုပန်းတိုင်လှမ်းကိုင်နိုင်ရေးအတွက် ဇွဲသတ္တိ၊လုံ့လဝီရိယ အပြည့်ကြိုးစားပါ၊ စိတ်လျှော့အားပျက်အပျင်းမဖက်ပါနှင့်ဟူသော အလွန်အဖိုးတန်သည့်သင်ခန်းစာများကို ရရှိပါသည်။ (ဝီရိယအား၊ ဇွဲမလျှော့ကြား၊ ထင်ရှားအောင်မြင်မှာ။)

၃။ ပုဏ္ဏပါတိဇာတ် အစိပ္ပာယ်အကျဉ်းချုပ် (၅၃)

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ဗာရာဏသီသူဌေးဖြစ်၏။ တစ်နေ့သောအခါ အရက်သမားတို့သည် မေ့ဆေးခပ်ထားသော သေရည်အိုးကိုယူ၍ "ဗာရာဏသီသူဌေးကို သေရည်သောက်ခိုင်းပြီး သူ၏ပုဆိုးနှင့်လက်စွပ်များကို ချွတ်ယူကုန်အံ့"ဟု ကြံကြ၏။ သူတို့သည် လမ်းခရီး၌ထိုင်ကြလျက် မင်းခစားရန်သွားသော ဗာရာဏသီသူဌေးအား

"ကျွန်ုပ်တို့၏အလွန်နှစ်သက်ဖွယ်ရှိသော ဤသေရည်သေရက်ကို အနည်းငယ် သောက်ပါလော့"ဟု ဆိုကြ၏။

သူငွေးသည် ထိုအရက်သမားတို့၏အမူအရာကိုကြည့်၍ မေ့ဆေးထည့်ထားသောသေရည်ခွက်ကိုမြင်လျှင် သူတို့၏အကြံကိုသိသဖြင့် " သေရည်ကိုသောက်၍ မင်းထံသွားရန် မသင့်၊ ကျွန်ုပ်ပြန်လာမှ ခဏနေရစ်ဦးလော့" ဟုဆို၍ သွား၏။ သူငွေးသည် နန်းတော်မှပြန်လာရာ အရက်သမားတို့ကို " သေရည်ခွက်သည် ပြည့်မြဲတိုင်းရှိ၏၊ သင်တို့သည် သေရည်ကိုသာ ချီးမွမ်းကုန်၏။ တစ်ဦးမျှမသောက်ကြကုန်၊ ဤသေရည်သည် အဆိပ်နှင့်ရောထားသည်ကို ငါသိ၏"ဟု ပြောပြီး ခြိမ်းခြောက်၍ နှင်ထုတ်လေ၏။

ဤသို့လျှင် ဘာရာဏသီသူငွေးသည် အသက်ထက်ဆုံး ဒါနအစရှိသောကောင်းမှုတို့ကိုပြု၍ ကံအားလျော်စွာ လားလေ၏။

ဤဇာတ်၌ အရက်သမားများသည် အရက်သမားများဖြစ်ခဲ့၍ ဘာရာဏသီသူငွေးမှာမူ မြတ်စွာဘုရားဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းသည်။

(၃) ပုဏ္ဏပါတိဇာတ်မှ ရရှိသောသင်ခန်းစာများ

ပုဏ္ဏပါတိဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် အရက်သမားအကျင့်ပျက်ပြားသူတို့သည် အရက်ဘိုး ရေးအတွက် ကောက်ကျစ်စဉ်းလဲသောအကြံတို့ကိုပြုလုပ်၍ လူတို့ကိုလိမ်ညာလှည့်ပတ်တတ်ကြောင်း၊ သာမန်လူတို့သည် လူမသမာတို့၏လှည့်ဖြားမှုတွင် ပါဝင်ကျရောက်တတ်ကြောင်း၊ သို့သော် ပညာရှိသူတော်ကောင်းတို့မှာ ထိုသူတို့၏ယုတ်မာသည့်အကြံကို မိမိတို့၏ပင်ကိုယ်ဉာဏ်ဖြင့်ဖေါ်ထုတ်နိုင်ပြီး ထိုသူတို့ကို နှိမ်နင်းနိုင်ကြောင်း၊ အလွန်ကောင်းသောအရက်မှန်လျှင် သူတို့ကိုယ်တိုင်သောက်ကြမည်ဖြစ်သဖြင့် သေခွက်

ဘို့သည် နံက်ကအတိုင်း ညနေချိန်ခါ၀ယ် အပြည့်အ၀မရှိနိုင်ကြောင်း၊ စူးစမ်းဆင်ခြင်ဉာဏ်ကိုအသုံးပြု၍ သူတပါးအကောက်ဉာဏ်ကို ပယ်လှန်နိုင်ကြောင်း သင်ခန်းစာကောင်းကို ရရှိပါသည်။ (သတိပညာရှိသူများ လူညာဘေးမှကင်း)

၃၊ ကိံဖလဇာတ် အဓိပ္ပာယ်အကျဉ်းချုပ် (၅၄)

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း ခမင်းပြုစဉ် ဘုရားလောင်းသည် လှည်းကုန်သည်မျိုး၌ လူဖြစ်၏။ သူသည် အရွယ်ရောက်သော် လှည်းငါးရာတို့ဖြင့် ကုန်သွယ်သွားရာ တောအုပ်ကြီးတစ်ခုသို့ ရောက်၏။ သူသည် လှည်းသမားတို့အား "ဤတော၌ အဆိပ်ပင်များ ရှိကြ၏။ ရှေးကမစားဘူးသောအသီးတို့ကို ငါ့အား မပန်ကြားဘဲ မစားကြလင့်"ဟုဆို၍ တောအုပ်ကြီးထဲသို့ ခရီးဆက်လေ၏။ တောအုပ်ကြီးထဲ၌ အပင်အသီးအရွက်အပွင့်အားဖြင့် သရက်ပင်နှင့်အားလုံးတူသော ကိံဖလမည်သောအဆိပ်ပင်ရှိ၏။ ရှေ့မှသွားကြသော လျပ်ပေါ်သည့်လူအချို့သည် သရက်ပင်ဟုမှတ်၍ အသီးကိုစားကြ၏။ အချို့ကမူ အသီးကိုမစားဘဲ ယူလာ၍ ဘုရားလောင်းအား ပြကြ၏။

ထိုအခါ ဘုရားလောင်းက" ဤအပင်သည် သရက်ပင်မဟုတ်၊ မစားကြလင့်"ဟု တားမြစ်၏။ သူသည် စားပြီးသူတို့အား အန်စေပြီး စတုမဓုကိုတိုက်၍ အနာကင်းအောင်ပြု၏။ ယခင်က အနီးရှိရွာမှလူတို့သည် ထိုကိံဖလအသီးများကို စားမိ၍ သေဆုံးကြသူတို့၏လှည်းဥစ္စာအားလုံးကို လာ၍ ယူလေ့ရှိကြ၏။ ယခုအခါလည်း ထိုရွာသားများလာကြ၍ လှည်းသမားတို့ အနာမရှိသည်ကိုမြင်လျှင်"ဤအပင်သည် သရက်ပင်မဟုတ်ကြောင်း အဘယ်သို့သိသနည်း"ဟု မေး၍ ဘုရားလောင်းက ရှင်းပြသည်။ ဤသို့လျှင် လူအများအား တရား

ဟော၍ ချမ်းသာစွာဖြင့် ခရီးဆက်သွားလေသည်။

ဤဇာတ်၌ လှည်းကုန်သည်များသည် ဘုရားပရိသတ် ဖြစ်ခဲ့ကြ၍၊ လှည်းကုန်သည်မှူးကမူ မြတ်စွာဘုရားဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းသည်။

(၄) ကိံဖလဇာတ်မှ ရရှိသောသင်ခန်းစာများ

ကိံဖလဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် အတွေးအခေါ် ဉာဏ်ပညာရှင်တို့သည် လူသာမန်တို့မသိနိုင် မမြင်နိုင်သောအရာများကို ကိုယ်ပိုင်ဉာဏ်ဖြင့် သုံးသပ်သိမြင်နိုင်ကြောင်း၊ မိမိတို့၏ကျန်းမာရေး၊ စီးပွါးရေး၊ ပညာရေး၊ကုသိုလ်ရေးများအတွက် ပညာရှိများကို ပေါင်းဖေါ်ထိုက်ပါကြောင်း၊ မစားဖူးသောအစားအစာများ၊ မသွားဖူးသောလမ်းများကိုသွားလျှင် စားလျှင် စဉ်းစားပြီး သွားသင့်ပါကြောင်း၊ မိမိတို့ထက်သာသောသူများကို ဆရာတင်၍ စားသင့် သွားသင့်ပါကြောင်း၊ အဆိပ်မိလျှင် အံအောင်ပြုလုပ်ပြီး စတုမဓုတိုက်ကျွေးရကြောင်း၊ ကိုယ့်ထက်သာသောဆရာသမား မိဘတို့၏စကားကို လေးစားစွာလိုက်နာကျင့်သုံးသင့်ပါကြောင်း၊ သာဝတ္ထိပြည်သားလှည်းကုန်သည် (၅၀၀)တို့သည် ဘုရားလောင်းပညာရှိစကားကို နားထောင်၍ အသက်ဘေးမှချမ်းသာရကြောင်း စသောသင်ခန်းစာတို့ကို ရရှိပါသည်။ (ဆင်ခြင်ဉာဏ်ဝင်၊ ပညာရှင်၊ မှန်ပင်ဘေးကင်းကွာ)

၅။ ပဉ္စာဝုဓဇာတ် အစိပ္ပာယ်အကျဉ်းချုပ် (၅၅)

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ထိုမင်း၏မိဖုရားကြီးဝမ်း၌ လူဖြစ်၏။ ဆယ့်ခြောက်နှစ်အရွယ်သို့ရောက်သော် ပဉ္စာဝုဓမင်းသားသည် တက္ကသိုလ်ပြည်၌ အတတ်ပညာသင်ပြီး ဆရာပေးလိုက်သောလက်နက်ငါးပါးကိုယူ၍ ပြန်လာ၏။ ခရီး၌စေးကပ်သည့်အမွေးရှိသောဘီလူး

စောင့်သည့်တောအုပ်ကြီးသို့ ဝင်ရောက်သော် ထန်းပင်ပမာဏရှိသော ထိုဘီလူးသည် ဘုရားလောင်းထံလာ၍ “ ရပ်လော့ သင်သည် ငါ့အစာဖြစ်ပြီးဟုဆို၏။ ဘုရားလောင်းသည် ထိုဘီလူးကို အဆိပ်လူးမြားငါးဆယ်တို့ကို တစ်ခုပြီးတစ်ခုပစ်ရာ ထိုမြားအားလုံးသည် ဘီးလူး၌ ကပ်လေ၏။ ဘီလူးသည် ထိုမြားတို့ကိုခါချပြီး ချဉ်းကပ်လာသည်။

ဘုရားလောင်းသည် ဘီလူးကိုသန်လျက်ဖြင့်ခုတ်၍ တောင့်၊ တင်းပုတ်တို့ဖြင့် ပုတ်ခတ်၏။ ထိုလက်နက်အားလုံးသည် ဘီလူး၌ကပ်၏။ တစ်ဖန်သူသည် ကြုံးဝါးလျက် လက်၊ခြေ၊ဦးခေါင်းတို့ဖြင့် ပုတ်သတ်ပြန်ရာ အားလုံးဘီလူးကိုယ်၌ကပ်၍ တွဲလျားဆွဲလျက် တည်နေ၏။ ထိုအခါ ဘီလူးသည်“ ဤသူကား အာဇာနည်တည်း”ဟု ဘုရားလောင်းကို မစားဝံ့၍“သင်သည် အဘယ့်ကြောင့် သေခြင်းကို မကြောက်သနည်း?”ဟု မေး၏။

ထိုအခါ ဘုရားလောင်းသည် “ငါ့ဝမ်းထဲ၌ ဝရဇိန်လက်နက် (ဉာဏ်ပညာ) ရှိ၏။ ငါ့ကိုစားလျှင် သင်လည်းသေမည်။ ထို့ကြောင့် ငါမကြောက်”ဟု ဆို၏။ ဘီလူးသည် သေဘေးမှကြောက်သဖြင့် “ငါသည်သင့်ကို မစားတော့အံ့၊ သွားလိုရာ သွားလော့”ဟု ဆို၍ လွှတ်လိုက်၏။

ဤသို့လျှင် ဘုရားလောင်းသည် ဘီလူးအား တရားဟော၍ ငါးပါးသီလ၌ တည်စေပြီး ဗာရာဏသီသို့ ပြန်သွား၍ ခမည်းတော်နတ်ရွာစံသော် မင်းဖြစ်လေသည်။

ဤဇာတ်၌ ဘီလူးသည် အင်္ဂုလိမာလ၊ ပဉ္စာဝုဓမင်းသားသည် မြတ်စွာဘုရားဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းသည်။

(၅) ပဥ္စာဝုဓဇာတ်မှ ရရှိသောသင်ခန်းစာများ

ပဥ္စာဝုဓဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် လောကတွင် ကြောက်မက်ဖွယ်ရာဘေးအန္တရာယ်ဆိုးတို့ဖြင့် ကြုံတွေ့ရသောအခါ စိတ်ဓာတ်အင်အား အပြည့်မလျော့သောအားထုတ်မှုဖြင့် မိမိ တတ်နိုင်သလောက် အစွမ်းကုန် တိုက်ခိုက်ရမည်ဖြစ်ကြောင်း၊ မိမိထက် အင်အားသာသော ဘီလူးကြီးကိုပင် အလျှော့မပေးဘဲ ရဲရင့်စွာတိုက်ပွဲဝင်ခဲ့သဖြင့် နောက်ဆုံးတွင် အောင်ပွဲဆင်ခဲ့ရကြောင်း၊ ဘီလူးကြီးသည် မိမိကိုတွေ့လျှင် ထိတ်လန့်နေသူတို့ကိုသာ တွေ့ခဲ့ဘူးပြီး အားမာန်အပြည့်ဖြင့် ပြန်လည်တိုက်ခိုက်သူကို မတွေ့ခဲ့ဘူးသဖြင့် ထိုသူများကို စိတ်ထဲက အလိုလို လေးစားကြောက်ရွံ့လာကြောင်း၊ ရန်သူဘီလူးကြီးကို တိုက်ခိုက်ရာ၌ စိတ်ဓာတ်စစ်ဆင်ရေးတစ်ရပ် အနေဖြင့် ထိုသူများကို စိတ်ထဲက အလိုလိုလေးစားကြောက်ရွံ့လာကြောင်း၊ ရန်သူ ဘီလူးကို တိုက်ခိုက်ရာ၌ စိတ်ဓါတ်စစ်ဆင်ရေးတစ်ရပ်အနေဖြင့် ဉာဏ်လက်နက်ကို အသုံးပြုပရိယာယ်ဆင်၍ တိုက်ခိုက်ခဲ့ပုံမှာလည်း အရေးကြုံက သက်လုံးကောင်းစေရမည်ဟူသော သင်ခန်းစာကောင်းကိုရရှိနိုင်ကြောင်း၊ လူသားစားကြူး-တိရစ္ဆာန် ဘီလူးကြီးကိုပင် နောက်ဆုံး၌ တရားလမ်းကြောင်းအမှန်ကို သွန်သင်ပြသဖြင့် မိမိလည်း နန်းစည်းစိမ်ခံစားရ၊ ဘီလူးကြီးလည်း၊ အပူဇော်ခံ ဘဝရောက်အောင် မိမိ သူတပါး နှစ်ဦးသားတို့ ထူးခြားအောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်းကို သင်ခန်းစာတို့ကိုရရှိပါသည်။

၆။ ကိဉ္စနက္ခန္ဓဇာတ် အမိပ္ပာယ်အကျဉ်းချုပ် (၅၆)

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ရွာတစ်ရွာမှလယ်သမားတစ်ဦး စွန့်ထားသော လယ်တစ်ခု၌ထွန်၏၊ ရှေးက ထိုရွာမှသူဌေးကြီးတစ်ဦး

သည် လုံးပတ်ပေါင်ပမာဏရှိ၍ အလျားလေးတောင်ရှိသော ရွှေတုံးကို ထိုလယ်၌မြှုပ်ထားခဲ့ပြီးသော်၏။ ထိုရွှေအတုံး၌ သူ၏ထွန်သွားငြိ၍ တည်သော် ဘုရားလောင်းသည် ထိုရွှေတုံးကိုမြင်၍ ချီမ၏။ မချီမနိုင်သော်သူသည် ဤမျှကားအသက်မွေးရန်ဖြစ်လတ္တံ့၊ ဤမျှကို မြှုပ်ထားအံ့၊ ဤမျှကိုအမှုကိစ္စ၌ သုံးစွဲအံ့၊ ဤမျှသည် ကုသိုလ်ပြုရန်ဖြစ်လတ္တံ့. ဤသို့လေးစုပြုသော ခဏ၌ပင် ထိုရွှေတုံးသည် ပေါ့ပါးလာ၏။ သူသည် ထိုရွှေတုံးကို ယူဆောင်၍ လေးစုပြုပြီး အသက်ထက်ဆုံးကောင်းမှုများကိုပြုလုပ်သွားလေ၏။

ဤဇာတ်၌ ရွှေတုံးကိုရသော ယောက်ျားသည် မြတ်စွာဘုရားဖြစ်ခဲ့ကြောင်း ဇာတ်ပေါင်းသည်။

(၆) ကဥ္စနက္ခန္ဓဇာတ်မှရရှိသော သင်ခန်းစာများ

ကဥ္စနက္ခန္ဓဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် ဘုရားရှင်တို့သည် ပုဂ္ဂိုလ်သတ္တဝါအလိုက်အဇ္ဈာသယကိုကြည့်၍ တရားပေးတော်မူတတ်ကြောင်း၊ အသီးတစ်ရာ အညှာတစ်ခု ဟူသောစကားကဲ့သို့ အဓိကအနှစ်သာရကို စုစည်းလိုက်ပါမူ ကိုယ်နှုတ်စိတ်သုံးပါးတွင် သီလဟူသမျှအကြုံးဝင်ကြောင်း၊ ပစ္စည်းတစ်ခုကို ရရှိသောအခါ တစ်ခုကိုစား၊ တစ်ခုကိုစုဆောင်း၊ တစ်ခုကို ကုသိုလ်မှုများပြုလုပ်တစ်ခုကို လုပ်ငန်းခွင်၌ သုံးစွဲပါဟူသော အကျိုးရှိသော လုပ်ငန်းခွဲဝေမှုလမ်းညွှန်နည်းစနစ်ကိုပါ ရရှိနိုင်ကြောင်း၊ လေးသည် ပေါ့သည် ပျင်းသည် ပျော်သည်စသည်တို့မှာ အဓိကမိမိစိတ်ထားပေါ်တွင် မူတည်နေကြောင်း၊ စိတ်ထားတတ်က လေးသည့်အရာပင်ပေါ့သကဲ့သို့ဖြစ်လာနိုင်ကြောင်းစသည် သင်ခန်းစာများကိုရရှိပါသည်။ (လေးသည့်ဝန်တာ ပေါ့စိမ့်ငှါ စိတ်ဖြာဝေခွဲ ဉာဏ်နှင့်တွဲ)

၇။ ဝါနရိန္ဒဇာတ် အဓိပ္ပာယ်အကျဉ်းချုပ် (၅၇)

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် မျောက်မျိုး၌ဖြစ်၏၊ မြစ်ကျွန်းနား၌ နေ၏၊ ထိုမြစ်၏ အလယ်ရှိ ကျွန်းတစ်ခုမှာ သရက်၊ ပိန္နဲ စသည် ပေါများ၏။ ထိုကျွန်းနှင့် မြစ်ကမ်းအကြားတွင် ကျောက်ဖျာတစ်ခုရှိ၏။ ဘုရားလောင်းသည် နေ့စဉ်မြစ်ကမ်းမှ ကျောက်ဖျာသို့ ကျောက်ဖြာမှ ထိုကျွန်းသို့ ခုန်သွား၍ သစ်သီးအမျိုးမျိုးကိုစားပြီး ညနေချိန်၌ ထိုနည်းဖြင့် ပြန်လာ၏။ တစ်နေ့သောအခါ မြစ်ထဲ၌ရှိသော မိကျောင်းမတစ်ကောင်သည် ထိုမျောက်မင်း၏အသဲနှလုံးကိုစားလိုကြောင်း လင်ဖြစ်သူ မိချောင်းကိုပြော၏၊ ထို့ကြောင့် မိကျောင်းသည် မျောက်မင်းကိုဖမ်းဆီးရန်သွားပြီး ကျောက်ဖျာပေါ်၌ဝပ်နေသည်။

ဘုရားလောင်းသည် ကိုကျွန်း၌ တစ်နေ့လုံးကျက်စားပြီး၍ ညနေချိန်၌ပြန်ရန်ရပ်ကြည့်သော် ကျောက်ဖျာမြင့်နေသည်ကိုမြင်၏၊ သူသည် ငါ့ကိုဖမ်းရန် မိကျောင်းဝပ်၍ နေသလောဟုစုံစမ်းလိုသဖြင့် ကျောက်ဖျာနှင့်စကားပြောဘိသကဲ့သို့ “ အိုကျောက်ဖျာ ” ဟု သုံးကြိမ်ခေါ်၏၊ သူသည် စကားတုံ့မရသော် “ အို ကျောက်ဖျာ၊ အဘယ်ကြောင့် ယနေ့ငါ့အားစကားတုံ့ကို မပေးသနည်း ” ဟုဆို၏။

ထိုအခါ မိကျောင်းက “ အိုမျောက်မင်း ငါကား မိကျောင်းတည်း၊ သင့်အသဲနှလုံးကိုအလိုရှိ၍ ဝပ်နေ၏ ” ဟု ဆို၏၊ ဘုရားလောင်းက “ငါ၏ကိုယ်ကိုသင့်အား စွန့်အံ့၊ ပါးစပ်ကိုဖွင့်ထားပြီး ငါလာလျှင်ဖမ်းလော့ ” ဟု လှည့်စား၍ပြော၏။ မိကျောင်းသည် ခံတွင်းကိုဖွင့်သော် သူ၏မျက်လုံးတို့သည် မှိတ်ကုန်၏။ ဘုရားလောင်းသည် ကျွန်းမှမိကျောင်း၏ထိပ်၌ နင်း၍ ချက်ချင်းပင် ထိုဘက်ကမ်းသို့ ခုန်လေ၏။ ထိုအံ့ဩဖွယ်ကိုမြင်လျှင် မိကျောင်းသည် “ သစ္စာ၊ ဓမ္မ၊

မိတ်၊ စာဂ ဟူသော တရားလေးပါး နှင့်ပြည့်စုံသူသည် ရန်ကိုအောင်၏ ဟု ဘုရားလောင်းအား ချီးမွမ်း၍ မိမိနေရာသို့ ပြန်သွားလေသည်။

ဤဇာတ်၌ မိကျောင်းသည် ဒေဝဒတ်၊ မိကျောင်းမသည် စိဥ္စမာနဖြစ်ခဲ့၍၊ မျောက်မင်းမှာမူ မြတ်စွာဘုရားဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းသည်။

(၇) ဝါနရိန္ဒ ဇာတ်မှရရှိသော သင်ခန်းစာများ

ဝါနရိန္ဒဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် မျောက်မင်းသည်၊ ဉာဏ်ရှိသူဖြစ်ကြောင်း၊ ကျောက်ဖျာပေါ်တွင် အိပ်စောင့်နေသော မိချောင်းကို စုံစမ်းလိုသဖြင့် ကျောက်ဖျာနှင့်စကားပြောခဲ့ကြောင်း၊ နေ့စဉ်နေ့တိုင်း ကျောက်ဖျာက ပြန်လည်ထူးခဲ့ပြီး ယနေ့မှဘာကြောင့် စကားပြန်မပေးပါသနည်းဟု အကွက်ဆင်ခဲ့ကြောင်း၊ အသိဉာဏ်မဲ့သောမိကျောင်းကို ထိုအကွက်ကိုမသိဘဲတုံ့ပြန်အသံပေးခဲ့သဖြင့် ရန်သူဖြစ်၍ သိနိုင်ခဲ့ကြောင်း၊ မိမိ၏အင်အားကိုတွက်ဆပြီး ရန်သူမိကျောင်းကို တိုက်ကွက်ဆင်ခဲ့ကြောင်း၊ မိကျောင်းသဘာဝ ပါးစပ်ဟလျှင် မျက်စိပိတ်ထားသည်ဟူသော ဗဟုသုတကို ရရှိခဲ့ကြောင်း၊ ရန်သူမှန်သမျှ အောင်မြင်ရေးအတွက် သစ္စာ၊ ပညာ၊ ဝီရိယ စွန့်လွှတ်ကြိုးစားမှုတရားလေးပါးတို့နှင့် ပြည့်စုံရန်လိုသည် ဟူသော တန်ဘိုးရှိလှသည့် ဘဝသင်ခန်းကောင်းကို ရရှိနိုင်ပါသည်။

၈။ တယောဓမ္မဇာတ် အမိပ္ပာယ်အကျဉ်းချုပ် (၅၈)

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း၊ မင်းပြုစဉ် ဒေဝဒတ်သည် မျောက်မျိုး၌ဖြစ်၏၊ ဟိမဝန္တာအရပ် မျောက်အပေါင်းတို့ကို ခြံရံလျက်နေ၏၊ သူသည် မိမိ၏အခြံအရံကို လုယူမည်ကို ကြောက်သဖြင့် မိမိကို စွဲ၍၊ မွေးဖွားသော မျောက်ထီးငယ်များ၏ ဝှေးစေ့တို့ကို ထုတ်၍သတ်ပစ်၏၊ ထိုအခါ ဘုရားလောင်းသည်

မျောက်မင်းကိုစွဲ၍ မျောက်မတစ်ကောင်၏ဝမ်း၌ ပဋိသန္ဓေကိုယူ၏၊ ထိုမျောက်မသည် ကိုယ်ဝန်တည်သည်ကိုသိလျှင် တောင်ခြေရင်းတစ်ခုသို့ သွားနေပြီး ကိုယ်ဝန်ရင့်သော် ဘုရားလောင်းကိုဖွား၏၊ ဘုရားလောင်းသည် အရွယ်ရောက်သောအခါ ဖခင်ထံပို့ရန်မိခင်ကိုပြော၏၊ မိခင်ကဖခင်အကြောင်း ပြောပြ၍ ဖခင်ထံ မသွားရန်ပြော၏၊ ပြောမရသဖြင့် သူ့ကို ဖခင်ထံပို့လိုက်၏။

ဒေဝဒတ်လောင်းသည် မိမိ၏သားကိုမြင်လျှင် မွေ့ဖက်သကဲ့သို့ပြု၏၊ သတ်ရန်မစွမ်းနိုင်သဖြင့် ဤမျောက်ငယ်ကို ဥပါယ်ဖြင့် ဘီလူးအား စားစေအံ့ဟုကြံ၏၊ သူသည်သားအား " ချစ်သား ငါအိုပြီ၊ ယနေ့ပင် ဤမျောက်အပေါင်းကိုသင့်အား အပ်နှင်း၍ မင်းမြှောက်အံ့၊ ဤမည်သော ရေကန်မှကြာတို့ကိုယူချေလော့ " ဟုစေခိုင်း၏။

ဘုရားလောင်းသည် ထိုရေကန်သို့သွားပြီး ခြေရာတို့ကို စုံစမ်း၏။ ဘီလူးစောင့်သောရေကန်ဖြစ်သည်ကိုသိသဖြင့် ရေကန်သို့မဆင်းဘဲကြာပန်းတို့ကိုယူအံ့ဟုကြံ၏၊ သူသည် ရေမရှိရာ အရပ်သို့သွား၍ အဟုန်ဖြင့်ခုန်ပြီး ကောင်းကင်၌ ရပ်လျက်ပင်ကြာပန်းနှစ်ခုကိုယူကာ ထိုဘက်ကမ်း၌ကျ၏။ တစ်ဖန်ထိုဖက်ကမ်းမှ ဤဘက်ကမ်းသို့ ခုန်၍ ရှေးနည်းတူကြာပန်းနှစ်ခုကို ပြန်၏။ ဤသို့ပြု၍ ကမ်းနားနှစ်ဘက်တွင် ကြာများကို စုလျက် ကြာပန်းတို့ကိုယူ၏။

ထိုအခါ ရေကန်စောင့်ဘီလူးသည် ထိုအံ့ဩဖွယ်ကိုမြင်၏၊ သူသည် ရေထဲမှ ထွက်လာပြီး ဘုရားလောင်းထံလာ၍ " ဤလောက၌ ပညာ၊ လုံ့လ၊ ရဲရင့်ခြင်းဟူသော တရားသုံးပါးနှင့် ပြည့်စုံသော သူသည် ရန်သူကို အောင်နိုင်၏ " ဟု ချီးကျူးစကားပြောဆို၏၊ ထို့နောက်ဘီလူးသည်ကြာပန်းများကိုယူဆောင်ခြင်း၏အကြောင်းကို ကြားရသော်ဘုရားလောင်း၏ကြာပန်းတို့ကို ကိုယ်တိုင် ကိုင်ဆောင်၍

နောက်ကလိုက်၏၊ ဒေဝဒတ်လောင်းသည် ၎င်းတို့ကိုအဝေးမှမြင်လျှင် " ယခုငါပျက်စီးပြီ " ဟု စိုးရိမ်ပူပန်၍ နှလုံးကွဲပြီးသေလေ၏။ မျောက်တို့သည် စုဝေးလာကြပြီး ဘုရားလောင်းကို မင်းမြှောက်ကြလေသည်။

ဤဇာတ်၌ ဖခင်မျောက်မင်းသည် ဒေဝဒတ်ဖြစ်ခဲ့၍၊ မျောက်မင်း၏သားသည် မြတ်စွာဘုရားဖြစ်တော်မူခဲ့ကြောင်းဇာတ်ပေါင်းသည်။

(ဈ) တယောဓမ္မဇာတ်မှ ရရှိသော သင်ခန်းစာများ

တယောဓမ္မဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် မိဘပင်ဖြစ်သော်လည်း ဒေဝဒတ်လောင်းသည် သားသမီးတို့ကို ရက်စက်စွာသတ်ဖြတ်တတ်ကြောင်း၊ ဘုရားလောင်းသည် ရေကန်သို့ မဆင်းဘဲ ပညာဉာဏ်ဖြင့် စူးစမ်းဆင်ခြင်သဖြင့် ရက္ခိုသ်စောင့်သော ရေကန်ဖြစ်၍ သိရကြောင်း၊ ထိုရန်သူကို ရင်ဆိုရန်အတွက် ဉာဏ်ကိုလွှာ၍ အသုံးချကာကြာပန်းများကို ခူးယူနိုင်ကြောင်း၊ ရက္ခိုသ်ကိုယ်တိုင် ဖော်ပြသည့် ရန်အောင်ကြောင်းတရားသုံးပါးဖြစ်သည့်တွေ့ကြုံလာသော ဘေးအန္တရာယ်ကို ကျော်လွှားနိုင်ရန် သိမြင်သော ဉာဏ်ပညာ ဝီရိယ ရဲရင့်ဖျပ်လပ်မှုနည်းဥပါယ်ပညာ၌ ကျွမ်းကျင်မှုတို့သည် လေးစားလိုက်နာသင့်သည့် သဘောတရားများဖြစ်ကြောင်း၊ မနာလိုမရှုစိမ့်ကြီးများလွန်းသူတို့သည် နောက်ဆုံးတွင် နှလုံးကွဲကာ သေပွဲဝင်ရတတ်ကြောင်း၊ သူများကို ဖျက်ဆီးလိုပါက မိမိကိုယ်တိုင် ပျက်စီးတတ်ကြောင်း သင်ခန်းစာဂ္ဂိလည်း ရရှိပါသည်။

၉။ ဘေရုပါဒကဇာတ် အဓိပ္ပာယ်အကျဉ်းချုပ် (၅၉)

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ်ဘုရားလောင်းသည် စည်တီးသမားမျိုး၌ဖြစ်၍ ရွာငယ်တစ်ရွာ၌နေ၏။ တစ်နေ့သောအခါသူသည် သားနှင့်တကွ ဗာရာဏသီမြို့

၌ဖြစ်သော နက္ခတ်ပွဲသဘင်သို့သွားပြီး စည်တီး၏။ ရလာသော ဥစ္စာများကိုယူ၍ ပြန်လာရာ ခိုးသူတို့နေသည့်တောသို့ရောက်၏။

ထိုအခါ ဘုရားလောင်းသည် မပြတ်တီးသည့်သားအား " ခရီးသွားသောမင်း၏စည်ကဲ့သို့ ရံခါရံခါသာတီးလော့ " ဟုပြော၏။ သို့သော်သားသည် စည်ကို အဆက်မပြတ်ပင်တီး၏။ ခိုးသူတို့သည် ရှေးဦးစွာတီးသော စည်သံကိုကြား၍ " မင်း၏စည်သံဖြစ်လတ္တံ့ " ဟုမှတ်ထင်ပြီးပြေးကြ၏။ တဖန်မပြတ်တီးသည့်စည်သံကိုကြား၍ "မင်း၏စည်သံမဟုတ် " ဟု ပြန်လာပြီး ထိုသားအဖနှစ်ယောက်ကို ရိုက်နှက်ကာ လုယက်ကြလေသည်။

ဇာတ်ပေါင်း၌သားသည် ဆိုနိုင်ခက်သောရဟန်းဖြစ်ခဲ့၍၊ အဘမှာမူ မြတ်စွာဘုရားဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းသည်။

(၉) ဘေရိဝါဒကဇာတ်မှ ရရှိသောသင်ခန်းစာများ

ဘေရိဝါဒကဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် ပညာရှိ အသိန္ဒိ သူတို့၏ ပြောစကားကို နားမထောင်သောသူသည် ပြောဆိုဆုံးမရန် ခက်ခဲသူဖြစ်ကြောင်း၊ ပြောဆိုဆုံးမမှုကို မနာယူသဖြင့် မိမိကိုယ်တိုင် နောက်ဆုံးတွင် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ စည်တီးပုံနည်းစံနစ်မှာလည်း ဘုရင်မင်းကြွလာသောအခါ တီးပုံမှာ စည်းကျဝါးကျ စနစ်တကျနားလိုက် တီးလိုက် တီးပုံမျိုးဖြစ်ကြောင်း၊ အရမ်းကာရော အဆက်မပြတ် ဒလစပ်တီးခပ်မှုမှာ အဓိပ္ပါယ်မဲ့တီးခတ်မှုဖြစ်ကြောင်း၊ စည်တီးပုံနည်းစနစ်တကျ အချိန်အခါ အခြေအနေအလိုက် တီးနည်းများကို သိရကြောင်း၊ ရန်သူကို အသံဖြင့် ဟန်ဖြင့် ခြောက်လှန့်ရမည့် အစား ပရမ်းပတာတီးခပ်သဖြင့် ရန်သူလက်တွင် ပျက်စီးရကြောင်း၊ အပြောခက် အဆိုခက် လူငယ်တို့သည် လူကြီးမိဘတို့၏စကားကို လေးစားလိုက်နာပါမှ ချမ်းသာနိုင်ပြီ ဆန့်ကျင်ပါက ဒုက္ခရောက်နိုင်ကြောင်း သင်ခန်းစာများကို ရရှိပါသည်။

၁၀။ သခ်ိမဇာတ် အဓိပ္ပာယ်အကျဉ်းချုပ် (၆၀)

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း ခင်းပြုစဉ် ဘုရားလောင်းသည် ခရုသင်းမှုတ်သောမျိုး၌ဖြစ်၏။ သူသည် အဘနှင့်အတူ ဗာရာဏသီမြို့၌ဖြစ်သော နက္ခတ်ပွဲသို့သွားပြီး ခရုသင်းမှုတ်၏။ ရလာသောဥစ္စာကိုယူ၍ပြန်လာရာ ခိုးသူတို့နေသော တောသို့ ရောက်၏။

ထိုအခါ အဘသည် သားကတားမြစ်သည်ကို မနာယူဘဲ ခရုသင်းကို မပြတ်မှုတ်၏။ ခိုးသူတို့သည် မင်း၏ခရုသင်းသံမဟုတ်ဟု သိမှတ်ပြီး၊ ၎င်းတို့ကို လုယက်ကြလေသည်။

ဤဇာတ်၌ အဘသည် ဆိုနိုင်ခက်သော ရဟန်းဖြစ်ပြီး သားမှာမူ မြတ်စွာဘုရားဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းသည်။

(၁၀) သခ်ိမဇာတ်မှ ရရှိသောသင်ခန်းစာများ

သခ်ိမဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် မိဘပင်ဖြစ်စေ သားသမီးဖြစ်သူ ပညာရှိသူ၏ ဆိုစကားကို လိုက်နာရမည်သာ ဖြစ်ကြောင်း၊ ခရုသင်းကို စနစ်တကျမှုတ်မှုမှာ ဘုရင်ကြွလာသည့် ဘန်ဖြစ်သဖြင့် ရန်သူတို့ အဝေးသို့ ပြေးလေ့ရှိကြောင်း၊ အဆက်မပြတ် ပရမ်းပတာမှုတ်မှုမျိုးမှာမူ လေးစားစရာမလို ကြောက်စရာမရှိ၊ အာဏာရှိသူလာသည့် လက္ခဏာမဟုတ်သဖြင့် ရန်သူသူခိုးတို့ နှောက်ယှက်မှုကို ပြုတတ်ကြောင်း၊ ရန်သူနယ်မြေကို ဖြတ်သန်းသော အခါ အသံဟန်တို့သည် လွန်စွာအရေးကြီးကြောင်း၊ ခရုသင်း မှုတ်သံကြောင့် ရန်သူတို့ကို တိုက်ခွက်ဆင်နိုင်ကြောင်း၊ နေရာတကာ အလွန်အကဲပြုလုပ်ဆောင်ရွက်မှုမျိုးသည် အကျိုးမဲ့မှုကို ဆောင်ရွက် ပေးစွမ်းတတ်ကြောင်း၊ ပြောဆိုဆုံးမခက်ခဲမှုမျိုးကို ကြီးငယ်မဟူ ရှောင်ရှားသင့်ကြောင်း သင်ခန်းစာကောင်းကို ရရှိပါသည်။

၁။ အသာတမန္တဇာတ် အစိပ္ပာယ်အကျဉ်းချုပ် (၆၁)

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ ပုဏ္ဏားမျိုးဖြစ်၏။ သူသည် အတတ်ပညာအားလုံးတို့၌ တတ်မြောက်၍ ဒိသာပါမောက္ခဆရာဖြစ်၏။ ထိုအခါ ဗာရာဏသီပြည်ဝယ် ပုဏ္ဏားမျိုးတစ်ခု၌ သားဖွားသည့်နေ့တွင် မီးကိုယူ၍ မငြိမ်းဘဲထား၏။ မိဘတို့သည် အရွယ်ရောက်လာသည့် ထိုသားအား မိန်းမတို့၏ အပြစ်များကိုသိစေပြီး တော၌မီးကို လုပ်ကျွေးစေလိုသဖြင့် တက္ကသိုလ်သို့ စေလွှတ်၍ အသာတမန္တာန်ကို အသင်ခိုင်း၏။

ထိုလုလင်သည် တက္ကသိုလ်သို့သွား၍ ဆရာအား အသာတမန္တာန်ကို သင်ပေးရန်ပြော၏။ ထိုအခါဆရာသည် အသာတမန္တာန် မည်သည် မရှိ၊ ဤလုလင်၏အမိသည် မိန်းမတို့၏ အပြစ်များကို သိစေလိုသည်ဖြစ်မည်ဟု ကြံ၍ ထိုလုလင်အား ငါလုပ်ကျွေးပြုစု နေသော အသက် (၁၂၀)ရှိကန်းသော အမိအိုကြီးကို သင်လုပ်ကျွေး လော့၊ ငါ့အမိကို သင့်လက်ဖြင့် ရေးချိုးပေးခြင်း၊ စားစေခြင်း၊ သောက်စေခြင်း တို့ကိုပြုလော့၊ ငါ့အမိအား လက်၊ ခြေ၊ ဦးခေါင်း တို့ကို ဆုပ်နယ်ခြင်း စသည်တို့ကိုပြုလျှက် "ရှင်မ၊ အိုသောကာလ၌ပင် ရှင်မ၏လက်၊ ခြေ၊ ကိုယ်တို့သည် ဤသို့သဘောရှိသေး၏။ ပျိုသော ကာလ၌ကား အဘယ်ဆိုဘွယ်ရာရှိအံ့နည်းဟု ချီးမွမ်းပြောဆိုလော့၊ ငါ့အမိပြောသော စကားဟူသမျှကို မရှက်မဝှက်ဘဲ ငါ့အား ပြန်ပြော လော့၊" ဤသို့ပြုလုပ်ပါက သင်သည် အသာတမန္တာန်ကို ရလိမ့်မည် ဟုဆို၏။

ထိုလုလင်သည် ဆရာဆိုတိုင်းပြု၍ ချီးမွမ်းပြောဆိုဖန် များသော် ထိုအမိသည် ကိလေသာတဏှာကြွ၍ လုလင်အား "သင်

သည် ငါနှင့်ပျောပါးလိုသလော" ဟုမေး၏။ လုလင်က "ရှင်မ၊ ပျောပါးလိုပါ၏၊ ဆရာကိုကားကြောက်ရွံ့၏"ဟု ဆို၏။ ထိုအခါ အမိအိုက ငါကိုမစွန့်လျှင် ငါ့သားကိုသတ်အံ့"ဟု ဆို၏။ လုလင်သည်စကားအလုံးစုံကို ဆရာအားပြောကြား၏။ ဆရာသည် အမိ၏ အသက်အပိုင်းအခြားကို ကြည့်၏။ ယနေ့သေမည်ကို သိသဖြင့် လုလင်အား "လုလင်လာ၊ အမိကိုစုံစမ်းအံ့"ဟု ရေသဖန်းပင်ကို ဖြတ်ခိုင်းပြီး မိမိကိုယ်ပမာဏအတိုင်း သစ်သားရုပ်တု ကိုလုပ်၏။

ထိုသစ်သားကို ဦးခေါင်းနှင့်တကွ အဝတ်ကို ခြုံ၍ မိမိ အိပ်ရာ၌ထားပြီး လုလင်အား" အမောင်ပုဆိန်ကိုယူ၍ ငါ့အမိအား အမှတ်ကိုပေးလော့"ဟု ဆို၏။ လုလင်သည်ဆရာဆိုတိုင်းပြု၏။ အမိသည် ပုဆိန်ကိုယူ၍ ကြိုးအမှတ်ဖြင့်သွားပြီး လက်ဖြင့် စမ်း၍ "မိမိသား"ဟု ထင်မှတ်ကာ အဝတ်ကိုဖယ်၍ လည်၌ ပေါက် သော် ခုန်းခုန်း ဟု အသံမည်၏။ ဘုရားလောင်းက "အမိ အဘယ် ပြုသနည်း" ဟုဆို၏။ အမိအိုသည် "ငါလှည့်စားခံရပြီ" ဟု စိတ်ထိ ခိုက်ပြီး သေ၍လဲလေ၏။

ထိုအခါ ဆရာက လုလင်အား "မိန်းမတို့သည်အသာတ မည်၏။ သင်၏အမိသည် မိန်းမတို့၏ အပြစ်များကို သိစေလို၍ စေလွှတ်၏။ ယခုအမိအို၏ အပြစ်ကို မြင်ရပေပြီ"ဟု ဆို၏။ လုလင်သည် မိဘထံပြန်၍ အသာတမန္တာန်ကိုသင်ပြီးပြီ၊ ယခု မီးကိုလုပ်ကျွေးမည်ဟု ဆိုပြီး တောထွက်ရဟန်းပြုလေသည်။

ဤဇာတ်၌ လုလင်၏အမိသည် ဘဒ္ဒကာပိလာနီ၊ လုင်၏ အဘသည် ရှင်မဟာကဿပ၊ တပည့်လုင်သည် ရှင်အာနန္ဒာဖြစ်ခဲ့၍၊ ဒိသာပါမောက္ခဆရာသည် မြတ်စွာဘုရားဖြစ်တော်မူခဲ့ကြောင်း ဇာတ် ပေါင်းသည်။

(၁) အသာတမန္တဇာတ်မှ ရရှိသော သင်ခန်းစာများ

အသာတမန္တဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် မိန်းမတို့၏ အကျင့်စာရိတ္တ ပျက်ပြားချို့ယွင်းမှုများကို သိရှိရပါကြောင်း၊ အသက် (၁၂၀) အရွယ်ရင့်ရော်အိုမင်းမှည့်ပျော် သေရွာဘက်သို့ ခြေတလှမ်း လှမ်းနေသည့် အချိန်ထိ မိန်းမတို့သည် ကာမဂုဏ်နှင့် ဆက်စပ်လာလျှင် ဖောက်ပြန်လေ့ရှိကြောင်း၊ မိန်းမတို့သည် မိမိကိုစွဲမက်သူတို့အား ဒုက္ခကိုသာပေးတတ်ကြောင်း။ ကာမဂုဏ်ရေးရာနှင့်ပက်သက်လာလျှင် စည်းကမ်းစောင့်ထိန်းမှု ကင်းမဲ့လှကြောင်း၊ ကိုယ်နှုတ်စိတ် သုံးပါးလုံး လော်လီဖောက်ပြားတတ်ကြောင်း၊ မီးသည် မစင်စသော ရွံဖွယ်၊ ထောပတ်စသော မြတ်နိုးဘွယ်ဟူ၍ မခွဲခြား တွေ့မရှောင် အကုန်လုံး လောင်ကျွမ်းပစ်သကဲ့သို့ မိန်းမတို့သည်လည်း အနူ အဝဲ ယုတ်နိမ့်အောက်ကျ စဏ္ဍာလ သူတောင်းစား အရှုးအပေါ်များပင် မရှောင် အားလုံးနှင့် ကာမဂုဏ်ဆက်ဆံလေ့ရှိကြောင်း၊ ထို့ကြောင့် မိန်းမတို့ကို ချစ်ခင်မြတ်နိုး တန်ဘိုးထားပြီး မိမိတို့၏ မြင့်မြတ်သော ရဟန်းဘဝကို အဆုံးရှုံး မခံသင့်ကြောင်း သင်ခန်းစာကောင်းများကို ရရှိပါသည်။

၂။ အဏ္ဍဘူတဇာတ် အဓိပ္ပာယ်အကျဉ်းချုပ် (၆၂)

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် မိဖုရားကြီးဝမ်း၌ဖြစ်၏။ သူသည် အရွယ်ရောက်သော် အလုံးစုံသော အတတ်တို့၌ တတ်မြောက်၏။ ခမည်းတော် နတ်ရွာစံသဖြင့် မင်းဖြစ်၍ တရားနှင့်အညီ အုပ်ချုပ်၏။ ဘုရားလောင်း ဗြဟ္မဒတ်မင်းသည် ပုရောဟိတ်နှင့် အတူ ကြွေအန် ကစားလေ့ရှိ၏။ မင်းသည် ကြွေအန်သီချင်းကိုဆိုပြီး ကစားသော်

အမြဲနိုင်၏။ ပုရောဟိတ်သည် ပစ္စည်းကုန်သော် ကြွေအန်ကစားခြင်းကို ရပ်ထား၍ နိုင်ရန်နည်းလမ်းကို ရှာ၏။ သူသည် ဆင်းရဲသူမတစ်ဦးထံမှ မွေးကာစမိန်းကလေးကိုဝယ်ယူ၍ ဘုံခုနှစ်ဆင့်၌ တစ်ခြားယောကျ်ားကို မြင်ခွင့်မပေးဘဲ မိန်းမများ၏လက်၌သာ ထား၍မွေးမြူ၏။ သူသည် ထိုမိန်းကလေးအရွယ်ရောက်သော် မိမိအလို၌တည်စေ၏။

ထိုအခါ ပုရောဟိတ်သည် "ဌပေတွာ မမ မာဏာဝိကံ" (မိမိမယားမပါ)ဟုဆို၍ မင်းနှင့်ကစားသော် အမြဲနိုင်၏။ ထိုအခါ မင်းသည် "ဤပုရောဟိတ်၏အိမ်၌ ယောကျ်ားတစ်ဦးတည်းသာရှိသော မိန်းမငယ်တစ်ဦးရှိရာ၏။"ဟု ကြံ၏။ ထိုသို့စုံစမ်းသိရှိသော် အရက်သမားတစ်ဦးအား ဥစ္စာပေး၍ ထိုမိန်းကလေး၏သီလကို ဖျက်ဆီးခိုင်း၏။

အရက်သမားသည် နေ့တိုင်းပန်းနံ့သာဝယ်ထွက်သော မိန်းမငယ်၏အလုပ်အကျွေးမိန်းမကြီးအား "ပန်းနံ့သာတို့ကို အခမဲ့ပေး၍ မိတ်ဖွဲ့ပြီး၊ မိမိကိုသားကဲ့သို့ ချစ်အောင်ပြု၏။ ထို့နောက် နာဟန်ဆောင်၍ ထိုမိန်းမကြီးအား "ထိုပုရောဟိတ်၏ မယားကိုတပ်မက်၍ မရလျှင် သေလတ္တံ့"ဟု ဆို၏။ ထိုမိန်းမကြီးသည် ထိုအကြောင်းကို ပုရောဟိတ်မယားအား ပြောပြပြီး သူ့သားကို ပန်းတောင်းထဲထည့်ယူလာ၏။ အရက်သမားသည် နှစ်ရက်သုံးရက် ပုရောဟိတ်မယားနှင့် ပျော်ပါးပြီးသော်"ပုဏ္ဏားကို တံတောင်နှင့် ထောင်းပြီးမှ ပြန်လို၏" ဟုဆို၏။ မိန်းမငယ်သည် ပုဏ္ဏားလာသော် ခဏမျှသီဆိုကပြ၍ "အရှင်ငါသည် သင့်ဦးခေါင်း၌ တစ်ကြိမ် ထောင်းလို၏ဟုဆို၏။ သူမသည် ပုဏ္ဏား၏မျက်နှာကို အဝတ်ဖြင့်

စည်း၍ အရက်သမားအား ပုဏ္ဏားဓါဦးခေါင်းကို ထောင်းစေ၏ ထို့နောက်မိန်းမကြီးသည် အရက်သမားကိုပန်းတောင်းထဲထည့်၍ အိမ်မှ ထွက်သွား၏။

အရက်သမားသည် မင်းထံသွား၍ အကြောင်းစုံကို လျှောက်ထား၏။ ထိုအခါမင်းသည် ပုရောဟိတ်နှင့်ကြွေအန်ကစားရာ ပုဏ္ဏားသည် "ဌပေတွာ မမ မာဏဝိကံ" (မိမိမယားမပါ)ဟုဆိုသော်လည်း ရှုံးသည်သာဖြစ်၏။ မင်းသည် ပုဏ္ဏားအား "သင့်မိန်းမငယ်၏ သီလပျက်ပြီး၊ မိန်းမကို မည်သည့်နည်းနှင့်မျှ စောင့်ရှောက်ရန်မတတ်နိုင်" စသည်ဖြင့် တရားဟောလေသည်။

ဇာတ်ပေါင်း၌ ဗာရာဏသီမင်းသည် မြတ်စွာဘုရားဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းသည်။

(၂) အဏ္ဍဘူတဇာတ်မှ ရရှိသော သင်ခန်းစာများ

အဏ္ဍဘူတဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် မိန်းမတို့သည် မည်မျှပင် စောင့်ရှောက်ထိန်းသိမ်းသော်လည်း စည်းစောင့်မှုမရှိ ဖောက်ပြားကြကြောင်း၊ ကိုယ်ဝန်ဆောင်ချိန်မှစပြီး မွေးဖွားကြီးပြင်းလာချိန်အထိ သီးသန့်စောင့်ရှောက်ခဲ့သော်လည်း စောင့်ရှောက်သူသာ အရှက်တကွဲ အကျိုးနည်းဖြစ်ရကြောင်း၊ မိန်းမတို့ကား ဖောက်ပြန်ပျက်စီးကြမြဲဖြစ်ကြော င်း၊ မိန်းမတို့သည် သူခိုးမများနှင့်တူကြောင်း၊ မာယာပရိယာယ်များပြားကြွယ်ဝလှကြောင်း၊ မိန်းမသစ္စာမှုသားသုတည်း ဟု ဆိုရလောက်အောင် သစ္စာမရှိ ကတိမတည်လော်လီဖောက်ပြား ရက်စက်ကြမ်းကြုတ်ကြကြောင်း၊ မိန်းမတို့၏ ယုတ်မာညစ်ညမ်းပက်စက်သော သဘောထားများကို သိရှိရကြောင်း၊ သင်ခန်းစာများရရှိပါသည်။

၃။ တက္ကပဏ္ဍိတဇာတ် အဓိပ္ပာယ်အကျဉ်းချုပ် (၆၃)

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ဂင်္ဂါမြစ်ကမ်းနား၌ ကျောင်းဆောက်၍ ဈာန်ချမ်းသာဖြင့် နေ၏။ သူသည်တစ်နေ့သောအခါ ညနေမိုးရွာ နေချိန် ဂင်္ဂါမြစ်ထဲမျောလာသော သူဌေးသမီး၏ အော်သံကိုကြား လျှင် သွား၍ မြစ်ကိုကူးပြီး သူမကို ဆယ်၏။ ကျောင်းသို့ယူဆောင်ပြီး ကောင်းစွာပြုစု၏။ မကြာမီ ထိုသူဌေးသမီးသည် ဘုရားလောင်း သီလကိုဖျက်ဆီး၏။ ဘုရားလောင်းသည် ထိုသူဌေးသမီးကိုယူ၍ ရွာငယ်တစ်ရွာသို့သွားပြီး အရက်ရောင်း၍ အသက်မွေးသဖြင့် တက္ကပဏ္ဍိတဟု အမည်တွင်၏။

တစ်နေ့သောအခါ ဒိုးသူတို့သည် ထိုရွာကို လုယက်၍ ရွာသားတို့အား ဥစ္စာထုပ်များကိုထမ်းရွက်စေ၍ မိမိအရပ်သို့ ခေါ်ဆောင်သွားကြ၏။ ခိုးသူတို့၏အကြီးအကဲသည် ထိုသူဌေးသမီး ကို မယားပြု၍ ကျန်သောသူတို့ကို လွှတ်၏။ သူဌေးသမီးသည် ခိုးသူကြီးထံ ချမ်းသာစွာနေရ၍ တက္ကပဏ္ဍိတကို သတ်ပစ်လို၏။ ထို့ကြောင့် မိမိကိုလာခေါ်ရန် သူ့ထံသို့ လူတစ်ဦးကို စေ၍ အမှာစာပို့၏။ တက္ကပဏ္ဍိတသည် သွား၍ ခိုးသူတို့၏ ရွာတံခါးသို့ ရောက်လျှင် သတင်းပို့လိုက်၏။ သူဌေးသမီးက ညအခါရောက်မှ သွားပါမည်ဟု စကားပို့၍ တက္ကပဏ္ဍိတကို တဲအုံ၍ နေစေ၏။ ထိုအခါ ခိုးသူကြီးအား အရက်တိုက်၍ တဲအုံထဲရှိ သင့်ရန်သူကို သတ်လော့ဟု စေခိုင်း၏။ ခိုးသူကြီးသည် သွား၍ တက္ကပဏ္ဍိတကို ခေါ်ဆောင်ပြီး သူ့၏အိမ်ထဲ၌ တတောင်စသည်ဖြင့် ထောင်းသတ် ၏။ ရိုက်နှက်၏။ ထိုသို့ရိုက်နှက်စဉ် တက္ကပဏ္ဍိတသည် "မိန်းမများ သည် အမျက်ထွက်တတ်၏။ သူ့ကျေးဇူးကိုမသိတတ်၊ ကုံးတိုက်တတ်

၏။ မိတ်ဆွေကိုပစ်မှားတတ်၏"ဟူသော စကားလေးခွန်းကိုသာ ဆို၏။ ခိုးသူကြီးသည် အမူးပြေပြီး ထိုစကားလေးခွန်းနှင့်ပက်သက်၍ တက္ကပဏ္ဍိတကို မေးမြန်း၏။ နောက်ကြောင်းအလုံးစုံကို ကြားသိရသော် သူဌေးသမီးကို သန်လျက်ဖြင့် ခုတ်သတ်လေ၏။ မကြာမီ တက္ကပဏ္ဍိတသည် ရဟန်းပြု၍ သူနေခဲ့သော ကျောင်းသို့ သွား၏။ ခိုးသူကြီးလည်းလိုက်၍ ရသေ့ရဟန်းပြုလေသည်။

ဤဇာတ်၌ ခိုးသူကြီးသည် ရှင်အာနန္ဒာ၊ တက္ကပဏ္ဍိတသည် မြတ်စွာဘုရား ဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းသည်။

(၃) တက္ကပဏ္ဍိတဇာတ်မှ ရရှိသော သင်ခန်းစာများ

တက္ကပဏ္ဍိတဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် မိန်းမတို့သည် သူတစ်ထူး ပြုခဲ့ဘူးသည့် ကျေးဇူးတရားကို မသိတတ်ကြောင်း၊ တင်ပေဘူးသည့် ကျေးဇူးကို ပြန်လည်ပေးဆပ်ရမည်ဝေး၍ ဒုက္ခရောက်အောင် မိတ်ဆွေပျက်အောင်ပြုလုပ်တတ်ကြောင်း၊ မိန်းမတို့ကို အကြောင်းပြု၍ ပျင်းရိငြီးငွေ့ သာသနာဘောင်မှ ခွာရှောင်ကာ လူထွက်ခြင်းသည် မသင့်လျော်ကြောင်း၊ မိန်းမတို့သည် စိတ်ဆိုးလွယ်ကြောင်း၊ လူနှစ်ဦး ကွဲပြားအောင် မဟုတ်မမှန် ဂုံးကိုက်တတ်ကြကြောင်း၊ ချစ်ခင်သူမိတ်ဆွေများကို ခွဲတတ်ကြကြောင်း၊ မိန်းမများသည် သူတို့ချမ်းသာအောင် ကျွေးနေသော်လည်း ကိုယ့်ထက်သာသူနှင့် တွေ့လျှင် ကျေးဇူးရှင်ကိုပင် ပြန်ပြီးသတ်တတ်ကြောင်း၊ မိန်းမများကို စိတ်ချလက်ချ ယုံကြည်ပြီးမပေါင်းသင့်ကြောင်း မိန်းမများကို နိုင်ပြီပိုင်ပြီဟု ဘယ်တော့မှ မထင်သင့်ကြောင်း သင်ခန်းစာကို့ကို ရရှိပါသည်။

၄။ ဒုရာဇာနဇာတ် အစိပ္ပာယ်အကျဉ်းချုပ် (၆၄)

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းမင်းပြုစဉ် ဘုရားလောင်းသည် လုလင်ငါးရာတို့အား အတတ်ကိုသင်ပေး၏။ တစ်နေ့သ၌ အိမ်ထောင်ကျသော တပည့်လုလင်တစ်ဦးသည် မယား၏အပြစ်ကိုမြင်၏။ ထိုအခါဆရာထံလာပြီး ဆရာ အကျွန်ုပ်၏မယားသည် ရံခါ ကျွန်မကဲ့သို့နှိမ်ချ၍၊ ရံခါ သခင်မကဲ့သို့ မောက်မာခက်ထန်၏။ မိန်းမကြောင့် စိတ်အနှောက်အယှက် ဖြစ်ပါ၏ဟု ဆို၏။

ထိုအခါဆရာက "မိန်းမတို့သည် ယုတ်မာသည့် အကျင့်ကိုကျင့်သောနေ့၌လင့်အလိုသို့လိုက်ပြီး ကျွန်မကဲ့သို့နှိမ်ချကြ၏။ ယုတ်မာသည့် အကျင့်ကို မကျင့်သောနေ့၌မူ မောက်မာ၍ လင်ကို အာခံကြ၏။ ဤသို့အကျင့်ယုတ်၍ သီလမရှိကြသော မိန်းမတို့၏ သဘောကိုသိနိုင်ခဲ၏။ ထိုမိန်းမတို့ကို လျစ်လျူရှုရာ၏။"ဟု ဆို၍ လုလင်ကိုဆုံးမ၏။

ထိုအခါမှစ၍ လုလင်သည် မိမိမယားအား လျစ်လျူရှုလေ၏။ သူ့မယားလည်း "ငါ့သီလမရှိသည်ကို ဆရာသိ၏"ဟု နှလုံးသွင်းကာယုတ်မာသော အကျင့်ကို မကျင့်တော့ချေ။

ဤဇာတ်၌ လုလင်နှင့်မယားသည် သီတင်းသည်နှင့် မယားဖြစ်ခဲ့၍၊ ဒိသာပါမောက္ခဆရာသည် မြတ်စွာဘုရားဖြစ်တော်မူခဲ့ကြောင်းဇာတ်ပေါင်းသည်။

၄။ ဒုရာဇာနဇာတ်မှ ရရှိသော သင်ခန်းစာများ

ဒုရာဇာနဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် မိန်းမတို့သည် လင်သားအပေါ် ဖောက်ပြန်သောနေ့များသည် ကျွန်မသဖွယ်နှိမ့်ချသေလေးစားမှု ပြုတတ်ကြောင်း၊ မိန်းမတို့သည် လင်သားအပေါ် ဖောက်ပြားမှု မပြုသောနေ့များ၌ သခင်မအလား ကြမ်းတမ်းခက်ထန်

စွာ ဆက်ဆံတတ်ကြောင်း၊ မိန်းမများသည် ယုတ်မာတတ်၏။ ကာမဂုဏ်၌ အလိုရှိသော်လည်း ဟန်ဆောင်၍နေတတ်ကြောင်း၊ မိန်းမများသည်ကား မိမိကိုချစ်၍လည်း ဝမ်းသာစရာမလို၊ မုန်း၍လည်း စိတ်ပျက်စရာမလို၊ မိမိစိတ်ကို ချစ်ခြင်း၊ မုန်းခြင်းတို့၏ အလယ်၌သာ ထားဖို့လိုကြောင်း၊ ရေထဲသွားသည့်ငါးပမာ မိန်းမ မာယာဖြင့် ဖုံးထား၍ သူတို့၏စိတ်ဓာတ်ကို သိရန်ခက်ခဲလှကြောင်း စသော သင်ခန်းစာများကို ရရှိပါသည်။

၅။ အနဘိရတိဇာတ် အဓိပ္ပာယ်အကျဉ်းချုပ် (၆၅)

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ဒိသာပါမောက္ခဆရာဖြစ်၏။ တပည့်လုလင်တစ်ဦးသည် မယား၏အပြစ်ကိုမြင်၍ စိတ်အနှောက် အယှက်ဖြစ်၏။ တနေ့သ၌ သူသည်ဆရာထံလာပြီး ထိုအကြောင်းကို ပြောကြား၏။ ဆရာက "မိန်းမတို့သည် လူအားလုံးနှင့် ဆက်ဆံကြ၏။သီလမရှိကြ။ ဤသို့နှလုံးသွင်း၍ ပညာရှိတို့သည် အမျက်မထွက်ကြကုန်"ဟုဆို၍ တပည့်အားဆုံးမလေ၏။

ထိုအခါမှစ၍ လုလင်သည် မိမိမယားအား လျစ်လျူရှုလေ၏။ သူ့မယားလည်း "ငါသီလမရှိသည်ကို ဆရာသိ၏"ဟု နှလုံးသွင်းကာ ယုတ်မာသော အကျင့်ကို မကျင့်တော့ချေ။

ဤဇာတ်၌ လုင်နှင့်မယားသည် သီတင်းသည်နှင့် မယားဖြစ် ခဲ့၍၊ ဒိသာပါမောက္ခဆရာသည် မြတ်စွာဘုရားဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းသည်။

၅။ အနဘိရတိဇာတ်မှ ရရှိသော သင်ခန်းစာများ

အနဘိရတိဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် မိန်းမများသည် သီလမရှိ၊ ယုတ်မာတတ်ကြကြောင်း၊ မိန်းမများသည် ရေဆိပ်၊

ရေအိုင်းစင်လမ်းခနီးဇရပ်များသဖွယ် လူအားလုံးဟိုနှင့် ဆက်ဆံတတ်ကြကြောင်း၊ မိန်းမများကို လွန်ချစ်ခြင်း၊ လွန်မုန်းခြင်း၊ ဝမ်းသာခြင်း စိတ်ဆင်းရဲခြင်းမဖြစ်ဘဲ မိမိစိတ်ကို အလယ်အလတ် ထားရန်သာလိုအပ်ကြောင်း၊ မိန်းမများသည် အခြားယောကျ်ားများနှင့် ဖောက်ပြန်သော အခါတွင်မိမိလင်သားကို ကျွန်မများသဖွယ် ပြုစုလုပ်ကျွေးတတ်ပြီး၊ အခြားယောကျ်ားများနှင့် မဖောက်ပြားသောနေ့များတွင် သခင်မအလား ယောကျ်ားအပေါ် ဆက်ဆံတတ်ကြောင်း၊ ပညာရှိတို့မည်သည် မိန်းမတို့အပေါ် စိတ်မဆိုးဘဲ ဥပေက္ခာစိတ်ထားဖြင့် မိမိဘဝအတွက် အောင်မြင်မှုရရှိအောင် ဆောင်ရွက်သင့်ကြောင်းစသော သင်ခန်းစာတို့ကို ရရှိပါသည်။

၆။ မုဒုလက္ခဏဇာတ် အဓိပ္ပာယ်အကျဉ်းချုပ် (၆၆)

ခရေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ကာသိကိုင်း ချမ်းသာကြွယ်ဝသော ပုဏ္ဏားမျိုး၌ လူဖြစ်ခဲ့၏။ အရွယ်ရောက်၍ ပညာစုံသောအခါ တောထွက်ပြီး ရသေ့ဝတ်ဖြင့် ဟိမဝန္တာတောင်၌ နေတိုင်၍ ဈာန်အဘိညာဉ်တို့ကို ရရှိ၏။ တစ်နေ့သောအခါ ချဉ်ဆားမှီဝဲရန် ဗာရာဏသီပြည်သို့သွား၍ မင်း၏ဥယျာဉ်၌နေ၏။ မင်းသည် ကိုးကွယ်ဆည်းကပ်၍ နေ့စဉ်ဆွမ်းဝတ်ဖြင့် ပြုစုလေ၏။ ထိုစဉ် မင်းကြီးသည် နယ်ခြားဒေသ သူပုန်ထသည်ကို နှိမ်နင်းရန် စစ်တိုက်ထွက်ခဲ့ရာ ဆွမ်းဝတ်ဟာဝန်ကို မုဒုလက္ခဏာမိဖုရားကြီးက တာဝန်ယူဆောင်ရွက်လေ၏။ ရသေ့သည် ဘုရင့်နန်းတော်သို့ ဆွမ်းခံကြွသောအခါ ကောင်းကင်ခရီးဖြင့် ကြွပြီး နန်းတော် လေသာပြတင်းမှ ဝင်ရောက်လေ့ရှိသည်။ တစ်ရက်တွင် ရသေ့က နန်းတော်သို့ ဝင်

အလာ မိဖုရားသည် လျှောင်းစက်ရာမှ ရုတ်တရက်အထ ဝတ်လဲတော်ကျွတ်ကျရာ ရသေ့အကြည့်နှင့် ဆုံမိလေသည်။

ရသေ့သည် ကိလေသာစိတ်ကြောင့် စျာန်လျှော၍ အရှုံးအမှုးဖြစ်ပြီး မိဖုရားထံ ဆွမ်းကိုခံယူကာ ဥယျာဉ်သို့ခြေလျင်ပြန်ခဲ့သည်။ ကိလေသာပူလောင်မှုကို ကြိတ်မှိတ်ခံစားရင်း ခုနှစ်ရက်တိတိ ဆွမ်းမစားနိုင် ကြံမှိုင်တွေးကာ လျှောင်းစက်နေခဲ့လေ၏။ ဗြဟ္မဒတ်မင်းပြန်ရောက်၍ အကျိုးအကြောင်းသိသောအခါ ရသေ့ဆန္ဒပြည့်ဝစေရန် မုဒုလက္ခဏာ မိဘုရားကို တိုးတိုးမှာကြားကာ ရသေ့နောက်ထည့်လိုက်၏။ ရသေ့လူထွက်နှင့် မိဖုရားတို့အတွက် လူတကာမစင်စွန့်သည့် တဲအိမ်ကို နေရာချထားပေးရာ ရသေ့ လူထွက်သည်ပင်ပန်းကြီးစွာ သန့်ရှင်းရေးလုပ်ရ၊ ပြင်ရ ဆင်ရလေ၏။ အားလုံးကိစ္စပြီး၍ ခုတင်ပေါ် မိဖုရားနှင့် အတူယှဉ်တွဲထိုင်လျက် မိဖုရားသည်ရုတ်တရက် ရသေ့၏ ကျင်ဆွယ်ကို ဆွဲကာ "ကိုယ်ဟာကို ရသေ့မှန်းမသိတော့ဘူးလား" ဟု ဆိုလိုက်သည်။

ထိုအခါ ရသေ့လူထွက်သည် ကိလေသာစိတ်ရှုးပြေကာ ပြန်လည်သတိရပြီး လွန်စွာရှက်လှသဖြင့် ဘုရင့်ထံ ချက်ချင်းသွားရောက်ကာ မိဖုရားကို ဘုရင်ကြီးထံ ပြန်လည်အပ်နှံလိုက်ပြီး ဤသို့ပြောဆိုလေ၏။

"မုဒုလက္ခဏာမိဖုရားကို မရမီ ယခင်က မိဖုရားကို လိုချင်မှုတဏှာတစ်ခုသာဖြစ်ခဲ့လေ၏။ မျက်လုံးလှသည့် မိဖုရားကိုရပြီးနောက်တွင်မူ လိုချင်မှုတဏှာတစ်ခုပြီး တစ်ခု ဖြစ်လာခဲ့ပေပြီ"

ဤသို့ပြောဆိုပြီး ရသေ့သည် စျာန်ကိုပြန်လည်ဖြစ်ပွားစေ၍ ဘုရင်ကို တရားဟောကာ ဟိမဝန္တာသို့ အပြီးကြွသွားခဲ့လေ၏။

ဤဇာတ်၌ ဘုရင်သည် ရှင်အာနန္ဒာ၊ မိဖုရားသည် ဥပ္ပလဝဏ္ဏာထေရီ ဖြစ်ခဲ့၍၊ ရသေ့မှာမူ မြတ်စွာဘုရားဖြစ်တော်မူခဲ့ ကြောင်း ဇာတ်ပေါင်းသည်။

၆။ မုဒုလက္ခဏဇာတ်မှ ရရှိသော သင်ခန်းစာများ

မုဒုလက္ခဏဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် စက္ခုစသော ဣန္ဒြေတို့ကို မထိန်းသိမ်း မစောင့်ရှောက်ဘဲ ဣန္ဒြေပျက်စီးကာ မိန်းမတို့ကို လှပသည်ဟု နှလုံးသွင်းပြီးကြည့်ရှုမိလျှင် စိတ်တုန်လှုပ်နေရတတ်ကြောင်း၊ မျက်စိနှင့် နား ဒွါရများကို တရားသဖြင့် လုံခြုံစွာ ပိတ်ဆို့ထားသင့်ကြောင်း၊ အဘိညာဏ် ၅-ပါး၊ သမာပတ် ၈-ပါးရပြီး ကောင်းကင်ပြင်၌ သွားလာနိုင်သော မြေလျှိုးမိုးပျံစျာန် တန်ခိုးရှင်တို့သည် ကိလေသာစိတ်ဝင်ပါက စျာန်လျောကျကာ အကြီးအကျယ် ဒုက္ခရောက်ခဲ့ရကြောင်း၊ ကိလေသာများသည် စင်ကြယ်သောပုဂ္ဂိုလ်တို့ကို ညစ်ညူးစေနိုင်ကြောင်း၊ ကျော်စောထင်ရှားသူတို့ကို အကျော်အစောမဲ့အောင် ပြုလုပ်နိုင်ကြောင်း၊ ကိလေသာတရားသည် အလွန်ကြောက်စရာကောင်း၍ ရှောင်ရှားသင့်ကြောင်း၊ လောကီစျာန်တရားသည် ခိုင်မာမှုမရှိ၊ စျာန်ရပုဂ္ဂိုလ်တိုင်းကြည်ညိုအားကြီးသဖြင့် တစ်ခါတစ်ရံ အမှားတွေ့ရတတ်ကြောင်း၊ ကိုးကွယ်သောနေရာမှာ ပုထုဇဉ်ဆိုလျှင် သတိတရားထားပြီး ကိုးကွယ်သင့်ကြောင်း စသောသင်ခန်းစာများကို ရရှိပါသည်။

၇။ ဉဏ္ဏာဂ်ဇာတ် အဓိပ္ပာယ်အကျဉ်းချုပ် (၆၇)

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း မင်းပြုစဉ် တောအုပ်အဝ၌ ယောကျ်ားသုံးယောက် လယ်ထွန်နေကြ၏။ ခိုးသူများသည် လူတို့၏ပစ္စည်းများကိုလုယူပြီး တောအုပ်တွင်းသို့ ဝင်ပြေးကြ၏။

လူများသည် လယ်ထွန်နေသောယောက်ျားများကို သူခိုးများဟု ထင်မှတ်ပြီး ချည်နှောင်၍ ဗြဟ္မဒတ်မင်းထံ ဆက်သကြ၏။ ထိုအခါ မိန်းမတစ်ဦးရောက်လာ၍ အဝတ်ကိုပေးလော့ဟု ငိုကြွေးလျက် နန်းတော်သို့လှည့်လည်၏။ မင်းက ဤမိန်းမအား အဝတ်ကိုပေးလော့ဟု ဆိုသော် ထိုမိန်းမက လင်တည်းဟူသော အဝတ်ကိုသာတောင်း၏။ မင်းသည် မိန်းမကိုမေးသော် လင်သည် မိန်းမ၏ အဝတ်မည်၏။ လင်မရှိသည့်မိန်းမသည် တစ်ထောင်တန် အဝတ်ကိုဝတ်သော်လည်း အချည်းနှီးသာဖြစ်ပါ၏ဟု လျှောက်၏။

ထိုအခါ မင်းက "နှောင်ဖွဲ့ထားသောလူသုံးယောက်တို့သည် သင်နှင့်အဘယ်သို့တော်စပ်သနည်း"ဟု မေး၏။ ထိုမိန်းမသည် တစ်ဦးက ကျွန်ုပ်၏လင်၊ တစ်ဦးကား မောင်၊ တစ်ဦးကား သားတည်းဟု လျှောက်၏။ ထိုစဉ် မင်းကြီးက ဤသုံးယောက်အနက် တစ်ဦးကို သင့်အား ပေးအံ့၊ ဘယ်သူကို အလိုရှိသနည်း?ဟု မေး၏။ ထိုမိန်းမက လင်နှင့်သားကား ခါးပိုက်ထဲရှိ ဟင်းရွက်မှာ လွယ်ကူစွာရနိုင်ပါ၏။ ကျွန်ုပ်၏မိဘတို့သည် သေပြီဖြစ်၍ ရခဲသောမောင်ကိုသာ ပေးပါလော့ဟု လျှောက်၏။ မင်းသည် ထိုမိန်းမ၏စကားကို နှစ်သက်၍ လင်၊သား၊မောင်သုံးယောက်လုံးကိုလွတ်ပြီး ပေးလိုက်လေသည်။

ဤဇာတ်၌ မိန်းမ၊လင်၊ သား၊မောင် လေးယောက်တို့သည် ဤ လေးယောက်ပင်ဖြစ်ခဲ့၍၊ ဗြဟ္မဒတ်မင်းသည် မြတ်စွာဘုရားဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းသည်။

(၇) ဥစ္ဆင်ဂဇာတ်မှ ရရှိသောသင်ခန်းစာများ

ဥစ္ဆင်ဂဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် မိန်းမတို့၏အဆင်တန်ဆာသည် အဝတ်အစားမဟုတ်၊ လင်ယောက်ျားသာဖြစ်ကြောင်း၊ ကံမကောင်းလျှင် မရည်ရွယ်ဘဲ ဆင်းရဲဒုက္ခနှင့်တွေ့ရတတ်ကြောင်း၊

မိန်းမများသည် စဉ်းစားဉာဏ်ကောင်းကြသူများဖြစ်ကြောင်း၊ အခက်အခဲကြုံလျှင် မိန်းမများနှင့်တိုင်ပင်ပြီး ဒုက္ခမှလွတ်မြောက်အောင်ကြိုးစားသင့်ကြောင်း၊ ရေမရှိသောမြစ်၊ မင်းမရှိသော တိုင်းပြည် မတင့်တယ်သကဲ့သို့ လင်သားမရှိသောမိန်းမသည် မတင့်တယ်ကြောင်း၊ မိန်းမများမှာ လင်ဆိုတာခရီးသွားရင်း ရနိုင်ကြောင်း၊ သားဆိုသည်မှာ ဟင်းသီးဟင်းရွက်ပမာ ရလွယ်ကြောင်း၊ မောင်သာလျှင် ရဖို့ခဲယဉ်းကြောင်း စသောသင်ခန်းစာတို့ကို ရရှိပါသည်။

၈၊ သာကေတဇာတ် အဓိပ္ပာယ်အကျဉ်းချုပ် (၆၈)

မြတ်စွာဘုရားသည် သာကေတမြို့ကို မှီ၍ အဥ္စနဥယျာဉ်၌ နေတော်မူစဉ် ပုဏ္ဏားအိုတစ်ယောက်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ဘုရားရှင်သည် ရဟန်းတော်များခြံရံလျက် သာကေတမြို့တွင်းသို့ ဆွမ်းခံဝင်လေ၏။ ထိုမြို့မှ ပုဏ္ဏားအိုတစ်ယောက်သည် ဘုရားကိုမြင်ပြီး ခြေတော်ရင်း၌ဝပ်စင်းကာ ခြေဖမျက်တို့ကိုမြဲစွာကိုင်ထားလျက်“ချစ်သား သားတို့မည်သည် မိဘတို့ အိုမင်းသောအခါ လုပ်ကျွေးထိုက်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် ငါတို့ကိုခွဲပြီး အကြာကြီးနေပါသနည်း” ပြောပြီး ဘုရားရှင်ကို အိမ်သို့ပင့်ဆောင်သွား၏။

ထိုအခါ ပုဏ္ဏေးမသည် ပုဏ္ဏာကြီးကဲ့သို့ပြေဆိုပြီး သားသမီးများကိုပါ “သင်တို့၏အစ်ကိုလာနေပြီ၊ လာပြီးရှိခိုးကြ”ဟု ပြောဆို၏။ ပုဏ္ဏားနှင့်ပုဏ္ဏေးမတို့သည် အလွန်နှစ်သက်ကြ၍ ဘုရားနှင့်တကွ သံဃာတော်တို့အား အလှူကြီးကို ပေးကြလေသည်။ ဘုရားရှင်သည် ဇရာသုတ်ကို ဟောတော်မူရာ ပုဏ္ဏားနှင့်ပုဏ္ဏေးမတို့

အနာဂါမ်ဖိုလ်တည်သွားလေ၏။ ထို့နောက် ဘုရားရှင်သည် အဠှန ဥယျာဉ်သို့ ကြွတော်မူလေသည်။

ဤဇာတ်၌ ပုဏ္ဏားနှင့်ပုဏ္ဏေးမသည် ပုဏ္ဏားနှင့်ပုဏ္ဏေးမသာ လျှင်ဖြစ်ခဲ့ပြီး သားသည် ဘုရားရှင်ဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်း ပါသည်။

(ဂ) သာကေတဇာတ်မှ ရရှိသောသင်ခန်းစာများ

သာကေတဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် ဘဝများစွာ အဆက်မပြတ် မိဘဆွေမျိုးတော်စပ်ခဲ့ဖူးပါက ယခုဘဝတွင် မမြင် ဘူးကြသော်လည်း အလိုလိုပင် ချစ်ခင်တတ်ကြကြောင်း၊ တစ်ဦးနှင့် တစ်ဦးတွေ့လျှင်တွေ့ချင်း ချစ်ခင်ကြင်နာမှုဖြစ်ကြခြင်းသည် အတိတ် ဘဝက အတူသွားအတူလာ ဆွေမျိုးရင်းချာ ဖြစ်ခဲ့ဖူးသူများ ဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦးစိတ်ထဲ အလိုလိုကြည်ညိုရွှင်ပြ အရင်က မမြင်ဖူးကြဘဲ ထူးကဲစွာ ခင်မင်ကြခြင်းမှာ - တစ်ဦးမေတ္တာ တစ်ဦးမှာ သံသရာဘဝအဆက်ဆက်က တွဲဖက်ခဲ့ဖူးသောကြောင့်ဖြစ် ကြောင်း၊ တစ်ဦးနှင့်တစ်ဦးတွေ့လျှင် မခေါ်နိုင် မမေးနိုင် မျက်မုန်း ကျိုးကြခြင်းသည် အတိတ်ဘဝက မိဘညီအစ်ကိုမောင်နှမဆွေမျိုး မတော်ခဲ့ခြင်း ရန်သူဖြစ်ခဲ့ခြင်းတို့ကြောင့် ဖြစ်ကြောင်း၊ ယခုဘဝမှာ သားသမီး တပည့် တော်ကြသော်လည်း တစ်ဦးနှင့်တစ်ဦး မခေါ်နိုင် မမေးနိုင်သူများ ပါလာတတ်သည်။ သူတို့သည် အတိတ်ဘဝက အတွေ့နည်းပါးခြင်း ရန်သူဖြစ်ခဲ့ခြင်းတို့ကြောင့် ဖြစ်ကြောင်း စသော သင်ခန်းစာများကို ရရှိပါသည်။

၉။ ဝိသဝန္တဇာတ် အဓိပ္ပာယ်အကျဉ်းချုပ် (၆၉)

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရား

လောင်းသည် မြွေဆေးဆရာ ဖြစ်ခဲ့၏။ တစ်နေ့သောအခါ ဇနပုဒ်သားတစ်ယောက် မြွေကိုက်ခံရသည်။ ဆွေမျိုးများက ဘုရားလောင်းဆေးဆရာကို ခေါ်၍ ဆေးကုသည်။ သူသည် ကိုက်သောမြွေကို ခေါ်ပြီး သူအဆိပ်ကို သူပြန်စုပ်ယူဘို့ ခိုင်း၏။ မြွေက စွန့်ပြီးသော အဆိပ်ကို ပြန်ပြီး မစုပ်နိုင်ပါဟု ပြောသည်။

ဤသို့လျှင် ထင်းများကို ရှာပြီး၊ မီးဖို၍ မီးထဲဝင်ရမည်ဟု ဆေးဆရာက အမိန့်ပေး၏။ မြွေသည် မီးဖိုထဲဝင်ရန်သွား၏။ ထိုအခါ ဘုရားလောင်းက မီးဖိုထဲ မဝင်ရန်နှင့် နောင်ဘယ်သူ့ကိုမျှ မကိုက်ရန် ဆုံးမ၍ ပြန်လွှတ်လိုက်၏။ လူနာကို ဆေးမန္တရားတို့ဖြင့် ပျောက်အောင်ကုပေးခဲ့သည်။

ဤဇာတ်၌ မြွေသည် ရှင်သာရိပုတ္တရာဖြစ်ခဲ့ပြီး၊ ဆေးဆရာသည် ဘုရားရှင်ဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းသည်။

(၉) ဝိသဝန္တဇာတ်မှ ရရှိသောသင်ခန်းစာများ

ဝိသဝန္တဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် ရှေးပညာရှိမထေရ်တို့သည် ဆုံးဖြတ်ချက်တစ်ကြိမ်ချပြီးလျှင် သေသည်အထိ စောင့်ထိန်းတတ်ကြကြောင်း၊ သူတစ်ပါးမချမ်းသာလျှင် အသက်ပင်သေစေ မပြုလုပ်တော့အံ့ဟု ဆုံးဖြတ်တော်မူတတ်ကြကြောင်း၊ သူတော်ကောင်းအလောင်းများမှာ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ပြုလုပ်ပြီးလျှင် ထပ်မံပြီး ပြင်ဆင်မှုမပြုလိုသော ခိုင်မာသောစိတ်ဓာတ်ရှိကြကြောင်း၊ ကျွန်ုပ်တို့သည်လည်း သူတော်ကောင်းများနည်းမှီး၍ သူတစ်ပါးမချမ်းသာသောအမှုကို မပြုလုပ်သင့်ကြောင်း၊ မှတ်သားနည်းယူရမည်သာဖြစ်ကြောင်း မိမိဆုံးဖြတ်ချက်အဓိဋ္ဌာန်ကို မပျက်ရအောင် ရဲဝံ့စွာ ဆောင်ရွက်ရန်လိုကြောင်း စသောသင်ခန်းစာများကို ရရှိပါသည်။

၁၀။ ကုဒ္ဒါလဇာတ် အဓိပ္ပာယ်အကျဉ်းချုပ် (၇၀)

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ကုဒ္ဒါလပဏ္ဍိတ နာမည်ဖြင့် ပေါက်တူးကို အသုံးပြု၍ ဟင်းသီးဟင်းရွက် စိုက်ပျိုး၍ အသက်မွေး၏။ တစ်နေ့သောအခါ သူသည် ပေါက်တူးကို ဖုံးကွယ်ရာအရပ်၌ထားပြီး ရဟန်းပြု၏။ သူသည်ပေါက်တူးကိုသတိရပြီး လူထွက်ပြန်၏။ ဤနည်းဖြင့် ခြောက်ကြိမ်တိုင်အောင် ရဟန်းဝတ်လိုက်၊ လူထွက်လိုက် ပြု၏။

ခုနစ်ကြိမ်မြောက်၌ကား မိမိပိုင်ဆိုင်သော ပေါက်တူးတစ်လက်ကို မြစ်ထဲသို့မျှောလိုက်ပြီးသည်နှင့် တပြိုင်နက် ငါအောင်ပြီဟု သုံးကြိမ်ကြွေးကြော်၏။

ထိုခဏ၌ ဗာရာဏသီမင်းကလည်း ရန်သူများကို နှိမ်နင်း၍ အောင်မြင်လာခဲ့သဖြင့် မြစ်ထဲသို့ဆင်းပြီး ခေါင်းဆေးခြင်း အမှုပြုနေချိန်နှင့် တိုက်ဆိုင်ပါသည်။

ဘုရားလောင်းက "အောင်ပြီ" ဆိုသည်မှာ ပေါက်တူးအပေါ် စွဲလမ်းနေသော တဏှာလောဘကို အောင်နိုင်လိုက်ခြင်းကိုပင် အောင်ပြီဟု အော်လိုက်ခြင်းဖြစ်ပါသည်။

အရှင်မင်းမြတ်က အပြင်ရန်သူများကို အောင်လိုက်ခြင်းသည် ကောင်းမြတ်သော အောင်နိုင်ခြင်းဟု မဆိုနိုင်ပါ။ တဏှာလောဘ အတွင်း ရန်သူကို အောင်မြင်မှသာလျှင် ကောင်းမြတ်သော အောင်မြင်ခြင်းဟု ဆိုနိုင်ပါသည်။

ဤသို့ဘုရားလောင်းသည် မြစ်ရေကိုကြည့်၍ ကသိုဏ်းကို ရှုကာ ဈာန်ကို ဖြစ်စေ၍ ကောင်းကင်၌ မင်းအားတရားဟော၏။ မင်းနှင့် ပရိတ်သတ်အားလုံးသည် တရားနာကြားပြီး ရဟန်းပြုကြ

သည်။ ဘုရားလောင်းသည် ထိုပရိတ်သတ်များကို ဟိမဝန္တာသို့ ခေါ်ဆောင်သွား၍ သိကြားမင်းဖန်ဆင်းသော ကျောင်းများ၌ နေလေသည်။

ဘုရားလောင်း ကုဒ္ဒါလပဏ္ဍိတနှင့် တပည့်အပေါင်းတို့သည် ချမ်းသာများ ခံစားကာ ပြဟ္မာပြည်သို့ လားရောက်ကြ၏။ ဘုရားရှင်သည် ထိုကုဒ္ဒါလပဏ္ဍိတဇာတ်ကို ဟော၍ သစ္စာကို ပြတော်မူ၏။ အဆုံး၌ အချို့သောပုဂ္ဂိုလ်များသည် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာများ ဖြစ်ကြသည်။

ဤဇာတ်၌ ဗာရာဏသီမင်းသည် ရှင်အာနန္ဒာ၊ ပရိတ်သတ်သည် ဘုရားရှင်၏ ပရိသတ်ဖြစ်ခဲ့၍၊ ကုဒ္ဒါလပဏ္ဍိတသည် ဘုရားလောင်း ဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းသည်။

၁၀။ ကုဒ္ဒါလဇာတ်မှ ရရှိသော သင်ခန်းစာများ

ကုဒ္ဒါလဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် တိုက်ပွဲများစွာ အောင်ပွဲရသည်ထက် မိမိခန္ဓာကိုယ်အတွင်းရှိ ကိလေသာအောင်ပွဲသည်သာ အကောင်းဆုံး အမြတ်ဆုံးဖြစ်ကြောင်း၊ ပုထုဇဉ်တို့၏ စိတ်သည် နှိပ်ကွပ်မရ ပေါ့ပါးလွင့်လွယ်၍ ကာမဂုဏ်အာရုံမျိုးစုံတို့၌ ကျရောက်လွယ်ကူလှကြောင်း၊ စိတ်ကိုနိုင်မှ သုခချမ်းသာကို ပေးစွမ်းနိုင်ကြောင်း၊ကုဒ္ဒါလပဏ္ဍိတသည် ပေါက်တူးတစ်ခုသာ ပိုင်ဆိုင်သော်လည်း ထိုပေါက်တူးကိုစွဲပြီး ခြောက်ကြိမ်တိုင်တိုင် လူဝတ်လဲခဲ့ရကြောင်း၊ နောက်ဆုံး (၇)ကြိမ်မြောက်မှ အောင်ပွဲသံ ကြွေးကြော်ခဲ့ကြောင်း၊ သာမန်အောင်ပွဲမှန်သမျှ ဤတစ်ကြိမ်က အောင်သော်လည်း နောက်တစ်ကြိမ်သူက ပြန်၍ အောင်မြင်နိုင်ကြောင်း၊ ထို့ကြောင့် အပြီးသတ်ထာဝရ အောင်ပွဲဟု မခေါ်နိုင်ကြောင်း၊ လူတစ်ယောက်ဖြင့် လူတစ်ယောက်ကို အနိုင်ရခြင်းသည်

အောင်ပွဲ မမည်သေး မိမိကိုယ်ကို မိမိအနိုင်ရခြင်းသည်သာ အောင်ပွဲ အကြီးဆုံး ဖြစ်ကြောင်းဇသော သင်ခန်းစာတို့ကို ရရှိပါ သည်။

၁။ ဝရုဏဇာတ် အဓိပ္ပာယ်အကျဉ်းချုပ် (၇၁)

ရှေးအခါက ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ ဘုရားလောင်းသည် ဒိသာပါမောက္ခဆရာဖြစ်၍ တပည့်ငါးရာတို့ကို အတတ်သင်ပေး၏။ ဆရာကြီးသည် တပည့်ငါးရာတို့ကို ထင်းခွေရန် ခိုင်းလိုက်၏။ ထိုတပည့်ငါးရာတို့တွင် တပည့်တယောက်သည် အလွန်ဖျင်း၏။ သူများထင်းခွေနေစဉ် ရေခံတက်ပင်ရင်း၌ အိပ်ပျော်နေ၏။ အခြားလုင်တို့သည် ထင်းခွေပြီး မိမိတို့နေရာသို့ ပြန်သွားကြ၏။ အိပ်ပျော်နေသောပျင်းကို ခြေနှင့်ကန်ပြီး နှိုးထားခဲ့သည်။

ထိုပျင်းသည် ရုတ်တရက်ထ၍ ရေခံတက်ပင်ပေါ်တက်ပြီး အစိုသစ်ကိုင်းများကို အခြောက်ကိုင်းထင်ပြီး ချိုးပါသည်။ မျက်စိကို အကိုင်းနှင့် ခိုက်မိပြီး မျက်စိပျက်သွားသည်။သူသည် သစ်ပင်မှဆင်း၍ ထင်းအစိုများကို ထမ်းယူလာပြီး သူများထင်းခြောက်ပေါ်မှာ တင်ထားလိုက်သည်။

ထိုအခါ ဆရာကြီးသည် တပည့်တို့အား နက်ဖန်နံနက် ရွာသို့ ဗေဒင်ရွတ်ဖတ်ရန် ညွှန်ကြားလိုက်သည်။ တပည့်တို့သည် ဗေဒင်ရွတ်ဖတ်ရန်မသွားမီ ကျွန်မတစ်ယောက်ကို ယာဂုကျိုရန် ခိုင်းထား၏။ ကျွန်မသည် အပေါ်ရှိ ရေခံတက်အစိုကိုယူ၍ အကြိမ်ကြိမ်မီးမှုတ်သော်လည်း နေထွက်သည်အထိ မီးကိုမတောက်စေနိုင် အလွန်နေမြင့်သွား၍ ဗေဒင်ရွတ်ဖတ်ရန် မသွားနိုင်တော့ပါ။

ထိုအခါ ဆရာကြီးက လူမိုက်တစ်ယောက်ကြောင့် အကြောင်းပြုပြီး လူအများဆင်းရဲဒုက္ခရောက်ရသည်ဟု မိန့်တော်မူပါသည်။

ဤဇာတ်၌ ပေါင်ကျိုးရဟန်းသည် မျက်စိကန်းသောလုင်၊ ကြွင်းသောတပည့်လုင်တို့သည် ဘုရားပရိတ်သတ်ဖြစ်ခဲ့ကြ၍ ဆရာပုဏ္ဏားသည် ဘုရားရှင်ဖြစ်တော်မူခဲ့ကြောင်းဇာတ်ပေါင်း ပါသည်။

(၁) ဝရုဏဇာတ်မှ ရရှိသောသင်ခန်းစာများ

ဝရုဏဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် အချိန်ရှိစဉ်က လုပ်ဆောင်သင့်သော လုပ်ငန်းတို့ကို အချိန်ရှိစဉ်ကပင် ကျိုးစားသင့် လုပ်ဆောင်သင့်ကြောင်း၊ အချိန်လွန်မှ မလုပ်ဆောင်သင့်ကြောင်း၊ အချိန်လွန်မှ လုပ်ဆောင်လျှင် အကျိုးမရသည့်အပြင် နောင်တရဖွယ် မကောင်းကျိုးပင်ရရှိတတ်ကြောင်း၊ အချိန်ရှိခိုက် လုံ့လ စိုက်ထုတ်သင့် ကြောင်း၊ အချိန်ရှိစဉ်က လုံ့လမစိုက်ဘဲ အချိန်လွန်မှ ပြုလုပ်လျှင် ထိုပြုလုပ်မှုကြောင့် ကာယကံရှင် ပျင်းရိသူသာမက နည်းစပ်ရာ အတူနေပုဂ္ဂိုလ်များပင် ဆင်းရဲမှု အန္တရာယ် ကြုံတွေ့စေတတ်ကြောင်း စသည့် သင်ခန်းစာများကို ရရှိပါသည်။

၂။ သီလဝနာဂရာဇဇာတ် အဓိပ္ပာယ်အကျဉ်းချုပ် (၇၂)

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ဟိမဝန္တာရပ်ဝယ် ဆင်မျိုး၌ဖြစ်ခဲ့၏။ သူသည် သီလဝဆင်မင်းဖြစ်၍ ဆင်အပေါင်းခြံရံလျက် ဟိမဝန္တာ၌ နေ၏။ ဗာရာဏသီပြည်သား မုဆိုးတစ်ဦးသည် ဘုရားလောင်းဆင်မင်းနေသောတောအတွင်း မျက်စိလည်ပြီး ငိုယိုကာ အော်ဟစ်အကူအညီ တောင်းခံနေသည်။

ဘုရားလောင်းဆင်မင်းသည် မုဆိုးကိုသနား၍ ကျောက်ကုန်းထက်၌တင်ကာ ဗာရာဏသီပြည် လူသွားလမ်းအနီးသို့ ချပေးထားခဲ့၏။ မုဆိုးသည် မိမိနေရာသို့ရောက်သောအခါ ဆင်စွယ်သမားထံ

သွားပြီး အသက်ရှင်ဆဲဖြစ်သော ဆင်၏အစွယ်ကို ဝယ်လိုပါသလော ဟု မေး၏။ ထိုအခါ ဆင်စွယ်သမားက အသက်ရှင်ဆဲဆင်၏အစွယ် က ပိုပြီးတန်ဘိုးကြီးမားကြောင်း ရောင်းစရာရှိက ဝယ်ယူလိုကြောင်း ပြန်ပြောလိုက်ပါသည်။

ထိုအခါ မုဆိုးသည် ထက်သောလွှကိုယူပြီး ဘုရားလောင်း ဆင်မင်းထံ ပြန်လာခဲ့၏။ မုဆိုး- အဘယ့်ကြောင့်လာသနည်းဟု မေး သောအခါ အစွယ်ကိုရောင်းချပြီး အသက်မွေးလို၍လာကြောင်း ဘုရားလောင်းဆင်မင်းအား ပြော၏။ ဆင်မင်းသည် သဗ္ဗညုတဉာဏ် တော်ရရန် ဤအစွယ်ကိုလှူမည်ဆို၍ ဝပ်၏။ မုဆိုးသည် ဦးကင်း ပေါ်တက်ပြီး အစွယ်နှစ်ချောင်း၏အဖျားကိုဖြတ်၍ ယူသွား၏။

မုဆိုးသည် တဖန်ပြန်လာပြီး ဆင်စွယ်များကို တောင်းပြန် သဖြင့် ဆင်မင်းသည် အစွယ်များကို ဖြတ်ယူစေသည်။ တတိယ အကြိမ် အစွယ်ရင်းအပိုင်းကို ဖြတ်ယူရန်သွားသောအခါ ဘုရား လောင်းသည် မုဆိုးအား ဦးခေါင်းပေါ်မှတက်ပြီး ဖြတ်ယူရန်ခိုင်းပါ သည်။ ဤတတိယအကြိမ်၌ ရက်စက်ကြမ်းကြုတ်လွန်းသောမုဆိုး သည် အစွယ်များကိုဖြတ်ယူပြီး အပြန်တွင် မြေမျိုသွားခဲ့လေ၏။

ထိုခဏ၌ တောစောင့်နတ်ရုက္ခစိုးက သူတစ်ပါးကျေးဇူးကို မသိတတ်၊ အဆွေခင်ပွန်းကို ပြစ်မှား ာက်သောသူသည် လေးကျွန်း လုံးအစိုးရသောစကြာဝတေးမင်းအဖြစ်ကို ရရှိသော်လည်း အားရနှစ် သက်ကျေနပ်လိမ့်မည်မဟုတ်ဟု မိန့်ကြားပါသည်။

ဤဇာတ်၌ မုဆိုးသည် ရှင်ဒေဝဒတ်၊ ရုက္ခစိုးနတ်သည် ရှင်သာ ရိပုတ္တရာဖြစ်ခဲ့၍ သီလဝဆင်မင်းမှာမူ မြတ်စွာဘုရားဖြစ်တော်မူခဲ့ ကြောင်း ဇာတ်ပေါင်းပါသည်။

(၂) သီလဝနာဂရာဇဇာတ်မှ ရရှိသောသင်ခန်းစာများ

သီလဝနာဂရာဇဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် လူမိုက်များသည် မိမိအပေါ် သူတပါးပြုခဲ့ဖူးသောကျေးဇူးကို မသိတတ်ကြောင်း ဘုရားလောင်းသည် ဘဝပေါင်းများစွာ ဖြည့်ကျင့်ခဲ့သောပါရမီတော်ကြောင့် တိရစ္ဆာန်ဘဝ ဆင်ဖြစ်ရသော်လည်း လွန်စွာလှပတင့်တယ်သော ဆင်ဖြူတော်ဖြစ်ရကြောင်း၊ ဖြစ်လေရာဘဝတိုင်းတွင် မိမိအသက် အသွေး အသား ပစ္စည်းများထက် သဗ္ဗညုတဉာဏ်ကို လိုလား မြတ်နိုးတော်မူကြောင်း၊ ကျွန်ုပ်တို့သည် ဘုရားလောင်းသူတော်ကောင်းများ၏နည်းကိုယူ၍ မေတ္တာကရုဏာရှေ့ထားလျက် မျှော်လင့်ချက်မထားဘဲ တတ်နိုင်ရာကူညီသင့်ကြောင်း၊ ကျေးဇူးကန်းသူသည် ကမ္ဘာကြီးကိုပိုင်စိုးရသည့် စကြာဝတေးမင်းဘဝ ပေးအပ်သော်လည်း ကျေနပ်မည်မဟုတ်ကြောင်း၊ နောက်ဆုံးတွင် သဘာဝဓမ္မအရ ထိုမျှ ယုတ်မာသောသူတို့ကို ကမ္ဘာမြေကြီးသည် လက်ခံနိုင်စွမ်းမရှိတော့ဘဲ မြေမျိုကာဒဏ်ခတ်လေ့ရှိကြောင်း စသည့်သင်ခန်းစာများကို ရရှိပါသည်။

၃။ သစ္စံကိရဇာတ် အဓိပ္ပာယ်အကျဉ်းချုပ် (၇၃)

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း မင်းပြုစဉ် ထိုမင်းမှာ အပြောအဆိုကြမ်းတမ်း၍ မိတ်ဆွေကိုပြစ်မှားတတ်သော ဒုဋ္ဌကုမာရမင်းသား တစ်ယောက်ရှိ၏။ ကျွန်အစေပါးတို့က အပြောဆိုးသော ဒုဋ္ဌကုမာရကို လေမိုးကျစဉ် မြစ်ထဲသို့ မျှောချလိုက်၏။ သစ်တုံးတစ်တုံးကို ကိုင်ပြီးလိုက်ပါသွားရာ ဘုရားလောင်းရသေ့နေရာကျောင်းအနီး ညသန်းခေါင်အချိန် ရောက်ရှိသွား၏။ အသက်ဘေးမှ ကူညီရန် ငိုကြွေးပြီးတောင်းပန်သောအသံကို ဘုရားလောင်းရသေ့ကြီးကြားသဖြင့် သစ်တုံးကို ဆိပ်ကမ်းသို့ဆွဲယူပြီး ကယ်ဆယ်လိုက်

ထိုသစ်တုံးပေါ်တွင် မြွေ၊ ကြွက်၊ ကျေးသားနှင့်တကွ ဒုဋ္ဌကုမာရမင်းသားပါ လေးဦးလိုက်ပါလာကြသည်။ ဘုရားလောင်းရသေ့သည် ရေထဲမှယူဆောင်ပြီး မြွေ၊ကြွက်၊ကျေးသားတို့ကို အချမ်းပြေအောင် မီးလှုံစေပြီး ပထမအစာကျွေးပါသည်။ မင်းသားကို နောက်မှ ကျွေးသဖြင့် ဘုရားလောင်းရသေ့အပေါ် မကျေနပ်ချေ။

မြွေက သူ့မှာ ရွှေကုဋေ(၄၀)ရှိကြောင်း၊ ကြွက်က ငွေကုဋေ(၃၀)ရှိကြောင်း၊ အချိန်မရွေးလာရောက်ယူနိုင်ကြောင်းပြောပြီး သူ့နေရာသို့ပြန်သွားပါသည်။ ကျေးသားလည်း သူ့မိတ်ဆွေကျေးသားနှင့်အတူ ဟိမဝန္တာမှ သလေးစပါးများကိုယူပြီး ပေးမည်ဖြစ်ကြောင်း ပြောပြီး သူ့နေရာ ပြန်သွားပါသည်။

ဒုဋ္ဌကုမာရမင်းသားက သူရှင်ဘုရင်ဖြစ်လျှင် ရသေ့ကို သတ်ပစ်မည်ဟု စိတ်ကူးပြီး၊ သူရှင်ဘုရင်ဖြစ်လာသောအခါ လာခဲ့ရန်မှာပြီး ပြန်သွား၏။

တစ်နေ့သ၌ ဘုရားလောင်းရသေ့သည် မြွေနှင့်ကြွက်၊ ကျေးသားတို့ထံရောက်သောအခါ ရှိခိုးပြီး သူတို့ပိုင်သော ရွှေ၊ငွေ၊သလေးစပါးများယူဘို့ ပြော၏။ အချိန်ကျမှယူမည်ဟုပြောပြီး ဒုဋ္ဌကုမာရမင်းထံရောက်သွား၏။ ထိုအခါ မင်းသည် ရသေ့ကို လမ်းလေးခွ၌ ကြိုးနှင့်ချည်နှောင်ပြီး ရိုက်နှက်ခိုင်းပါသည်။ ဘုရားလောင်းရသေ့က မြစ်ထဲမှထင်းတုံးကို ဆယ်မိလျှင်ကောင်းမည်၊ ကျေးဇူးမသိသောသူကို ဆယ်ယူမိသဖြင့် မှားသည်ဟု ငြီးတွားနေပါ၏။

ထိုအခါ ပညာရှိပုဂ္ဂိုလ်များတို့က ဒုဋ္ဌကုမာရမင်းသည် ကျေးဇူးရှင်ကို ပြစ်မှားကြောင်း သိသွား၏။ ထို့နောက် ဒုဋ္ဌကုမာရကို ဆင်ပေါ်မှာပင် ဒုတ်၊ ကျောက်ခဲ၊ တင်းပုတ်စသည်တို့ဖြင့် ပစ်ခတ်ပြီး သတ်ကြပါသည်။ သေသောအခါ ကျုံးထဲသို့ ခြေနှစ်ချောင်းကိုင်၍ပစ်လိုက်

ဘုရားလောင်းရသေ့ကို ရှင်ဘုရင်တင်မြှောက်ကာ မင်းပြုအုပ်ချုပ်စေ၏။ မြေနှင့်ကြွက်တို့ထံမှ ကုဋေ(၇၀)သော ရွှေငွေများကို သွားပြီးယူကာ မြွေ၊ကြွက် ကျေးသားတို့ကို နန်းတော်ပေါ်မှာ ကောင်းမွန်စွာ ကျွေးမွေးထားပါသည်။

ဤဇာတ်၌ ကျေးဇူးရှင်ကိုပြစ်မှားသောမင်းကား ဒေဝဒတ်၊ မြွေကား ရှင်သာရိပုတ္တရာ၊ ကြွက်ကား ရှင်မဟာမောဂ္ဂလာန်၊ ကျေးသားကား ရှင်အာနန္ဒာ၊ တရားမင်းကား ဘုရားရှင်ဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

(၃) သစ္စံကိရဇာတ်မှ ရရှိသောသင်ခန်းစာများ

သစ္စံကိရဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် ဒေဝဒတ်သည် ဘုရားရှင်၏ဂုဏ်ကျေးဇူးကိုမသိဘဲ သက်ရန်ဃာကြိုးစားလေ့ရှိကြောင်း၊လူမိုက်သည် ကြမ်းတမ်းရက်စက်တတ်ကြောင်း၊ မိမိပစ္စည်းဥစ္စာများကိုစွဲ၍ သေဆုံးလျှင် ထိုဥစ္စာမြှုပ်နှံရာနေရာ၌ မြွေကြွက်စသည်ဖြစ်တတ်ကြောင်း၊ ဘုရားလောင်းကဲ့သို့ သူတော်ကောင်းရော သူယုတ်မာပါ တတ်နိုင်ရာကကူညီလျှင် မိမိလည်း တစ်နေ့တွင် ချမ်းသာနိုင်ကြောင်း၊ သူယုတ်မာကိုကယ်တင်သဖြင့် ဒုက္ခကိုသာ တုံ့ပြန်ပေးတတ်ကြောင်း၊ ကျေးဇူးမသိသူသည် နောက်ဆုံး၌ အသေဆိုးနှင့်သေရတတ်ကြောင်း၊ လူတိုင်းသည် ကျေးဇူးရှိသူကို ကျေးဇူးဆပ်ရမည် ကျေးဇူးစွပ်ပါက ဒုက္ခရောက်တတ်ကြောင်း စသည့်သင်ခန်းစာများကို ရရှိပါသည်။

၄။ ရုက္ခဓမ္မဇာတ် အဓိပ္ပာယ်အကျဉ်းချုပ် (၇၄)

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် သစ်ပင်စောင့်ရုက္ခစိုးနတ်မင်း ဖြစ်ခဲ့၏။ ဘုရားလောင်းရုက္ခစိုးနတ်မင်းသည် ဆွေမျိုးများအား သူ၏ဗိမာန်ကို

ခြံရံ၍ နေရာယူကြ၏။ ပညာရှိသောနတ်တို့သည် ဘုရားလောင်း၏ ဗိမာန်ကိုခြံရံ၍ နေရာယူကြ၏။ ပညာမရှိသောနတ်တို့သည်ကား ဘုရားလောင်းစကားကို နားမထောင်ကြဘဲ လွင်တည်းခေါင်သစ်ပင် များကိုသာ နေရာယူကြသည်။

တစ်နေ့သောအခါ ကြီးစွာသောမိုးသက်လေပြင်းတိုက်ခိုက် တော့သည်။ လွင်တည်းခေါင်၌ရှိသောသစ်ပင်များသည် အမြစ်မှ ကျွတ်၍ လဲကြကုန်၏။ အချို့သစ်ပင်များကား ကိုင်းခက်များကျိုးပဲ့ ပြီး မြေပေါ်ကြကုန်၏။ အချင်းချင်းစပ်၍နေသောအင်ကြင်းတော၌ ကား သစ်ပင်တစ်ပင်မျှ မလဲကုန်။

ဗိမာန်ပျက်သောနတ်တို့သည် ဟိမဝန္တာသို့ပြန်လာကြ၏။ ထို အခါ ဘုရားလောင်းက ပညာရှိစကားကို မနာယူသူတို့သည် ကိုးကွယ် ရာမဲ့ဖြစ်ကြ၏ဟု ဆိုလေ၏။

ဘုရားရှင်က " မင်းကြီးဆွေမျိုးအချင်းချင်း ညီညွတ်စွာနေထိုင် ကြလျှင် ဝမ်းမြောက်ဝမ်းသာဖြစ်၏"ဟု ဟောတော်မူ၏။

ဤဇာတ်၌ နတ်များသည် ဘုရား၏ပရိသတ်၊ ပညာရှိ နတ် သူမြတ်သည် မြတ်စွာဘုရားဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်း ပါသည်။

(၄) ရုက္ခဓမ္မဇာတ်မှ ရရှိသောသင်ခန်းစာများ

ရုက္ခဓမ္မဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် လောကဝယ် ညီညွတ်ရေးသည် အလွန်အရေးကြီးကြောင်း၊ ညီညွတ်မှုရှိနေလျှင် ရန်သူမှန်သမျှတို့ ဖျက်ဆီးရန် အခွင့်မရနိုင်ကြောင်း၊ သက်ရှိလူသား များကိုမဆိုထားဘိ သက်မဲ့သစ်ပင်များပင် ညီညွတ်မှုကင်းမဲ့က အင် အားကြီးပြီး ခိုင်မာသည့်သစ်ပင်ကြီးများပင် အန္တရာယ်ကျရောက် ပျက်စီးရမည်ဖြစ်ကြောင်း စသောသင်ခန်းစာများ ရရှိနိုင်ပါသည်၊

ထို့ပြင် တတ်သိနားလည်၍ပြောဆိုသောပညာရှိစကားကို နာယူသင့်ကြောင်း၊ မနာယူက ဘေးအန္တရာယ်နှင့်တွေ့၍ ပျက်စီးနိုင်ကြောင်း သင်ခန်းစာများကိုလည်း ရရှိနိုင်ပါသည်။

၅။ မစ္ဆဇာတ် အဓိပ္ပာယ်အကျဉ်းချုပ် (၇၅)

ဘုရားရှင်ဇေတဝန်ကျောင်းတော်၌သီတင်းသုံးတော်မူစဉ် ကျောင်းအနီးရှိ ဇေတဝန်ရေကန်၌ ရေများပြတ်ကုန်၏။ ကျီးများသည် ရေကန်အတွင်းရှိ လိပ်စသောသတ္တဝါတို့ကို စားသောက်ကြ၏။ ဘုရားရှင်သည် ငါး လိပ်များပျက်စီးကြသည်ကိုမြင်၍ သနားတော်မူ၏။ ဘုရားရှင်သည် ထိုရေကန်၌ ရေချိုးတော်မူရာ မိုးကြီးသည်း ထန်စွာရွာချပြီး ဇေတဝန်ကန်နှင့်ကောသလတိုင်းတစ်ခုလုံး ရေပြည့်လျှံသွား၏။ ဇေတဝန်ကန်မှငါးများသည် အားလုံးအသက်ချမ်းသာရာ ရသွားကြသည်။

ရဟန်းများက ဘုရားရှင်၏မေတ္တာ ကရုဏာကြီးမားပုံ ငါး လိပ်များ အသက်ရှင်ပုံများကို ပြောနေစဉ် ချစ်သားတို့ ငါသည် ယခုဘုရားဖြစ်သောဘဝ၌သာ ငါး လိပ်တို့ကို အသက်ရှင်အောင် ကယ်တင်ခဲ့သည်မဟုတ်သေး၊ ရှေးအခါ ငါးမင်းဖြစ်စဉ်ကလည်း ငါး လိပ်တို့ကို အသက်ဘေးမှချမ်းသာရန် ကူညီခဲ့ကြောင်းစသည်ဖြင့် အတိတ်ဇာတ်ကို ဆက်လက်၍ဟောတော်မူ၏။

ရှေးလွန်လေပြီးသောအခါ ကောသလတိုင်း သာဝတ္ထိပြည် ဇေတဝန်ရေကန်၌ ရေများခန်းခြောက်ပြီး ကန်ထဲမှငါး လိပ်တို့ကို ကျီးများက စားသောက်နေကြ၏။ ထိုအခါ ဇာတ်တူဖြစ်သောငါးများကို အသက်ဘေးမှချမ်းသာရန် သစ္စာဆိုခဲ့၏။

ငါသည် မျိုးတူငါးများကို ဆန်လုံးမျှ မစားသောက်ပါ။ သူတစ်ပါး၏အသက်ကိုလည်း ဘယ်အခါမျှ မသတ်ဘူးပါ။ ဤသစ္စာစကား

ကြောင့် မိုးများရွာချပါစေသတည်းဟု သစ္စာအဓိဋ္ဌာန်ပြုတော်မူ၏။ သစ္စာအဆုံး၌ မိုးကြီးသည် သည်းထန်စွာရွာချပြီး မိမိနှင့်တကွ ငါး လိပ်အပေါင်း အသက်ဘေးမှချမ်းသာရသွားလေသည်။

ဤဇာတ်၌ ငါးအပေါင်းသည် ဘုရားရှင်၏ ပရိသတ်၊ ပဇ္ဇုန်မိုး နတ်မင်းသည် ရှင်အာနန္ဒာဖြစ်ခဲ့၍ ငါးမင်းသည် ဘုရားရှင်ဖြစ်တော် မူခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

(၅) မစ္ဆဇာတ်မှ ရရှိသောသင်ခန်းစာများ

မစ္ဆဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် ဘုရားရှင်သည် သတ္တဝါ များအား သနားကရုဏာကြီးမားတော်မူသဖြင့် ဒုက္ခရောက်နေသော သတ္တဝါများကို ချမ်းသာအောင် ကယ်တင်တော်မူလေ့ရှိကြောင်း၊ ဘုရားရှင်၏သစ္စာပါရမီတော်စွမ်းအားကြောင့် မိုးကိုအစိုးရသောဝလာ ဟကမိုးနတ်သားတို့သည် မိုးကိုရွာပေးလေ့ရှိကြောင်း၊ သစ္စာ၏စွမ်း အားသည် အလွန်ကြီးမားလှကြောင်း၊ မှန်ကန်သောသစ္စာစကားကို အခြေခံကာ သတ္တဝါများချမ်းသာအောင် စွမ်းဆောင်နိုင်ပါက လိုလား သောဆုကို တောင်းယူနိုင်ကြောင်း၊ မိုးလေဝသမှန်ကန်စေလိုပါက သီလနှင့်ပြည့်ဝရန်နှင့်သစ္စာအဓိဋ္ဌာန်ပြုနိုင်ကြောင်း၊ ကိုယ်နှင့်ဘဝတူ များအပေါ်၌ မေတ္တာကရုဏာရှေ့ထား၍ ချမ်းသာအောင် ဆောင် ရွက်ပေးခြင်းသည် မြတ်စွာဘုရား၏အလိုတော်ကျဖြစ်ကြောင်း စသည့် သင်ခန်းစာများကို ရရှိပါသည်။

၆၊ အသကိဳယဇာတ် အဓိပ္ပာယ်အကျဉ်းချုပ် (၇၆)

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌သီတင်းသုံးနေတော်မူစဉ် သာဝတ္ထိမြို့သား သောတာပန်ဥပါသကာတစ်ယောက်ကို အကြောင်း ပြု၍ အသကိဳယဇာတ်ကို ဟောတော်မူ၏။ သောတာပန်အမျိုးသား သည် လှည်းကုန်သည်များနှင့်အတူ ကိစ္စရှိ၍လိုက်ပါသွား၏။ လှည်း

ကုန်သည်များသည် တောအုပ်တစ်ခုသို့ရောက်သောအခါ လှည်းများ ချွတ်ကာ သစ်ခက်တဲများဆောက်လုပ်၍ နားနေ၏။

ထိုအခါတွင် တောထဲမှသစ်ပင်အောက်တွင် မအိပ်ဘဲ စကြံ့ လျှောက်ပြီး နေရ၏။ လှည်းကုန်သည်တို့ကို လုယက်ရန်ချောင်း သော သူခိုးများက စကြံ့လျှောက်နေသော အမျိုးသားကြောင့် လုယက်ရန် အချိန်မရချေ။ မိုးလင်း၍ သူတို့နေသော တောထဲသို့ ပြန်သွားကြ၏။ သောတာပန်အမျိုးသားခရီးမှ ပြန်လာပြီး ကိုယ်ကိုစောင့်ရှောက်သော သူသည် သူတစ်ပါးကို စောင့်ရှောက်ရာ ရောက်သလောဟု လျှောက် ထားရာ ကိုယ်ကိုစောင့်ရှောက်ခြင်းသည် သူတစ်ပါးကိုလည်း စောင့် ရှောက်ရာရောက်ကြောင်းကို အတိတ်ကို ဘုရားရှင် ဟောကြား တော်မူသည်။

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း မင်းပြုစဉ်က ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ ကာမတို့ကိုငြီးငွေ့ကာ ရသေ့ပြုလုပ်နေ၏။ တစ်နေ့သ၌ လှည်းကုန်သည်များနှင့် ခရီးသွား ၏။ လှည်းကုန်သည်များသည် တောထဲသို့ရောက်သောအခါ လှည်း များကိုချွတ်ပြီး နားနေ၏။

ဘုရားလောင်းရသေ့ကား တစ်ညလုံးမအိပ်ဘဲ စကြံ့လျှောက် နေ၏။ ထိုအခါ လုယက်ရန်ချောင်းနေသော ခိုးသူငါးရာတို့သည် ရသေ့ကိုမြင်ပြီး လုယက်ချိန်မရသဖြင့် မိုးလင်းသောအခါ မိမိနေရာသို့ ပြန်သွားကြ၏။ ရသေ့ကြောင့် လှည်းကုန်သည်တို့ အလုမခံရသဖြင့် ခိုးသူများက ရသေ့ကို ပူဇော်ကြပါ မြတ်နိုးကြပါ အော်ပြီး ဖဲသွား ကြလေသည်။

မိုးလင်းလျှင် လှည်းကုန်သည်တို့သည် ခိုးသူတို့ စွန့်ပစ်ခဲ့သော လက်နက်များကိုမြင်၍ ကြောက်ကြသဖြင့် ရသေ့အားမေး၏။

ပစ္စည်းရှိသူများမှ သူခိုးဓားမြရန်များကို ကြောက်ရ၏။ ပစ္စည်းမဲ့သူများအဖို့ သူခိုးရန်ကို ကြောက်စရာမလိုကြောင်း တရားဟောလေသည်။

ဤဇာတ်၌ လှည်းကုန်သည်တို့သည် ဘုရား၏ပရိသတ်ဖြစ်ပြီး၊ ရသေ့ကား ဘုရားရှင်ဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၆၊ အသကီယဇာတ်မှ ရရှိသော သင်ခန်းစာများ

အသကီယဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် မိမိကိုယ်ကို စောင့်ရှောက်ခြင်းသည် သူတစ်ပါးကိုလည်း စောင့်ရှောက်ရာ ရောက်ကြောင်း၊ ဘုရားလောင်းရသေ့သည် ခိုးသူငါးရာတို့ကို တွေ့သောအခါ ကြောက်ရွံ့မှုမရှိကြောင်း၊ ကြောက်ရွံ့မှု ထိတ်လန့်မှု ဟူသည် ပစ္စည်းဥစ္စာပိုင်ဆိုင်သူတို့၌သာ ဖြစ်လေ့ရှိကြောင်း၊ ပစ္စည်း ဥစ္စာကို လိုချင်သူတို့သည် ပစ္စည်းပိုင်ရှင်တို့ကို ရန်ရှာလေ့ရှိကြောင်း၊ ပစ္စည်းဥစ္စာကြောင့် အမြဲတန်း ကြောက်ရွံ့မှုဖြစ်နေရကြောင်း၊ သူတော်စင်တို့အဖို့ ပစ္စည်းဥစ္စာသိမ်းဆည်းထားမှုမရှိသောကြောင့် မည်သည့် အရပ်၌ နေနေ စိုးရိမ်ရမှု ကြောက်ရွံ့ထိတ်လန့်မှု မရှိကြောင်း မေတ္တာဂရုဏာ ပွားများနေခြင်းသည် ဗြဟ္မာဘုံသို့ ဆိုက်ရောက်နိုင်ကြောင်း စသည့် သင်ခန်းစာများကို ရရှိပါသည်။

၇၊ မဟာသုပိနဇာတ် အမိပ္ပာယ်အကျဉ်းချုပ် (၇၇)

ကောသလ္လမင်း အိမ်မက် ၁၆-ချက်

၁။ ဥသဘာ-နွားနက်ဥသဘလေးကောင်တို့သည် ဝေ့အံ့သော အခြင်းအရာကို ပြု၍ဖဲကုန်၏။

၂။ ရုက္ခာ-ငယ်စွာသောသစ်ပင်ချုံပင်တို့သည် ပွင့်ကုန်သီးကုန်၏။

၃။ ဂါဝိယော-နွားမကြီးတို့သည် ယနေ့မွေးသော နွားမငယ်၏ နို့ကိုစို့ကုန်၏။

၄။ ဂဝါ-လှည်း၌ကအပ်ကုန်သော နို့စို့နွဲ့ခါနွားငယ်တို့သည် ဝန်ကို မရွက်ဆောင်နိုင်ကုန်။

၅။ အသော-နှစ်ဖက်မျက်နှာရှိသော မြင်းသည် နှစ်ဖက်သော ခံတွင်းဖြင့် အစာကိုစား၏။

၆။ ကံသော-အဖိုးတစ်သိန်းထိုက်တန်သော ရွှေလင်ပန်းကို ဤ၌ ကျင်ငယ်စွန့်လော့ဟု မြေခွေးအားဆောင်နှင်း၏။

၇။ သိင်္ဂါလီ-အထက်၌ကျစ်လစ်သောလွှန်ကို အောက်က မြေခွေး မစား၏။

၈။ ကုမ္ဘော-အချည်းအနှီးသောအိုးတို့ဖြင့် ခြံရံအပ်သော ရေပြည့် အိုး၌သာရေလောင်း၏။

၉။ ပေါက္ခရဏီ-ရေကန်အလယ်တို့၌ ရေတို့သည်နောက်ကုန်၍ ကမ်းနား၌ရေတို့သည် ကြည်ကုန်၏။

၁၀။ အပါကံ-တစ်လုံးတည်းသောအိုးဖြင့် ချက်သောထမင်းသည် သုံးခုအားဖြင့်ကျက်ကုန်၏။

၁၁။ စန္ဒနံ-အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနံ့သာကို ရက်တက် ရည်ပုပ်ဖြင့် ရောင်းစား၏။

၁၂။ လာဗူနိသီဒန္တိ-ဗူးတောင်းတို့သည် ရေ၌နစ်ကုန်၏။

၁၃။ သိလာပ္လဝန္တိ-ကျောက်ဖျာကြီးတို့သည် ရေ၌ပေါ်ကုန်၏။

၁၄။ မဏ္ဍူကိယော ကဏှသပ္ပေဂိလန္တိ-ဖားမငယ်တို့သည် မြွေ ဟောက်ကို မျိုကုန်၏။

၁၅။ ကာကံသုပဏ္ဏာပရိဝါရယန္တိ-ကျီးကို ရွှေဟင်္သာတို့သည် ခြံရံ ကုန်၏။

၁၆။ တသဝကာဠေကာနံဘယာ-ထိတ်လန့်ခြင်းကိုဖြစ်စေတတ်ကုန် သော သစ်တို့သည်ဆိတ်တို့အား ကြောက်ကုန်၏။

ရှေးအခါက ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းမင်းပြု၍ ဘုရားလောင်းသည် ဥဒိစ္စပုဏ္ဏားမျိုး၌ဖြစ်၏။ အရွယ်ရောက်သော အခါ ရသေ့ရဟန်းဝတ်၍ အဘိညာဏ်သမာပတ်တို့ကို ဖြစ်စေ၍ ဟိမဝန္တာအရပ်နေ၏။ တစ်ညသောခါ ဗြဟ္မဒတ်မင်းသည် အိမ်မက် ၁၆-ချက် (ကောသလမင်းကြီးမြင်မက်သည့်အတိုင်း) မြင်မက်၍ ပုဏ္ဏားတို့အားမေး၏။

ထိုအခါ ပုဏ္ဏားတို့က မင်း၊ မိဖုရား တိုင်းပြည်တစ်ခုခုအတွက် အန္တရာယ်ဖြစ်မည်။ ထိုအန္တရာယ်မှ လွတ်ကင်းစေရန် ယဇ်ပူဇော်ရမည် ဟု ဆိုကြ၏။ ပုဏ္ဏားတို့သည် မင်း၏အမိန့်အတိုင်း ယဇ်ပူဇော်ရန် အားထုတ်ကြ၏။ ထိုပုဏ္ဏားတို့တွင် ပုရောဟိတ်၏ပညာရှိ တပည့်တစ်ယောက်သည် ကျွန်ုပ်တို့အား ဆရာသင်ပေးသော ဗေဒင်တို့မှာ သူတစ်ပါးကိုသတ်၍ သူတစ်ပါး၏ချမ်းသာခြင်း မဖြစ် စေနိုင်ရာ ဟု ဆို၏။ ဤနည်းဖြင့် ငါတို့ဥစ္စာများစွာရမည်။ သင်သည် မင်း၏ဥစ္စာကို စောင့်သလောဟု ပြောဆိုသည်။

ထိုအခါ လုင်သည် အမှုကိုရှောင်လို၍ မင်း၏ဥယျာဉ်သို့ ထွက်သွား၏။ ထိုနေ့မှာပင် ဟိမဝန္တာနေဘုရားလောင်းဈာန်ရရသေ့သည် ထိုအကြောင်းသိ၍ သတ္တဝါတို့ကိုဆင်းရဲမှ ကယ်တင်ရန် ထိုဥယျာဉ်သို့လာပြီး မင်္ဂလာကျောက်ဖျာ၌နေ၏။ လုင်က ရသေ့အား ထိုယဇ်ပူဇော်ခြင်းအကြောင်းကို လျှောက်ထား၏။ သူသည်ရသေ့အား ဥယျာဉ်၌နေစေလျက် မင်းထံသွား၏။

မင်းကြီး၊ သင်မင်းကြီးမြင်မက်သောအိမ်မက်တို့၏ အကြောင်းကို ဟောပြောနိုင်သော ရသေ့တစ်ပါးသည် ဥယျာဉ်၌ရောက်နေ၏။ မင်းသည် ချက်ခြင်းပင် ရသေ့ထံသွား၍ အိမ်မက် ၁၆-ချက်ကို လျှောက်ထား၏။

ဘုရားလောင်းရသေ့သည် ထိုအိမ်မက် ၁၆-ချက်ကို အကျယ်အားဖြင့် ဟောပြ၏။ ဤအိမ်မက်များကြောင့် သင်မင်းကြီးအား ဘေးအန္တရာယ်မရှိ၊ ယဇ်ပူဇော်ခြင်းကိုမပြုပါဟု ဟော၏။ ထို့နောက် သတ္တဝါအပေါင်းကို အနှောင်အဖွဲ့မှ လွတ်စေပြီး ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို့ပြန်သွား၏။

ဤဇာတ်၌ ဗာရာဏသီမင်းသည် ရှင်အာနန္ဒာ၊ တပည့်လုလင်သည် ရှင်သာရိပုတ္တရာဖြစ်ခဲ့၍၊ ရသေ့မှာမူ မြတ်စွာဘုရား ဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

၇။ မဟာသုပိနဇာတ်မှရရှိသော သင်ခန်းစာများ

မဟာသုပိနဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် အိမ်မက်ဖတ်သော ပေဒင်ပညာတတ်သူတို့သည် မိမိတို့၏ တစ်ဘဝ ချမ်းသာရေးကိုကြည့်ပြီး သတ္တဝါနှင့်လူတို့ကို ဒုက္ခရောက်အောင် ပြုလုပ်တတ်ကြောင်း၊ အိမ်မက်ကိုအကြောင်းပြုပြီး လိမ်ညာကာဖြန်းစားလေ့ရှိကြောင်း၊ အသိဉာဏ်နည်းပါး၍ မိမိချမ်းသာရေးကိုသာ အာရုံပြုလျက် ပေဒင်ဆရာများဟောသမျှ ဘုရားဟောထက်ယုံကြည်ကာ အမှားတွေကိုပြုလုပ်တတ်ကြောင်း၊ ပေဒင်ဆရာများ၏စကားကိုယုံလွန်းလျှင် အမှားတွေ့ကို တွေ့ရတတ်ကြောင်း၊ လူတို့သည် အကျင့်စာရိတ္တ ဖောက်ပြားသဖြင့် သဘာဝဘေးဒဏ်များ ကျရောက်နိုင်ကြောင်း၊ သတ္တဝါချမ်းသာရေးအတွက် ပညာရှိသူတော်ကောင်းများနှင့်ပေါင်းသင်းရန်လိုကြောင်း၊ ဤမဟာသုပိနဇာတ်လာ ပုဏ္ဏားမိုက်တို့၏လုပ်ရပ်ကို မြတ်စွာဘုရားနှင့်ဘုရားလောင်းတို့ကယ်တင်ခဲ့ခြင်းကြောင့် သတ္တဝါအပေါင်းချမ်းသာခြင်း ရခဲ့ကြောင်း စသည့် သင်ခန်းစာများတို့ကို ရရှိပါသည်။

၈။ ဣလ္လိသဇာတ် အမိပ္ပာယ်အကျဉ်းချုပ် (၇၈)

ဘုရားရှင်ဇေတဝန်ကျောင်း၌သီတင်းသုံးစဉ် ရာဇဂြိုဟ်ပြည် သက္ကာရနိဂုံး၌ ပစ္စရိယသူဌေးသည် ကုဋေ(၈၀)ကြွယ်ဝ၏။ သူသည် မိမိပိုင်ဆိုင်သောပစ္စည်းကို ဘယ်သူ့ကိုမျှမပေးရက်၊ မိမိလည်း မစားသုံးချေ၊ တစ်နေ့သောအခါ မင်းထံခစား၍ပြန်လာခဲ့ရာ အိုးကင်းဖြင့်ကြော်သောမုန့်စားနေသော လူတစ်ယောက်နှင့်တွေ့၏။ ထိုမုန့်ကိုစားချင်သည်။ ကုန်မှာစိုး၍ ဘယ်သူကိုမျှမပြောဘဲ အိပ်ရာထဲ လျောင်းစက်နေ၏။

သူဌေးကတော်က အမျိုးမျိုးကပ်မေးမှ ထိုမုန့်ကိုစားချင် ကြောင်း ပြော၏။ ထိုအခါ သူဌေးကတော်က တမြို့လုံး စားလောက် အောင်လုပ်မည်ဟုပြော၍“များသည်သူဌေးကတော် ငါတစ် ယောက် တည်းစားလောက်ရုံသာ လုပ်ပေးပါ”ဟု ပြော၏။ သို့ဖြင့် အိမ်သူ အိမ်သားတွေမသိအောင် ဘုံခုနစ်ဆင့်အထက်မှာတက်ပြီး ဇနီး မောင် နှံနှစ်ယောက်မုန့်ကြော်နေ၏။ ဘုရားရှင်သည် ပစ္စရိယသူဌေး ကိုချွတ် ဖို့ရန် ရှင်မဟာမောဂ္ဂလန်ကို မုန့်အလှူခံဖို့ လွှတ်လိုက်၏။ ဘုရား အမှူးရှိသော သံဃာ (၅၀၀)တို့သည် သူဌေးလှူဒါန်းသော မုန့်ဆွမ်းကို ဘုန်းပေးလိုကြကြောင်း မှာတော်မူလိုက် သည်။

ရှင်မဟာမောဂ္ဂလန်မထေရ်ကလည်း မုန့်လုပ်နေရာသို့ သပိတ ပိုက်ပြီး လေသာတံခါးမှရပ်ပြီး အလှူခံပါသည်။ ဘာမှ မလှူဘဲ နေသောသူဌေးတို့ကို နောက်ဆုံး မီးခိုးမှိုင်းတိုက်ပြီး ချောက် လန့်ရာ ကြောက်လန့်ပြီး မုန့်သေးသေးတစ်ခုလှူရန် အကြော်ခိုင်း လိုက်၏။ ကြော်လိုက်သောအခါ မုန့်ကား အခြားမုန့်များထက် ကြီးနေ၏။ နောက်ဆုံး ကြီးကြီးသေးသေး တစ်ချပ်ကိုလှူမည်ဟု ယူသောအခါ မုန့်ချင်းတောင်းထဲရှိသမျှ တွဲပြီးပါလာ၏။ ထိုနောက်မုန့် တွေအားလုံး

အကုန်လှူလိုက်၏။ သူဌေးကြီးတို့ ဇနီးမောင်နှံကို တန်ခိုးဖြင့် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်သို့ ခေါ်ဆောင် သွား၏။

ထိုအခါ ဘုရားအမှူးရှိသော သံဃာ (၅၀၀)တို့အား ပါလာသော မုန့်ကြော်များဖြင့် ဆက်ကပ်လှူဒါန်းကြ၏။ ထို့နောက် ဘုရားရှင်၏ တရားတော်ကို နာရသဖြင့် မစ္ဆရိယသူဌေးနှင့် သူဌေးကတော်တို့သည် သောတာပန်ဖြစ်ကြ၏။ ရဟန်းများသည် ရှင်မဟာမောဂ္ဂလန် တန်ခိုးဖြင့် သူဌေးကြီးနှင့် ဇနီးဆုံးမပုံအကြောင်း ချီးမွမ်းစကားပြောနေကြစဉ် ဗုဒ္ဓမြတ်စွာက "ရှင်မဟာမောဂ္ဂလန်သည် ရှေးဘဝများကလည်း ဤသူဌေးကို ဆုံးမတော်မူခဲ့ကြောင်း" အတိတ်ကိုဟောတော်မူသည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီမင်း မင်းပြုစဉ် ဣလ္လိယသူဌေးသည် ကုဋေ (၈၀)ကြွယ်ဝ၏။ ခြေခွင်၍လက်ကောက်၏။ ပျက်စီးစွ၏။ ဘယ်သူ့ကိုမျှမြက်ဖျားခန့်ဆီတစ်ပေါက်ကိုမျှ မပေးလို၊ မစ္ဆရိယအားကြီးသည်။ သူကိုယ်တိုင်လည်း ပစ္စည်းများကို မသုံး။ ကျန်သူများကိုလည်း အသုံးမခိုင်းချေ။ မကျိုလ်စောင့်သော ရေကန်နှင့်တူ၏။ မိဘဘိုးဘွားများလက်ထက်က အလှူမဏ္ဍာပ်များကို ဖျက်ဆီး၍ မီးရှို့ပစ်၏။ အဘယ်အလှူခံမျှမလောင်းလှူချေ။ တစ်နေ့သော် ဣလ္လိယသဌေးသည် မင်းထံသို့သွားပြီး ပြန်လာရာ အရက်သောက်သောသူနှင့်တွေ့ပြီး အရက်သောက်ချင်စိတ် ပြင်းထန်စွာဖြစ်ပြီး အိပ်ရာတိုက်ခန်း၌ လူးလိမ့်ကာ လျောင်းနေ၏။

သူသည် အရက်ကို ဈေးမှ အနည်းငယ်ဝယ်၍ တစ်ခုသော ချုံထဲသို့ဝင်၍ တပဲတန်အရက်ကို သောက်နေ၏။ ထိုအချိန်တွင် ရှေးဘဝက အဖေတော်ဖူးသော သိကြားမင်းသည် ဣလ္လိယအသွင် ဖန်ဆင်းပြီး ရှိထားသောပစ္စည်းကို စည်လည်စေ၍ လူအများအား

အကုန်လှူဒါန်းပစ်၏။ သိကြားဖန်ဆင်းသော ကုလ္လိယကလည်း လက်ကောက်၊ ခြေခွင်၊ မျက်စိစွေ၊ ဦးခေါင်း၌လည်း မှည့်ကလေးပါ တူအောင် ဖန်ဆင်းထားလိုက်၏။

ထိုအခါ ကုလ္လိယအစစ်ဟူသည် အဘယ်နည်း။ ခွဲခြားနိုင်ရန် ပြဿဒတ်မင်းထံ အခေါ်ခိုင်းမှ သိကြားမင်းက သူသည်ကုလ္လိယအစစ် မဟုတ်၊ သူစုဆောင်းခဲ့သော ပစ္စည်းများကို ဆက်လက်လှူဒါန်းရန် ထိုသို့မလှူဒါန်းလျှင် ဝရဇိန်လက်နက်ဖြင့် သင့်ဦးခေါင်းကို ပစ် ဖေါက်မည့်အကြောင်းဆုံးမပြီး တာဝတိံသာသို့ ပြန်သွားလေသည်။

ဤဇာတ်၌ ကုလ္လိယသည် ပစ္စရိယသူဌေး၊ သိကြားမင်းသည် အရှင်မဟာမောဂ္ဂလာန်၊ ဆတ္တာသည်မူကား ဘုရားရှင်ဖြစ်တော်မူခဲ့ ကြောင်း ဇာတ်ပေါင်းပါသည်။

(၈) ကုလ္လိသဇာတ်မှ ရရှိသောသင်ခန်းစာများ

ကုလ္လိသဇာတ်ကိုဖတ်ရှုလေ့လာရသဖြင့် ပစ္စည်းဥစ္စာချမ်းသာ ကြွယ်ဝပြီး မလှူဒါန်းလျှင် ရက်ခွဲ့သည်စောင့်သောရေကန်မှရေနှင့်တူ ကြောင်း၊ ခြေခွင် လက်ကောက် မျက်စိစွေ သဒ္ဓါတရားမရှိသူများ သည် သူယုတ်မာများ၏လက္ခဏာဖြစ်ကြောင်း၊ မစ္ဆရိယရှိသူများသည် မိမိပိုင်ပစ္စည်းဥစ္စာများကို မပေးကမ်း မစွန့်ကြဲနိုင်ကြောင်း၊ မစ္ဆရိယကို ပယ်ခွါမှ စွန့်ကြဲပေးကမ်းနိုင်ကြောင်း၊ ရဟန်းများသည် ဒါယကာ ဒါယိ ကာမတို့အား မပင်ပန်းစေဘဲ မိမိအတွက်လိုအပ်သမျှကိုသာ အလှူခံ ရမည်ဖြစ်ကြောင်း၊ ပစ္စည်းရှိသူများသည် ဘဝသံသရာနောင်ရေးအ တွက် နှမြောမှုကင်းပြီး ဖြူစင်စွာအလှူဒါနကို ပေးလှူရမည်ဖြစ် ကြောင်း၊ အလှူဒါနပြုသူများသည် လူနတ်နိဗ္ဗာန်သုံးတန်သောချမ်း သာကို ရရှိနိုင်ကြောင်း၊ မိဘဘိုးဘွားများလက်ထက်မှကျန်ရစ်သော ပစ္စည်းဥစ္စာများကို အလွဲသုံးစားမပြုသင့်ကြောင်း၊ မိဘများပြုလေ့ရှိ

သောဒါနမှုများကို သားသမီးများက ဆက်လက်ထိန်းသိမ်းသင့်ကြောင်း စသည့်သင်ခန်းစာများကို ရရှိပါသည်။

၉။ ခရသာရဇာတ် အဓိပ္ပာယ်အကျဉ်းချုပ် (၇၉)

ဘုရားရှင် ဇေတဝန်ကျောင်း၌သီတင်းသုံးတော်မူစဉ် ကောသလမင်း၏အမတ်တစ်ဦးသည် မင်းကိုနှစ်သက်စေလျက် ပစ္စန္တရစ်ရွာ၌ မင်း၏ဗိုလ်ပါကိုခေါ်၍ ခိုးသူတို့နှင့်ပေါင်းပြီးလျှင် ငါသည် ရွာသားတို့ကိုခေါ်ပြီး တောသို့သွားအံ့၊ သင်တို့သည် ရွာကိုလုယက်ပြီး ဥစ္စာတစ်ဝက်ကို ငါ့အား ပေးလော့ဟုဆို၍ လူတို့ကို တောထဲသို့ ခေါ်သွား၏။

ထိုအခါ ခိုးသူတို့သည် ရွာကိုလုယက်ပြီးသွားကြသော် ထိုအမတ်သည် ညနေချိန်၌ လူများခြံရံလျက် ပြန်လာခဲ့၏။ ထိုရွာလေး၏ ပြုလုပ်ပုံကို မကြာခင်မင်းကြီးသိသွားလေ၏။ ကောသလမင်းကြီးသည် ထိုရွာစားအကြောင်းကို ဘုရားရှင်အား လျှောက်ထားသောအခါ သူသည် အတိတ်ကလည်း ဤကဲ့သို့ပြုလုပ်ကြောင်း အတိတ်ဇာတ်ကို ဟောတော်မူသည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းမင်းပြုစဉ် တစ်ဦးသောအမတ်အား ပစ္စန္တရစ်ရွာကို ခန့်ထား၏။ ရှေးဝတ္ထုနှင့်အလုံးစုံ တူ၏။

ဤဇာတ်၌ ယခုရွာစားအမတ်သည် ရှေးကလည်း ရွာစားအမတ်ဖြစ်ပြီး၊ ဂါထာကိုဆိုသောပညာရှိယောကျ်ားသည် ဘုရားရှင်ဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

(၉) ခရဿရဇာတ်မှ ရရှိသောသင်ခန်းစာများ

ခရဿရဇာတ်ကိုဖတ်ရှုလေ့လာရသဖြင့် မကောင်းသောမင်းမှုထမ်းများသည် လူဆိုးသူခိုးများနှင့်ပူးပေါင်းကြံစည်ပြီး မင်းဘဏ္ဍာ၊

နိုင်ငံတော်ဘဏ္ဍာများကို လုယက်ဖျက်ဆီးကာ ခွဲဝေယူလေ့ရှိကြောင်း၊ မသမာအမှုထမ်းများသည် မည်သို့ပင်ဟန်ဆောင်နိုင်ကြသော်လည်း နောက်ဆုံးတွင် မကောင်းမှုဟူသမျှ ပေါ်ပေါက်မြဲ မကောင်းဒဏ်ကို ခံရမြဲဖြစ်ကြောင်း၊ မင်းမှုထမ်းဟူသည် နိုင်ငံတော်အပေါ် တိုင်းသူပြည်သားများအပေါ် ယုံကြည်အားကိုးသော နိုင်ငံဝန်ထမ်းကောင်းဖြစ်အောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ ယခုဘဝမကောင်းမှုပြုလုပ်သူများသည် ရှေးဘဝကလည်း မကောင်းမှုပြုလုပ်ကြသူများဖြစ်ကြောင်း စသည့်သင်ခန်းစာများကို ရရှိပါသည်။

၁၀။ ဘိမသေနဇာတ် အဓိပ္ပာယ်အကျဉ်းချုပ် (၈၀)

ရှေးအခါက ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် ဥဒိစ္စပုဏ္ဏားမျိုး၌ဖြစ်၏။ အရွယ်ရောက်သော် တက္ကသိုလ်ပြည်သို့သွား၍ ဗေဒင်သုံးပုံနှင့်(၁၈)ရပ်သောပညာများကို သင်ကြားရာ အထွပ်အထိပ်သို့ရောက်၏။ ဘုရားလောင်းနာမည်ကား စူဠဓနုဂ္ဂဟပဏ္ဍိတဖြစ်၏။ အရပ်ပု၏။ မင်းထံခစားရန်သွားလျှင် မြင်သူ အထင်သေးမည်စိုးသောကြောင့် ရုပ်ချော အရပ်ရှည်သော ယက်ကန်းယက်စားသည့် ဘိမသေနကိုရှေ့မှာထားပြီး မင်းမှုထမ်းကြသည်။

ထိုအခါ ကာသိတိုင်း တောအုပ်တစ်ခုဝယ် လူကိုဒုက္ခပေးသော ကျားနှင့်ကျွဲရိုင်းများကို ရွာသားများနှင့်ပေါင်း၍နှိမ်နင်းရာ အောင်မြင်သဖြင့် ဆုလာဘ်များစွာ ရခဲ့သည်။ ဘိမသေနသည် ဘုရားလောင်းသင်ပြသည့်အတိုင်း ကျားနှင့်ကျွဲရိုင်းကို အသေဖမ်းပြီး မင်းထံဆက်သနိုင်၏။ ထို့ကြောင့် မိမိကိုယ်ကို အထင်ကြီးပြီး ဘုရားလောင်းကို အထင်သေး၏။ ငါသည် သင့်ကိုမှီပြီး အသက်ရှင်နေသည်မဟုတ်၊ သင်သည်သာလျှင် ယောကျ်ားလော၊ ငါလည်း ယောကျ်ားပင်

ဖြစ်သည်။ သင့်ကို ဘာမျှအထင်ကြီးစရာမလိုဟု ဘုရားလောင်းကို ကဲ့ရဲ့ရှုတ်ချတော့သည်။

နောင်တစ်ချိန် စစ်တိုက်စရာရှိသောအခါ ဘုရားလောင်းက ဆင်ကျောက်ကုန်းနောက်ပိုင်းမှ အသာကလေးငြိမ်ထိုင်နေ၏။ ဘယ်လိုတိုက်ဘယ်လိုခုတ် စသည် သင်ပြမပေးသောအခါ ဘီမသေနသည် တစ်ဖက်သော စစ်တပ်ကိုကြောက်ပြီး ဆင်ကျောက်ကုန်းမှာ ကျင်ကြီးကျင်ငယ်များ ပန်းထွက်ကုန်၏။ ထိုအခါ ဘုရားလောင်းသည် ဘီမသေနကို သက်သာရာရစေပြီး သူ့နေရာသို့ ပြန်ခိုင်းလိုက်သည်။

ဘုရားလောင်းသည် စစ်မြေပြင်သို့သွားပြီး ရန်သူမင်းကို ဖမ်းဆီး၍ မင်းကြီးအား ဆက်သ၏။ မင်းကြီးသည် အလွန်နှစ်သက်၍ ဘုရားလောင်းအား စည်းစိမ်များစွာ ပေးလေ၏။ ထိုအခါမှစ၍ ဘုရားလောင်းသည် စူဠဓနုဂ္ဂဟပဏ္ဍိတဟု ဇမ္ဗူဒိပ်၌ထင်ရှား လေသည်။

ဤဇာတ်၌ ရှုတ်ချသောရဟန်းသည် ဘီမသေနဖြစ်ပြီး၊ စူဠဓနုဂ္ဂဟပဏ္ဍိတသည် ဘုရားရှင်ဖြစ်တော်မူခဲ့ကြောင်း ဇာတ်ပေါင်းပါသည်။

(၁၀) ဘီမသေနဇာတ်မှ ရရှိသောသင်ခန်းစာများ

ဘီမသေနဇာတ်ကို ဖတ်ရှုလေ့လာရသဖြင့် လူပြောမသန် လူသန်မပြောဆိုစကားကဲ့သို့ အပြောကြီးသူတို့သည် တကယ်အလုပ်လုပ်သူများ မဟုတ်ကြောင်း၊ ရှေ့စကားနှင့်နောက်စကားညီညွတ်အောင် မဆောင်ရွက်နိုင်ခြင်းသည် ပညာရှိများ ရယ်ဖွယ်သာဖြစ်ကြောင်း၊ မိမိအားနည်းချက်ကို တဖက်သားအကူအညီဖြင့် လုပ်ငန်းကိုအောင်မြင်ရန် ကြိုးစားသင့်ကြောင်း၊ မိမိတတ်ထားသောပညာကို အခါအခွင့်ကြုံခိုက်၌ ထင်ရှားအောင်ပြသနိုင်ရန် အရေးကြီးကြောင်း၊

မိမိအားနည်းချက်ကိုဖြည့်ပေးသူအား ချမ်းသာအောင် ဆောင်ရွက်ပေးသင့်ကြောင်း၊ ဥပမိရုပ်ရည်အို့တဲ့မှုသည် တစ်ခါတစ်ရံ အလုပ်မှန်ရရန် ခဲရင်းတတ်ကြောင်း စသောသင်ခန်းစာများကို ရရှိပါသည်။

အမှားအမှန်ပြင်ဆင်ချက်

မှား	မှန်	စာမျက်နှာ
သဗ္ဗသိပ္ပေ	သဗ္ဗသိပ္ပေသု	၂
ဥပုဒ်သီလ	ဥပုသ်သီလဆောက်	၃
စောင့်တည်ခြင်း၊	တည်ခြင်း	
ဂရုဏာနှင့်ပြည့်စုံသည်	ကရုဏာနှင့်ပြည့်စုံသည်	၃
ဝိဿဇ္ဇေဿတိ-	ဝိဿဇ္ဇေဿတိ=လွှတ်	၆
လွှတ်လတ္တံ့	စေလတ္တံ့၊	
ကဏှာမ	ဂဏှာမ	၉
ဗဟိနဂယေဝ	ဗဟိနဂရေယေဝ	၁၀
ဟဂိတသိင်္ဂါလေ	ဂဟိတသိင်္ဂါလေ	၁၆
အသက္ကေန္တာ	အသက္ကောန္တာ	၁၇
နိပန္နော	နိပန္နော=လျောင်းလျက်	၂၂
ကထဝီရိယဿ	ကတဝီရိယဿ	၂၅
ယထော	ကထာ	၂၇
ဗေဓိသတ္တော	ဗောဓိသတ္တော	၂၈
ယထာကမ္ပံ	ယထာကမ္မံ	၂၈
အတ္ထာနံ	အတ္တာနံ	၃၀
မေစုတ္တော	ကျမေဓုတ္တော	၃၃
တိ=ဤသို့	ကျတိ=ဤသို့	၃၃
မဝံမရဲ	မဝံ့မရဲ	၃၄
ဗာရာဏသိသေဋ္ဌိ	ဗာရာဏသိသေဋ္ဌိ	၃၅
ဝိသံ့ယတ္ထာယ	ဝိသံယုတ္တာယ	၃၇
ဝတ္တတ္တိ	ဝတ္တတိ	၃၈
လှည့်လည်သည်စဉ်	လှည့်လည်စဉ်	၄၁
ဥလောကေတွာဝ	ဥလ္လောကေတွာဝ	၄၁
နအမ္ဗရုကော	နအမ္ဗရုက္ခော	၄၄
မသိမ္ဗိရုက္ခမူလေ	ကျမသိမ္ဗိရုက္ခမူလေ	၄၄

အမှားအမှန်ပြင်ဆင်ချက်

မှား	မှန်	စာမျက်နှာ
သန္တပေတွာ	သန္တပ္ပေတွာ	၅၀
ရန္ဓာရရဋ္ဌ	ဂန္ဓာရရဋ္ဌ	၅၁
ပဉ္စဝုဓံ	ပဉ္စာဝုဓံ	၅၂
ဒကလိမကုဠမတ္တာ	ကဒလိမကုဠမတ္တာ	၅၃
အတ္တရနံ	အတ္တာနံ	၅၃
ထိုမြာတို့ကို	ထိုမြားတို့ကို	၅၄
အလ္လီနဘရဝံ	အလ္လီနဘာဝံ	၅၅
အပ္ပမာတရားဖြင့်	အပ္ပမာဒတရားဖြင့်	၆၀
ရန္တွာ	ဂန္တွာ	၆၀
ဤကဉ္စနက္ခဇာတ်ကို	ဤကဉ္စနက္ခန္ဓဇာတ်ကို	၆၄
တ္တေနော	ဒတ္တနော	၆၉
ကတိပါဟေဝေန	ကတိပါဟေနေဝ	၆၉
အသက္ကေန္တာ	အသက္ကောန္တာ	၇၀
တေကံ	တ္တေကံ	၇၂
သဋ္ဌ	သဋ္ဌာ	၇၅
ပစ္စာရန္တွာ	ပစ္စာဂန္တွာ	၇၆
သပဇာပတကော	သပဇာပတိကော	၇၇
သော+သောကုမ္ဘီလော	ဘော+သောကုမ္ဘီလော	၈၀
နိမ္ဗိလန္တိ	နိမ္မိလန္တိ	၈၀
မိကျောင်းသည်	မိကျောင်း၏	၈၀
ဝိဟာရန္တော	ဝိဟရန္တော	၈၅
ဒေဝဒတ္တာ	ဒေဝဒတ္တဿ	၈၅
အဟ	အာဟ	၈၇
တေနကာရနေဏ	တေနကာရဏေန	၉၃
ဒိတွာ	ဒိသွာ	၉၃
အဆက်မပြတ်အရမ်း	အဆက်မပြတ်အရမ်း	၁၀၁
မှတ်ရာ	မမှတ်ရာ	

မှား	မှန်	စာမျက်နှာ
တတော•ဖခင်သည်	တာတော•ဖခင်သည်	၁၀၁
ဗြဟ္မပြည်	ဗြဟ္မာပြည်	၁၀၅
အဟံသု	အာဟံသု	၁၀၅
ကောင်းစေအံ့·ဟု	ကောင်းစွာထားစေအံ့-ဟု	၁၀၅
တာ•ချစ်သား	တာတ-ချစ်သား	၁၀၆
ဝိသတိသဿသတိကာ	ဝိသတိဝဿသတိကာ	၁၀၇
ဥဒကဇာသုကဌာနေ	ဥဒကဖာသုကဌာနေ	၁၀၇
ရရှိမည်နည်းဟု	ရှိမည်နည်း-ဟု	၁၀၉
သန္ဓိ	သဗ္ဓိ	၁၁၁
သစေသက္ကေသိ	သစေသက္ကောသိ	၁၁၃
တစ်ချက်တည်းဖြင့်	တစ်ချက်တည်းဖြင့်သာ	၁၁၄
ကုတ္ထုယောနာမ	ကုတ္တိုယောနာမ	၁၁၅
မယာက္ကဝ	မာယာက္ကဝ	၁၁၇
ဥပန္နဝေါစ	ဥပဒ္ဒဝေါစ	၁၁၇
ဇာဏိတာဒိဘေဒံ	ဖာဏိတာဒိဘေဒံ	၁၁၉
ဥပမိဝိသေကသည်ရင်း	ဥပမိဝိဝေကသည်ရင်း	၁၂၁
ဟောတ•၏	ဟောတိ•၏	၁၂၂
ပက္ကေသာပေတွာ	ပက္ကောသာပေတွာ	၁၂၇+၁၂၉
အထပ်တည်းတူ	တစ်ထပ်တည်းတူ	၁၃၁
အဘယ်သူမား	အဘယ်သူအား	၁၃၄
ဖယ်လော့	ပေးလော့	၁၃၉
ကခင်းငှာ	ကခြင်းငှာ	၁၄၁
လှည့်ဖြားတတ်ခြင်းငှာ	လှည့်ဖြားခြင်းငှာ	၁၄၂
အာကာသိ	အကာသိ	၁၄၂
အဂ္ဂိ•ဤသို့	အဂ္ဂိ•မီးသို့	၁၄၇
ငါ၏	ငါး၏	၁၄၈

အမှားအမှန်ပြင်ဆင်ချက်

မှား	မှန်	စာမျက်နှာ
ချိန်ကုန်သော	ချိုကုန်သော	၁၅၄
အဟ	အာဟ	၁၅၅
ဂမိဿမိ"တိ	ဂမိဿာမိ"တိ	၁၅၅
တဲကင်၌	တဲကုင်၌	၁၅၅
နှစ်ယောက်ကုန်လည်း	နှစ်ယောက်လည်းဖြစ်ကုန်သော	၁၅၉
ထိုင်နေသလား	ထိုင်နေသည်မဟုတ်လော	၁၅၉
ဟိန္တေသိ	စိန္တေသိ	၁၆၁
ဝေရူပေ	ဝေရူပေ=သော	၁၆၃
တော်သုခ	တော်သုခံ	၁၆၆
ဥက္ကဏ္ဏှိ တဘိကျူး သာသနာ၌	သာသနာ၌ငြီးငွေ့သော ရဟန်းသည်၊ သောတာပတ္တိ ဖလေ=၌၊ ပတိဋ္ဌဟိ=တည်ပြီ။	၁၆၆
အရှင်သခင်သည်ကဲ့သို့	အရှင်သခင်မသည်ကဲ့သို့	၁၆၇
နှိပ်စက်သည်ဖြစ်၍	နှိပ်စက်အပ်သည်ဖြစ်၍	၁၆၈
နဂ္ဂာတိ	နဂ္ဂတိ	၁၆၉
ဥပဋ္ဌာနံ	ဥပဋ္ဌာနံ=ခစားခြင်းသို့ နဂ္ဂတိ=မသွား။	၁၆၉
ဇယာမ္ပတိကာယေဝ လင်မယားတို့သည်	ဇယမ္ပတိကာယေဝ= လင်မယားတို့သည်သာ၊ ကွာဒါနိ=ယခုအခါ၌။ ဇယမ္ပတိကာ=လင်မယားတို့သည်။	၁၇၄
ပတိသတေဝေ	ပဝိသတိဝေ	၁၇၉
အဂ္ဂံ	အဂ္ဂ	၁၈၈
နိဝေသိ	နိဝေသနံ	၁၉၀
ပြီးစီးသိခြင်းငှာ	ပြီးစီးသိစေခြင်းငှာ	၂၀၀
စေလွှတ်၏	လွှတ်စေ၏	၂၀၂

မှား	မှန်	စာမျက်နှာ
နသာယ	နိသာယ	၂၀၂
ဍကံ	ဍာကံ	၂၀၅
ပက္ခိန္တိယာ	ပက္ခိပန္တိယာ	၂၀၅
ဍကံနာမ	ဍာကံနာမ	၂၀၅
ဍကသဒ္ဒေါ	ဍာကသဒ္ဒေါ	၂၀၅
မာတုက္ကစ္စိသင်္ဂါတံ	မာတုကစ္စိသင်္ဂါတံ	၂၀၅
သမာနေ။ထင်ရှားသော	သမာနေ။တူညီသော	၂၀၅
ယသ္မိံပနေ	ယသ္မိံမနော	၂၀၇
ပုတ္တမိတရောပိ။ သားသမီးတို့သည်လည်း	ပုတ္တမိတရောပိ။ သားသမီးတို့ကိုလည်း	၂၀၈
သမုဋ္ဌာပေသံ	သမုဋ္ဌာပေသုံ	၂၀၉
ဒိဋ္ဌမတေ	ဒိဋ္ဌမတ္တေ	၂၁၁
အနုသာ	မနုသာ	၂၁၃
ဇေတံဝနပဒမနုသ	ဇေက်ံဝနပဒမနုသံ	၂၁၅
အာကမှာပေမိဋ္ဌ"တိ	အာကမှာပေမိ"တိ	၂၁၆
မာဝိဟေဋ္ဌသိ"တိ	မာဝိဟေဋ္ဌေသိ"တိ	၂၁၈
ဓမ္မသဘာသံ	ဓမ္မသဘာယံ	၂၂၁
ဍကစ္ဆေဝ	ဍာကစ္ဆေဝ	၂၂၃
တိသယောဇနံ	တိံသယောဇနံ	၂၃၁
အကာသိ	အကာသိ	၂၃၂
က္ကဒ္ဒါလပဏ္ဏိတော	ကုဒ္ဒါလပဏ္ဍိတော	၂၃၃
ဒေဝလော္ာက	ဒေဝလောက	၂၃၄
အဝါဝစ္စာ	အဝါးဝစ္စာ	၂၃၇
သံသရပရိမောတ္တာယ	သံသာရပရိမောစနတ္ထာယ	၂၃၇
အထေထာ"+တိ	ကထေထာ+"တိ	၂၃၇
ပဒဟိတုံ၏	ပဒဟိတုံ	၂၃၉

အမှားအမှန်ပြင်ဆင်ချက်

မှား	မှန်	စာမျက်နှာ
အာတံသု	အာဟံသု	၂၄၁
ပတ္တရိတွာ	ပဋ္ဌရိတွာ	၂၄၃
	အင်္ဂါ=မီးကို၊ ဥက္ကာလေတုံ= တောက်စေခြင်းငှါ၊ အသက္ကောန္တိ= မတတ်နိုင်သည်ဖြစ်၍၊ သူရိယံ= နေသည်၊ ဥဋ္ဌာပေသိ=တက်စေပြီ၊	၂၄၅
ပစ္စာ	ပဋ္ဌာ	၂၄၆
ပရိဏာကဍ္ဎ	ဝရိဏာကဍ္ဎ	၂၄၇
ပုဋ္ဌာ	ပဋ္ဌာ	၂၄၈
ဟိတ္ထိယောနိယံ	ဟတ္ထိယောနိယံ	၂၅၀
ကျောက်ကုန်၌	ကျောက်ကုန်း၌	၂၅၄
ရုက္ခနိမိနိတ္တံ	ရုက္ခနိမိတ္တံ	၂၅၄
ဗောဒိသတ္တော	ဗောဓိသတ္တော	၂၅၅
အသက္ကောန္တော တတ်နိုင်သည်ဖြစ်၍	မတတ်နိုင်သည်ဖြစ်၍	၂၅၆
ဒန္တခဏ္ဍံ	ဒန္တခဏ္ဍံ	၂၅၆
ယာစိတတွာ	ယာစိတွာ	၂၅၆
ဒမ္ပိ	ဒမ္ဘိ	၂၅၇
ဒန္တကေဋိယော	ဒန္တကောဋိယော	၂၅၈
အဗ္ဗံစေ	သဗ္ဗံစေ	၂၆၀
ဆိဒ္ဒနေမေဝ	ဆိဒ္ဒနမေဝ	၂၆၀
အဘိရာဇယေတိ	အဘိရာမယေတိ	၂၆၁
ဒေဝတ္တော	ဒေဝဒတ္တော	၂၆၂
ကေနဝိ	ကေနစိ	၂၆၃
နော=ငါတို့	နော=ငါတို့၏	၂၆၄
ဥန္ဒရော	ဥန္ဒူရော	၂၆၆
သောပိရုကော	သောပိရုက္ခော	၂၆၇

မှား	မှန်	စာမျက်နှာ
ဝိမိုပ္ပတ္တော။ ကြီးသောရွာသို့	ထမိုပ္ပတ္တော။ ကြီးသောအရွယ်သို့	၂၆၈
ငါကဲ့သို့သောသဘာ ရှိသည်	ငါကဲ့သို့သောသဘော ရှိသည်	၂၆၈
ခုဒကတော	ဥဒကတော	၂၆၈
အယိ	မယိ	၂၇၁
မပြေသေး	ထင်ရှားမပြသေး	၂၇၄
တေဿကာနင္ဂကဏ္ဍိ တာပဿဿ	တေဿကာင္ဂကဏ္ဍိ တာပဿဿ	၂၇၄
ပဟာ့ရှပစရှဋ္ဌာနေ	ပဟာရှပဟာရှဋ္ဌာနေ	၂၇၅
ကိံကာရကာ	ကိံကာရဏာ	၂၇၆
အဏာတ္ထာယစ	ဟရဏာတ္ထာယစ	၂၇၆
အပေဟမေဝ	အပဟမေဝ	၂၇၇
ယာတေတွာ။သက်၍	ယာတေတွာ။သတ်၍	၂၇၈
စိရညကောင္ဒိဟိ	ဟိရညကောင္ဒိဟိ	၂၇၉
ပညာနိ	ပုညာနိ	၂၈၀
မေဂ္ဂလ္လာနော	မောဂ္ဂလ္လာနော	၂၈၁
သဝေါ	သုဝေါ	၂၈၁
သတ္တ	သတ္တာ	၂၈၂
ထပ်ဖျားထိပ်ဖျား	ထိပ်ဖျားထိပ်ဖျား	၂၈၃
အင်္ဂကော	အင်္ဂဏော	၂၈၃
ပဏ္ဍ	ပဏ္ဍာ	၂၈၄
အာဟာရတွာ	အာဟရိတွာ	၂၈၈
လွန်စေ၍	လွတ်စေ၍	၂၉၄
နက္ခမိတွာ	နိက္ခမိတွာ	၂၉၄
မဟာမဇ္ဈော	မဟာမဇ္ဈော	၂၉၆

အမှားအမှန်ပြင်ဆင်ချက်

မှား	မှန်	စာမျက်နှာ
အာဏာပေန္တော	အာဏာပေန္တောဝိယ	၂၉၇
ပဇ္ဇန္နဒေဝရာဇာနံ	ပဇ္ဇုန္နဒေဝရာဇာနံ	၂၉၇
မဋ္ဌသောကာပမောတိ	မဋ္ဌသောကာပမောစယာ	၂၉၉
ဋ္ဌ	တိဋ္ဌ	
သဗ္ဗတ	သဗ္ဗဝ	၂၉၉
လွတ်စေသလော	လွတ်စေလော	၂၉၉
ပဇ္ဇန္နံ	ပဇ္ဇုန္နံ	၃၀၀
သတ္တာ	သတ္ထာ	၃၀၀
သတ္တာ	သတ္ထာ	၃၀၁
အသက္ကေန္တာ	အသက္ကောန္တာ	၃၀၂
ယဝ	ယာဝ	၃၀၃
ဧကေန=တစ်ဦးသော	ဧကေန=တစ်ဖွဲ့တစ်စုသော	
အတ္ထာနံ	အတ္တာနံ	၃၀၃
အဘိဝိဿထ	အဘဝိဿထ	၃၀၅
ပြုကုန်သော	ပြုကုန်ရာ၏	၃၀၅
မုဂ္ဂရပါသာဏောဒယော	မုဂ္ဂရပါသာဏါဒယော	၃၀၅
ကောင်းစွာသက်	ကောင်းစွာတက်	၃၀၆
ရောက်၏	ရောက်၏	
နရာသင်္ကော	နိရာသင်္ကော	၃၀၇
မေတ္တာဖြင့်လည်းကောင်း	မေတ္တာ၌လည်းကောင်း	၃၀၇
	ကရုဏာယစ=ကရုဏာ၌ လည်းကောင်း	၃၀၇
လာမေတွာ	ယမေတွာ	၃၀၇
ဝိဟရန္တေ	ဝိဟရန္တော	၃၀၈
နိဒ္ဒုပဂတော	နိဒ္ဒူပဂတော	၃၀၉
ထိုလျက်သာလျှင်	ထိုင်လျက်သာလျှင်	၃၀၉

မှား	မှန်	စာမျက်နှာ
ထိုအိပ်မကတို့ကို	ထိုအိပ်မက်တို့ကို	၃၁၁
ပဋိက္ကမာပေတုံ	ပဋိက္ကမာပေတုံ	၃၁၁
ပစ္ဆိ	ပုစ္ဆိ	၃၁၁
သဗ္ဗည်	သဗ္ဗညုံ	၃၁၂
သန္နိပတတေ	သန္နိပတိတေ	၃၁၅
မဖြစ်သာလျှင်တည်း	မဖြစ်လတ္တံ့.	၃၁၆
နိတ္ထိ	နတ္ထိ	၃၁၇
နိပ္ပတ္တိ	နိပ္ဖတ္တိ	၃၁၇
စမိုသန္တိ	ဝမိုသန္တိ	၃၁၈
အဝိဿတိ	ဘဝိဿတိ	၃၂၀
ဘဝိသန္တိ	ဘဝိဿန္တိ-ဖြစ်ကုန်အံ့။	၃၂၄
ပိဝိန္တိယော	ပိဝန္တိယော	၃၂၆
မင်းအိပ်တံခါး၌	မင်းအိမ်တံခါး၌	၃၂၇
ထက်ဝန်းကကျင်မှ	ထက်ဝန်းကျင်မှ	၃၂၉
တဥကသ	တဥ္စာကဿ	၃၃၃
ပရသံ	ပရေသံ	၃၃၄
ဥပ္ပလနာဋ္ဌေဝိ	ဥပ္ပလနာဋ္ဌေဝိယ	၃၃၉
မြက်မက်ပြီ	မြင်မက်ပြီ	၃၃၉
ကဋ္ဌနဝိဏ္ဏတာယ	ကဋ္ဌနဝဏ္ဏတာယ	၃၄၀
ရွှေဟင်္သာတို့ကို	ရွှေဟင်္သာမင်းတို့ကို	၃၄၀
ထိုဗေ၍သုံးပုံတို့၌	ထိုဗေဒင်သုံးပုံတို့၌	၃၄၆
ကိကာရကား	ကိကာရဏာ	၃၅၁
ကာရဏံ	ကရဏံ	၃၅၁
ဟူရာအခါ၌	ယူရာအခါ၌	၃၅၁
ဥဘောဇဋ္ဌာတိ	ဥဘောခဋ္ဌာတိ	၃၅၃
ဥပါဒေသွာ	ဥပ္ပါဒေတွာ	၃၅၅

အမှားအမှန်ပြင်ဆင်ချက်

မှား	မှန်	စာမျက်နှာ
ဝဟောတဗ္ဗံ	ဂဟောတဗ္ဗံ	၃၅၉
နလဘိဿသယေဝ	နလဘိဿသိယေဝ	၃၆၁
ထေက္ကရော	ထေရော	၃၆၇
အာဒါသိ	အဒါသိ	၃၆၇
နိဒီသိ်သုံ	နိသီဒိ်သု	၃၇၀
စရေးကျင့်	စရေးကျင့်ရာ၏	၃၇၀
ဇာနပဒမနုဿံ	ဇနပဒမနုဿံ	၃၇၂
တဏှာ=သေသောက် ခြင်းကို	တဏှာ=သေအရက်သောက်လိုခြင်း တဏှာကို	၃၇၂
အသေက္ကောန္တော	အသက္ကောန္တော	၃၇၃
သကော	သက္ကော	၃၇၄
ပြည့်စေလာ	ပြည့်စေလော့	၃၇၅
ဒါနံ၏အလှူကို	ဒါနံ=အလှူကို	၃၇၆
ပဋိယံ	ပိဋိယံ=ကျောက်ကုန်း၌ ပဟရိတွာ=ကြိမ်ဖြင့်ရိုက်၍။ နိဟရေယျာထာ+"တိ = နှင်ထုတ်ကုန်ရာ၏-ဟု။ ဝတွာ=ဆို၍။ (စာကြွင်းကိုထည့်ပါ)	၃၇၆
(ဒါသကမ္မကရာစ = ကျွန်အမှုလုပ်တို့သည်လည်းကောင်း။ (ထည့်)		၃၇၇
ပက္ကောသာပေတွာ=ခေါ်၍	ခေါ်စေ၍	
ဝါဝရာပေတွာ	ဝိဝရာပေတွာ	၃၇၈
မဟာရာဇကြီး	မဟာရာဇ=မင်းကြီးမြတ်	၃၈၃
နပဿာမိ=မသိနိုင်အံ့	မမြင်နိုင်အံ့	၃၈၃
သက္ကလီလာယ = တင့်တယ်စမ္ပယ်ခြင်းဖြင့်	သိကြား၏တင့်တယ် စမ္ပယ်ခြင်းဖြင့်	၃၈၅

မှား	မှန်	စာမျက်နှာ
ပဍ္ဍိတ္တာ	ပုဍ္ဍိတ္တာ	၃၈၅
ဆိန္နိတွာ=ခွဲ၍	ဆိန္နိတွာ=ဖြတ်၍	၃၈၆
ဒေါသံ=အဖြစ်ကို	ဒေါသံ=အပြစ်ကို	၃၈၈
ပြတ်သောရိဟိသြတ္တပ္ပ	ပြတ်သောဟိရိသြတ္တပ္ပရှိ	၃၉၁
ဇေတဝတေန	ဇေတဝနေ	၃၉၂
ဝဋ္ဋဉ္စာနာနိ	ဝိဋ္ဋဉ္စာနာနိ	၃၉၃
ကိဥ္စ	ကဥ္စိ	၃၉၅
ဣမံလာမကမ္မံ	ဣမံလာမကကမ္မံ	၃၉၆
အသက္ကေနွော	အသက္ကောနွော	၃၉၆
ပဋ္ဌိဿာယာယ	ပိဋ္ဌိဿာယာယ	၃၉၇
လိုက်နာသော	လိုက်နာလော့	၃၉၇
သမ္ပဋိစ္ဆ	သမ္ပဋိစ္ဆိ	၃၉၇
ပဝိသတွာ	ပဝိသိတွာ	၃၉၇
ဥယောဇေသိ	ဥယျောဇေသိ	၃၉၇
နဝဏှာတိ	နဂဏှာတိ	၃၉၉
ကိံပုရိသော	ပုရိသောကိံ	၄၀၁
စစ်တိုးလော့	စစ်ထိုးလော့	၄၀၂
(သော-ထိုဘီသေနံ-ဘီမသေနကို။ ပေသေသိ=စေလိုက်၏) စာပို့နေသည်၊ ဖြုတ်လိုက်ပါ)		၄၀၂
ယောတ္တေန=ကြိုးဖြင့်	ကြိုးဖြင့်	၄၀၃
ကျင်ကြီးကျင်ဖြင့်	ကျင်ကြီးကျင်ငယ်ဖြင့်	၄၀၃
ယုဒ္ဓကတာစ	ယုဒ္ဓကထာစ	၄၀၃
ကကာဒရံ	ကတရံ?	၄၀၄
စစ်ထိုးခြင်းကစားသည်	စစ်ထိုးခြင်းစကားသည်	၄၀၄
ယောစကိလမထော = ပင်ပန်းခြင်းသည် လည်းကောင်း	အကြောင်ပင်ပန်းခြင်းသည် လည်းကောင်း	၄၀၄

အမှတ် ....

အမှားအမှန်ပြင်ဆင်ချက်

မှား	မှန်	စာမျက်နှာ
ရက်ဖွဲ့တေးရှိလတ်သော	တည်ရှိလတ်သော	၄၀၅
ဝိတတ္ထိတဘိက္ခု	ဝိကတ္ထိတဘိက္ခု	၄၀၆
သူတော့သူများကို	ထိုသူများကို	၄၁၄
ရင်ဆိုင်ရန်အတွက်	ရင်ဆိုင်ရန်အတွက်	၄၁၉
မရှုစိမ့်	မရှုစိတ်	၄၁၉
ဒုက္ခရောက်နိုင်	ဒုက္ခရောက်နိုင်ကြောင်း	၄၂၀
	စသည့်သင်ခန်းစာများကိုရရှိပါသည်	
ငါနှင့်ပျောပါးလိုသလော	ငါနှင့်ပျော်ပါးလိုသလော	၄၂၃
မုသားသုတည်း	မုသားသာတည်း	၄၂၆
တဲအုံ၍	တဲအုံ၌	၄၂၇
သိနိုင်ခဲ့၏	သိနိုင်ခဲ၏	၄၂၉
ရေအိုင်းစင်	ရေအိုးစင်	၄၃၀
ပြေဆိုပြီး	ပြောဆိုပြီး	၄၃၅
လူမိုက်တစ်ယောက်ကြောင့်	လူမိုက်တစ်ယောက်ကို	၄၄၀
ကယ်ဆယ်လိုက်	ကယ်ဆယ်လိုက်၏	၄၄၃
ခြေနှစ်ချောင်းကိုင်၍	ခြေနှစ်ချောင်းကိုင်၍	၄၄၄
ပစ်လိုက်	ပစ်လိုက်ကြသည်	
မြေနှင့်ကြွက်တို့ထံမှ	မြွေနှင့်ကြွက်တို့ထံမှ	၄၄၅
သက်ရန်သာ	သတ်ရန်သာ	၄၄၅
ဆန်လုံမျှ	ဆန်လုံးမျှ	၄၄၇
မဏ္ဍူကိဟော	မဏ္ဍူကိယော	၄၅၀
ပစ္ဆရိယသူဋ္ဌေးသည်	မစ္ဆရိယသူဋ္ဌေးသည်	၄၅၄
မက္ခိုလ်စောင့်သော	ရက္ခိုသ်စောင့်သော	၄၅၅
က္ကလ္လိယကလည်း	က္ကလ္လိသကလည်း	၄၅၆
အထွပ်အထိပ်	အထွဋ်အထိပ်	၄၅၈